
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

နိုင်းနွတ်က ဆက်သွယ်ရေးစက် အိုင်ကွန်ကို ပိတ်သိမ်းပြီး ရဟတ်ယာဉ်ပေါ်မှ ဆင်းသည်။ ပြီးနောက် ရဟတ်ယာဉ်ပေါ်တွင် ရှိနေသော ဦးသော်ကကို ခေါင်းညိတ်ပြသည်။

အသက်ငါးဆယ်ကျော်အရွယ် ခန့်ညားတည်ကြည်သော ရုပ်ရည်သွင်ပြင်ရှိသည့် ဦးသော်က ရဟတ်ယာဉ်ပေါ်မှ ဆင်းသည်။ မြေပြင်ပေါ်သို့ ခြေချမိသည်နှင့် နိုင်းနွတ်နှင့် ပခုံးချင်းယှဉ်ပြီး ရဟတ်ယာဉ် ဆင်းသက်ရာကွင်းအစပ်ရှိ အဆောက်အဦးငယ်ဆီသို့ လျှောက်နဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်တို့ ဘာဖြစ်လို့ အခုလို လုံခြုံရေးအစီအစဉ်တွေ လုပ်နေရသလဲဆိုတာ ကျုပ်နားမလည်ဘူး။ ကျုပ်က သိပ်အရေးမပါလှတဲ့ ဘူမိဗေဒပညာရှင် တစ်ယောက်ပါ။ ကျုပ်လိုလူမှာ ရန်သူမရှိနိုင်ပါဘူး"

ဦးသော်ကက သူ့အနားတွင် စိုင်းနွတ် ရှိနေခြင်းအတွက် စိတ်အနှောင့်အယှက် ဖြစ်ဟန်နှင့် ပြောသည်။ စိုင်းနွတ်က တုံ့ပြန်စကားမပြောပဲ ဖျတ်လတ်စူးရှသော မျက်လုံးအစုံဖြင့် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်သည်။

စိတ်ထဲက တစ်စုံတစ်ရာကို သိနေသလို ရှိ၏။ ဝင်သက်တစ်ချက်ရှူလိုက်စဉ် အန္တရာယ်၏အငွေ့အသက်ကို ရရှိခံစားရသည်။

"ဒီနယ်မြေက အေးချမ်းသာယာနေပြီ။ အေးချမ်းသာယာတဲ့ နယ်မြေမှာ ကျုပ်ရဲ့လွတ်လပ်ခွင့်တွေ ဘာကြောင့် ဆုံးရှုံးနေရတာလဲ၊ မောင်ရင်တို့တတွေ ကျုပ်ရဲ့လွတ်လပ်ခွင့်ကို ဘာဖြစ်လို့ လုယက်နေကြတာလဲ"

ဦးသော်ကက အကူအညီပေးနေသူကို အရင်းအတိုင်း မြင်ပုံမရ။ တာဝန်ဆိုသည့် အသိဖြင့် မလိုလားဖြစ်နေသူကို သီးခံနိုင်ရန် ကြိုးစားရသည်။



အဆောက်အဦးငယ်တို့ အရောက်တွင် စောင့်ဆိုင်းနေသူ ငါးယောက်ကို တွေ့ရသည်။ ကားသုံးစီးနှင့် လူငါးယောက် စိုင်းနွတ်က အချက်ပြလိုက်သည်နှင့် လူနှစ်ယောက်တစ်တွဲ ကားတစ်စီးစီပေါ်သို့ တက်သွားသည်။ ကျန်တစ်ယောက်ကို စိုင်းနွတ်က ခေါ်ထားလိုက်၏။

"ညီလေး . . မင်းက ကားမောင်းပေးကွာ"

"ဟုတ်ကဲ့"

"ဦးသော်က ကားပေါ်တက်ပါ"

စိုင်းနွတ်က ဦးသော်ကအား ကားတံခါးဖွင့်ပေးသည်။ ဦးသော်က ကားပေါ်သို့ ရောက်သည်နှင့် သူပါ ကားပေါ်သို့ တက်သည်။

"စောင့်ရှောက်ရေးတစ်နဲ့သုံး ကြိုတင်အစီအစဉ်အတိုင်း သွားပါ"

ကားမောင်းသူ ကားမောင်းအထွက်တွင် စိုင်းနွတ်က ဆက်သွယ်ရေးစက်ဖွင့်ပြီး ညွှန်ကြားပြောဆိုသည်။ ရှေ့ကကား ဆောက်ခင်းလမ်းအတိုင်း မောင်းပြီး မြို့တွင်းသို့ ဝင်သည်။ နောက်မှ ကားအရှိန်မှန်မှန်မောင်းပြီး နောက်ကလိုက်လာ၏။

မြို့တွင်းသို့ ဝင်လာသည်နှင့် ဖြတ်သန်းသွားလာနေ

www.burmeseclassic.com

www.burmeseclassic.com



သော မြင်းလှည်း ထုန်တင်လက်တွန်း လှည်းများကို ရှောင်တိမ်းပြီး မောင်းရသည်။

“ညီလေး ခုဘယ်ဘက်လမ်းထဲကို ချိုးဝင်လိုက် .. အဲဒီလမ်းကနေ မိုင်းမောပေါ်တယ်ကို သွားပါ”

ကားမောင်းနေသည့် လူရွယ်က တစ်စုံတစ်ရာ တုံ့ပြန်မေးမြန်းခြင်း မပြုဘဲ ကားကို လမ်းသွယ်အတွင်းသို့ ချိုးကွေ့မောင်းဝင်သည်။ ပြီးနောက် ကားကို အရှိန်မြှင့်ပြီး မောင်း၏။ လမ်းသွယ်နှစ်လမ်းကို ကျော်ဖြတ်မိသောအခါ လမ်းကျယ်တစ်ခုသို့ ရောက်သည်။

နိုင်းနွတ်နှင့် ဦးသော်ကတို့ပါသည့်ကား လမ်းကျယ်ပေါ်သို့ ရောက်သည်နှင့် မရှေးမနှောင်း အစောင့်အရှောက်အဖြစ် လိုက်လာသည့် ကားနှစ်စီး လမ်းကျယ်ပေါ်သို့ ရောက်လာသည်။

“အန္တရာယ်ကင်းတယ် မဟုတ်လား ဆရာနိုင်း”

“အေး .. ဒီလမ်းတစ်လျှောက်မှာတော့ ဘာအန္တရာယ်မှ မရှိနိုင်တော့ဘူး”

“ရှေ့တစ်ပြလောက်ဆိုရင် မိုင်းမောပေါ်တယ်ကို ရောက်ပါပြီ ဆရာ”





“ဟုတ်ပြီ .. ပေါ်တယ်အပြင်ကို တစ်ချက်သတိထားပါ”

လမ်းကျယ်အတိုင်း အရှိန်မြှင့်ပြီး မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးကို တွေ့ရသည်။ နိုင်းနွတ်က ပခုံးသိုင်းအိတ်ထဲမှ ဓားတိုကို ဖျပ်ခနဲ ထုတ်ယူလိုက်၏။

“နောက်က ဆိုင်ကယ်တစ်စီး ပါလာတယ် သတိထားဦး”

နောက်မှ လိုက်လာသော အစောင့်အရှောက် ကားနှစ်စီးကို ဆက်သွယ်ရေးစက်ဖြင့် လှမ်းပြောသည်။

ထိုအချိန်မှာပင် ဆိုင်ကယ်က နိုင်းနွတ်တို့နောက်မှ ပါလာသောကားအနီးသို့ ရောက်လာသည်။ နိုင်းနွတ်က ဆိုင်ကယ်သမားကို အသေအချာကြည့်၏။

ဆိုင်ကယ်စီးဦးထုပ်နှင့် ဆက်နေသော မျက်နှာကာကြောင့် ဆိုင်ကယ်သမား၏ မျက်နှာသွင်ပြင်ကို မသိနိုင်။ အရပ်မြင့်မြင့်ကောင်းကောင်း၊ အနက်ရောင်သားရေအပြောင် ဝတ်စုံ ဝတ်ထားသည်။

“သတိထား”

ဆိုင်ကယ်သမားက ဆိုင်ကယ်ကို အရှိန်မြှင့်ပြီး ဒုတိယ

www.burmeseclassic.com



ကားရှေ့သို့ ကျော်တက်လာစဉ် စိုင်းနွတ်က အော်ဟစ်သတိပေးလိုက်သည်။ ထိုအချိန်မှာပင် တဒက်ဒက်နှင့် ပစ်ခတ်လိုက်သောပစ်ခတ်သံကို ကြားရ၏။ ဆိုင်ကယ်သမားက မရှင်းပစ္စတိုဖြင့် ဒုတိယကား အတွင်းသို့ လှမ်းပစ်သည်။

စိုင်းနွတ်က ကားပြတင်းမှ ကိုယ်တစ်ပိုင်း ပြူထွက်လာပြီး လက်ထဲမှ ပစ္စတိုဖြင့် ဆိုင်ကယ်သမားကို ချိန်ရွယ်ပစ်ခတ်သည်။

ဆိုင်ကယ်သမားမှာ ဒုတိယကားကို မဲနေသဖြင့် စိုင်းနွတ် ပစ်လိုက်သည့် ကျည်ကို မရှောင်နိုင်။ ကျည်ဆံက ဆိုင်ကယ်သမားအား ဆိုင်ကယ်တစ်ခြား လူတစ်ခြား လွင့်စင်သွားစေ၏။

"တစ်နဲ့သုံး . . တစ်နဲ့သုံး . . ဆိုင်ကယ်သမားကိုဆင်းကြည့် . . နောက်ဆက်တွဲ ရန်သူကို သတိထား . . ငါတို့ဆက်သွားပြီ"

စိုင်းနွတ်က ဆက်သွယ်ရေးစက်မှ တစ်ဆင့် လှမ်းပြောပြီး ဦးသော်ကာဘက်သို့ လှည့်ကြည့်သည်။ ဦးသော်ကာ မျက်စိပျက် မျက်နှာပျက်နှင့် ဖြစ်နေသည်ကို တွေ့ရ၏။

"ခင်ဗျားမှာ အန္တရာယ်ရှိတယ်ဆိုတာ လက်တွေ့သိရ





ပြီ မဟုတ်လား ဦးသော်ကာ"

ဦးသော်ကာက ခေါင်းကို ခပ်လေးလေးကြီး ညိတ်လိုက်သည်။ သူ့မျက်နှာတွင် တုန်လှုပ်သွားဟန်တို့ နေရာယူထားလျက်ရှိ၏။

"ဘယ်သူကများ ကျုပ်ကို ရန်မူနေချင်ကြတာလဲ မသိဘူး"

"ခင်ဗျား ဒီနယ်မြေကိုဝင်ပြီး လှုပ်ရှားမှုကို သဘောမကျတဲ့လူပေါ့ . . နောက်ထပ် အန္တရာယ်တွေ ရှိလာနိုင်သေးတယ်။ ခင်ဗျားအနားမှာ စောင့်ရှောက်မယ့် လူတစ်ယောက်ရှိနေမှာကို စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့။ မနက်ဖြန်မနက်ဆိုရင် ကျွန်တော့်တာဝန်ပြီးပြီ ကျွန်တော့်ကိုယ်စား နောက်လူတစ်ယောက် ရောက်လာပြီး ခင်ဗျားကို စောင့်ရှောက်လိမ့်မယ်"

"ဒါဆို . . ကျုပ်က နောက်တစ်ယောက်နဲ့ ဆက်ဆံနေရဦးမှာပေါ့"

"အဲဒီအတွက် ဦးသော်ကာမှာ ဘာမှမထိခိုက်ပါဘူး။ နောက်လာမယ့်လူက ထက်မြက်ပါတယ်။ သေနတ်ပစ် ရွှေတံဆိပ်ရထားတဲ့လူပါ။ တိုက်ခိုက်ရေးမှာလဲ အစွမ်းထက်တဲ့လက်ရွေးစင် တစ်ယောက်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ဂျင်းဘောင်းဘီ အပြာဖျော့ဖျော့နှင့် သားရေဂျာကင် အညိုရောင်တို့ကို တွဲဖက်ဝတ်ဆင်ထားသည့် စိုင်းနွတ်က ဓာတ်လှေကားခန်းထဲသို့ ဝင်လိုက်သည်။

ကိုယ်တိုင်မောင်းနှင်ရသော ဓာတ်လှေကားကို မောင်းပြီး အပေါ်ထပ်သို့တက်သည်။ အပေါ်ထပ်သို့ ရောက်ပြီး ဓာတ်လှေကား ငြိမ်ခနဲ ရပ်သွားပြီး တံခါးနှစ်ချပ် ပွင့်သွားသည်။ စိုင်းနွတ်က တည်ငြိမ်သော ခြေလှမ်းဖြင့် အပြင်ကို ထွက်သည်။

ဓာတ်လှေကားခန်း အပြင်တွင် ကျယ်ပြန့်သော စင်္ကြံ





လမ်းရှိသည်။ စင်္ကြံလမ်းထိပ်တွင် လုံခြုံရေးတာဝန်ကျသူ တစ်ယောက်ထိုင်နေသည်။ ထိုသူက စိုင်းနွတ်အား တွေ့လျှင်တွေ့ချင်း နေရာမှ ထရပ်လိုက်၏။

"ဘာထူးသလဲဟေ့"

"ဦးသော်ကရဲ့ အိတ်နှစ်လုံး အပတ်စဉ် လေယာဉ်နဲ့ ပါလာလို့ လေယာဉ်ရုံးက လာပို့တာပဲ ရှိပါတယ်"

"ဒါပဲလား"

"ဟုတ်ကဲ့"

စိုင်းနွတ်က ခေါင်းညိတ်ပြပြီး လုံခြုံရေးတာဝန်ကျကို ဖြတ်ကျော်၍ လျှောက်သည်။ စင်္ကြံလမ်းအတိုင်း လျှောက်ခဲ့ပြီး အစောင့်တစ်ယောက် ရှိနေသောအခန်းရှေ့တွင် ရပ်လိုက်သည်။

"ဦးသော်ကရော"

"အခန်းထဲမှာ ရှိပါတယ် ဆရာ"

အစောင့်က အခန်းတံခါးကို ဖွင့်ပေးရင်းမှ ဖြေသည်။ စိုင်းနွတ် အခန်းထဲသို့ ဝင်လိုက်၏။ အစောင့်က အပြင်ဘက်မှနေ၍ တံခါးကို ပြန်ပိတ်သည်။

စိုင်းနွတ်သည် အိပ်ခန်းနှင့် နံရံတစ်ခု ခြားထားသော ဧည့်ခန်းကို မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။ ဧည့်ခန်းဆိုဖာ



www.burmeseclassic.com

www.burmeseclassic.com



များ၏ ညာဘက် ပြတင်းပေါက်ဘေးရှိ စားပွဲတစ်လုံးကို ဦးသော်က ထိုင်နေသည်။ သူက ကွန်ပျူတာတစ်လုံးဖြင့် အလုပ်လုပ်နေရာမှ အခန်းထဲသို့ ဝင်လာသော နိုင်းနွတ်အား လှမ်းကြည့်သည်။

"ကျူပ်က မောင်ရင် ပြန်မလာတော့ဘူးလို့ ထင်နေတာ"

တွေတွေခြင်း ပြောလိုက်သည့် ဦးသော်က၏ စကားကြောင့် နိုင်းနွတ် မျက်မှောင်ကြုံ့သွားသည်။

"ကျွန်တော် ဘာဖြစ်လို့ ပြန်မလာရမှာလဲ၊ ကျွန်တော့်တာဝန်က ဦးသော်ကကို စောင့်ရှောက်ရမယ့် တာဝန်လေ"

ဦးသော်က၏ မျက်နှာတွင် အပြောင်းအလဲတွေ ပေါ်သွားသည်။ သူက နိုင်းနွတ်အား စူးစူးစိုက်စိုက်နှင့် ကြည့်လိုက်၏။

"မဟုတ်သေးပါဘူး . . မနေ့က မောင်ရင် ပြောတော့"

ဦးသော်က၏ စကားတပိုင်းတစနှင့် ပြတ်သွားသည်။ သူက အံ့အားသင့်ဟန် မယုံကြည်နိုင်ဟန်ဖြင့် နိုင်းနွတ်ကို ကြည့်သည်။ နိုင်းနွတ်က အသံထိန်းပြောင်း ပိုတစ်ထားသော ပစ္စတိုဖြင့် ဦးသော်ကအား ချိန်ရွယ်လိုက်ရင်းမှ ပြုံးသည်။





"ခင်ဗျား တော်တော် စကားများတာပဲ"

"ဒါ . . ဒါ . . ဘာသဘောလဲ . . နိုင်း . . နွတ်"

"ခင်ဗျားဟာ မလိုလားအပ်တဲ့ လူတစ်ယောက်မို့ ရှင်းပစ်မယ့် သဘောပေါ့"

"မင်း . . မင်း . ."

ဦးသော်က၏ မျက်နှာမှာ အံ့အားသင့် တုန်လှုပ်ဟန်တွေ ပေါ်လာသည်။ နိုင်းနွတ်က ပြုံးပြီး ပစ္စတိုမောင်းကို ဆွဲညှစ်လိုက်၏။

ထုတ်ခနဲ ခပ်အုပ်အုပ်မြည်သံနှင့်အတူ ဦးသော်က၏ ကိုယ်ဆတ်ခနဲ ခါသွားသည်။ နိုင်းနွတ်ကို အံ့အားတသင့် ကြည့်ရင်း ကွန်ပျူတာတင်ထားသည့် စားပွဲပေါ်သို့ မှောက်ကျသွားသည်။

"စိတ်မကောင်းပါဘူး ဦးသော်က . . ကျူပ်က အမိန့်ဆိုရင် ကြည့်မရဘူး . . ရှင်းပစ်ရမှ ကျေနပ်တယ်"

နိုင်းနွတ်က ခပ်တိုးတိုးပြောရင်း ဂျာကင်အိတ်ထဲသို့ လက်နှိုက်သည်။ လက်ပြန်အထုတ်တွင် လက်မသာသာခန့် ရုပ်ပါ ခင်းပုံကို ဦးသော်က မှောက်ကျ အသက်ကုန်နေသော စားပွဲပေါ်သို့ တင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်သွားပေမယ့် ကျုပ် အမှတ်အသားတော့ ထားခဲ့ပါတယ်"

စိုင်းနွတ်က ပစ္စတိုကို တွဲလောင်းချ ကိုင်ထားရင်း ဦးသော်က ရှိနေသည့် စားပွဲအနီးမှ ခွာသည်။ အခန်းတံခါးဆီသို့ တန်းတန်းမတ်မတ် လျှောက်ခဲ့သည်။ တံခါးရှေ့သို့ အရောက်တွင် ပိတ်ထားသည့် တံခါးကို ဆွဲဖွင့်သည်။ အပြင်တွင် ရှိနေသော အစောင့်ကို တံခါးပေါက်တည့်တည့်တွင် ရပ်နေလျက် တွေ့ရှိ၏။

"ဆရာ ဘာဖြစ်လို့လဲ ဟို . . ဦးသော်က . . က"

စိုင်းနွတ်က အစောင့်ကို အခန်းထဲသို့ ဆတ်ခနဲ ဆွဲသွင်းသည်။ ထို့နောက် တံခါးကို ပြန်ပိတ်လိုက်၏။

"ဆရာ . . ကျွန်တော်"

"ဟိုမှာ ကြည့်စမ်း . . မင်းစောင့်နေရတဲ့ ဦးသော်က သေနေပြီတွေ့လား"

"ဟုတ်ကဲ့ဆရာ . . ကျွန်တော်လဲ"

"သူသေနေတာကို မင်းကအရင်မြင်တဲ့ အတွက် မင်းလဲသေရမှာပေါ့"

စိုင်းနွတ်၏ သေနတ်ကိုင်လက် ဆတ်ခနဲ မြှောက်တင်





သည်။ တစ်ပြိုင်နက်တည်းမှာပင် ချောင်းဆိုးသကဲ့သို့ ခပ်အုပ်အုပ်မြည်သံ ပေါ်လာ၏။

အစောင့်၏ရင်ဘက်တွင် သွေးတွေဖြာသွားသည်။ သူသည် စိုင်းနွတ်အား မျက်လုံးကြီး ပြူး၍ကြည့်ရင်း ကြမ်းပြင်ပေါ်သို့ တဖြည်းဖြည်း ဒူးထောက်ကျသွား၏။

စိုင်းနွတ်က ဝမ်းခေါင်းသံနှင့် ခပ်တိုးတိုး တစ်ချက်ရယ်သည်။ ထို့နောက် လက်ထဲမှ ပစ္စတိုကို ခါးကြားထဲထိုးပြီး ဂျာကင်ဖြင့်ဖုံးကာ တံခါးပေါက်ရှိရာသို့ ပြန်လျှောက်သည်။ တံခါးကို ဆတ်ခနဲ ဆွဲဖွင့်ပြီး အပြင်သို့ ထွက်လိုက်၏။

စင်္ကြံလမ်းတွင် လူတစ်ယောက်မှ မရှိ။ ဓာတ်လှေကားရှေ့တွင် ထိုင်နေသော လုံခြုံရေး တာဝန်ကျက ဂျာနယ်တစ်စောင်ကို ဖတ်နေလျက် ရှိသည်။ စိုင်းနွတ်က ထိုသူရှိနေရာနှင့် ဆန့်ကျင်ဘက် လမ်းချိုးတစ်ခုသို့ ဝင်လိုက်သည်။ ထိုလမ်းအတိုင်း မနှေးမမြန် လျှောက်ခဲ့ပြီး လမ်းအဆုံးတွင်ရှိသော အရေးပေါ်လှေကားမှတဆင့် အောက်သို့ဆင်းသည်။

စိုင်းနွတ် အောက်သို့ ဆင်းသွားချိန်မှာပင် ဓာတ်လှေကားရှေ့တွင် စောင့်နေသော လုံခြုံရေးတာဝန်ကျက ဖတ်လက်စ ဂျာနယ်ကိုချပြီး နေရာမှထသည်။ ထိုအချိန်မှာပင် ဓာတ်လှေ



www.burmeseclassic.com

www.burmeseclassic.com



ကားသို့ ပွင့်သွားပြီး လူရွယ်တစ်ယောက် ဓာတ်လှေကားခန်းမှ ထွက်လာသည်။

လုံခြုံရေးတာဝန်ကျက ဓာတ်လှေကားခန်းထဲမှ ထွက်လာသည့် လူရွယ်ကို စူးစူးစိုက်စိုက်စမ်းစမ်း ကြည့်သည်။ ဖိုးလိပ်ကျက်ကတ်နှင့် အညိုရောင် သက္ကလပ်ဘောင်းဘီကို တွဲဖက်ဝတ်ဆင်ထားသော အရပ်မြင့်မြင့် . . ရုပ်ချောချော . . လူရွယ်က လုံခြုံရေးတာဝန်ကျကို အိသာအယာ ပြုံးပြသည်။

"ကျွန်တော်ရဲနောင်ပါ . . အစ်ကိုစိုင်းနွတ် ရေးရာမှာ တာဝန်ယူမယ့်လူပါ"

"ဟုတ်ပြီ . . ဒီအကြောင်း ဆရာစိုင်းနွတ်က ပြောထားပါတယ်။ သူခုလေးတင်ဘဲ ဦးသော်က အခန်းထဲကို ဝင်သွားပါတယ်"

"ဘာ . . ဦးသော်က အခန်းထဲကို သူဝင်သွားတယ် ဟုတ်လား"

"ဟုတ်တယ် . . ခုလေးတင် ဝင်သွားတာ ဆယ်မိနစ်တောင် မရှိသေးဘူး"

ရဲနောင်၏မျက်နှာ တည်သွားသည်။ သူ့လက်တစ်ဖက်က ဂျာကင်အောက်သို့ ရောက်သွား၏။





"ဦးသော်က အခန်းက ဘယ်မှာလဲ"

"ရှေ့က ထောင့်ခန်းပါ"

ရဲနောင်က လုံခြုံရေးတာဝန်ကျကို တွန်းဖယ်ပြီး စင်္ကြံလမ်းအတိုင်း ပြေးထွက်သွားသည်။ ပြေးလွှားရင်း သူက ဂျာကင်အောက်မှ ပစ္စတိုကို ဆွဲထုတ်လိုက်၏။

"ဟင် . . ဒါက ဘာသဘောလဲ ဟေ့လူ . . ရပ်လိုက်စမ်း"

လုံခြုံရေးတာဝန်ကျက ရုတ်ခြည်းသတိဝင်လာပြီး ရဲနောင်နောက်သို့ ပြေးလိုက်သည်။ သူကလဲ ပြေးလွှားရင်း ခါးဆေါ်ရှိ သေနတ်အိတ်ထဲမှ ပစ္စတိုကို ဆွဲထုတ်သည်။

"ရပ်လိုက်"

လုံခြုံရေးတာဝန်ကျ အော်ဟစ်တားဆီးချိန်မှာပင် ရဲနောင်က ဦးသော်က၏ အခန်းတံခါးကို တွန်းဖွင့်လိုက်သည်။ သူက အတွင်းသို့ မဝင်ဘဲ တံခါးဝမှနေ၍ အခန်းထဲရှိ မြင်ကွင်းကို တွေတွေကြီး ရပ်ကြည့်သည်။

"မင်းက ဘာသဘောလဲ . . လက်ထဲက သေနတ်ကို ချလိုက်"

လုံခြုံရေးတာဝန်ကျက ရဲနောင်၏နောက်တွင် ကပ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



ဦး အခန့်အသည်။ ရဲနောင်က ပစ္စတိုကို ဂျာကင်အောက် ခါးကြားတွင် ပြန်ထိုးလိုက်၏။ ပြီးနောက် လုံခြုံရေးတာဝန်ကျအား အခန်းထဲမှ မြင်ကွင်းကို တွေ့မြင်နိုင်စေရန် ဘေးဖယ်ပေးလိုက်သည်။

"အထဲမှာ ဘာဖြစ်နေသလဲဆိုတာ ကြည့်စမ်း"

"ဟာ"

လုံခြုံရေးတာဝန်ကျက အခန်းအလယ်တွင် လဲကျနေသော အစောင့်နှင့် စားပွဲပေါ် မှောက်ကျနေသော ဦးသော်ကတို့ကို တွေ့သွားသည်။

"ဟင် . . ဒါ . . ဒါ . . ဘယ်လိုဖြစ်တာလဲ၊ ဆရာ စိုင်းနွံတ်ရော . . သူ . . သူဘယ်မှာလဲ"

ရဲနောင်က တာဝန်ကျဘက်သို့ လှည့်လိုက်သည်။ တည်ငြိမ်အေးစက်ပြီး ကိုယ်ထဲသို့ ဖောက်ထွင်း ဝင်ရောက်တော့မတတ် စူးရှသည့် မျက်လုံးအစုံဖြင့် တာဝန်ကျကို ပြန်ကြည့်သည်။

"ဒီကိုလာတာ အစ်ကိုစိုင်းနွံတ် သေချာတယ်နော်"

"ဘာ . . သေချာပါတယ်၊ ကျွန်တော့်ကို သူကိုယ်တိုင်က တာဝန်ပေးလို့ ဒီမှာလာစောင့်နေတာ . . သူဓာတ်လှေကားနဲ့ အပေါ်တက်လာတော့ ကျွန်တော်နဲ့တောင် စကားပြောသွား





သေးတယ်"

ရဲနောင် မျက်မှောင်ကြုံ့သည်။ ထို့နောက် အခန်းထဲသို့ ဝင်သည်။ လုံခြုံရေးတာဝန်ကျက ရဲနောင်နှင့်အတူ အခန်းထဲသို့ လိုက်ဝင်၏။

"မန်နေဂျာဆီကို ဖုန်းဆက်စမ်း . . အောက်မှာ အစ်ကို စိုင်းနွံတ် ရှိနေတယ်။ ဒီမှာ ပြဿနာ ပေါ်နေလို့ လာခဲ့ပါလို့ ပြောလိုက်"

"ဟုတ်ကဲ့ . . ဒါ . . ဒါပေမယ့် ဆရာ၊ စိုင်းနွံတ်က"

"ဖုန်းဆက်ဗျာ"

လုံခြုံရေးတာဝန်ကျက အခန်းထဲတွင် ရှိသော ဖုန်းဖြင့် အောက်ထပ်မန်နေဂျာဆီသို့ ဆက်သွယ်ကာ ရဲနောင် ပြောခိုင်းသမျှကို ပြောလိုက်သည်။

ရဲနောင်သည် ကြမ်းပြင်ပေါ်တွင် လဲကျနေသူ၏ အလောင်းကို တစ်ချက်ငုံ့ကြည့်သည်။ ထိုသူအသက်ရှူနေသေးသည်ကို တွေ့ရသဖြင့် ကဗျာကယာ ပွေ့ထူလိုက်၏။

"သူက ဟော်တယ်ဝန်ထမ်းလား"

"မဟုတ်ပါဘူး . . ကျွန်တော်တို့ဆီက လူပါ၊ သူ့ကို ဒီအခန်းရှေ့မှာ စောင့်ခိုင်းထားတာ သူ့နာမည်က ကျော်မြင့်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"သူမသေသေးဘူး"

"ဟင် . . ဟုတ်လား . . ကျော်မြင့် . . ဟောကောင် ကျော်မြင့်"

ရင်ဘက်တစ်ခုလုံး သွေးတွေရွှဲနစ်နေသော အစောင့်က မျက်လုံးတစ်ချက် ဖွင့်ကြည့်သည်။

"ကျွန် . . ကျွန်တော့်ကို . . ဆရာ . . ဆရာစိုင်းနွတ် က . . ပစ် . . ပစ်"

စကားဆုံးအောင် မပြောနိုင်ဘဲ အစောင့်ဇက်ကျိုးကျ သွားသည်။ ရဲနောင်က အစောင့်ကို ကြမ်းပြင်ပေါ်သို့ ပြန်ချပြီး နေရာမှ ထသည်။

"*တော်တော်ဆန်းတာပဲ ဒါ . . ဘယ်လိုဖြစ်တာလဲ*"

နှုတ်မှ ခပ်တိုးတိုး ရေရွတ်ပြောဆိုရင်း ရဲနောင်သည် ဦးသော်က ရှိနေသည့် စားပွဲဆီသို့ လျှောက်ခဲ့သည်။ စားပွဲပေါ် မှောက်ကျနေသော ဦးသော်ကကို သွေးစမ်းကြည့်သည်။

"ညီလေး . . သူ . . သူ"

"အသက်မရှိတော့ဘူး . . သေနတ်နဲ့အနီးကပ် အပြစ် ခံရတာ"

ရဲနောင်၏ မျက်လုံးအစုံက စားပွဲပေါ်တွင် ရှိနေသည့်





လပ်စတစ် စူပါမင်းရုပ်ကလေးကို တွေ့သွားသည်။ သူက စတီး ကြိုးဖြင့် တွဲထားသော ထိုအရုပ်ကလေးကို ယူကြည့်လိုက်၏။

"ဦးသော်ကက ဒီအရုပ်နဲ့ ဘာလုပ်တာလဲ မသိဘူး"

အရုပ်ကိုကြည့်ပြီး ရဲနောင် တွေဝေစဉ်းစားနေစဉ် အခန်းထဲသို့ အပြေးတပိုင်း ဝင်လာသော ခြေသံကို ကြားရ၏။ ရဲနောင်က အရုပ်ကိုထားလျက်နှင့် လှည့်ကြည့်လိုက်သည်။ အံ့ အားသင့်နေသော မျက်နှာနှင့် အခန်းထဲသို့ ဝင်လာသော စိုင်း နွတ်အား တွေ့လိုက်ရ၏။

"ဘာလိုဖြစ်တာလဲ ရဲနောင်"

"ကျွန်တော်ရောက်တော့ ဒီအတိုင်းတွေ့တာပဲ သူက အစ်ကိုစိုင်းနွတ် အခုပဲ အခန်းထဲ ဝင်သွားတယ်ဆိုလို့ ချက်ချင်း လာကြည့်တာ။ အစောင့်က သူ့ကို ဆရာစိုင်းနွတ် ပစ်သွားတယ် လို့ ပြောပြီး အသက်ကုန်သွားတယ်"

စိုင်းနွတ်က နားရှုပ်သွားဟန်ဖြင့် ရဲနောင်အား မျက် မှောင်ကြုံပြီး ကြည့်သည်။

"ဘယ်လို . . ကိုယ်က သူ့ကို ပစ်တယ် ဟုတ်လား၊ သေနတ်နဲ့ ပစ်တယ်လို့ ပြောတာလား"

"ဒါပဲပေါ့ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



စိုင်းနွှတ်က လုံခြုံရေးတာဝန်ကျ ဘက်သို့ ဖျပ်ခနဲ လှည့်ကြည့်သည်။

"ဖိုးချို"

"ဟုတ်ကဲ့ ဆရာ"

"မင်းက ငါဒီအပေါ်ကို တက်လာပြီး အခန်းထဲ ဝင်သွားတယ်လို့ သူ့ကို ပြောသလား"

"ဟုတ်ကဲ့ ဆရာ စောစောက အပေါ်တက်လာပြီး အခန်းထဲဝင်သွားတယ်လေ၊ ဆယ်မိနစ်တောင် မကြာဘူး . . ဒီညီလေး ရောက်လာတယ် . . ဒါ , . ဒါပေမယ့် . ."

"ဒါပေမယ့် . . ဘာဖြစ်သလဲ"

"ဆရာ စောစောကလာတော့ သားရေဂျာကင်နဲ့ ဂျင်းဘောင်းဘီ ဝတ်လာတာ၊ အခု . . ရှမ်းဘောင်းဘီနဲ့ ဂျင်းဂျာကင် ဝတ်ထားတယ်။ ဆရာ ဒီအပေါ်ကို တက်လာပြီး အောက်ဆင်းသွားတာလဲ မရှိဘူး . . အဲဒါ . ."

"တော်တော့ကွာ"

လုံခြုံရေးတာဝန်ကျ ဖိုးချို ပါးစပ်ပိတ်သွားသည်။ သူက စိတ်ရှုပ်ထွေးဟန် နားမလည်ဟန်ဖြင့် ခေါင်းဆတ်ခါသည်။ စိုင်းနွှတ်က ရဲနောင်အား လှမ်းကြည့်လိုက်၏။





"တော်တော်ကြောက်စရာ ကောင်းတာပဲ၊ ကိုယ်သာ အောင်ရင်နဲ့အတူတူ လာတာမဟုတ်ရင် တရားခံ ဖြစ်ပြီ"

"ဟုတ်တယ် အစ်ကို . . ကျွန်တော်လဲ အစ်ကိုနဲ့ခွဲပြီး အပေါ်တက်လာတော့ အစ်ကိုအခုပဲ ဦးသော်က အခန်းထဲ ဝင်သွားတယ်ဆိုတော့ တစ်ခုခုတော့ ဖြစ်ပြီဆိုပြီး ဒီကိုပြေးခဲ့တာ ဒီရောက်တော့ အခုပုံစံအတိုင်း တွေ့ရတာပဲ၊ အခန်းစောင့်တဲ့ ကျော်မြင့် အသက်ငွေ့ငွေ့ရှိနေတာ တွေ့တော့ မေ့ချိုလိုက်တုံး သူက ကျော်မြင့်ရဲ့နာမည်ကို ခေါ်တယ်။ ကျော်မြင့်က သူ့ကို ဆရာစိုင်းနွှတ် ပစ်သွားတယ်လို့ ပြောပြီး အသက်ကုန်သွားခဲ့တယ်"

"အင်း . . ဒါဘယ်သူ့လက်ချက်လဲ မသိဘူး"

"ကျွန်တော့် ဦးသော်ကကို လာကြည့်တော့ ဒီအရုပ်ကလေး စားပွဲပေါ် ချထားတာ တွေ့ရတယ် အစ်ကို"

ရဲနောင်က ရုပါမင်း အရုပ်ကလေးကိုပြပြီး ပြောသည်။ စိုင်းနွှတ်က အရုပ်ကို ယူကြည့်လိုက်၏။

"ဦးသော်ကက ဒီအရုပ်ဆောင်ထားမဲ့ လူမျိုးမဟုတ်ဘူး။ ဒါ . . လူသတ်သမားရဲ့ ပစ္စည်းဘဲ၊ သူက သူ့အမှတ်အသားအဖြစ် တမင်ချန်ထားခဲ့တာ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

"မြို့အဝင်တောစပ်မှာ အလောင်းတစ်လောင်း တွေ့လို့ ဆရာ . . စာရွက်စာတမ်း အထောက်အထားတွေ သူ့မှာ ပါတယ်။ အဲဒါတွေကို စစ်ဆေးကြည့်တော့ ခက်သစ္စာ ရှာဖွေရေးအတွက်လာတဲ့ ဦးလှမော်လို့ သိရတယ်"

အခန်းထဲသို့ ပျာယီပျာယာနှင့် ဝင်လာရင်း ပြောလိုက်သည့် နယ်မြေတာဝန်ခံ၏ စကားကြောင့် စိုင်းနွတ်မှာ ထိုင်ခုံတွင် ထိုင်နေရာမှ ဆတ်ခနဲ ထရပ်မိသွားသည်။

"ဦးလှမော် သေသွားတယ်နော်"





"ဟုတ်ကဲ့ . . နိုင်ငံသားကတ်ပြားမှာ ဦးလှမော်လို့ ရေးထားပါတယ်။ တာဝန်ပေးစာရွက်မှာလဲ ဦးလှမော်လို့ ရေးထားပါတယ်။ သေတဲ့လူနဲ့ ကတ်ပြားကပုံကို တိုက်ကြည့်တော့ တစ်ထောက်ထဲပဲ ဆရာ"

"ဦးလှမောင်က ဦးသော်ကနဲ့တွဲပြီး ကွင်းဆင်းရမယ့်လူပဲ၊ သူဒီနေ့ လေယာဉ်နဲ့ ပါလာရတာ၊ လေယာဉ်ကွင်းကို ကြိုမယ့်လူ လွှတ်လိုက်တာ မဟုတ်လား"

"ဟုတ်ကဲ့ . . လေယာဉ်နဲ့ ဦးလှမော်ပါမလာလို့ သူတို့ ပြန်လာကြပါတယ်"

"ဒါဆို . . ဦးလှမော်က ကားနဲ့လာတာ ဖြစ်မယ်၊ ဘာဖြစ်လို့ ဒီလိုဖြစ်နေတာလဲ . . ဘာဖြစ်လို့ အစီအစဉ်တွေ လွဲနေတာလဲ နေအုံး . . ဦးလှမော်ရဲ့ အလောင်းဘေးမှာ ဘာထူးခြားတာ တွေ့ရသလဲ"

"ဒါလေး . . အလောင်းရဲ့အနားမှာ ချထားတာ တွေ့တယ်ဆရာ"

တာဝန်ခံက အနီရောင် ရှူပါမင်းအရုပ်ကလေးကို ပြသည်။ စိုင်းနွတ်က အရုပ်ကို ယူကြည့်သည်။ ပြီးသူ့အကျီအိတ်ထဲမှ အရုပ်ကို ထုတ်ပြီး ယှဉ်ကြည့်၏။ အရုပ်မှာ အရောင်ကော



www.burmeseclassic.com

ပုံစံပါ တူနေသည်ကို တွေ့ရ၏။ သူက အရုပ်နှစ်ခုစလုံးကို သိမ်းပြီး ဘေးတွင် ထိုင်နေသော ရဲနောင်အား လှည့်ကြည့်သည်။

"အလောင်းဘေးမှာ အရုပ်ချထားတာဆိုတော့ ဖြစ်မှုကျူးလွန်တဲ့ လူက တစ်ယောက်ထဲလို့ ကြေညာလိုက်တဲ့ သဘောပဲ၊ သက်သေခံအရုပ် ချထားခဲ့တာဟာ ကိုယ်တို့ကို စိန်ခေါ်တာနဲ့ တူနေပြီ။ ကိုယ်ဒီနေ့ ရန်ကုန်ကို ပြန်ရမှာ မပြန်ဘဲ ဒီအမှုကို လိုက်မယ်"

ရဲနောင်က လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ခေါင်းညိတ်လိုက်သည်။

"ကျွန်တော်လဲ အစ်ကို့လိုပဲ နဲနဲမှမခံချင်ဘူး။ ဒါဟာ ကျွန်တော်တို့ကို ဂရုမစိုက်တဲ့သဘော စိန်ခေါ်တဲ့သဘောပဲ"

"ကိုယ်အခုပဲ ရန်ကုန်ကို ဆက်သွယ်ပြီး အကြောင်းကြားမယ်"

စိုင်းနွတ် နေရာမှခွာသည်။ နယ်မြေတာဝန်ခံအား တစ်ချက် လှမ်းကြည့်ပြီး ဆက်သွယ်ရေး စက်ခန်းထဲသို့ ဝင်လိုက်သည်။ ရဲနောင်က နေရာမှထပြီး စိုင်းနွတ်နောက်သို့ လိုက်လာသည်။

စိုင်းနွတ်က ဆက်သွယ်ရေး စက်ကိုင်၏ အကူအညီ





ဖြင့် ရန်ကုန်နှင့် ဆက်သွယ်စကားပြောသည်။

"ကျွန်တော် စိုင်းနွတ်ပါ၊ ဘချုပ်နဲ့ တိုက်ရိုက်ပြောချင်တယ်"

"စက်ဖွင့်ထားပါ၊ အခုပဲ ဘချုပ်နဲ့ ဆက်ပေးမယ်"

ဆက်သွယ်ရေးစက်မှ ခပ်တိုးတိုး မြည်သံတွေ ပေါ်နေသည်။ တခဏအကြာ ချောင်းဟန့်သံကို ကြားရ၏။

"စိုင်းနွတ်"

"ဟုတ်ကဲ့ . . ဘချုပ်၊ ဒီမှာတော့ စစခြင်း ပြဿနာပေါ်နေပြီ။ ဦးသော်ကနဲ့ ဦးလှမော်တို့ နှစ်ယောက်စလုံး အသတ်ခံရတယ်။ လူသတ်သမားက ဦးသော်ကကို သတ်တော့ ကျွန်တော်နဲ့ ချွတ်စွတ်တူအောင် ရုပ်ဖျက်ပြီး ဝင်သတ်သွားတာ။ လူသတ်ပြီးတဲ့နောက် ရှုပါမင်းပုံ အရုပ်ကလေးတစ်ရုပ် ထားခဲ့တယ်"

"မင်းအသေးစိတ် အစီရင်ခံစာတင်ပါ"

"ဟုတ်ကဲ့ . . ပုံမှန်ဆက်သွယ်မှု လုပ်တဲ့အခါ အစီရင်ခံစာ တင်လိုက်ပါ့မယ်။ လောလောဆယ်မှာ ကျွန်တော် ရန်ကုန်ကို ပြန်မလာပဲ ဒီအမှုကို လိုက်ဖို့ ခွင့်တောင်းချင်လို့"

"မဖြစ်ဘူး . . မင်းကိုယ်တိုင် ဒီညရန်ကုန်ကို အရောက်

www.burmeseclassic.com



လာပြီး အစီရင်ခံစာတင်၊ ဒီမှာ မင်းလုပ်ရမယ့် အရေးတကြီး တာဝန်တစ်ခု ရှိနေတယ်”

“ဘချုပ် . . ဒီက . . ကိစ္စက”

“ရဲနောင်ကို လွှဲထားခဲ့ပါ၊ သူ့ကို မြို့ဟောင်းမှာ ရှိနေတဲ့ ဘထိုက်က ကူညီလိမ့်မယ်။ အသေးစိတ် အချက်အလက်တွေ ပုံမှန်ဆက်သွယ်ချိန်မှာ ပေးမယ်လို့ ပြောထားပါ။ ပြီးရင် မင်း ပြန်လာခဲ့တော့”

“ဘချုပ် . . ကျွန်တော်”

“ဒါအမိန့်ဘဲ . . ဟုတ်ပြီ . . ဒါဘဲနော်”

တစ်ဖက်မှ အဆက်အသွယ် ဖြတ်လိုက်သည်။ စိုင်းနွတ်က လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ် . . အံကို တင်းတင်းကြိတ်လိုက်၏။

သူ့မျက်နှာက တင်းမာပြီး သူ့မျက်လုံးအစုံက စူးရှ တောက်ပသော အရောင်တွေ တလက်လက်ဖြာထွက်နေသ ကဲ့သို့ ရှိသည်။

“တောက် . . နာလိုက်တာကွာ၊ ကိုယ့်ကို တိုက်ရိုက် ကြီး ပြဿနာရှာတာ၊ ရှင်းဖို့ အခွင့်မသာဘူး။ ဒီကောင်မျိုးကို ရေဆုံးရေဖျား လိုက်ဆော်ပစ်ချင်တာ”





ရဲနောင်က စိတ်လှုပ်ရှားဟန်ဖြင့် ပြောနေသော စိုင်းနွတ် လက်မောင်းကို လှမ်းကိုင်လိုက်သည်။

“အစ်ကိုကိုယ်စား လုပ်စရာရှိတာတွေကို ကျွန်တော် ပါ့မယ်။ ရန်သူကို ပြတ်ပြတ်သားသား ရင်ဆိုင်ပါ့မယ်။ ဖက်မှာ တာဝန်ကြီးကြီးမားမား ရှိနေလို့ ဘချုပ်က လှမ်း တာ။ ရှောင်လွှဲလို့ မရတဲ့အတူတူတော့ စိတ်လျှော့ထားလိုက် အစ်ကို”

စိုင်းနွတ်ထံမှ သက်ပြင်းချသံ တစ်ချက် ကျယ်လောင် ပေါ်လာသည်။ သူကသက်ပြင်းချရင်း ခေါင်းကိုညင်သာ ညိတ်လိုက်သည်။

“အင်း . . တာဝန်က ရှိနေလို့ . . လွှတ်လွှတ်လပ်လပ် ဆိုရင် စိုင်းနွတ်တို့က အသက်သာ အသေခံမယ်၊ အလျှော့ ဘူး။ ညီလေး . . အခုကိစ္စကို မင်းလက်ထဲ အပ်ခဲ့ပြီ။ သူကို အထင်မသေးနဲ့ . . ညှာလဲမညှာနဲ့ . . ဒါလောက် ကျော်တဲ့ကောင်ကို ရက်ရက်စက်စက် တုံ့ပြန်ရမယ်”

“စိတ်ချပါ အစ်ကို၊ ရဲနောင်က စဝ်ရန်နိုင်နဲ့ စိုင်းနွတ် ကို စံပြအဖြစ် သဘောထားတာပါ။ အခုကိစ္စကို အစ်ကို ကိုယ်တိုင် ဖြေရှင်းနေတယ်လို့ပဲ သဘောထားလိုက်ပါ”

www.burmeseclassic.com

www.burmeseclassic.com



စိုင်းနွတ်၏ မျက်နှာပေါ်မှ တင်းမာဟန်တွေက ဖြည်းဖြည်းပြေလျော့လာသည်။ သူကနေရာမှထပြီး အပြင်သို့ထွက်ရန် ရဲနောင်ကို မျက်ရိပ်ပြလိုက်သည်။

ရဲနောင်သည် စိုင်းနွတ်နှင့် ဘေးချင်းယှဉ်ပြီး ဆက်သွယ်ရေး အခန်းထဲမှထွက်၏။ အပြင်သို့ရောက်ပြီး ကြိမ်ဆက်တီတွင် ထိုင်မည်အပြု တယ်လီဖုန်းခေါ်င်းလောင်းသံက မြည်လာသည်။ ရဲနောင်က ခုံပုလေးပေါ် တင်ထားသည့် တယ်လီဖုန်းကို ကောက်ကိုင်ပြီး နားထောင်သည်။

"အမိန့်ရှိပါ"

"မင်းဘယ်သူလဲ စိုင်းနွတ်လား . . စိုင်းနွတ် မဟုတ်ရင် စိုင်းနွတ်ကို ဖုန်းပေးလိုက်"

"ခင်ဗျားက ဘယ်သူလဲ"

"ငါဘယ်သူလဲဆိုတာ စိုင်းနွတ်ကို ပြောမယ်။ သူ့ကို ဖုန်းပေးလိုက်"

ရဲနောင်က ဖုန်းကို စိုင်းနွတ်အား လှမ်းပေးသည်။

"အစ်ကိုနဲ့ ပြောချင်လို့တဲ့ ဘယ်သူလဲဆိုတာ မေးလို့ မရဘူး"

စိုင်းနွတ်က ဖုန်းခွက်ကို လှမ်းယူပြီး နားထောင်လိုက်



သည်။

"စိုင်းနွတ် ပြောနေပါတယ်"

"စိုင်းနွတ် . . ဟုတ်ပြီ၊ မင်းနဲ့ပြောချင်နေတာ . . ဘယ်နှယ့်လဲ တော်တော်မခံမရပ်နိုင် ဖြစ်နေပြီလား"

"အခုပြောနေတာ ဘယ်သူလဲ"

"ရုပ်ပါမင်းလေ . . ဟင်း . . ဟင်း"

ဝမ်းခေါင်းသံနှင့် ဆွဲဆွဲငင်ငင် ရယ်လိုက်သံကို ကြားရသည်။ စိုင်းနွတ်က ဖုန်းခွက်ကို တင်းတင်းကြီး ဆုပ်မိသွား၏။

"မင်းက ငါ့မျက်နှာနဲ့ လူသတ်တာ၊ မင်းကိုမင်း သေမိန့်ချလိုက်တာနဲ့ အတူတူပဲ၊ ဒီနေ့ကစပြီး မင်းအတွက် လွတ်လမ်းမရှိတော့ဘူး။ သတိထားပြီး နေပေတော့"

"ဟင်း . . ဟင်း . . ဟင်း . . ကြောက်လိုက်တာ၊ ဘယ်ကြွက်တွင်းထဲ ဝင်ပုန်းရမလဲ မသိဘူး။ ချမ်းသာခွင့်ပေးပါဦး . . ဟင်း . . ဟင်း . . ဟင်း"

"နောက်ကို ရယ်နိုင်မှာ မဟုတ်တော့တဲ့အတွက် ရယ်နိုင်တုန်း အားရပါးရသာ ရယ်ထားလိုက်။ မင်းကိုငါ ပြတ်ပြတ်သားသား ပြောလိုက်မယ်။ အခုချိန်ကစပြီး မင်းမြေလျှိုးနိုင်ရင်လျှိုး မိုးပျံနိုင်ရင်ပျံ . . အန္တရာယ်လမ်းနောက်မှာ အရိပ်လို ပါနေလိမ့်

www.burmeseclassic.com



မယ်။ မင်းအတွက် ပြေးစရာ ပုန်းစရာ မရှိစေရဘူး . . သိရဲလား"

"ဟင်း . . ဟင်း . . ဟင်း . . ကြည့်သေးတာပေါ့ကွာ၊ မကြာခင် မင်းအတွက် ရုပ်ပါမင်း အရုပ်ကလေးတစ်ရုပ် ပို့ပေး လိုက်ပါ့မယ်။ ဟင်း . . ဟင်း . . ဟင်း"

တစ်ဖက်မှ ဖုန်းချသွားသည်။ စိုင်းနွတ်က ဖုန်းကို ရဲနောင်အား လှမ်းပေးလိုက်၏။ သူ့မျက်နှာတွင် စောစောက လို ခံပြင်းဟန် ဒေါသဖြစ်ဟန်တွေ မရှိတော့။ မထိတရီနိုင်သော အပြုံးတစ်ရပ်သာ သူ့မျက်နှာတွင် ထင်နေ၏။

"ဒီကောင်မှားတော့မယ် ရဲနောင်၊ ငါ့ကို ဘချုပ်က မြ ခေါ်တာ ခပ်ကောင်းကောင်းလို့ ပြောရမယ်။ ဒီကောင်က ငါ့ကို မဲနေတာ . . ငါ့ကိုယ်စား မင်းနေခဲ့မယ်ဆိုတာကို မသိဘူး ဒီကောင် သူ့ကိုသူ ဟုတ်လှပြီဆိုပြီး လျှောက်လုပ်တာနဲ့ မှာ မှာပဲ။ သူ့အမှားကို ကိုယ်က အခွင့်ကောင်းယူပါ။ ဒါထ မြို့ဟောင်းက ဘထိုက်ကို မင်းသိသလား"

ရဲနောင် ခေါင်းညိတ်ပြသည်။

"သိပါတယ် . . ဘထိုက်က ကျွန်တော်နဲ့ တစ်မြို့ သား သူငယ်ချင်းပါ။ ကျွန်တော်တို့က လဲချားဖာတိပါ"

"ငယ်သူငယ်ချင်းဆိုတော့ တစ်ယောက်နဲ့ တစ်ယော



အကြောင်း သိကြမှာပေါ့၊ တွဲလုပ်လို့ ကောင်းပါတယ်။ ဆက် ညီလေး . . မင်းက အတွေ့အကြုံရှိပြီးသားပဲ၊ အထူးပြော မလိုတော့ပါဘူး။ ရန်သူကို အထင်မသေးနဲ့ . . အထင် မကြီးနဲ့ . . ရန်သူကို ရန်သူအဖြစ်ပဲ မြင်ပြီး ပြတ်ပြတ် သားလုပ် . . ဟုတ်ပြီလား"

ရဲနောင် ခေါင်းညိတ်ပြသည်။ စိတ်အားထက်သန်ခြင်း ကြောင့် သူ့မျက်လုံးအစုံမှာ အရောင်တဖျတ်ဖျတ် လက်နေ သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

တောင်ပေါ်မြို့ကလေး ဖြစ်သော မြို့သစ်သည် ပြသ နာတစ်စုံတစ်ရာ မရှိသည့်အလား ငြိမ်သက်အေးချမ်းနေသည် မြို့သစ်အရှေ့ဘက်ရှိ တောင်တန်းရှိ တောင်ညိုနောင်ကြား သ ဘာဝရေတံခွန် ပတ်ဝန်းကျင်မှာ ကျေးငှက်သာရကာတို့ အော်မြည်သံဖြင့် သာယာနေသည်။

ရေတံခွန်ကျဆင်းရာ တောင်ထိပ်ပေါ်တွင် နက်ပြ ရောင် ရှမ်းဘောင်းဘီဝတ်ကာ အပေါ်ပိုင်းဗလာ ကျင်းထားသော လူရွယ်တစ်ယောက် ခုန်ပျံလှုပ်ရှားသွားပြီး သိုင်းကွက်ဖော်





နေ့ကျင့်နေသည်။ ရှည်လျားသော ဆံပင်တွေက လူရွယ် လှုပ် ရှားလိုက်တိုင်း လေထဲတွင် ဝဲခနဲ ဝဲခနဲ လွင့်သွား၏။

ဝင်းဝါသော အသားအရည်ရှိသည့် လူရွယ်၏ကိုယ် ပေါ်မှ ချွေးစက်ချွေးပေါက်တွေ လှုပ်ရှားတိုင်း ဘေးပတ်လည်သို့ လွင့်စဉ်သွားတတ်သည်။

"ယား"

လူရွယ်က ညာသံပေး အော်ဟစ်ပြီး မြေပြန့်ပြန့်တွင် ခပ်စိပ်စိပ်ပေါက်နေသော ဝါးရုံပင်ဆီသို့ ခုန်ဝင်ကာ ယောကျ်ား ကြီးပေါင်လုံးခန့်တုတ်သည့် ဝါးပင်တွေကို ဘယ်ညာခြေ ဆောင်းဖြင့် ကန်သည်။

ဖြောင်းခနဲဖြောင်းခနဲ မြည်သွားသော ဝါးကွဲသံကျယ် လောင်စွာပေါ်လာသည်။ လူရွယ်က ဝါးပင်တစ်ပင်ကို ခြေဖဝါး ဖြင့် အားပြုနင်းပြီး မြေပြင်ပေါ်သို့ နောက်ဂျွမ်းပစ်ကာ ခုန်ဆင်း သည်။ ဝါးရုံပင်မှ ကွဲကျေသွားသော ဝါးပင်နှစ်ပင် တအိအိနှင့် ပြိုကျလာ၏။

"ဖြောင်း . . ဖြောင်း . . ဖြောင်း . . ဖြောင်း"

လူရွယ် မြေပြင်ပေါ် ခြေခွဲ၍ရပ်မိစဉ် လက်ခုပ်သံတစ် ချက်ပေါ်လာသည်။ လက်ခုပ်သံနှင့်အတူ လည်စွပ်စွယ်တာအနီ



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဘောင်းဘီအပြာတို့ကို တွဲဖက်ဝတ်ဆင်ထားသည့် မိန်းမချောလေးတစ်ယောက် လူရွယ်၏အနားသို့ ချဉ်းကပ်လာသည်။

"တိုးမောင် .. နင် သိပ်တော်တာပဲ .. နင့်ခြေကန်ချက်တွေက ပိုပြီးအားကောင်းလာတယ်"

"ဟင်း .. ဟင်း .. ငါ့ကို မြှောက်ပင့်ပြီး ပြောမယ့်လူဆိုလို့ နင်တစ်ယောက်ပဲ ရှိတာ။ ပြောသာပြော ငါကသဘောကျပါတယ်"

"အံမယ် .. မြှောက်ပြောတာ မဟုတ်ပါဘူးနော်၊ အရှိအတိုင်း ပြောနေတာ။ နင်းနုက မြှောက်ပင့်ပြီး မပြောတတ်ပါဘူး။ ဒီနေရာမှာ မြှောက်ပင့်ပြီး ပြောမယ့်လူဆိုလို့ ကိုစိုးမောင်တစ်ယောက်ပဲ ရှိတယ်"

"ဟော့ .. ဟော့ .. ငါ့ကို မပြောနဲ့၊ ငါမြှောက်ပြီး မပြောတတ်ဘူး၊ ငါ့ညီ သိပ်တော်တယ် .. သိပ်တော်တယ် .. ဟား .. ဟား .. ဟား"

ဝဝပုတ်တုတ် လူကောင်ထွားထွားနှင့် ခေါင်းတုံးကို ပြောင်နေအောင် ရိပ်ထားသူ တစ်ယောက် ဝါးရုံပင်များ နောက်ကွယ်မှ ထွက်လာသည်။ တိုးမောင်က လူဝကြီး အနားသို့ ချဉ်းကပ်ပြီး ပခုံးကို ဖက်လိုက်၏။





"ကိုကိုက မြှောက်ပင့်ပြီး မပြောတတ်ပါဘူး ညီလေးသိပါတယ်။ ကျွန်တော် လှုပ်ရှားရလို့ ဗိုက်ဆာနေပြီ .. ဒီနေ့ဘာဟင်းချက်သလဲ ကိုကိုစိုးမောင်"

"ချောင်းထဲက ငါးတွေရလို့ ငါးကြော်ထားတယ်။ ငါးခေါင်းနဲ့ မုန်ညင်းဖူးချဉ်ရေ ချက်ထားတယ်။ ပဲပုတ်ထောင်းထားတယ်"

"ဟာ .. ဗိုက်ကပိုတောင် ဆာလာပြီ နင်းနု .. ကိုကိုနဲ့လိုက်သွားပြီး ထမင်းပြင်ကွာ .. ငါရေချိုးပြီး လာခဲ့မယ်"

နင်းနုက ခေါင်းညိတ်ပြသည်။ စိုးမောင် ခေါ် လူဝကြီးကိုခေါ်ပြီး ဝါးရုံပင် အနောက်ဖက်သို့ ဝင်သွားသည်။ တိုးမောင်က ရေကျအပေါ်ဘက်သို့ လျှောက်ခဲ့ပြီး တသွင်သွင်စီးဆင်းနေသည့် ချောင်းအတွင်းသို့ ခုန်ဆင်းလိုက်၏။

ရေကျရာနှင့် နီးနေသဖြင့် ချောင်းရေက ရေစီးသန်နေသည်။ တိုးမောင်က ရေကိုဆန်ပြီး ကူးသည်။ ရေနက်တွင် အခဏမျှ ကူးယက်ပြီးနောက် ရေတိမ်တိမ်တွင် ခြေစုံရပ်ကာ တစ်ကိုယ်လုံးကို ပွတ်တိုက်သည်။

ငါးမိနစ်ခန့် ရေထဲတွင် စိမ်နေပြီး ပင်ပန်းထားသမျှ ပြေလျော့သည်နှင့် တိုးမောင် ကုန်းပေါ်သို့ တက်သည်။ သစ်



www.burmeseclassic.com

www.burmeseclassic.com



[illegible]တွင် တင်ထားသည့် ပုဆိုးတထည်နှင့် ရေစိုဂျင်းဘောင်း[illegible] ဆဲလှယ်ကာ ဘောင်းဘီကို ရေညှစ်ပြီး လှမ်းသည်။ ထို့နောက် ဝါးရုံပင် စုစုလေးရှိရာသို့ လျှောက်ခဲ့၏။

ဝါးရုံပင်စုစုလေး၏ နောက်တွင် ဂူပေါက်တစ်ပေါက်ရှိသည်။ တိုးမောင်က ခြေတစ်ပေခန့် ကျယ်သော ဂူပေါက်အတွင်းသို့ ဝင်လိုက်၏။ အပေါက်ဝကို လွန်သည်နှင့် အတွင်းဘက်တွင် ကျယ်ပြန့်သော ဂူကို တွေ့ရသည်။

ဂူအတွင်း၌ ဘတ္တရီမီး ချောင်း ထွန်းထားသဖြင့် လင်းနေ၏။ ဂူအတွင်း၌ အိမ်ခန်း၊ ဧည့်ခန်းစသည် ခွဲခြားကာ သပ်သပ်ရပ်ရပ် ပြုပြင်ထားသည်ကို မီးအလင်းရောင်ဖြင့် တွေ့နေရ၏။

"ထမင်းစားပွဲ ပြင်ထားပြီးပြီ တိုးမောင်၊ အဝတ်အစားလဲပြီးရင် လာတော့"

ဂူအတွင်းပိုင်းမှ နှင်းနု၏အသံစာစာ ပျံ့လွင့်လာသည်။ တိုးမောင်က ရေစိုနေသည့် ကိုယ်ကိုသုတ်ပြီး တီရှပ်တစ်ထည်နှင့်ဘောင်းဘီတစ်ထည်ကို ဝတ်ဆင်လိုက်၏။ ထို့နောက် ရှည်လျားသော ဆံပင်ကို နောက်လှန်ဖီးပြီး ဂူရှေ့ပိုင်းမှ ခွာသည်။

ဂူအတွင်းပိုင်း ကွေ့ချိုးလေးတစ်ခုကြောင့် အကာအရံ





[illegible] ဖြစ်နေ၏။ ထိုအကာအရံကို ကျော်ဖြတ်လိုက်သည်နှင့် ပြင်[illegible]အလင်းရောင် လုံလောက်စွာ ရနေသော ထမင်းစားခန်း မီးဖို[illegible]ခန်းသို့ ရောက်သည်။

ထမင်းစားခန်းတွင် ထင်းရှူးပျဉ်ဖြင့် ပြုလုပ်ထားသော [illegible]စားပွဲကျယ်ကြီးတစ်လုံးရှိသည်။ ဖော်မီကာ ခင်းထားသဖြင့် [illegible]စားပွဲမျက်နှာပြင်မှာ ညီညာပြန့်ပြူးပြီး ရှင်းသန့်နေသည်။

စားပွဲပေါ်တွင် အငွေ့တထောင်းထောင်း ထနေသော [illegible]ထမင်းဟင်းများ ခူးခပ်ပြင်ဆင်ထားပြီး ဝတုတ်ကြီး စိုးမောင်နှင့် [illegible]နှင်းနုတို့ ထိုင်ခုံတစ်လုံးစီတွင် ထိုင်နေကြသည်။

တိုးမောင်က ထမင်းစားခန်းသို့ ဝင်လိုက်ပြီး ကျောက်[illegible]နံရံတွင် ချိတ်ထားသည့် ရာဘာအပါးစားဖြင့် ပြုလုပ်ထား[illegible]သည့် လူမျက်နှာပုံများကို ကြည့်သည်။ အမာခံ မျက်နှာပုံတွင် [illegible]ပါးလွှာသော ရာဘာမျက်နှာဖုံးကို ကပ်ထားသဖြင့် မျက်နှာပုံ [illegible]တိကျကျ ပေါ်နေသော လူခေါင်းတွေ နံရံမှာ ကပ်ထားသည့် [illegible] ထင်နေရသည်။

တိုးမောင်က စိုင်းနွတ်၏ မျက်နှာပုံပေါ်နေသော ရာ[illegible]ဘာမျက်နှာတုကို လက်ဖြင့် တစ်ချက်တို့ထိပြီး ရယ်သည်။ ထို့နောက် နှင်းနုတို့နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကို့ကိုလက်ရာက ကောင်းလွန်းလို့ ဦးသော်ကကို ရှင်းရတာ သိပ်လွယ်သွားတယ်။ ကျေးဇူးပဲ ကိုကိုရေ"

တိုးမောင်က ဟင်းတဇွန်းခပ်ပြီး စိုးမောင်၏ ထမင်းပန်းကန်ထဲသို့ ဦးချသည်။ ထို့နောက် မျက်စိမှိတ်ပြီး ခေတ္တငြိမ်နေလိုက်၏။ သူ့အာရုံတွင် မိခင်ဖြစ်သူ၏ ပုံရိပ်ထင်လာသည့်အခါ နှုတ်မှတိုးတိုးတွတ်တွတ် ရေရွတ်ကာ မိခင်အား တမ်းတသည်။

"သားထမင်းစားတော့မယ် အမေ၊ သားကို အခုလို ယောကျ်ားတစ်ယောက်အဖြစ် မွေးဖွားပေးခဲ့တဲ့ မေ့မေ့ကို ကျေးဇူးတင်ပါတယ်။ မေမေ့ကို စိတ်ဆင်းရဲအောင် လုပ်ခဲ့တဲ့ ငွေရှင်တွေကို သားကလှလှကြီး လက်စားချေနေပါတယ် မေမေ"

တိုးမောင်က မျက်လုံးအစုံကို ပြန်ဖွင့်ပြီး ထမင်းစားသည်။ ထမင်းစားရင်း ဟင်းတစ်ဇွန်းခပ်ပြီး နှင်းနု၏ပန်းကန်ထဲသို့ ထည့်ပေး၏။

"စားနှင်းနု ဝအောင်စားနော်၊ ဒါမှ အလှမပျက်မှာ"

"စားမှာပါနော် ငါလဲ ကိုစိုးမောင် ချက်ပြုတ်တာ ထိုင်ကြည့်ရင်း သွားရေယိုနေတာ ကြာလှရှိပြီ စားမယ် စိတ်ချ"

တိုးမောင်က ရယ်ပြီး ထမင်းကို အားရပါးရ စားသည်။ နှင်းနုနှင့်စိုးမောင်တို့မှာလည်း ဆာလောင်နေကြသဖြင့် ထမင်း





ကို ခေါင်းမဖော်တမ်း စား၏။

"ညီလေး . . မြို့ကိုသွားမှာလား . . မြို့ကိုသွားရင် ငါလိုက်ခဲ့မယ်နော်"

"ဒီရက်မှာ ကျွန်တော် ငြိမ်ငြိမ်လေး နေလိုက်ချင်တယ်။ ကိုကို . . နောက်တစ်ပတ်လောက်နေမှ မြို့ကိုသွားမယ်။ ကိုကို နှင်းနုနဲ့ လိုက်ချင်လိုက်သွားတာ"

"ညီလေးမပါဘဲနဲ့ ငါမသွားဘူး"

"ဒါဆိုရင် နှင်းနုတစ်ယောက်ထဲ ပြန်ပါစေ . . ဒီရက်အတွင်းနှင့်ဆိုင်ကို လူအဝင်အထွက် သတိထားနော်။ နှင်းနု နှင်းနှုတ်ဆိုတဲ့လူက စိတ်ကြီးတယ်။ လက်တုံ့ပြန်ဖို့ အပြင်းအထန် ကြိုးစားလိမ့်မယ်"

"နင်က သူ့ကို ကြောက်နေပြီလား တိုးမောင်"

"ဘာ"

နှင်းနု၏စကားအဆုံးတွင် တိုးမောင်က တိုးမောင်က ဒေါသတကြီး အော်လိုက်၏။ တိုးမောင်၏ အော်သံကြောင့် နှင်းနုကိုဖျတ်ပြီး ဇက်ကလေး ပုသွား၏။

"ဒီမျက်နှာက ကြောက်တဲ့မျက်နှာလားဆိုတာ သေသေချာချာ ကြည့်စမ်း နှင်းနု . . တိုးမောင်ရဲ့ ကိုယ်ထဲမှာ ကြောက်


www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ သွေးတစ်စက်တောင် မရှိဘူး။ ကြောက်တတ်တဲ့ အမွေးအမျှင် ဘယ်မှာမှမရှိဘူး"

"နင်ကလဲဟယ် စိတ်တိုတတ်လိုက်တာ ငါက တမင်စတာပါ"

"ဒီစကားမျိုးနဲ့ ငါ့ကို မစနဲ့ . . နင်မို့ငါက ကြည့် နေတတ်နော်၊ တစ်ခြားလူသာ ဒီကိုလာပြောရင် အရေခွံဆုတ်ပစ်တယ်"

"အေးပါဟယ် . . ငါနောက်မပြောတော့ပါဘူး။ စိတ်မဆိုးပါနဲ့နော်"

ဝူရှေ့ပိုင်းမှ တတီတီနှင့် မြည်သံ ပေါ်လာသည်။

"တောက် . . စာတုံးသောက်တုံး ဘယ်သူကများ ဖုန်းဆက်ပြန်ပြီးလဲ မသိဘူး"

တိုးမောင်က မကျေမနပ်ပြောရင်း ထိုင်နေရာမှ ထမည်ပြုသည်။ သူ မထခင် နင်းနု နေရာမှ ထလိုက်သည်။

"ငါ ဖုန်းကို သွားယူခဲ့ပါ့မယ်။ နင်စားစရာရှိတာစားပါ"

နင်းနုက ဝူရှေ့ပိုင်းသို့ ခပ်သုတ်သုတ် ထွက်သွားသည်။ စိုးမောင်က ကလေးဆန်သော အမူအရာနှင့် နင်းနုကို လှမ်းကြည့်သည်။





"နင်းနုက ညီလေးအတွက် ဘာမဆို လုပ်ပေးတယ်နော်၊ ငါ့ညီမလေး သိပ်တော်လို့ ငါသိပ်ချစ်တာပဲ"

"အလကား . . ဒီကောင်မက အသုံးကျတာ မဟုတ်ဘူး၊ အရက်ဆိုင်ကို ပိတ်လိုက်ပါဆိုတာ ခုထိမပိတ်ဘူး။ သိပ်မုန်းဖို့ကောင်းတဲ့ ကောင်မ"

စိုးမောင်က တိုးမောင်အား မျက်လုံးအဝိုင်းသားနှင့် ကြည့်ပြီး ခေါင်းဆတ်ခါသည်။

"မမုန်းပါနဲ့ . . သူကတော်ပါတယ်၊ လိမ်မာပါတယ်"

"ကိုကိုက သူ့ကို သိပ်ချစ်သလား"

"ချစ်တာပေါ့ . . ငါ့ညီမလေးက လိမ်မာတာ ချစ်စရာပေါ့"

စိုးမောင်က ပလုပ်ပလောင်းသံဖြင့် ပြောသည်။ တိုးမောင်က စိုးမောင်အား ကြည့်ပြီး ရယ်၏။ ထိုအချိန်မှာပင် နင်းနုက ဖုန်းကိုင်ပြီး ပြန်ရောက်လာသည်။

"ရော့ . . တိုးမောင်"

တိုးမောင်က ဖုန်းကိုယူပြီး နားထောင်လိုက်၏။

"တိုးမောင်ပါ"

"ဟား . . ဟား . . တိုးမောင် ပိုက်ဆံကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ရလိုက်လို့ ဘယ်မှာရှိနေပြီလဲ . . မင်းဒီတစ်ခါ ငါးသိန်းရလိုက်တာနော် . . ငါတို့နယ်မြေထဲမှာ ဖြစ်တဲ့ကိစ္စ . . ရတဲ့ငွေကို ထက်ဝက်ခွဲပေးဖို့ မစဉ်းစားဘူးလား"

တစ်ဖက်မှ စကားကို ကြားသည်နှင့် တိုးမောင်၏ မျက်နှာထားတင်းခနဲ ဖြစ်သွားသည်။ သူက အခိုးအငွေ့တွေ ထွက်တော့မည့်ပမာရှိသော မျက်လုံးအစုံဖြင့် တစ်ဖက်နံရံကို ကြည့်လိုက်၏။

"ဘယ်လိုလဲဟေ့"

"ဘာလဲ ထွန်းရင် . . မင်းက တစ်ဝက်လိုချင်လို့ တောင်းနေတာပေါ့ . . ဟုတ်လား"

"ဟား . . ဟား . . ဒီလိုကျတော့လဲ မင်းက အကောင်ပြတာ အရိုပ်ထင်သားဘဲ"

"အပိုတွေ ပြောမနေနဲ့၊ မင်းငွေလိုချင်ရင် ငါပေးမယ်။ မင်းတို့နယ်မြေတို့ ဘာတို့ ပြောမနေနဲ့ . . မင်းကို ဘယ်သူက ပေးထားလို့ မင်းက ဒီနယ်မြေပိုင်ရှင် ဖြစ်သွားရတာလဲ။ အပိုတွေ ပြောစရာအလိုဘူး မင်းလိုချင်တဲ့ငွေ ငါလာပေးမယ်"

"ဘယ်အချိန်လာမှာလဲ မြန်မြန်လေးတော့ လုပ်ပါ"

"နေ့ခင်း ဆယ့်နှစ်နာရီတိတိ၊ ဆွတ်ရိုးတောင်ခြေကို





ခဲ့"

"ကောင်းပြီ . . ကောင်းပြီ၊ ငွေကို မင်းလာပို့မှာလား"

"ထုံးစံရှိလို့လား . . ကိုကိုက လာပို့လိမ့်မယ်"

"အိုကေ . . အိုကေ ဒါဆိုရင် ကျေးဇူးပဲ၊ နေ့လယ်ကျ စောင့်နေမယ် ဟုတ်လား"

တစ်ဖက်မှ အဆက်အသွယ် ဖြတ်လိုက်သည်။ တိုး င်က တောက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်လိုက်၏။

"ဘာလဲ တိုးမောင်"

"ဟိုကောင် ထွန်းရင်က မိုက်ကြေးခွဲနေတာ၊ အင်းလေ ာင်းတဲ့ငွေကို ပေးရမှာပေါ့။ ကိုကို ကျွန်တော်တို့ အပြင် မယ်။ ထွန်းရင်ကို ငွေသွားပေးရမှာနော်၊ ကျွန်တော်ခိုင်းတဲ့ ိုင်းလုပ် ဟုတ်လား"

"ဟား . . ဟား . . ကောင်းတယ် . . ကောင်းတယ်၊ ွန်းရင်ကို ငွေသွားပေးမယ်။ သူသဘောကျသွားမှာပါ"

စိုးမောင် ပျော်သွားသည်။ တိုးမောင်က အေးစက်တင်း ာ့ အမူအရာနှင့် ထမင်းဆက်စား၏။ နှင်းနုမှာ တိုးမောင် အမူအရာကို ကြည့်ပြီး တစ်စုံတစ်ရာ ဖြစ်တော့မည်ဟု စိတ် သိလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

တောင်ခြေလမ်းတွင် ရွှံ့အလိမ်းလိမ်း ကပ်နေသော တိုက်ဂါးကိုးကကြီးတစ်စီး ရပ်ထားသည်။ ကားပေါ်တွင် သံတွေ တပ်ထား၏။ ကားရှေ့ခန်းတွင် အသားနီစပ်စပ်နှင့် လူနှစ်ယောက် ထိုင်နေသည်။

"သူက ဆယ့်နှစ်နာရီတိတိ ငွေလာပို့မယ်လို့ ချိန်းထားတာနော် ထွန်းရင်"

ကားမောင်းသူနေရာတွင် ထိုင်နေသည့် အင်္ကျီအနီကွက်နှင့်လူက သူ့ခေါင်းမှ ဆံပင်တို့ကို စပို့ရှပ်အပြာရောင် ဝတ်ထား





သူကို လှမ်းမေးသည်။ စပို့ရှပ်အပြာ ဝတ်ထားသည့် ထွန်းရင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် မောင်ရှိန်း"

"ခုဆယ်နှစ်နာရီထိုးပြီ၊ သူမလာတော့ဘူး ထင်တယ်"

ထွန်းရင်က မောင်ရှိန်းအားကြည့်ပြီး ခေါင်းဆတ်ခါလိုက်၏။

"တိုးမောင်က လာမယ်ဆိုရင် လာတယ်၊ လုပ်မယ်ဆိုရင် လုပ်တယ်။ အခု သူ့အစ်ကို အရှုးစိုးမောင်နဲ့ ပို့ခိုင်းမှာတဲ့၊ အရှုးက ကြာနေတာ ဖြစ်မယ်"

"လာပါစေ . . ဒီအရှုးကို နရင်းတစ်ချက်လောက် အုပ်ဆားလိုက်မယ်"

"ပြဿနာ သွားမရှာနဲ့ မောင်ရှိန်း၊ တိုးမောင်က သူ့အစ်ကိုကိုထိရင် သီးခံတတ်တာ မဟုတ်ဘူး။ ငါတို့အတွက် ငွေရဖို့က အဓိကကွာ၊ တစ်ခြားဘာမှ မလိုဘူး"

"သူက ကလိန်ကျပြီး ငွေမပေးဘဲနေရင်ကော"

"တိုးမောင်ရဲ့ ရာဇဝင်မှာ အဲဒါမျိုး မရှိဘူး"

"ဟူး . . ဒါဆိုရင်လဲ စောင့်ရုံပဲရှိတာပေါ့ဗျာ"

ထွန်းရင်က လက်တွင်ပတ်ထားသည့် နာရီကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ နာရီလက်တံများက ဆယ်နာရီတိတိ ရှိပြီဖြစ်ကြောင်း ညွှန်ပြနေသည်ကို တွေ့ရ၏။

"ခုမှ ဆယ်နှစ်နာရီထိုးတာ၊ ဟိုမှာကြည့် . . ဟိုးက လာနေ တဲ့ဆိုင်ကယ်က စိုးမောင် စီးလာတာ မဟုတ်လား"

"ဟုတ်တယ် . . ဆိုင်ကယ်စီးလာတာ၊ လူဝကြီးအရူး စိုးမောင်ဘဲ"

တောင်ကြားလမ်းအတိုင်း အပြင်းမောင်းလာသော ဆိုင်ကယ်တစ်စီးကို တွေ့ရသည်။ ဆိုင်ကယ်ပေါ်တွင် စိုးမောင် ထိုင်လိုက်လာ၏။ သူက တောင်ခြေတွင် ရပ်ထားသော တိုက်ဂါးကားကို မြင်သည်နှင့် ဆိုင်ကယ်အရှိန် လျှော့လိုက်သည်။

ထွန်းရင်နှင့်မောင်ရှိန်းတို့ ကားပေါ်မှ ဆင်းကြသည်။ သူတို့မြေပြင်ပေါ်သို့ ခြေချမိစဉ်မှာပင် စိုးမောင် စီးလာသည့် ဆိုင်ကယ်အနားသို့ ရောက်လာပြီး ရပ်လိုက်သည်။

"ဟေ့ကောင် စိုးမောင် နောက်ကျလှချည်လား"

စိုးမောင်က ညာလက်ကို မြှောက်ပြီး လက်တွင်ပတ်ထားသည့် နာရီကို ကြည့်သည်။

"နောက်မကျပါဘူး . . ဆယ့်နှစ်နာရီတိတိဘဲ"

"ဟုတ်ပါပြီ . . တိုးမောင်က ပိုက်ဆံပေးလိုက်သလား"



"ပေးလိုက်တာပေါ့"

စိုးမောင်က ဆိုင်ကယ်ရှေ့ခြင်းထဲတွင် ထည့်ထားသည့် သားရေအိတ်ကို လှမ်းယူပြီး ထွန်းရင်အား ပေးသည်။

"စစ်ကြည့် အားလုံးနှစ်သိန်းခွဲလို့ ညီလေးပြောတယ်"

ထွန်းရင်က အိတ်ကို ဖွင့်ကြည့်သည်။ အိတ်ထဲမှ ငွေစက္ကူများကို တွေ့လိုက်သည်နှင့် ရေတွက်ခြင်း မပြုဘဲ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပြီ . . ရပြီ"

"ဒါဆိုရင် . . ငါသွားမယ်"

"နေဦး . . စိုးမောင်"

မောင်ရှိန်းက စိုးမောင်အနီးသို့ ချဉ်းကပ်သည်။ ထွန်းရင်က စိုးရိမ်မကင်းသော အကြည့်ဖြင့် မောင်ရှိန်းကို ကြည့်၏။

"မောင်ရှိန်း . . ဘာမှမလုပ်နဲ့နော်"

"သူ့ကို သင်ခန်းစာလေး နဲနဲပေးမှာပါ။ သူ့ပါးတွေက [illegible]မောင်းတော့ ရိုက်ရတာ အရသာရှိမယ် ထင်တာဘဲ"

မောင်ရှိန်းက ပြောဆိုရင်း စိုးမောင်၏ ပါးပြင်ကို ဖြန်း ခနဲ ရိုက်သည်။ စိုးမောင် ယိုင်သွား၏။ သူကပါးကို လက်ဖြင့် ပွတ်ရင်း ငိုမဲ့မဲ့အမူအရာနှင့် မောင်ရှိန်းအား ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက မင်းတို့အတွက် ပိုက်ဆံလာပို့တာ ငါ့ကို ဘာ ဖြစ်လို့ ရိုက်ရတာလဲ"

"နောက်တစ်ခါဆို မကြာစေနဲ့လို့ သတိပေးထားတာ သွားတော့"

စိုးမောင်က ဆိုင်ကယ်ကို နောက်ပြန်လှည့်ပြီး စီးထွက် သည်။ စိုးမောင်၏ ဆိုင်ကယ်ကို ကိုက်ငါးဆယ်ခန့်သို့ အရောက် တွင် လမ်းပေါ်သို့ မိုးနေသော သစ်ပင်ပေါ်မှ အနက်ရောင် ဝတ်စုံ ဝတ်ထားသည့် တိုးမောင် ခုန်ဆင်းလာသည်။

"ငါ့ကိုကိုကို ရိုက်တဲ့ ခွေးကောင် သေကွာ"

တိုးမောင်က မြေပြင်ပေါ်သို့ ခြေချလျှင်ချမိခြင်း မောင်ရှိန်းအား ညာခြေဖြင့် ပိတ်ကန်သည်။ မောင်ရှိန်း ယိုင် သွားစဉ် အပေါ်သို့ ခုန်တက်ပြီး မောင်ရှိန်း၏ ရင်ဘက်ကို ဖနောင့်ဖြင့် ပေါက်ချသည်။ နှုတ်မှ အွတ်ခနဲ မြည်သံနှင့်အတူ မောင်ရှိန်း နောက်သို့လန်ကျသွား၏။

"ထွန်းရင်"

တိုးမောင်က မောင်ရှိန်းကို ကျောခိုင်းပြီး ထွန်းရင်ဘက် သို့ လှည့်လိုက်သည်။ ငွေအိတ်ကို ပိုက်ထားသည့် ထွန်းရင် ဒူးတွေတဆတ်ဆတ် တုန်နေလျက် ရှိသည်။





"ငါ . . ငါ မင်းအစ်ကိုကို မရိုက်ပါဘူး"

"ငါသစ်ပင်ပေါ် ရောက်နေတာ ကြာပြီ။ မင်းဘာပြော တယ်၊ ဘာလုပ်တယ်ဆိုတာ အကုန်ကြား အကုန်မြင်တယ်"

"ဒါဆိုရင် ငါဘာမှ မလုပ်တာ မင်းသိမှာပေါ့"

တိုးမောင်က ရယ်လိုက်သည်။

"မင်းက ငါစွန့်စွန့်စားစား ရှာထားတဲ့ ပိုက်ဆံတွေကို ...င်းပုံဖြတ်ယူဖို့ ကြိုးစားတယ်"

"ငါက ထုံးစံအရ တောင်းတာပါ . . ငါ . . ငါက"

"တိတ်စမ်း . . ဘာထုံးစံလဲ . . တိုးမောင်မှာ ထုံးစံမရှိ ...မင်းပိုက်ဆံလိုက်ချင်ရင် မင်းအင်အားနဲ့မင်း ရှာပေါ့၊ မင်း ကိုယ့်ဖာသာကိုယ် မရှာဘဲ၊ ငါ့ကိုလာပြီး ဗိုလ်ကျတယ်"

"မဟုတ်ပါဘူး"

ထွန်းရင်က ကြောက်ကြောက်ရွံ့ရွံ့နှင့် နောက်ဆုတ် သည်။ တိုးမောင်က ရှေ့ကို တိုးလိုက်၏။

"ငါ့ကို လာယှဉ်ရင် သေရမယ်ထွန်းရင်"

"မ . . မလုပ်ပါနဲ့ . . ငါ . . ဒီငွေကို မယူတော့ပါဘူး"

"မင်းယူပြီးသွားလို့ ငွေတွေ မင်းလက်ထဲ ရောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com


"ခင်း . . ပြန် . . ပြန်ယူပါ"

ငွေအိတ်ကိုပင် မြဲအောင်မကိုင်နိုင်တော့သဖြင့် ထွန်းရ
၏လက်ထဲမှ ငွေအိတ်မြေပြင်ပေါ်သို့ ကျသွားသည်။ ကြော
ရှုံ့ခြင်းကြောင့် သူတစ်ကိုယ်လုံးမှာလဲ တဆတ်ဆတ်တုန်နေ

"ငါ . . ငါ"

"သေကွာ"

တိုးမောင်က ထွန်းရင်ကို လက်ပြန်ရိုက်သည်။ ထွန်း
ယိုင်သွား၏။ တိုးမောင်က ကိုယ်ကို တစ်ပတ်လှည့်ပြီး
နောင့်ဖြင့် ထွန်းရင်၏ ရင်ဝကို နောက်ပြန်ကန်လိုက်သည်။
ထန်သော ကန်ချက်ကြောင့် လေထုလှုပ်ရှားသံ ပေါ်လာ၏

တဆက်တည်း ပေါ်လာပြီး ထွန်းရင် မြေပြင်ပေါ်
လန်ကျသွားသည်။ တိုးမောင်က ကျနေသည့် ငွေအိတ်
ကောက်ယူပြီး ပန်းတွင် သိုင်းလွယ်သည်။

ထို့နောက် အိတ်ထဲမှာ အနီးရောင် စူပါမင်းအ
ကလေးတစ်ခု ထုတ်ပြီး ထွန်းရင်၏ မျက်နှာအနီးတွင် ချသ
ထိုအချိန်မှာပင် ဆိုင်ကယ်ဖြင့် နောက်ကြောင်း ပြန်လှည့်
သော စိုးမောင်အနားသို့ ရောက်သည်။ တိုးမောင်က ဆိုင်
နောက်ခုံသို့ တက်လိုက်လေ၏။



## အခန်း(၆)

"သူ့အထိမ်းအမှတ် ပစ္စည်းက ဒါဘဲ ဘထိုက်၊ တရားခံ
အရင်လူသတ်မှုနှစ်မှုကို ကျူးလွန်သွားတဲ့လူဘဲ"

ရဲနောင်က အလောင်းဘေးတွင် ကျနေသော အနီရောင်
ပါမင်းအရုပ်ကို ကောက်ယူပြီး သူ့ဘေးတွင်ရပ်နေသော အရပ်
ဖြင့် ဆံပင်တိုတို မျက်နှာလေးထောင့်ကျကျနှင့် ဘထိုက်ဟု
ခေါ်ခံရသူအား ပေးလိုက်သည်။

"ဒါသူ့ကိုယ်သူ စူပါမင်းလို့ ပြောနေတဲ့ကောင်ရဲ့ လက်
တ်ပေါ့"


www.burmeseclassic.com

www.burmeseclassic.com



"အေး . . ဒါပေမယ့် သူတစ်ယောက်ထဲ မဟုတ်ဘူးလို့ ငါထင်တယ်။ လမ်းမှာ ကားဘီးရာအပြင် ဆိုင်ကယ်ဘီးရာ တချို့ တွေ့တယ်။ ပြီးတော့ တောင်ပေါ်က ဆင်းလာတဲ့ ဘိနပ်ရာ တစ်ခုရယ်၊ ဒီအနားသစ်ပင်မှာ သစ်ကိုင်းကျိုးနေတာရယ်ကို ဆက်စပ်ကြည့်ရင် တစ်ယောက်က ဆိုင်ကယ်နဲ့ လာတယ်၊ နောက်တစ်ယောက်က တောင်ပေါ်က ဆင်းလာတယ်လို့ ထင်တယ်"

"အခုသေသွားတဲ့ ကောင်တွေက တောင်ပေါ် တက်ကြည့်တာကော မဖြစ်နိုင်ဘူးလား"

"ဒါလဲ ဖြစ်နိုင်တာပဲ မြေပျော့ပျော့ပေါ်မှာ ထင်နေတဲ့ ခြေရာကတော့ တောင်အောက်ကို ဆင်းတဲ့ခြေရာကွ၊ ဘိနပ်ချွတ်ရာက ရေလှိုင်းတွေလိုဘဲ။ အဲဒီဘိနပ်မျိုး အခုသေသွားတဲ့ ထွန်းရင်နဲ့ မောင်ရှိန်းတို့ စီးထားတာ မတွေ့ဘူး"

"ဟာ . . ဒီမှာလဲ ခြေရာတစ်ခု တွေ့တယ် ရဲနောင်"

ဘထိုက်က တစ်ဖက်တည်း ထင်နေသော ခြေရာကို ပြသည်။ ရဲနောင်က ခြေရာနှင့် ဆိုင်ကယ်ဘီးရာတို့ကို အသေအချာ ကြည့်သည်။

"ဒီခြေရာက တောင်ပေါ်ကနေ အဆင်းမှာ တွေ့တဲ့





ခြေရာနဲ့ အတူဘူး။ ဘယ်ဘက်ခြေရာတစ်ခုထဲ ဆိုတော့ ဆိုင်ကယ်ကို ဒီနေရာမှာရပ်ပြီး ခြေတစ်ဖက်ထောက်ထားတာ ဖြစ်မယ်။ သေသွားတဲ့ လူနှစ်ယောက် စီးထားတဲ့ ဘိနပ်ခြေရာနဲ့ ဒီခြေရာ မတူပြန်ဘူး"

"ဒါဆိုရင်ကော . . မင်းပြောတဲ့အတိုင်း နှစ်ကောင်ဖြစ်မှာ သေချာတယ်"

"တောက် . . ဒါလောက် ရဲတင်းနေတာ ဘယ်သူလဲ မသိဘူး။ အခုလို လုပ်ပုံတွေကြောင့် အစ်ကိုစိုင်းနွတ် ဒေါသထွက်ခဲ့တာဘဲ"

"မင်းလဲအခု ဒေါသဖြစ်နေပြီ မဟုတ်လား၊ စိတ်ထိန်းထား၊ ဒီနယ်မြေက ငါတို့နယ်မြေပါ။ မင်းကောင်ကလဲ မိုးပေါ်က ကျလာတာ မဖြစ်နိုင်ဘူး။ တစ်နေ့မဟုတ် တစ်နေ့တို့နဲ့ တွေ့မှာပေါ့"

"အဲဒီ မတွေ့ခင်အတွင်းမှာ နောက်ထပ်လူတွေ သေမှာစိုးလို့ ငါက ပြောနေတာကွ"

"အဲသလို မဖြစ်အောင် ငါတို့ ကြိုးစားရမှာပေါ့၊ နေပြီး အခုကိစ္စနဲ့ ပတ်သက်ပြီး ငါတို့ ဖိုးစိကို သွားတွေ့ရင် ကောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဖိုးစိလဲ"

"ဘိန်းစားဖိုးစိလေကွာ၊ သူ့ကို နဲနဲပါးပါး ပေးကမ်းလိုက်ရင် ဒီကောင်က သူသိသမျှ အံချတတ်ပါတယ်"

ရဲနောင်က အလောင်းကို ဓာတ်ပုံရိုက်၊ ပတ်ဝန်းကျင်တွင် သဲလွန်စ ရှာနေသော ရဲတပ်ဖွဲ့ဝင်များအား တစ်ချက်လှမ်းကြည့်သည်။ ပြီးဘထိုက်ကို လက်တို့ကားနေရာမှ ခွာသည်။

"သွားမယ်"

"ဘယ်ကို သွားမှာလဲ"

"မင်းဘဲ ဖိုးစိနဲ့ သွားတွေ့မယ်ဆိုလို့ ဖိုးစိကို သွားရှာမှာပေါ့"

"ဒီအချိန်ဆို ဖိုးစိက မြို့လည်လက်ဖက်ရည်ဆိုင်မှာ ရှိနေလိမ့်မယ်။ အဲဒီကို သွားကြတာပေါ့"

ရဲနောင်နှင့် ဘထိုက်တို့က တာဝန်ရှိသူ တစ်ယောက်ကို နှုတ်ဆက်ပြီး ဆွတ်ရိုးတောင်ခြေမှ ခွာသည်။ တောင်ခြေအဝင်လမ်းတွင် ရပ်ထားသော အပြာရောင် ထီလာဂျစ်ပေါ်သို့ တက်သည်။ ဘထိုက်ကကားမောင်းသူ နေရာသို့ဝင်ပြီး ကားကို မောင်းထွက်လိုက်၏။

"တီ . . ဖ် . . တီ . . တီ"





ခါးတွင်ချိတ်ထားသည့် ဖုန်းသံမြည်လာသဖြင့် ရဲနောင် ဖြုတ်ယူပြီး နားထောင်သည်။

"ရဲနောင်ပါ"

"ဟင်း . . ဟင်း . . ဟင်း . . မင်းဆရာစိုင်းနွတ်က ပြောင်းသွားပြီနော်၊ မင်းက သူ့ကိုယ်စား တာဝန်ယူနေတာ . . ဟုတ်လား"

"ဟေ့ . . နာမည်မရှိတဲ့ လူသတ်သမား၊ မင်းဘာပြောချင်လို့လဲ"

"ဟင်း . . ဟင်း . . ဟင်း . . ငါ့မှာ နာမည် ရှိပါတယ်။ ငါ့နာမည်က ကျားသစ်တဲ့၊ ရိုးမကျားသစ် . . မှတ်ထား"

"ကျားသစ် ဟုတ်လား၊ ဒီနာမည်က မင်းနဲ့မထိုက်တန်ဘူး၊ မင်းနာမည်ကို မြေခွေးလို့ ပြောင်းလိုက်မယ်"

"တိတ်စမ်း . . ဒါငါ့ကို စော်ကားနေတာလား၊ မင်း . . . မင်းကိုပါ"

"ဟ . . ဒေါသကြီးလှချည်လား၊ မင်းက ဒီဒေါသတွေ လွှလိုက်သတ်နေတာ ထင်တယ်။ ထားပါကွာ မင်းနာမည် ကျားသစ်လို့ဘဲ ထားလိုက်ပါ။ မင်းဒီနေ့ လူနှစ်ယောက်ကို သတ်လိုက်တယ်။ မင်းရဲခြေကန်ချက်တွေက တစ်ကယ်ပြင်းထန်



www.burmeseclassic.com

www.burmeseclassic.com



ကာဘဲ"

"မင်းကိုလဲ အဲဒီနည်းနဲ့ဘဲ ငါသတ်မယ်။ မင်းနဲ့အတူ ပါလာတဲ့ ဘထိုက်ကိုလဲ ပြောလိုက်၊ ကျားသစ်က တောမရွေး ဘူးလို့"

"ပြောလိုက်မယ် . . ပြောလိုက်မယ်၊ မင်းလဲ ဒီနေ့ မင်းနဲ့အတူ ပါလာတဲ့လူကို လွတ်အောင်ပြေး လုံအောင်ပုန်းလို့ ပြောလိုက်"

"ဘာ . . ဘာပြောတယ် အဖော်ဟုတ်လား"

"အေး . . မင်းနဲ့ပါလာတဲ့ အဖော်လေ"

"ငါ့မှာ ဘာအဖော်မှ မပါဘူး။ ကျားသစ်က ဘယ်သူ့ အကူအညီကိုမှ မယူဘူး"

"ဟုတ်ရဲ့လား . . မင်းအဖော်က ဆိုင်ကယ်နဲ့ လာတာ ငါတို့သိပါတယ်။ မင်းက သစ်ပင်ပေါ်တက်ပြီး စောင့်နေတာ လေ"

"မင်း . . "

"ဟား . . ဟား ကျားသစ်၊ လူတိုင်းမင်းလောက်တော့ ဦးနှောက်ရှိတယ်။ တွေးတတ်တယ်ဆိုတာ နားလည်ထားစမ်းပါ"

"နားမလည်ဘူး . . မင်းတွေးတာလဲ တစ်ခုမှ မဟုတ်





. . ။ မင်းတို့က ငါ့ကို တွေ့အောင် မရှာနိုင်ဘဲနဲ့ ခြိမ်းခြောက်နေ . . ယ်။ ဒီမှာဟေ့ ငါ့ကိုတွေ့အောင် ရှာစမ်းပါ။ မျက်နှာချင်းဆိုင် . . တွေ့တာမှ ခြိမ်းခြောက်စမ်းပါ"

"အေး . . ရှာမယ်၊ စိတ်ချ . . မင်းဘယ်လိုမှ ပြေးလို့ . . ထွက်ပါဘူး။ တရားဥပဒေရဲ့ လက်တံက ရှည်ပါတယ်"

"ဒါဆို လိုက်ရှာကွာ . . မင်းကွာ . . မင်းတို့ဖမ်းမမိ . . င် အသက်ပျောက်အောင် ငါကူညီမယ်"

"စိန်လိုက်ဟေ့"

တစ်ဖက်မှ ဖုန်းအဆက်အသွယ် ဖြတ်လိုက်သည်။ . . အောင်က ဖုန်းကို ပိတ်သိမ်းပြီး ဘထိုက်ဘက်သို့ လှည့်လိုက် . . ၊

"ဘာတဲ့လဲ"

"ခြိမ်းခြောက်တာပေါ့၊ ဒီကောင်ဟာ သူ့ကိုယ်သူ သိပ် . . င်ကြီးနေတယ်။ ဒီလိုလူမျိုးကို ရှာရတာ သိပ်ခက်မှာ မဟုတ် . . ။ သူ့လိုစရိုက်မျိုးရှိတဲ့ လူကို လိုက်ရှာရင် ရပါတယ်"

"အေး . . ရှာတာပေါ့၊ ဖိုးစီကို မေးမြန်းစုံစမ်းပြီး ရှာ . . တ ပိုကောင်းပါတယ်။ အထောက်အထား တစ်ခုခုရလိုက် . . ့ လိုက်ရှာတာ သူ့ကိုတွေ့ဖို့ ပိုပြီးနီးစပ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရဲနောင် ခေါင်းညိတ်ပြလိုက်သည်။ ဘထိုက်က ကားကို အဝေးပြေး လမ်းမကြီးပေါ်သို့ မောင်းတင်လိုက်သည်။ အရှေ့ပိုင်းနယ်စပ်ထိအောင် ပေါက်သော အဝေးပြေးလမ်းမကြီးအတိုင်း ကားကို မြို့သစ်ဘက်သို့ အရောက်မောင်းသည်။

"ငါဒီကိုရောက်တော့ မြို့ပြန်ချင်စိတ် ပေါက်လာတယ်ကွာ။ သိန်းချောင်းမှာ ငါးမျှားတာ၊ လယ်ကွင်းထဲ ပြေးပြီး ဆော့ကစားတာတွေကို သတိရလာတယ်"

ရုတ်တရက် ပြောလိုက်သော ဘထိုက်၏ စကားကြောင့် ရဲနောင် ဆတ်ခနဲ ဖြစ်သွားသည်။ သူက ဘထိုက်ကို မျက်မှောင်ကြုံပြီး ကြည့်လိုက်သည်။

"မင်းကလဲ ရှာဖွေလွှမ်းနေပြန်ပြီ၊ အခုတာဝန်ပြီးရင် ငါတို့နှစ်ယောက် ခွင့်နဲ့မြို့ကို ပြန်မယ်ကွာ။ ဘယ့်နယ့်လဲ"

"အေး . . ငါလဲ အဲဒါပြောမလို့ မြို့ပြန်ပြီး ပျော်ပျော်ပါးပါး နားကြတာပေါ့"

"လောလောဆယ်တော့ ဖိုးစီကို ရှာဖို့ အရေးကြီးတယ် ဘထိုက်"

ဘထိုက် ခေါင်းညိတ်ပြသည်။ ကားကို မြို့အတွင်းသို့ မောင်းဝင်လိုက်လေ၏။



## အခန်း(၇)

မြို့လယ်လက်ဖက်ရည်ဆိုင်တွင် နာရီဝက်ခန့် အချိန်ကုန်ခံထိုင်စောင့်မှ ဖိုးစီကို တွေ့ရသည်။

ဖိုးစီ လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာသည်နှင့် ဆိုင်ရှင်က လှမ်းခေါ်ပြီး တစ်စုံတစ်ရာကို ခပ်တိုးတိုး ပြောသည်။

ဖိုးစီက ဆိုင်ရှင်၏စကားကို နားထောင်ပြီးနောက် ရဲနောင်တို့ဘက် လှည့်ကြည့်၏။ ပြီးရဲနောင်တို့ ထိုင်နေရာဆီသို့ လျှောက်ခဲ့သည်။

"ဆရာတို့.. ကျွန်တော့်ကို စောင့်နေကြတာလား၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် ဆရာတို့ကို ဘာလုပ်ပေးရမလဲ"

ရဲနောင်က ဖိုးစီအား မော်ကြည့်ပြီး ထိုင်ရန်လက်ဟန် ပြသည်။

"ထိုင်ပါ . . ကိုဖိုးစီ ကျွန်တော်တို့ သိချင်တာလေးရှိလို့ ခင်ဗျားကို လိုက်ရှာနေကြတာပါ။ ခင်ဗျားက ဒီမြို့သစ်နယ်မှာ အစပ်ကျတာကအစ သိတဲ့လူဆိုတာ ကျွန်တော်တို့ သိချင်တာကို ပြောပြနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

ဖိုးစီက ဂုဏ်ယူဝင့်ကြွားဟန်ဖြင့် ပြုံးလိုက်သည်။

"ဆရာတို့က ဘာသိချင်လို့လဲ၊ ကျွန်တော် မသိသေးတာ ဖြစ်နေရင်တောင် သိအောင် စုံစမ်းပေးပါ့မယ်"

ရဲနောင်က ပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။ လက်ဖက်ရည်ဆိုင် အတွင်း၌ ရှိနေသူတို့ကို စိတ်ဝင်စားဟန် မပြကြပေ။

"ကျွန်တော်တို့ လူတစ်ယောက် အကြောင်းကို သိချင်တယ်။ အဲဒီလူက သူ့ကိုသူ ကျားသစ်လို့ နာမည်ပေးထားတယ်။ လူသတ်သမား တစ်ယောက်ဘဲ၊ သူ့ပစ်မှုကျူးလွန်ပြီးတဲ့အခါတိုင်း အနီရောင်စူပါမင်း အရုပ်ကလေးကို ချထားခဲ့တယ်၊ ခုဆိုရင် သူ့ကြောင့် လူလေးငါးယောက်တောင် သေသွားကြပြီ။





အဲဒီအထဲက နှစ်ယောက်ဟာ ဒီနယ်မြေက ထွက်တဲ့ဓာတ်သတ္တုတွေကို ရှာဖွေဖို့ ရောက်လာတဲ့ လူတွေဘဲ"

"ဆရာပြောတဲ့ လူဟာ တလောက မိုင်းမောဟော်တယ်မှာ အသတ်ခံရတဲ့လူလား"

"ဟုတ်တယ် . . အဲဒီလူက ဦးသော်ကတဲ့၊ နောက်တစ်ယောက်ကတော့ ဦးလှမော်၊ သူက ဓာတ်သတ္တု ရှာဖွေရေးအဖွဲ့က ရောက်လာတာ"

"အဲဒီလူနှစ်ယောက် အသတ်ခံရတာကို ကျွန်တော်သိပါတယ်။ နောက်နှစ်ယောက်ကိုတော့ မသိသေးဘူး"

"နောက်နှစ်ယောက်က ဒီနေ့မှ အသတ်ခံရတာ ကျွန်တော်တို့ ဒီမနက် အလောင်းသွားကြည့်ပြီးမှ ခင်ဗျားကို ရှာတာ။ အသတ်ခံရတဲ့ လူနှစ်ယောက်က ဒီမြို့သားတွေဘဲ။ ထွန်းရင်နဲ့ မောင်ရှိန်းတဲ့ ခင်ဗျားသိမှာပေါ့"

ဖိုးစီ၏ကိုယ် ဆတ်ခနဲ ဖြစ်သွားသည်။ သူက မျက်မှောင်အား မသိမသာကြုံ့ပြီး ဆိုင်အပြင်ဘက်သို့ လှမ်းကြည့်၏။ ခဏအကြာတွင် သူ့ထံမှ သက်ပြင်းချသံကို ကြားရသည်။

"ထွန်းရင်နဲ့မောင်ရှိန်းဆိုတာ ဒီမြို့မှာ ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ လူနှစ်ယောက်ဘဲ၊ သူတို့ကြောင့် တခြားလူတွေ



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောက်သွားတာပဲ ရှိတယ်။ သူတို့ကို ဒုက္ခပေးနိုင်တဲ့လူ ...
ဘူး။ တော်ရုံလူက သူတို့ကို မယှဉ်ရဲကြဘူး။ ဒါပေမယ့် . .

"ဒါပေမယ့် . . ဘာဖြစ်သလဲ ပြောပါဦး"

"ကျွန်တော့်စိတ်ထဲမှာ သံသယလေးတစ်ခု ပေါ်လာ... ကျွန်တော်ကို တစ်ရက်နှစ်ရက်လောက် အချိန်ပေးပါ။ ကျွန်တော်... သတင်း အတိအကျရအောင် စုံစမ်းပေးပါ့မယ်"

ရဲနောင်နှင့် ဘထိုက်တို့ တစ်ယောက်မျက်နှာ တစ်... ယောက်ကြည့်ပြီး ခေါင်းညိတ်လိုက်ကြသည်။ ရဲနောင်က အိတ်... ထဲမှ နှစ်ရာတန်ငါးရွက်ကို ထုတ်ပြီး ဖိုးစီ၏လက်ထဲသို့ ထည့်... လိုက်သည်။

"လက်ဖက်ရည်ဖိုး ယူသွားဗျာ၊ ရော့ . . ဟော... ကျွန်တော်တို့နဲ့ ဆက်သွယ်ရမယ့် ဖုန်းနံပါတ် တစ်ခုခုစုံစမ်း... လိုရင် ဒါမှမဟုတ် တစ်ခုခု စဉ်းစားလို့ရရင် ဖုန်းဆက်လိုက်ပါ။ ... ခင်ဗျားအတွက် ပင်ပန်းခ ထပ်ပေးပါ့မယ်"

"တော်ပါပြီ ဆရာ . . ဒါလောက်နဲ့ပဲ လုံလောက်... ပါပြီ။ ကျွန်တော် ဆရာတို့ကို အမြန်ဆုံး ဆက်သွယ်ပါ့မယ်"

စားပွဲထိုးက ဖိုးစီ၏ရှေ့တွင် လက်ဖက်ရည် တစ်ခွက်... လာချပေးသည်။ ဖိုးစီက လက်ဖက်ရည်ပန်းကန်ကို သူ့ဖက်သို့...





...လိုက်၏။

"တစ်နေ့ကို လက်ဖက်ရည်ကျကျလေး တစ်ခွက်တော့ ...ရမှ နေလို့ကောင်းတယ်။ လက်ဖက်ရည် သောက်ပြီးတာ ... ကျွန်တော် လှုပ်ရှားတော့မယ် ဆရာ"

"အေးဗျာ . . လှုပ်ရှားလိုက်စမ်းပါ၊ ကျွန်တော်တို့ ...ဆီက သတင်းကို စောင့်နေပါ့မယ်"

ရဲနောင်က ဖိုးစီအား ပြောရင်း စားပွဲထိုးကို လှမ်းခေါ်... ။ စားပွဲထိုး ရောက်လာသည်နှင့် ကျသင့်ငွေ တွက်ချက်... ပြီး ငွေရှင်းလိုက်၏။

"ကျွန်တော်တို့ သွားမယ် ကိုဖိုးစီ"

"ဟုတ်ကဲ့ ဆရာ . . ဟုတ်ကဲ့"

ရဲနောင်နှင့် ဘထိုက်တို့ နေရာမှထပြီး ဆိုင်အပြင်ကို ...ကြသည်။ မင်းလမ်းအတိုင်း မြို့လည်မှနေ၍ ဥယျာဉ်လမ်း ... ဦးတည်လျှောက်ခဲ့ကြသည်။

"မင်းနဲ့ မင်းကောင်မလေး အခြေအနေက ဘယ်လိုလဲ ...ထိုက်"

"အဆင်ပြေပါတယ် ရှေ့လထဲမှာ လပ်ထက်မယ် စဉ်း... ...တာ . . ဒီတာဝန်ပြီးရင် မြို့ကိုပြန်ပြီး စီစဉ်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတာဝန်ပြီးရင် နောက်တာဝန်တစ်ခု ပေါ်လာမှာ အချိန်ဆွဲမနေနဲ့ ဘထိုက်၊ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လဲ လုပ်မနေနဲ့၊ နှစ်ယောက်တူနေမယ့်ဟာ ကျေနပ်ရင် ပြီးတာဘဲ"

"အင်းပါ . . ငါတို့ကလဲ အကျယ်မချဲ့ပါဘူး။ ရုံးတက် လက်မှတ်ထိုးမယ်၊ နှစ်ဖက်မိဘတွေကို ကန်တော့မယ်။ ငါ့မှာ က မိဘမရှိတော့တဲ့အတွက် ဦးလေးနဲ့ အဒေါ်တို့ကို မိဘနေရာ ထား ကန်တော့ရမှာပေါ့။ ပြီးရင် အရင်းနှီးဆုံး သူငယ်ချင်းတွေ ကို ညစာကျွေးမယ်"

ဘထိုက်က အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ယူပြီး ရဲနောင်အား လှမ်းပေးသည်။ ရဲနောင်က ခေါင်းခါသည်နှင့် သူ့ အတွက် တစ်လိပ်ထုတ်ယူပြီး မီးညှိကာ စီးကရက်ဘူးကို ပြန် သိမ်းသည်။

"မင်းအစီအစဉ် ကောင်းပါတယ်။ ကောင်မလေးလဲ မျက်နှာမငယ်ရဘူး . . ပြဿနာလဲ မရှုပ်ဘူး"

"ငါ့မင်္ဂလာဆောင်ကို မင်းလာရမယ်နော်၊ မလာလို့ တော့ မဖြစ်ဘူး"

"လာမှာပေါ့ တမင်ကို အချိန်ယူပြီးလာမှာ၊ စိတ်ချ"





"ငါ့ကိုမေးလို့ မင်းကို ပြန်မေးရမယ်။ မင်းကကော ဘယ်လိုလဲ"

"ဒီလိုပါပဲကွာ . . ငါ့အတွက် စိတ်ဝင်စားရမယ့် မိန်းကလေး မတွေ့သေးပါဘူး"

"ဒါဆိုရင် ငါကဘဲ မင်းအတွက် ရှာပေးရမယ်နဲ့ တူတယ်။ နေဦးကွာ မြို့ကိုပြန်တဲ့အခါ တစ်ယောက်ယောက်တွေ့အောင် ငါရှာပေးမယ်"

ရဲနောင်က ပြုံးပြီး ခေါင်းခါသည်။

"နေပါစေကွာ . . အခုလိုနေတာဘဲ ကောင်းတယ်။ …တာ မဖြစ်မနေ လုပ်ရမယ့် အလုပ်မဟုတ်ပါဘူး"

ရဲနောင်၏ခါးတွင် ချိတ်ဆွဲထားသည့် ဆဲလ်လူလာဖုန်း အသံမြည်လာသည်။ ရဲနောင်က ဖုန်းကိုဖြုတ်ပြီး နားထောင် လိုက်၏။

"ရဲနောင်ပါ . . ဟုတ်ပြီ . . ပြောပါ"

ရဲနောင်က တစ်ဖက်မှ ပြောစကားကို နားထောင်သည်။

"ဟုတ်ပြီ . . အင်း . . အင်း . . ဟုတ်ပြီ"

ဖုန်းကိုပိတ်ပြီး မေးခွန်းထုတ်ဟန်ဖြင့် ကြည့်နေသော ဘထိုက်ဘက်သို့ လှည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လူသတ်မှုဖြစ်တဲ့ နေရာမှတွေ့တဲ့ ကားက အခိုးခံရတဲ့ ကားတဲ့ ... ။ ထွန်းရင်တို့က ခိုးသွားတာ။ လူဆိုးတစ်ယောက် ပုန်းခိုနေတယ်လို့ ယူဆရတဲ့ သစ်ပင်အောက်မှာ စီးကရက်တို တစ်ခုကို တွေ့တယ်။ ဖီးလစ်မောရစ် စီးကရက်တဲ့ . . ဒီစီးက ရက်မျိုး သောက်တဲ့လူက မရှိသလောက်ဘဲ။ သစ်ပင်ပေါ်မှာ စီးကရက် ငြိမ်းသတ်ထားတဲ့ အရာတွေ့တယ်လို့ ပြောတယ်"

"ဖီးလစ်မောရစ် စီးကရက် . . နေဦး . . ဒီစီးကရက် သောက်တဲ့ မိန်းကလေးတစ်ယောက်ကို ငါတွေ့ဖူးတယ်"

"မိန်းကလေး ဟုတ်လား"

ရဲနောင်က ဘထိုက်ကို မျက်မှောင်ကြုံ့လျက် ကြည့်ရင်း မေးသည်။

"အေး . . မိန်းကလေး ငါသေသေချာချာ တွေ့ဖူးတာ။ ဘယ်သူပါလိမ့် . . ရုတ်တရက်တော့ စဉ်းစားလို့ မရဘူး"

"စဉ်းစားလို့မရရင်လဲ မစဉ်းစားဘဲ ထားလိုက်ကွာ။ နောက်တော့ သူ့အလိုလို ပေါ်လာလိမ့်မယ်"

ဘထိုက်က ခေါင်းညိတ်ပြသည်။ သို့သော် မျက်မှောင် ကြုံ့ မပြေဘဲ တစ်စုံတစ်ရာကို စဉ်းစားဟန်ဖြင့် ရှေ့တူရှုသို့ ငေးကြည့်နေ၏။





"ဟာ . . ဟော့ကောင် . . မင်းက မစဉ်းစားပါနဲ့ဆို တာ စဉ်းစားနေရသလား။ သေသေချာချာ သိနေတဲ့ အကြောင်း အရာတစ်ခုကို အစဖော်လို့ မရတာမျိုး ငါလဲဖြစ်ဖူးတယ်။ အဲဒီအခါကျ ဘာမှမစဉ်းစားဘဲ မေ့မေ့လျော့လျော့နဲ့ နေလိုက်ရင် အောစောပိုင်းက စဉ်းစားလို့မရတာကို ဖြုန်းခနဲ အဖြေရှာတွေ့ တတ်တယ်"

"အင်းပါ . . အင်းပါ . . ငါမစဉ်းစားတော့ပါဘူး"

ဘထိုက်က စိတ်လျှော့လိုက်သည်။ ဥယျာဉ်လမ်းသို့ အရောက် လမ်းထဲသို့ ချိုးဝင်လိုက်သည်။ ထိုအချိန်မှာပင် လမ်း ထဲမှ ကားတစ်စီး အရှိန်ပြင်းပြင်းနှင့် မောင်းထွက်သွားတာကို တွေ့ရ၏။ ရဲနောင်က စူးရှသောမျက်လုံးအစုံနှင့် ကားမောင်း သူအား လှမ်းကြည့်သည်။ ကားမောင်းသူက မျက်နှာကို တစ် ဖက်သို့ လှည့်ထားသဖြင့် ထင်ထင်ရှားရှား မမြင်ရ။ ရှည်လျား သော ဆံပင်ကိုသာ သတိပြုမိ၏။

"ဒီကားက နဲနဲတော့ ထူးခြားတယ်။ သတိထားပြီး နေ တော့ ဘထိုက်။ ကျားသစ်ဆိုတဲ့ ကောင်ရဲမြားဦး ငါတို့ဘက် ကို လှည့်လာတော့မယ်နဲ့ တူတယ်။ သတိမလစ်စေနဲ့ သူငယ် ချင်း"

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၈)

ညအိပ်မီးအလင်းက အခန်းထဲတွင် မြင်သာသည်အ ရုံမျှ လင်းနေသည်။ အခန်းအတွင်းပိုင်း၌ မှောင်ရီကျနေသည့် နေရာအတော်များများ ရှိ၏။

တိုးမောင်သည် အခန်းပေါက်ဝတွင် ရပ်ပြီး အခန်းတ ခန်းလုံးကို စေ့စေ့စပ်စပ် ကြည့်သည်။ အခန်းထဲတွင် လူတ ယောက်ကိုမှ မတွေ့ရ။ မတွေ့မြင်ရသော်လည်း အခန်းထဲ၌ လူ ရှိနေကြောင်းကို သူသိသည်။ ထို့ကြောင့် ခြေလှမ်းမှန်မှန် လှမ်းပြီး အခန်းထဲသို့ ဝင်လိုက်၏။





"မင်းရောက်လာပြီကိုး"

မှောင်ရိပ်ကျနေသည့် အခန်းထောင့်မှ မေးလိုက်သံ ထွက်လာသည်။ တိုးမောင်က တုံ့ခနဲ ရပ်လိုက်ပြီး စကားသံ ထွက်လာရာ မှောင်ရိပ်ဆီသို့ လှမ်းကြည့်လိုက်သည်။

"ဆရာကြီး . . ဘာကိစ္စရှိလို့ ကျွန်တော့်ကို ခေါ်တာလဲ"

"မင်းကို ပြစရာတွေ ပြောစရာတွေရှိလို့ မင်းရှေ့က စားပွဲပေါ်မှာ ဓာတ်ပုံတွေ ရှိတယ် ကြည့်လိုက်ပါဦး"

"တိုးမောင်က သူ့ရှေ့တည့်တည့်ရှိ စားပွဲအနီးသို့ ချဉ်းကပ်သွားပြီး စားပွဲပေါ်တင်ထားသည့် ဓာတ်ပုံတွေကို ကြည့်လိုက်သည်။ ရဲနောင်နှင့် ဘထိုက်တို့၏ ပုံများဖြစ်နေသည်ကို တွေ့ရ၏။

"မင်း . . သူတို့ကို သိတယ်မဟုတ်လား"

"သိပါတယ် . . သိတယ်ဆိုတာက သူတို့ကို တွေ့ဖူးမြင်ဖူးလို့ သိနေတာပါ။ သူတို့နာမည်တွေ ဘာခေါ်သလဲဆိုတာတော့ ကျွန်တော် မသိဘူး"

"သူတို့နှစ်ယောက်က တစ်ယောက်က ရဲနောင် နောက် တစ်ယောက်က ဘထိုက်၊ မင်းနောက်ကို လိုက်လာနေတဲ့ မုဆိုး



www.burmeseclassic.com

www.burmeseclassic.com



တွေဘဲ"

မှောင်ရိပ်ထဲမှလူ၏ စကားအဆုံးတွင် တိုးမောင် ရယ်လိုက်သည်။

"သူတို့ ကျွန်တော့်နောက်ကို လိုက်နေကြတယ်ဆိုတာ ကျွန်တော် သိပါတယ်။ စောစောကပဲ သူတို့ရဲ့ အခြေအနေကို သွားပြီး အကဲခတ်ကြည့်ရှုခဲ့ပါတယ်။ ဒီအမှိုက်တွေကို ကျွန်တော် ဂရုမစိုက်ပါဘူး"

"သူတို့ကို မင်းဂရုမစိုက်ပေမယ့် ငါကတော့ ဂရုမစိုက်ဘဲနေလို့ မရဘူး။ မင်းနောက်ကို လိုက်ရင်း သူတို့ငါ့ဆီကို ရောက်လာနိုင်တယ်လေ"

တိုးမောင် ရယ်လိုက်ပြန်သည်။

"မရောက်နိုင်ပါဘူး ဆရာကြီး . . သူတို့တတွေ ကျွန်တော့်ဆီကိုတောင် မရောက်နိုင်တဲ့နောက် ဆရာကြီးဆီကို ရောက်ဖို့ဆိုတာ အဝေးကြီးပါ။ တစ်ကယ်လို့များ သူတို့က ကျွန်တော်ကို ရှာတွေ့သွားတယ် ဆိုရင်တောင် ဆရာကြီးဆီကို မရောက်စေရပါဘူး။ ဒီအတွက် စိတ်ချပါ"

မှောင်ရိပ်ထဲမှ တုံ့ပြန်ပြောဆိုသံ ပေါ်မလာခင် ခေတ္တမျှငြိမ်နေသည်။





တိုးမောင်က ငြိမ်သက်ခြင်းကို မနှစ်သက်နိုင်ဟန်ဖြင့် ရှေ့တိုးလိုက်၏။

"မင်းအခုထက်ပိုပြီး ရှေ့ကို တိုးလာခွင့် မရှိဘူး တိုးမောင်"

"သြော် . . ဟုတ်ကဲ့ . . ဆောရီး ဆရာကြီး၊ ကျွန်တော့်စိတ်တွေ နည်းနည်းလှုပ်ရှားသွားမိပါတယ်။ ဆရာကြီး သိအောင် ကျွန်တော် တစ်ခုတော့ ပြောထားပါရစေ"

"ပြောကွာ . . မင်းဘာပြောချင်သလဲ လွတ်လွတ်လပ်လပ်သာပြော"

တိုးမောင်က မရယ်ချင်ရယ်ချင်နှင့် လည်ချောင်းသံဖြင့် ရယ်သည်။ ရယ်ရင်း သူပြောချင်သည့် စကားကို ပြော၏။

"ဟင်း . . ဟင်း . . ဟင်း . . သူတို့မပြောနဲ့၊ သူတို့ထက် အပုံကြီးသာတဲ့ စိုင်းနွတ်တောင် တိုးမောင်ကို ဒုက္ခမပေးနိုင်ခဲ့ပါဘူး။ တိုးမောင်က မောရာဇာဘွဲ့ရထားတဲ့ စိုင်းနွတ်ကိုတောင် အသာလေး လှည့်စားခဲ့ပါတယ်။ ဒါတွေကို ဆရာကြီး သိပြီးသားပါ"

မှောင်ရိပ်ထဲမှလူက ချောင်းတစ်ချက် ဆိုးလိုက်၏။ အခန်းရောင်အောက်သို့ လက်အိတ်အဖြူ စွပ်ထားသည့် လက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခက် ထွက်လာပြီး လက်မြှောက်ပြသည်။

"မင်းလုပ်ခဲ့တာတွေကို ငါက အသေးစိတ် သိပါတယ်
တိုးမောင် မင်းဟာ အရည်အချင်းရှိတဲ့ လူမို့၊ ဒါလောက်ခက်ခဲ
တဲ့ အလုပ်တွေ မင်းကို ခိုင်းခဲ့တာပေါ့။ ဒါပေမယ့် တစ်ခုတော့
သတိထားပါ တိုးမောင်၊ အဲသလို လုပ်ခဲ့တာတွေအတွက် စိတ်
ကြီးတော့ မဝင်နဲ့၊ ငါလုပ်ခဲ့တာကွဆိုပြီး အရမ်းကျေနပ်နေရင်
မင်းနောက်ထပ်လှမ်းရမယ့် ခြေလှမ်းတွေ မှားလိမ့်မယ်။ မင်းဟာ
တည်ငြိမ်တဲ့လူ၊ ပြတ်သားတဲ့လူ၊ ရက်စက်တဲ့လူ၊ ပြီးတော့ သစ္စာ
ရှိတဲ့လူပါ။ ရှေ့ဆက်လုပ်ရမယ့် အလုပ်တွေမှာ မင်းပိုပြီး ဝိရိ
ဖို့သေသပ်ဖို့ လိုတယ်။ ပြီးတော့ အလုပ်ထဲမှာ မင်းအစ်ကို
စိုးမောင်ကို ထည့်မသုံးဘဲ နေဖို့လဲလိုတယ်"

"ကိုကိုက ယုံကြည်စိတ်ချရတဲ့လူပါ ဆရာကြီး"

တိုးမောင်၏လေသံတွင် မကျေနပ်ဟန်တွေ ပါသွား၏။
မှောင်ရိပ်ထဲမှ လူက အသာအယာ ရယ်လိုက်၏။

"ငါက မင်းအစ်ကိုကို စိတ်မချဘူးလို့ ပြောနေတာ
မဟုတ်ဘူး။ ဒါပေမယ့် သူဟာ မင်းလောက်လုပ်ရည်ကိုင်ရည်
မရှိဘူး။ ပြီးတော့ သူစိတ်က ကြံ့ခိုင်တဲ့စိတ် ပြည့်ဝတဲ့စိတ်မျိုး
မဟုတ်ဘူး။ သူ့အကြောင်း မင်းပိုပြီး သိပါတယ်။ တစ်ကယ့်





စ္စတွေမှာ သူလုပ်တာကိုင်တာတွေ တစ်ချက်မှားသွားရင်
သွားပြီ။ ငါရည်ရွယ်ချက်တွေ ပျက်မယ်၊ ငါ့လုပ်ငန်းတွေ မ
အောင်မြင်နိုင်တော့ဘူး။ ဒါကြောင့် မင်းကိုသတိပေးနေတာ"

တိုးမောင်က တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုဘဲ နေရာ
င် ငြိမ်သက်စွာ ရပ်နေ၏။

"မင်းလိုအရည်အချင်းရှိတဲ့ လူတစ်ယောက်ကို ငါထပ်
ဦး မရနိုင်တော့ဘူး။ ဒါကို ငါသေသေချာချာ သိတယ်။ နောက်
စ် မင်းလုပ်ရမယ့် အလုပ်သုံးခု ရှိတယ်။ အဲဒီအလုပ်တွေက
ပ်ခက်တယ်။ နည်းနည်းလေးတောင် တိမ်းစောင်းလို့ မဖြစ်
ူး"

"ကျွန်တော် ဘာထပ်လုပ်ရမှာလဲ"

"အချိန်ကျရင် ငါပြောပါ့မယ်။ အဲဒီအလုပ်အတွက် အ
ခင်းရတာထက် နှစ်ဆပေးမယ်။ လောလောဆယ်မှာ မင်းဘာ
ထပ်မလုပ်ဘဲ ပုန်းလျှိုနေလိုက်ပါ။ မင်းပုန်းခိုတတ်တဲ့ နေရာ
ာ အနားသွားယူလိုက်ပါ"

"ကျွန်တော်"

"ငါပြောတာကို နားထောင်ပါ တိုးမောင်၊ အခုအချိန်
ာ မင်းဟာ ငါ့ရဲ့အခစားပဲ ငါကျေနပ်အောင် လုပ်ပေးဖို့ တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်"

တိုးမောင် သက်ပြင်းတစ်ချက် ချသည်။ သူက လှုပ်ရှားသွားနေသည့် စိတ်ကိုထိန်း၏။ တခဏမျှ ငြိမ်သက်စွာ ရပ်နေလိုက်သည်နှင့် သူ့စိတ်တွေ ငြိမ်သက်လာသည်။

"ဆရာကြီး နောက်ထပ် ဘာပြောစရာ ရှိသေးသလဲ"

"ငါ . . စောစောက စကားတွေ ပြောချင်လို့ မင်းကို ခေါ်တာ။ စောစောကပြောတဲ့ စကားဟာ ငါ့နောက်ဆုံး စကားပဲ"

"ကောင်းပါပြီ . . ဆရာကြီးပြောတဲ့အတိုင်း ကျွန်တော် လုပ်ပါ့မယ်။ မနက်ဖြန်မနက် ကျွန်တော် ဒီကနေ ထွက်သွားမယ်။ ဆရာကြီး လိုအပ်လာရင် ခါတိုင်းလိုဘဲ ဆက်သွယ်ပါ"

"အေး . . ကောင်းပြီ"

"ပြောစရာ မရှိတော့ဘူးဆိုရင် ကျွန်တော် သွားမယ်"

"ကောင်းပြီ တိုးမောင်၊ ညကျရင် ငါမင်းအတွက် နောက်အလုပ်လုပ်ဖို့ စရံပို့ပေးမယ်။ စရံငွေကို ယူပြီး မင်းခဏ ငြိမ်နေလိုက် . . အချိန်ကျရင် ငါမင်းကို လှုပ်ရှားဖို့ အချက်ပြမယ်။ အဲဒီတော့မှ မင်းဘာလုပ်ရမလဲ ဆိုတာကို ပြောမယ်"

တိုးမောင် ခေါင်းညိတ်သည်။





"ဟုတ်ကဲ့ . . ကောင်းပါပြီ၊ နောက်ထပ်ကိစ္စ မရှိတော့ဘူးဆိုရင် ကျွန်တော့်ကို သွားခွင့်ပြုပါ"

"ကောင်းပြီ တိုးမောင်"

တိုးမောင် နေရာမှ ခွာသည်။ သူက တံခါးပေါက် ရှိရာသို့ လျှောက်ခဲ့ပြီး အပြင်ကို ထွက်လိုက်၏။ သူအပြင်ကို ရောက်ချိန်တွင် အခန်းတံခါး ညင်သာစွာ ပိတ်သွား၏။

တိုးမောင်က ပိတ်သွားသည့် တံခါးကို တွေတွေကြီး ကြည့်ပြီး စင်္ကြံလမ်းအတိုင်း လျှောက်ခဲ့လေသည်။

စင်္ကြံလမ်းမဆုံးခင် ဘယ်ဘက်သို့ ချိုးထွက်သွားသော လမ်းတစ်လမ်း ရှိသည်။ တိုးမောင်က ထိုလမ်းအတိုင်း လျှောက်၍ တံခါးပေါက်မှနေ၍ အပြင်သို့ ထွက်သည်။

ထိုအခါ မိုင်းမောဟော်တယ်၏ အနောက်ဘက် အပေါက်သို့ ရောက်သွားလေသည်။

ဟော်တယ်အနောက်ဘက်တွင် ကားတစ်စီး ရပ်ထားသည်။ တိုးမောင်က ထိုကားရှိရာသို့ တန်းတန်းမတ်မတ် လျှောက်ခဲ့ပြီး ကားတံခါးကို ဆွဲဖွင့်ကာ ကားပေါ်သို့ တက်လိုက်သည်။

တိုးမောင် ကားပေါ်သို့ တက်သည်နှင့် ကားမောင်းသူ



www.burmeseclassic.com

www.burmeseclassic.com



နေရာတွင် ထိုင်နေသော နှင်းနုက ကားကို ညင်သာစွာ မောင်းသွားလိုက်၏။

"နှင့်မျက်နှာကြီးက ပုပ်သိုးလို့ ဘာဖြစ်လာတာလဲ တိုးမောင်"

"ငါအလုပ်ရှင်ကို မကျေနပ်လို့ပါ"

"ဘာဖြစ်လို့လဲ"

"ကိုကို့ကို အလုပ်ထဲမှာ ခေါ်သုံးတာကို အပြစ်တင်တယ်။ ကိုကို့ကို အလုပ်ကိစ္စထဲမှာ ခေါ်မသုံးရဘူးတဲ့။ ဘယ်လောက် စော်ကားတဲ့ စကားလဲ"

"တိုးမောင်ရယ် .. သူက စိုးရိမ်လို့ တားတာ ဖြစ်မှာပေါ့"

"ဘာစိုးရိမ်လို့ .. ဟုတ်လား"

တိုးမောင်၏ အော်မေးလိုက်သံကြောင့် နှင်းနုလန့်ဖျပ်သွားသည်။ သူမက တိုးမောင်အား ဖျပ်ခနဲ လှည့်ကြည့်၏။

"တိုးမောင်"

"တော်တော့ .. ငါကိုဘာမှ မပြောနဲ့၊ ကိုကို့ကို အဆင်သေးတာ ငါမကြိုက်ဘူး။ ဒါကြောင့် ဒီည ငါအလုပ်တစ်ခု လုပ်ပြမယ်"





"နေပါဦး ရှင်က ဘာလုပ်ပြမှာလဲ"

တိုးမောင် ရယ်လိုက်သည်။ သူ့မျက်နှာမှာ စောစော ...င့် မတွေ့ဘဲ ရွှင်ပြလာသည်ကို တွေ့ရ၏။

"အလုပ်တစ်ခု .. ဆရာကြီးကိုယ်တိုင် ထိုင်ခုံကနေ ...ထွသွားလောက်အောင် အံ့အားသင့်သွားစေမယ့် အလုပ်ကို ...ပ်ပြမယ်"

"အရမ်းကာရောတော့ လျှောက်မလုပ်နဲ့နော် တိုးမောင်"

တိုးမောင်က နှင်းနုအား ရူးရှအရောင်လက်နေသော ...က်လုံးအစုံဖြင့် ကြည့်သည်။ တိုးမောင်လဲ အကြည့်ကြောင့် ...နု၏စိတ်ကို သိသွား၏။

"တိုးမောင် နှင်"

"တိတ်တိတ်နေစမ်း .. ငါ့ရဲ့အရည်အချင်းကို ထိခိုက် ...တဲ့ စကားမျိုး နောက်ဘယ်တော့မှ မပြောပါနဲ့ .. ဒါကို ...သေချာချာ မှတ်ထားပါ နှင်းနု"

နှင်းနုက တိုးမောင်အား စိုးရိမ်ထိတ်လန့်စွာ ကြည့်နေ... ခေါင်းညိတ်ပြသည်။ တိုးမောင်က နှင်းနုကို ကြည့်ပြီး ...လိုက်၏။ တစ်ဆက်တည်းပင် ကားမောင်းနေသော နှင်းနု... ပခုံးကို လှမ်းကိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ထွက်နဲ့သွားသလား နှင်းနု"

**နှင်းနုက** နှုတ်ကမပြောဘဲ ခေါင်းခါပြသည်။ တိုးမောင်ဘ **နှင်းနုကို**ကြည့်ပြီး တစ်ချက်ရယ်သည်။

"မလန့်ပါနဲ့ကွာ ငါကနင့်အပေါ် ဘယ်တော့မှ မရက်**စက်ပါဘူး**။ ဒါကို နင့်ရင်ထဲမှာ စွဲနေအောင် မှတ်ထားလိုက်စမ်းပါ"

နှင်းနု၏မျက်နှာတွင် အပြောင်းအလဲတွေ ပေါ်လာသည်။ သူမက ကားမောင်းနေရင်းမှ ခေါင်းကို ညင်သာစွာ ညိတ်လိုက်လေ၏။



## အခန်း(၉)

ဘထိုက်သည် အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေရာမှ တုန့်ခနဲ ရပ်လိုက်သည်။ သူ့မျက်နှာတွင် ခံသာဟန် အရိပ်အယောင်တွေ ဖျပ်ခနဲ ပေါ်လာ၏။

"ဟုတ်တယ် သူဘဲ . . ဒီအမျိုးသမီး ဖီးလစ်မောနစ်ဆေးကရက် သောက်တာကို ငါသေသေချာချာ မှတ်မိတယ်။ ညနေပွဲမှာ သူနဲ့ငါ မျက်နှာချင်းဆိုင် ထိုင်တာ။ သူသောက်နေတဲ့ ဆေးကရက်ဘူးလေးက တွေ့နေကျ မဟုတ်လို့ ယူတောင်ကြည့်မိသေးတယ်။ သူက ဒီစီးကရက်ဘဲ ကြိုက်တယ်။ မြို့သစ်မှာ

www.burmeseclassic.com

www.burmeseclassic.com



မရလို့တကူးတက မှာသောက်ရတာလို့ ပြောသေးတယ်”

ညှော်ခံပွဲတစ်ခုတွင် တွေ့ခဲ့ရသည့် မိန်းကလေး၏မျ
နှာ အာရုံမှာ ထင်လာသည်။ မီးခိုးရောင် ပလပ်စတစ်ဘူးထဲ
အစီခံနှစ်ထပ်ပါသော စီးကရက်ကို မက်မက်မောမော သော
တတ်သည့် မိန်းကလေးက မြို့သစ်ရောက်လျှင် သူ့ဆိုင်သို့ ဝင်
ဖိတ်ခေါ်သွားခဲ့သေးသည်။

ဘထိုက်က စားပွဲအံဆွဲထဲမှ ဘာရယ်တာ ပစ္စတို
ထုတ်ယူကာ ကျည်ကတ်စစ်သည်။ ထို့နောက် ပစ္စတိုကို ကျေ
ဘက်ခါးကြားတွင် အသေအချာထိုးပြီး အပေါ်မှ ဂျာကင်တ
ယည် ဝတ်သည်။

ထို့နောက် နံရံကပ်ပို့က်ဘုတ်၌ “မောရွှေလီစားသော
ဆိုင်ကို လိုက်ခဲ့”ဆိုသည့် စာကိုရေးပြီး မြို့သစ်ဌာနခွဲ အဆော
အဦးအတွင်းမှ ထွက်ခဲ့သည်။

အပြင်တွင် အမှောင်ကို အံတုသည့် လျှပ်စစ်မီးမျ
လင်းနေသည်။ ဥယျာဉ်လမ်းမှအထွက် အများသုံး တယ်လီဖု
ရုံလေးကို တွေ့သည်နှင့် ရဲနောင်အား ဖုန်းဖြင့်ဆက်သွယ်
သတိရသည်။ သူလက်ကခါးတွင် ချိတ်ထားသည့် ဆဲလူလာဖု
ကို အမှတ်မထင် စမ်းလိုက်မိ၏။





“စားသောက်ဆိုင်ရောက်မှဘဲ ရဲနောင်နဲ့ ဆက်သွယ်
တော့မယ်။ သူလုပ်စရာရှိတာကို ဖြောင့်ဖြောင့်လုပ်ပါစေဦး”

ဘထိုက်က လမ်းမအတိုင်း ခပ်သုတ်သုတ် လျှောက်
ရင်း ဖြတ်မောင်းလာသည့် မြင်းလှည်းတစ်စီးကို တားလိုက်
သည်။ မြင်းလှည်း ရပ်သွားသည်နှင့် မြင်းလှည်းပေါ်သို့ တက်
လိုက်သည်။

“ ဘယ်ကိုသွားမလဲ ဆရာ”

“မောရွှေလီစားသောက်ဆိုင်ကို”

မြင်းလှည်းသမားက ခေါင်းညိတ်ပြပြီး မြင်းလှည်းကို
မောင်းထွက်သည်။

“ရွှေလီက ဒီအချိန်ဆို တော်တော်စည်နေပြီ၊ နှင်းနု
ကိုယ်တိုင် ညှော်ပရိသတ်ကို ဖျော်ဖြေနေတော့ ခါတိုင်းထက် လူ
ပိုများမှာ သေချာတယ်”

ညှော်ခံပွဲတွင် တွေ့သည့်မိန်းကလေးက သူ့ကိုယ်သူ နှင်း
နုဟု ပြောသွားသည်ကို သတိရ၏။ စီးကရက်တိုလေးတစ်တို့
သည် ကြီးမားသော မှုခင်းအတွက် သဲလွန်စတစ်ခု ဖြစ်လိမ့်
မည်ဟု မျှော်လင့်စိတ်တွေ ပိုလာ၏။

“နှင်းနုဆိုတဲ့ နာမည်ကို ဒီမြို့ကိုရောက်လာကတည်း



www.burmeseclassic.com

www.burmeseclassic.com



က ကြားဖူးနေတာ၊ သူရှိတဲ့ စားသောက်ဆိုင်ကိုတော့ တစ်ခါမှ မရောက်ဖူးသေးဘူး"

"ဟဲ . . ဟဲ ဆရာ တစ်ခါရောက်ဖူးရင် ထပ်ထပ်ပြီး ရောက်ဖူးချင်လိမ့်မယ်၊ နှင်းနှက အသံလည်းကောင်း၊ ဆွဲဆောင် မှုလည်းရှိ၊ ရုပ်ကလည်း ချောတော့ ဒီကလူတွေ မိုးချုပ်ပြီဆိုတာ နဲ့ ခမောရွှေလီကိုသွားဖို့ပြင်ကြတာပဲ၊ တစ်ခုတော့ ရှိတယ်နော် နှင်းနှက နည်းနည်းမာတယ်၊ သွားတော့ မကပ်လိုက်နဲ့ . . ခပ် ကြမ်းကြမ်း တုံ့ပြန်တတ်တယ်"

"သူက မီးခဲပေါ့ . . ဟုတ်လား"

"မီးခဲ မဟုတ်ဘူး . . မီးတောက် ဆရာရေ့ . . မီး တောက်"

မြင်းလှည်းသမားနှင့် ဘထိုက်တို့ တစ်ယောက်ကိုတစ် ယောက် ကြည့်ပြီး ရယ်ကြသည်။

"ခင်ဗျားက ဒီမြို့သားလား"

"ဟုတ်တယ် ဆရာ . . ကျွန်တော့်ကို ဒီမြို့မှာ မွေးခဲ့တာ ဒီမြို့နဲ့ပတ်သက်ရင် ကျွန်တော်က အပ်ကျတာတောင် သိပါ တယ်"

"ကျွန်တော်က ခုမှ ဒီမြို့ကိုရောက်တာ၊ ဒီမြို့က စိတ်





င်စားဖို့ကောင်း ပျော်ဖို့လည်းကောင်းပါတယ်၊ ဒါပေမယ့် ကျွန် တော်ရောက်နေတုံး လူသတ်မှုတွေ ဆက်တိုက်ဖြစ်နေတာ ိတ်ပျက်ဖို့ကောင်းတယ်၊ ခင်ဗျားတို့မြို့မှာ အခုလိုပဲ ဖြစ်တတ် သလားဗျ"

"ဟာ . . မဖြစ်ပါဘူး၊ ကျွန်တော်တို့မြို့က တကယ် အေးချမ်းပါတယ်၊ ရုတ်တရက်ကြီး အခုလိုဖြစ်လာတော့ ကျွန် တော်တို့တောင် အံ့အားသင့်သွားတယ်၊ သူဌေးကြီး ဦးစိတ္တဆို ရင် အခုလိုဖြစ်တာကို နည်းနည်းမှ မကျေနပ်ဘူး"

"ဦးစိတ္တ ဟုတ်လား . . သူက ဘာလုပ်တာလဲဗျ"

"ရုပ်မီရုပ်ဖိပါ . . မြို့ရေးရွာရေးမှာ သူမပါရင် မပြီး ဘူး၊ သူ့ရဲ့စီးပွားရေးလုပ်ငန်းတွေ ဒီနယ်မှာ အများကြီးပဲ၊ ရွှေ လီစားသောက်ဆိုင်က သူပိုင်တာလေ၊ ဦးစိတ္တကြောင့် နှင်းနှကို ဘယ်သူကမှ မနှောင့်ယှက်ရဲတာပေါ့"

ဘထိုက်က ဦးစိတ္တဆိုသည့် အမည်ကို ခေါင်းထဲတွင် ရှိနေအောင် မှတ်ထားလိုက်သည်။ သူက မြင်းလှည်းသမားကို ဆပ်ပြီး မေးမြန်းစပ်စုမည်အပြုတွင် မြင်းလှည်းရပ်သွားသည်။ မြင်းလှည်းရပ်သည့် ရှေ့တည့်တည့်တွင် ရောင်စုံမီးများလင်း လက်နေသော အဆောက်အဦးကို တွေ့မြင်ရသဖြင့် မောင်ရွှေလီ



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်ပြီဟု သိလိုက်လေ၏။

"ရောက်ပြီ ဆရာရေ"

"အား . . ဟုတ်ပြီ၊ မြင်းလှည်းခ ဘယ်လောက်ပေးရ
မလဲ"

"တစ်ရာပါ ဆရာ"

ဘထိုက်က တစ်ရာကျပ်တန်တစ်ရွက်ကို ထုတ်ပေးပြီး မြင်းလှည်းပေါ်မှဆင်းသည်။ မီးရောင်လင်းလက်နေသော အဆောက်အဦးအတွင်းသို့ မဝင်ခင် သူက ဆဲလူလာဖုန်းဖြင့် ရဲနောင်အား ဆက်သွယ်လိုက်၏။

"ရဲနောင်ရေ . . ငါ ဘထိုက်ပါ၊ ငါအခု မောရှေလီစားသောက်ဆိုင်ကို ဝင်မလို့၊ ဒီမှာ သီချင်းဆိုတဲ့ နှင်းနုက ဖီးလစ်မောရစ်သောက်တဲ့ မိန်းကလေးဆိုတာ မှတ်မိလာလို့ ငါချက်ချင်း ထွက်လာခဲ့တာ"

"မင်း . . အခြေအနေကြည့်နော် . . ဘာမှ မလှုပ်ရှားနဲ့ . . ငါလိုက်လာခဲ့မယ်၊ ဒီမှာ ဆွေးနွေးတိုင်ပင်တာ ပြီးပြီ"

"အေး . . အေး . . မြန်မြန်လာခဲ့ကွာ"

ဘထိုက်က ဖုန်းကိုပိတ်ပြီး စားသောက်ဆိုင်ခန်းအတွင်းသို့ဝင်သည်။ စားသောက်ဆိုင်အတွင်း၌ စားပွဲတိုင်းလိုလို လူ





ည့်နေသည်ကို တွေ့ရ၏။ စားပွဲထိုးမလေးတစ်ယောက်က ထိုက်အား အပေါ်ထပ်သို့တက်သည့် လှေခါးအနီးရှိ စားပွဲ ခ်လုံးဆီသို့ ခေါ်သွားသည်။

"အစ်ကိုကြီး ဘာသုံးဆောင်မလဲ"

"ဘီယာတစ်ခွက်ပေးကွာ . . အားလူးကြော် ရှေယ်
ုတ်လား၊ အားလူးကြော်လည်း တစ်ပွဲပေး"

စားပွဲထိုးမလေး အနားမှခွာထွက်သွားသည်။ ဘထိုက် စားသောက်ဆိုင်တစ်ခုလုံးကို မျက်လုံးဝေ့ပြီးကြည့်သည်။ သောက်ဆိုင်မှာ အခန်းကျယ်ကြီးဖြစ်ပြီး ခန်းလုံးပြည့်မျှ စား ဲကုလားထိုင်များ ခင်းထားသည်။ ဆိုင်အတွင်းဘက်တွင် တီး ိုင်းအဖွဲ့ နေရာယူထားသည့် စင်မြင့်ရှိသည်။

စင်မြင့်ပေါ်ရှိတီးဝိုင်းက မြူးကြွသော တေးတစ်ပုဒ်ကို ီးခတ်နေသည်။ ပိန်ပိန်ပါးပါး အသံဝဲဝဲနှင့် မိန်းကလေးတစ်ယောက် သီချင်းဆိုနေသည်။

"မှာထားတဲ့ ဘီယာနဲ့ အားလူးကြော်ပါ ဆရာ"

ဘီယာဖန်ခွက်ကို စားပွဲပေါ်ချရင်း ပြောလိုက်သည့် အသံကြောင့် ဘထိုက်မော့ကြည့်လိုက်၏။ သားရေဂျာကင်အနက် ဂျင်းဘောင်းဘီဖြူဖျော့တို့ကို ဝတ်ဆင်ထားသည့် ရုပ်ချော



www.burmeseclassic.com

www.burmeseclassic.com

ချောလှရှယ်တစ်ယောက်ကို တွေ့ရ၏။ လှရှယ်က ဆံပင်ရှည်ရှည်ကို နောက်သို့သိမ်းကာ ကြက်တောင်စည်း စည်းထားသည်။

"ညီမလေးတစ်ယောက်က အစ်ကို့ကို လာပြုစုပါလိမ့်မယ် . . အေးအေးဆေးဆေး သုံးဆောင်ပါ"

လှရှယ်က ပြုံးလျက်ပြောပြီး ဘထိုက် ကျောခိုင်းထားရာရှိ လှေကားအတိုင်း အပေါ်ထပ်သို့တက်သွားသည်။ ဘထိုက်က ဘီယာတစ်ကျိုက်သောက်ပြီး အားလူးကြော် ကောက်ဝါးသည်။

သီချင်းဆိုပြီးသွားသော မိန်းကလေး၏နှုတ်ဆက်စကားပြောသံကို ကြားရသည်။ မိန်းကလေးထွက်အသွားတွင် စင်မြင့်ပေါ်မှ မီးရောင်ပျောက်သွား၏။

"အများမျှော်လင့်နေတဲ့ နှင်းနုရဲ့အလှည့် ရောက်ပါပြီ"

စင်မြင့်ပေါ်မှ ကြေညာသံနှင့်အတူ တစ်ချက်ချင်းတီးလိုက်သော ဒရမ်သံကိုကြားရသည်။ ထို့နောက် တီးဝိုင်းမှ သံပြိုင်တီးခတ်သံ ပေါ်လာ၏။

ဘထိုက်က စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်ကာ ဘီယာနှင့် မြည်းရင်း စင်မြင့်ဆီသို့ ကြည့်နေသည်။ သာယာချိုသြသော သီချင်းဆိုသံနှင့်အတူ လင်းလက်သော မီးရောင်





ရှပ်ခနဲ ပေါ်လာသည်။ မီးရောင်အောက်တွင် မိုက်ခွက်ကိုင်ထားသော မြစိမ်းရောင် မိန်းမချောလေးကို တွေ့လိုက်ရ၏။

မြစိမ်းရောင်ကိုယ်ကျပ်ဝတ်စုံ ဝတ်ထားသော မိန်းကလေးက ချောစုခင်၏သီချင်းတစ်ပုဒ်ကို မြူးမြူးကြွကြွ သီဆိုသည်။ သီချင်းက သြရှချိုမြသော သူမ၏အသံနှင့် လိုက်ဖက်လှသည်ဟု ဘထိုက် တွေးထင်မိ၏။

"မင်းလေးမက်တဲ့ အိပ်မက်ထဲ မင်းသမီးလေးဟာ ကိုယ်ပါပဲ . . ."

ဘထိုက် ဘီယာရောက်ရန် မေ့သွား၏။ စီးကရက်သောက်ရင်း သီချင်းသံကို အရသာခံနားထောင်သည်။ သီချင်းနားထောင်နေရင်းမှ သူ့ရင်ထဲတွင် မြူးကြွလာသလို ခံစားရ၏။

စားသောက်ဆိုင်တွင် ရှိနေသူတို့၏ စီးချက်ညီညီ တီးလိုက်သော လက်ခုပ်သံတွေ ပေါ်လာသည်။ မြစိမ်းရောင်မိန်းကလေးက လက်ပြန်ပြသည်နှင့် ဆိုင်အပြည့်စားသောက်နေသူတို့က သံပြိုင်လိုက်ဆိုကြသည်။ ဘထိုက်က သီချင်းလိုက်မဆိုဘဲ မြစိမ်းရောင်မိန်းကလေးကို ရူးရူးစိုက်စိုက် ကြည့်နေမိ၏။

"ငါနဲ့တွေ့ခဲ့ဖူးတဲ့ နှင်းနုဆိုတာ သူပါပဲ . . ဒီည သူ့ကိုချဉ်းကပ်ရမယ် . . ဒီဆိုင်ရဲ့အနေအထားအရ လွယ်လွယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ချင်းဘယ်လို့တော့ ရမှာမဟုတ်ဘူး"

ဘထိုက်က သီချင်းထဲတွင် လူရောစိတ်ပါ နစ်ဝင်သွားရာမှ ရုန်းထွက်သည်။ သူက ပင့်သက်တစ်ချက်ရှိုက်ပြီး ဘီယာခွက်ဆီသို့ လက်လှမ်းလိုက်၏။ ဘီယာတစ်ကျိုက်သောက်ပြီးနောက် အာလူးကြော်ကို ကောက်ဝါးသည်။

ပတ်ဝန်းကျင်စားပွဲများတွင် လှည့်ပတ်ပြီး ချည့်ခံနေသောမိန်းကလေးများကို တွေ့ရသည်။ သူ့စားပွဲဆီသို့ တစ်ယောက်မှ ရောက်မလာကြ။ သူတို့ရောက်မလာတာ အနှောင့်အယှက်တောင် ကင်းသေးတယ်ဟု ဘထိုက် စိတ်ထဲတွင် မှတ်ထင်လိုက်သည်။

နှင်းနုက ဒုတိယသီချင်းတစ်ပုဒ်ကို ဆက်ဆိုသည်။ ယခုဆိုသည့်သီချင်းက ငြိမ်သက်သော သီချင်းဖြစ်၏။ စောစောပိုင်းက လှုပ်လှုပ်ရှရှရှိနေခဲ့သော နှင်းနုသည် ခံစားချက်အပြည့်ပါသော သီချင်းကို တည်ငြိမ်စွာသီဆိုနေသည်။ တစ်ချက်တစ်ချက်တွင် ဖွံ့ဖြိုးလှပသော သူမ၏ခန္ဓာကိုယ်ကို ယိမ်းနွဲ့သွားတတ်သည်ကို တွေ့ရ၏။

ဒီမိန်းကလေးက တကယ့်အဆိုကောင်းပဲဟု တွေးရင်းမှ ဘထိုက်က ဘီယာဖန်ခွက်ကို မယူလိုက်သည်။ ယခုတစ်ကြိမ်





ချင် ဘီယာကို မသောက်ဖြစ်ဘဲ ဘီယာဖန်ခွက်ထဲမှ နီစွေးအရာလေးကို သတိပြုကြည့်မိသည်။

လက်ချောင်းလေးနှစ်ချောင်းဖြင့် ထိုအရာလေးကို ဖန်ခွက်ထဲမှ ဆွဲထုတ်ပြီးကြည့်သည်။ အနီရောင် စူပါမင်းအရုပ်လေးကို တွေ့ရသဖြင့် ဘထိုက်က ဖန်ခွက်ကို ချက်ချင်း ပြန်ချလိုက်၏။

ပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက် ဝေ့ကြည့်ပြီး ထိုင်နေရာမှထကာ အပေါ်ထပ်သို့တက်သည့် လှေကားအတိုင်း ခုံခနဲ တက်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ရဲနောင်က အစည်းအဝေးခန်းထဲမှ ထွက်ရင်း ခါးကို ဘယ်ညာလှည့်ပတ်ကာ အညောင်းဆန့်သည်။ ခေါင်းကိုလည်း ဘယ်ညာလှည့်ပြီး ဇက်ကြောတက်နေသည်တို့ ပြေအောင်ပြုသည်။

"ဘထိုက်တော့ ငါ့ကိုတစောင့်စောင့်နဲ့ ဖြစ်နေတော့မှာပဲ . . ငါသူ့ဆီ ချက်ချင်း သွားမှဖြစ်မယ်"

ရဲနောင်က အဆောက်အဦးအပြင်သို့ သွက်သွက် လျှောက်ထွက်သည်။ အပြင်သို့ရောက်သည်နှင့် ကားနစ်စီး





ကြားမှာ ရပ်ထားသော ဆိုင်ကယ်ပေါ်သို့ တက်သည်။ ဆိုင်ကယ် စက်နှိုးမည့်ဆဲဆဲတွင် စိတ်ပြောင်းသွားပြီး ဆဲလ်ဖုန်းကိုထုတ်ကာ ဘထိုက်အား ဆက်သွယ်သည်။

ဖုန်းဆက်သွယ်သည်ကို တစ်ဖက်မှ တုံ့ပြန်ခြင်းမရှိ။ ရဲနောင် မျက်မှောင်ကြုံ့လိုက်ပြီး ဒုတိယအကြိမ် ဆက်သွယ်သည်။ ယခုအကြိမ်တွင် တစ်ဖက်နှင့် အဆက်အသွယ် ရသည်။

"ဘထိုက် . . ငါ ရဲနောင်ပါ"

"အင်း"

"အခြေအနေ ဘယ်လိုလဲ၊ မင်း ဘာတွေစုံစမ်းလို့ ရပြီလဲ"

"မရသေးဘူး"

ကြားလိုက်ရသည့် အသံကြောင့် ရဲနောင်၏ကိုယ် ဆတ်ခနဲဖြစ်သွားသည်။

"မင်း . . ဘထိုက် မဟုတ်ဘူး၊ မင်း ဘယ်သူလဲ"

တစ်ဖက်မှ လည်ချောင်းသံနှင့် ရယ်လိုက်သော ရယ်သံကိုကြားရသည်။

"ဟင်း . . ဟင်း . . ဟင်း . . ငါဘယ်သူလဲဆိုတာ မင်းသိသင့်ပါတယ် . . ကျားသစ်လေကွ . . ကျားသစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘထိုက် ဘယ်မှာလဲ . . မင်း ဘထိုက်ကို ဘာလုပ်ထားသလဲ"

"သူ့ကို ခဏသိပ်ရုံသိပ် ထားတာပါ . . အဲဒီထက်ပိုပြီး ဘာမှ မလုပ်ပါဘူး"

"မင်း . . သူ့ကိုတော့ ရန်မရှာနဲ့နော်၊ သူတစ်ခုခု ဖြစ်သွားရင် မင်းကို ငါ ကမ္ဘာမကျေဘူး"

"ဟင်း . . ဟင်း . . ဟင်း အချိန်ကျရင် သူဘာဖြစ်မယ်ဆိုတာ မင်းသိရပါလိမ့်မယ်"

"ဟော့ . . ဟော့"

တစ်ဖက်မှ ဖုံးအဆက်အသွယ် ဖြတ်လိုက်သည်။ ရဲနောင်က တောက်တစ်ချက်ခေါက်လိုက်ပြီး သူ့လက်ထဲမှ ဖုံးကို ပိတ်သိမ်းလိုက်သည်။

ထို့နောက် ဆိုင်ကယ်ကို ချက်ချင်းစက်နှိုးကာ တစ်ရှိန်ထိုးစီးထွက်သည်။ ဆိုင်ကယ်က အရှိန်ပြင်းစွာနှင့် မင်းလမ်းအတိုင်း ပြေး၏။

ဟဲလ်မက်စောင်းမထားသဖြင့် အေးစိမ့်သောလေက ရဲနောင်၏မျက်နှာကို ခပ်ကြမ်းကြမ်းတိုးဝှေ့သည်။ သူ့ဆံပင်ရှည်ရှည်တို့ လေတွင်တလူလူလွင့်၏။ မောရှေလီစားသောက်





ဆိုင်ရှေ့သို့ အရောက်တွင် သူက ဆိုင်ကယ်ကို ထိုးရပ်ပြီး ဆိုင်ကယ်ပေါ်မှ ကပျာကယာ ဆင်းသည်။ ဂျာကင်အောက် ခါးနောက်တွင် ထိုးထားသည့် သူ့ပစ္စတိုကို တစ်ချက်စမ်းပြီး ဆိုင်အတွင်းသို့ဝင်လိုက်သည်။

ဆိုင်အတွင်း၌ မြူးကြွသော သီချင်းသံပျံ့လွင့်နေသည်။ လူငယ်တွေကြားထဲတွင် တစ်ဖန်ပြန်လည် ခေတ်စားလာသော ဘိုဘိုဟန်၏သီချင်းတစ်ပုဒ် သီဆိုနေသံကို ကြားရ၏။

"နှင်းနု အလှည့်တောင် ပြီးသွားပြီနဲ့တူတယ်"

ရဲနောင်က ဆိုင်အတွင်းသို့ အိန္ဒြေရရနှင့် လျှောက်ဝင်သည်။ စားပွဲတိုင်းတွင် လူပြည့်နေသဖြင့် သူက စားပွဲလွတ်ကို ရှာ၏။

"အစ်ကိုကြီး ဒီဘက်ကိုကြွပါ"

မိန်းကလေးတစ်ယောက်က ရဲနောင်ကို လှေကားအနီးရှိ စားပွဲဆီသို့ ခေါ်သွားပြီး နေရာချပေး၏။ စားပွဲပေါ်တွင် ဘီယာတစ်ခွက်နှင့် အားလူးကြော်ပန်းကန် ရှိနေသည်ကို တွေ့ရ၏။

"ဒီမှာ လူရှိတယ် မဟုတ်လား"

"တစ်ယောက်ထဲပါ . . ဘီယာ တစ်ခွက်လောက်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရောက်သွားသလဲ မသိဘူး၊ အစ်ကိုကြီး ဘာ

…င်မလဲ"

"နောက်မှ သုံးဆောင်မယ် . . လောလောဆယ် မင်းတို့ ငါ မေးခွန်းလေးတွေ မေးချင်တယ်"

ရဲနောင်က သူ၏ သက်သေခံကတ်ပြားကို မိန်းကလေး မြင်အောင် ပြရင်းပြောသည်။ မိန်းကလေး၏ မျက်နှာတွင် ထိတ်လန့်သွားဟန် ဖျပ်ခနဲ ထင်လာ၏။

"အစ်ကိုကြီး ဘာသိချင်လို့လဲ"

"ထိုင်ပါဦး"

မိန်းကလေးက ဘေးဘီကိုတစ်ချက်ကြည့်ပြီး ရဲနောင်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်သည်။

"ငါ လူတစ်ယောက်ကို လာရှာတာ၊ အရပ်မြင့်မြင့် ဆံပင်တိုတို မေးရိုးကားကားနဲ့ လူတစ်ယောက်"

"ဟို . . အဲ . . အဲဒါ"

"မင်း သူ့ကိုတွေ့တယ်ပေါ့ . . ဟုတ်လား"

"ဟုတ်ကဲ့"

"သူ ဘယ်မှာလဲ . . ဘယ်စားပွဲမှာလဲ၊ ဒီကိုခေါ်ခဲ့စမ်းပါ"



"သူ . . သူက ဒီမှာထိုင်သွားတာ"

"ဒီမှာ"

"ဟုတ်ကဲ့ . . ဒီစားပွဲကို ကျွန်မပဲ ပို့ပေးတာ၊ သူက …ယာနဲ့ အားလူးကြော်မှာတယ် . . အဲဒါ သူ့မိတ်ဆွေတစ် …ောက်က ယူပြီးပို့ပေးတယ်"

"သူ့မိတ်ဆွေ ဟုတ်လား . . အဲဒီလူကော"

"အဲဒီလူက အပေါ်ထပ်ကို တက်သွားတယ်၊ အပေါ်ထပ် …ာ ဟို . . ."

"အပေါ်ထပ်မှာ ဥပဒေနဲ့မလွတ်ကင်းတာ တစ်ခုခုလုပ် …တယ် မဟုတ်လား . . ထားတော့ . . မင်း ဒီနေရာကို ပို့ပေး …ဲ့လူကကော"

"သူ ဘယ်ရောက်သွားမှန်း မသိဘူး"

"ဘာ"

"ကျွန်မကို ဟိုဘက်စားပွဲက လှမ်းခေါ်တာနဲ့ သူတို့ကို …ပ်ပေးနေရတယ်၊ အဲဒါ ဒီဖက်ကို ပြန်မရောက်ဘူး၊ ကျွန်မ …ာကော ဒီဖက်ကို တစ်ခေါက်ရောက်တော့ သူ မရှိတော့ဘူး … ရေအိမ်တွေဘာတွေ ဝင်နေတာလို့ပဲ ကျွန်မထင်တယ်"

ရဲနောင်၏ အကြည့် ဘီယာဖန်ခွက်ဆီသို့ ရောက်သွား

www.burmeseclassic.com



သည်။ ဘီယာဖန်ခွက်ထဲမှ ရုပ်ပါမင်းအရုပ်ကလေးကို မီးရောင်အောင် တွေ့လိုက်ရသည်နှင့် သူ နေရာမှ ဖျပ်ခနဲထသည်။

"အစ်ကိုကြီး . . ကျွန်မ"

"မင်း . . ဒီမှာပဲနေ . . ဒီကနေ ဘယ်ကိုမှ မသွားနဲ့"

"ဟုတ် . . ဟုတ်ကဲ့"

ရဲနောင်က ခါးကြားထဲထိုးထားသော ပစ္စတိုကို ထုတ်ယူလိုက်သည်။ ပစ္စတိုကို လက်ထဲတွင် ခပ်ဇွက်ဇွက်ကိုင်ပြီး လှေကားအတိုင်း အပေါ်ထပ်သို့ အပြေးအလွှား တက်သည်။

အပေါ်ထပ်မှ ခပ်အုပ်အုပ်စကားပြောနေသံကို ကြား သည်။ ရဲနောင်က ပစ္စတိုကိုင်ထားသည့်လက်ကို ဂျာကင်အိတ် ထဲ ထိုးထည့်ပြီး အသံကြားရာသို့ လျှောက်ခဲ့၏။

အသံမှာ အခန်းကျယ်ကြီးတစ်ခုအတွင်းမှ ထွက်နေခြင်းဖြစ်သည်။ အခန်းကျယ်ကြီးထဲတွင် လူတွေ နေသော စားပွဲသုံးလုံးရှိသည်။ အဝေးမှကြည့်ရုံနှင့် လေးကော ဂျင်ဝိုင်းများ ဖြစ်ကြောင်း သိလိုက်ရ၏။

ဝိုင်းအုံနေသူများကြားတွင် ဘထိုက်မရှိ။ ရဲနောင် အခန်းကျယ်ကြီးအတွင်းသို့ မဝင်ဘဲ ဘေးပတ်ဝန်းကျင် ကြည့်သည်။ အခန်းကျယ်ကြီးနှင့် ဆန့်ကျင်ဘက်တွင် အတွင်





သို့ဝင်သော စင်္ကြံလမ်းကိုတွေ့သည်။ သူက ထိုလမ်းအတိုင်း လျှောက်ဝင်ခဲ့၏။ အခန်းနှစ်ခန်းကို ဖြတ်ကျော်မိပြီးနောက် လမ်းဆုံးသွားသည်။

ရဲနောင်က အခန်းနှစ်ခန်းနှင့် လမ်းအဆုံးထိ စေ့စေ့စပ်စပ်ကြည့်သည်။ ထိုအခါ စင်္ကြံလမ်းအဆုံးမှာ တံခါးတစ်ပေါက်ဖြစ်ကြောင်း တွေ့လိုက်ရ၏။

သူက တံခါးကိုဆွဲဖွင့်သည်။ တံခါးအပြင်ဘက်တွင် ဝရံတာတစ်ခုနှင့် အောက်သို့ဆင်းသည့် လှေကားတို့ကို တွေ့ရသည်။ ရဲနောင်က ထိုလှေကားအတိုင်း အောက်သို့ အပြေးအလွှားဆင်းသည်။

လှေကားဆုံးသည်နှင့် မော်ရှေလီစားသောက်ဆိုင်၏ ဘယ်ဘက်မြေကွက်လပ်သို့ ရောက်သွားသည်။ မော်ရှေလီမှ မီးရောင်ကြောင့် မြေကွက်လပ်ကို ရှင်းရှင်းလင်းလင်း တွေ့မြင်ရ၏။

မြေကွက်လပ်ရှိ မြေအချို့ပွနေသည်။ လှုပ်ရှားတိုက်ခိုက်မှုကြောင့် မြေပွနေသည်ဟု ယူဆရသည့်အပေါ် ဖြတ်မောင်းသွားသော ကားတစ်စီး၏ဘီးရာကို တွေ့ရသည်။

ရဲနောင်က ကားဘီးရာအစပြုရာသို့ လိုက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြက်ခင်းအစပ်တွင် ပိပြားနေသော မြက်ပင်များနှင့် မြက်ပေါ်တွင်တင်နေသော သွေးစသွေးနများကို တွေ့ရသည်။

တစ်ဆက်တည်းပင် မြက်ခင်းပေါ်ကျနေသော ဆဲလူလာဖုံးနှင့် ဖုံးပေါ်တွင်တင်ထားသော အနီရောင်စူပါမင်းရုပ်ကလေးကို တွေ့လိုက်ရသည်။

ရဲနောင်က ဖုံးနှင့်အရုပ်ကို ကောက်ယူပြီး သိမ်းထားသည်။ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သော သူ့မျက်လုံးအစုံမှာ မီးတောက်တော့မည့်ပမာ ဝင်းဝင်းလက်လက်နေလေ၏။



အခန်း (၁၁)

ဘထိုက်က မျက်လုံးအစုံကို ဖြည်းညင်းစွာ ဖွင့်လိုက်သည်။ သစ်ရွက်လှုပ်ခတ်သံ၊ ကျေးငှက်တို့၏ အော်မြည်သံကို ကြားရ၏။

သူက ပတ်ဝန်းကျင်ကိုကြည့်ရန် ခေါင်းထောင်ထသည်။ ခေါင်းထဲတွင် စူးခနဲနာပြီး မိုက်ခနဲဖြစ်ကာ မူးဝေသွားသည်။

"အား . . ကျွတ် . . ကျွတ်"

ညည်းညူသံတွေ နှုတ်မှ အမှတ်မထင် ထွက်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအချိန်မှာပင် သစ်ရွက်ခြောက်များပေါ် နင်းလျှောက်လာသည့် ခြေသံကိုကြားရ၏။ ခြေသံနှင့်အတူ မြင်ကွင်းထဲသို့ ဝင်လာသည့် လူတစ်ယောက်ကို တွေ့ရသည်။

ထိုသူမှာ ဝဝတုတ်တုတ် မျက်နှာပြံပြံနှင့် လူပေါကြီး ပုံပေါက်နေသူ ဖြစ်၏။

"ဟော့ . . မင်း သတိရပြီလား ညီလေး . . ဒီမှာ မင်းရဲ့ လူ သတိရနေပြီ"

ဘထိုက်က နေရာမှ ဖြည်းညင်းစွာထသည်။ သူထိုင်လိုက်မိမှ သစ်ပင်တစ်ပင်အောက်တွင် ရောက်နေသည်ကို သတိပြုမိ၏။ သူက နေရာရွှေ့ပြီး သစ်ပင်ကို မှီလိုက်သည်။

"ဘယ့်နှယ်လဲ စုံထောက်ကြီး . . သတိရပြီလား"

ဘထိုက်က အသံလာရာသို့ လှမ်းကြည့်လိုက်သည်။ ထိုအခါ ညက သူ့အား ဘီယာလာပို့ပေးသူ . . သူ ထပြီးလိုက်စဉ် ဆီးကြိုပြီးတိုက်ခိုက်ခဲ့သည့် စူပါမင်းအရုပ်ပိုင်ရှင်ကို တွေ့လိုက်ရ၏။

"မင်း"

"ငါ့နာမည် တိုးမောင်တဲ့ . . ကိုယ့်ကို သေမင်းဆီပို့ပေးမယ့်လူကို ကပ်သူဘယ်ဝါမှန်း မသိမှာစိုးလို့ ပြောပြတာ



ဒါအကြောင်းတွေ မင်းတို့ ဘယ်လောက်သိထားပြီးပြီလဲ . . ပြောစမ်း . . မင်း ဘာဖြစ်လို့ ရှွေလီကိုလာတာလဲ"

တိုးမောင်က ဘထိုက်အား မေးခွန်းထုတ်ရင်း အိတ်ထဲမှ စီးကရက်ဘူးကို နှိုက်ယူလိုက်သည်။ သူက ဘူးထဲမှ စီးကရက်တစ်လိပ်ကိုထုတ်ပြီး မီးညှိသည်။

ဘထိုက်က တိုးမောင်၏လက်ထဲမှ စီးကရက်ဘူးကို အမှတ်တမဲ့ ကြည့်လိုက်၏။ စီးကရက်ဘူးမှာ မီးခိုးရောင်နုနု သတ္တုတစ်ဘူးလေး ဖြစ်၏။

"ဟော့ . . ငါမေးတာကို ဖြေလေ"

ဘထိုက်က မဲ့ပြုံးပြုံးပြီး ခေါင်းဆတ်ခါလိုက်သည်။

"မင်းမေးတိုင်း ငါမဖြေနိုင်ဘူး"

"ငါမေးတာ မဖြေရင် မင်း သေသွားမှာပေါ့"

ဘထိုက်က တုန်လှုပ်ခြင်း ကင်းမဲ့သောအကြည့်ဖြင့် တိုးမောင်ကိုကြည့်သည်။ တိုးမောင်က ဘထိုက်၏အမူအရာကို ကြည့်ပြီး တစ်ချက်ရယ်လိုက်သည်။

"ဟင်း . . ဟင်း . . ဟင်း မင်းကို မြင်ကတည်းက ခေါင်းမာမဲ့လူဆိုတာ ငါသိပါတယ်၊ ဒါကြောင့် မင်းအတွက် အစီအစဉ်လေးတွေ ထူးထူးခြားခြား လုပ်ထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း . . ငါ့ကို ဘာလုပ်မလဲ . . သတ်မှာလား၊ သတ်ရင်လည်း သတ်ကွာ . . အပိုတွေ ပြောမနေနဲ့"

တိုးမောင် ခေါင်းဆတ်ခါလိုက်သည်။

"မင်း လွယ်လွယ်နဲ့ မသေရဘူး . . ငါ့ကို ကလန်ကဆန်လုပ်ရင် မင်း တစိမ့်စိမ့်နဲ့ ဝေဒနာခံစားရပြီးမှ သေရလိမ့်မယ် . . ပြောစမ်း . . ငါနဲ့ပတ်သက်ပြီး မင်းတို့ဘာတွေ သိထားသလဲ . . မင်း ဘာကြောင့် မောရွှေလီကို လာတာလဲ"

"နှင်းနုကို သွားကြည့်တာ"

"ဘာ"

"နှင်းနုက သိပ်ချစ်စရာကောင်းတယ်ဆိုလို့ သူ့ကို ချဉ်းကပ်ဖို့ သွားကြည့်တာ . . လူတွေပြောတဲ့ အတိုင်းပါပဲ နှင်းနုက တကယ်လှပါတယ်၊ ငါ သူ့ကိုမြင်မြင်ချင်းပဲ သဘောကျသွားတယ် . . စားသောက်ဆိုင်မှာ သီချင်းဆိုတဲ့ မိန်းကလေးဆိုတာ ခပ်လွယ်လွယ်တွေဆိုတော့ ငါ သူ့ကို . . ."

"တိတ်စမ်း"

တိုးမောင်၏ဟန့်တားသံ ကျယ်လောင်စွာ ပေါ်လာသည်။

"မင်း ညတုံးက နှင်းနုကို မျက်စိအရသာခံပြီး ကြည့်





ယ်ပေါ့ ဟုတ်လား"

"ဟား . . ဟား . . ပြတဲ့လူက ပြနေတဲ့ဟာ ငါကကြည့်ဘဲ နေရမှာလား ငါ . . ."

"ဒုတ်"

"အင့်"

စိုးမောင်၏ခြေကန်ချက်က ဘထိုက်နံကြား တန်းတန်းမတ် ဝင်သွားသည်။ သစ်ပင်ကိုမှီပြီး ထိုင်နေသော ဘထိုက်ကိုယ် စောင်းကျသွား၏။

သူက အသက်ကို ဝအောင်ရှုလိုက်ပြီး နေရာမှ ဖျပ်သည်။ နောက်တစ်ကြိမ် ကန်လာသော တိုးမောင်၏ခြေက်ကို ဖမ်းဆွဲပြီး လိမ်ချိုးပစ်လိုက်၏။ တိုးမောင်ခင်းပြင်ပေါ်သို့ ဝုန်းခနဲပစ်ကျသွားသည်။

"ဟာ . . ညီလေး . . မင်း ဘယ်နာသွားသလဲ ချကွာင့်ကို အသေချ"

လူဝကြီး စိုးမောင်က မခံရပ်နိုင်ဖြစ်သွားဟန် ခုန်ပေါက်ပြောသည်။ တိုးမောင် နေရာမှ ဆတ်ခနဲခုန်ထလာပြီး ိုက်နှင့် မျက်နှာချင်းဆိုင်လိုက်၏။

"မင်းဟာ အညံ့စားထဲက မဟုတ်မှန်း ငါသိပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ငါက တစ်ဖက်သတ် အနိုင်မယူပါဘူး . . ဘာလက်နက် ခု မသုံးဘဲ မင်းနဲ့တိုက်ခိုက်မယ်၊ မင်းလည်း ငါ့ကို စိတ်ကြိုက် တိုက်ခိုက်နိုင်တယ်”

တိုးမောင်က ခြေခွဲ၍ရပ်ရင်း ပြောသည်။ ဘထိုက်က တိုးမောင်ထံ ပြေးဝင်မည်ပြုပြီးမှ အနားတွင်ရှိနေသော စိုးမောင် ကို ဖျတ်ခနဲ ဖမ်းချုပ်လိုက်သည်။

“အား . . ညီလေး . . ညီလေး”

စိုးမောင်၏အော်သံကြောင့် တိုးမောင် မျက်နှာပျက်သွား သည်။ သူက မီးထတောက်တော့မည့်ပမာ တူသောအကြည့် ဖြင့် ဘထိုက်အား ကြည့်သည်။

“သူ့ကို လွှတ်လိုက်စမ်း”

“ဘာဖြစ်လို့ လွှတ်ရမှာလဲ . . သူက မင်းနဲ့အတူ ဖြစ် မှုကျူးလွန်တဲ့လူ . . သူ့ကို ငါလွှတ်မပေးနိုင်ဘူး”

“သူ့ကို လွှတ်လိုက်ပါလို့ ငါ မင်းကိုပြောနေတယ်နော်”

“ဟား . . ဟား . . ဟား . . မလွှတ်ဘူးဟေ့ . . မလွှတ် ဘူး”

တိုးမောင်က နေရာမှ လှစ်ခနဲခုန်ထွက်ပြီး ဘထိုက်အား တိုက်ခိုက်သည်။ ဒဏ်ရာရထားသော ဦးခေါင်းကို လက်ပြန်အ





ခံရသဖြင့် ဘထိုက်၏မျက်လုံးအစုံ မီးပွင့်သွားသည်။ ခေါင်း ွင် မိုက်ခနဲ ဖြစ်ပြီး သူက ရှေ့ကိုစိုက်ကျလာ၏။ ထိုအချိန် ၌င် တိုးမောင်၏ ပြင်းထန်သောကန်ချက် နံကြားထဲသို့ တန်း သာသည်။

ဘထိုက်က ကန်ချက်ကို ရှောင်ရန် ကြိုးစားသည်။ သို့ ော် သူ့တစ်ကိုယ်လုံးမှာ ထုံထိုင်းသလို ဖြစ်နေပြီး လှုပ်ရှား၍ တော့။ ထို့ကြောင့် ကန်ချက်ကို ခံလိုက်ရ၏။

ဖြောင်းခနဲ မြည်သွားသံနှင့်အတူ ဘထိုက်တစ်ကိုယ် း အပေါ်သို့မြောက်တက်ပြီး မြေပြင်ပေါ် ဒလိမ့်ခေါက်ခွေး သည်။

သူ့နှားထဲမှ လေတွေ ဟောခနဲထွက်ပြီး ပတ်ဝန်းကျင် တစ်ခုလုံး အမှောင်ဖုံးသွားသည်။ သူသည် လှုပ်ရှားနိုင်စွမ်း တော့ဘဲ မြေပြင်ပေါ် မျက်နှာအပ်လျက် ငြိမ်ကျသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

မောရွှေလီစားသောက်ဆိုင်မှာ ရှင်းလင်းနေသည်။ ဆိုင်အတွင်း၌ စားသောက်သူတစ်ယောက်မှ မရှိ။ ဝင်ထွက်သူတစ်ယောက်မှ မရှိ၊ ဆိုင်အပြင်တွင် အစောင့်တစ်ယောက်ရှိနေပြီး ရဲတပ်ဖွဲ့တံဆိပ်ပါ ကားတစ်စီး ရပ်ထားသည်။

ဆိုင်အတွင်း၌ တက်ကြွသောသဏ္ဍာန်ရှိသည့် ရဲအရာရှိငယ်တစ်ယောက်နှင့် ထိုင်ခုံတစ်လုံးတွင် ကျောက်ရုပ်ကြီးတစ်ရုပ် ချထားသည့်ပမာ ထိုင်နေသော ရဲနောင်တို့ ရှိသည်။

ရဲနောင်က တင်းမာခက်ထန်သော မျက်နှာထားနှင့်



ဆိုင်နံရံကိုတွေတွေကြီး ကြည့်နေသည်။ ခါးတွင်ချိတ်ထားသည့် ဆဲလ်ဖုံးအသံမြည်လာသည်နှင့် လှုပ်ရှားခြင်းမရှိ၊ ငြိမ်သက်နေသော သူ့ခန္ဓာကိုယ် ဆတ်ခနဲလှုပ်လာသည်။

သူက ဖုံးကိုဖြုတ်ယူ နားထောင်လိုက်သည်။

"ရဲနောင်ပါ"

"ဟင်း . . ဟင်း . . ဟင်း . . ကျားသစ်အသံကို မှတ်မိတယ်နော် . . မင်း သူငယ်ချင်းတော့ ဒီမှာ စကားမေးမရတော့ဘူး"

"ဟေ့ကောင် မင်း . ."

"စိတ်မလှုပ်ရှားပါနဲ့ မင်းသူငယ်ချင်းကို တွေ့ချင်ရင် အတွက် ရွှေညောင်ပင်ကို လာခဲ့ပါ"

"ဟေ့ကောင် . . သူ့ . . သူ့ကို"

တစ်ဖက်မှ ဖုံးချသွားသဖြင့် အဆက်အသွယ် ပြတ်သွားသည်။ ရဲနောင်က ဆဲလ်ဖုံးကိုပိတ်သိမ်းပြီး နေရာမှထသည်။

"ဘထိုက်ကိုတွေ့ချင်ရင် မြို့ပြင် ရွှေညောင်ပင်ကို လာခဲ့ပြောတယ်"

ရဲနောင်က သူနှင့်မျက်နှာချင်းဆိုင်တွင် ရှိနေသော ရဲအရာရှိငယ်ကို ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက ဆက်တာလဲ"

"သူ့ကိုယ်သူ ကျားသစ်ဆိုတဲ့လူပေါ့ . . လူသတ်မှုတေ
မှုကို ကျူးလွန်ခဲ့တဲ့လူ . . ဒီကောင်က သွေးဆာနေတဲ့ ဘထိုက်
ကို ရှင်းပစ်ပြီလား မသိဘူး"

"စုံထောက်တစ်ယောက်ကိုတော့ ဒီလို မလုပ်ရဲဘူး ထင်
တယ်"

"ကျားသစ်ဆိုတဲ့ကောင်က ဘာကိုမှ ရှောင်မှာမဟုတ်
ဘူး၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ အဲဒီကိုသွားမှဖြစ်မယ်"

"သွားမယ်လေ . . ကျွန်တော့်လူသုံးယောက်ကိုပါ ခေါ်
သွားမယ်"

"ကောင်းပါတယ် ကိုခင်ဝင်း . . သူတို့ကို မြန်မြ
ခေါ်လိုက်ပါ"

ခင်ဝင်းဟု အခေါ်ခံရသည့် ရဲအရာရှိငယ်က လက်
တစ်ချက်တီးလိုက်သည်။ လက်ခုပ်သံအဆုံးတွင် အပေါ်ထ
လှေကားထိပ်တွင် ရဲတပ်ကြပ်တစ်ယောက် လာရပ်သည်။

"ခင်ဗျား ဒီမှာနေခဲ့ . . လူသုံးယောက် ကျွန်တော်
နဲ့ လိုက်ဖို့လွှတ်ပေးပါ . . ဒီနေရာကို ဘယ်သူမှ မဝင်စေနဲ့နော်"

"ဟုတ်ကဲ့"





ရဲတပ်ကြပ် နောက်ပြန်ဆုတ်သွားသည်။ ခဏအကြာ
တွင် ရဲတပ်သားသုံးယောက် အောက်သို့ဆင်းလာသည်။ ခင်ဝင်း
က ရဲနောင်နှင့်အတူ နေရာမှထလိုက်၏။

"ရွှေညောင်ပင်ကို သွားမလို့ပေါ့ . . ယာဥ်မောင်းကို
ခေါ်လိုက်"

ရဲနောင်နှင့် ခင်ဝင်းတို့ စားသောက်ဆိုင်ထဲမှ ထွက်
သည်။ သူတို့ ဆိုင်အပြင်ရှိ ရဲကားအနီးသို့ အရောက်မှာပင်
ရဲတပ်သားသုံးယောက်နှင့် ယာဥ်မောင်းတို့ စားသောက်ဆိုင်ထဲ
မှထွက်လာသည်။

"လာ . . ကိုရဲနောင်"

ခင်ဝင်းက ရဲကားရှေ့ခန်းတွင် ဝင်ထိုင်သည်။ ရဲနောင်
သလည်း ကားရှေ့ခန်းသို့တက်လိုက်၏။ ထိုအချိန်မှာပင် ရဲ
တပ်သားသုံးယောက် ကားနောက်ခန်းသို့ အပြေးအလွှားတက်
သည်။ ယာဥ်မောင်းက နောက်ဆုံးမှ ကားပေါ်သို့တက်ပြီး ကား
ကိုစက်နှိုး မောင်းထွက်လိုက်သည်။

"ဒီကောင်က တစ်စထက်တစ်စ အတင့်ရဲလာပြီ၊ သူ့
ကို မမိမချင်း ကျွန်တော်တို့ ကောင်းကောင်းအိပ်ရမှာ မဟုတ်ဘူး
အဆူခံရလွန်းလို့ နားတွေလည်း အူနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခင်ဝင်းက စိတ်ပျက်လက်ပျက်ဖြင့် ပြောသည်။ ရဲနောင်က တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်း မပြုဘဲ ရှေ့တူရူသို့သာ ကြည့်နေ၏။

သူက ကျားသစ်ဟု အမည်ခံရသူလက်ထဲ ရောက်နေသော ဘထိုက်အတွက် စိုးရိမ်မကင်း ဖြစ်နေမိသည်။

"ဦးစိတ္တက မောရွှေလီမှာဖြစ်တဲ့ ကိစ္စကို တာဝန်ယူတယ်လို့ ပြောနေတယ်၊ အပေါ်ဝးပ်မှာရှိနေတဲ့ လောင်းကစားဝိုင်းက သူတို့အစီအစဉ်နဲ့ သူတို့ယူပ်ကြတာ၊ ဦးစိတ္တက ကစားဝိုင်း ရှိနေမှန်းတောင် မသိဘူးတဲ့၊ နောင်ကို အခုလိုမဖြစ်အောင် သူ ဂရုစိုက်ပါ့မယ်လို့ ပြောတယ်"

"ဒီဆိုင် ပိတ်လိုက်ရရင် သူ့အကျိုးစီးပွား ထိခိုက်မယ်ဆိုတော့လည်း ပြောတာပေါ့ဗျာ . . ဘာပဲဖြစ်ဖြစ် မြို့လည်ခေါင်မှာ အခုလိုဖြစ်သွားတာတော့ တော်တော်ရုပ်ဆိုးတာ အမှန်ပဲ"

"တရားဥပဒေအရ လုပ်ပေါ့ဗျာ . . တရားဥပဒေက မျက်နှာမလိုက်ဘူးဆိုတာတော့ ဦးစိတ္တ သိသွားမှာပေါ့မယ်"

ကား မြို့ပြင်သို့ရောက်လာသည်။

ယာဉ်မောင်းက လမ်းမကြီးပေါ်မှနေ၍ မြေနီလမ်းတစ်ခုသို့ ချိုးဝင်၏။





"ရွှေညောင်ပင် ဆိုတာ ဘာလဲဗျ"

"မြို့ပြင်က စခန်းသာလေးတစ်ခုပါ၊ ဒီမြို့က လူတွေရုံးပိတ်ရက်မှာ ပျော်ပွဲစားထွက်တတ်တဲ့ နေရာပေါ့၊ အဲဒီမှာ နှစ်ချို့ညောင်ပင်ကြီး တစ်ပင်ရှိတယ် . . ပြီးတော့ မြောက်ကနေ တောင်ကိုစီးနေတဲ့ ချောင်းလေးတစ်ချောင်းရှိတယ်၊ အဲဒီချောင်းကိုလည်း ရွှေညောင်ပင်ချောင်းလို့ ခေါ်ကြတယ်၊ ရွှေညောင်ပင် အပေါ်ဘက် တောင်ခြေရေထွက်ကနေ စလာတဲ့ ချောင်းမို့ ဒီလိုခေါ်ကြတယ် ထင်တာပဲ"

ရဲနောင်က ခေါင်းညိတ်ရင်း ပတ်ဝန်းကျင်ကိုကြည့်သည်။ မြေနီလမ်းသည် ချောင်းလေးတစ်ချောင်းဆီသို့ ဦးတည်သွားနေသည်ကို တွေ့ရ၏။ ချောင်းဘေးတွင် ကြီးမားသော ညောင်ပင်ကြီးတစ်ပင် ရှိနေသည်။

"ရွှေညောင်ပင်ဆိုတာ ဟိုဟာလား"

"ဟုတ်တယ် . . ကိုရဲနောင်"

ရဲနောင်က ညောင်ပင်ဆီသို့ လှမ်းကြည့်သည်။ ညောင်ပင်အောက်တွင် ခွေခွေခေါက်ခေါက် လဲကျနေသောသဏ္ဌာန်တစ်ခုကိုမြင်ရ၏။ ထိုသဏ္ဌာန်မှာ ဘထိုက်ဖြစ်မှန်း အတပ်သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားက ရွှေညောင်ပင်နှင့် မနီးမဝေးတွင် ရပ်သွားသည်။ ရဲနောင်က ကားရပ်လျှင်ရပ်ချင်း ကားပေါ်မှဆင်းပြီး ညောင်ပင်အောက်သို့ အပြေးဝင်သည်။

ညောင်ပင်အောက်တွင် ခွေခွေခေါက်ခေါက်နှင့် လဲကျနေသော ဘထိုက်အနီးသို့ ပြေးဝင်ပြီး မြေပြင်ပေါ် ဒူးထောက်ထိုင်ချသည်။

"ဘထိုက် .. ဘထိုက်"

ရဲနောင်က နှုတ်မှခေါ်ရင်း ဘထိုက်၏လက်ကောက်ဝတ်ကို သွေးစမ်းသည်။ သွေးခုန်နေသည်ကို တွေ့ရသဖြင့် စိတ်ထဲတွင် အနည်းငယ် သက်သာသွား၏။

"သူ .. မသေသေးဘူး"

စကားပြောရင်း ရဲနောင်က ဘထိုက်ကိုယ်ပေါ်မှ ဒဏ်ရာဒဏ်ချက်များကို ကြည့်သည်။ ချိုင်းတွင် သွေးထွက်နေသော ဒဏ်ရာတစ်ခုကို တွေ့ရသည်။ ထိုဒဏ်ရာမှလွဲပြီး အခြားဒဏ်ရာကို မတွေ့ရ။

"သူ သတိလစ်နေတာပဲ"

"ဆေးရုံကို အမြန်ဆုံးပို့ရင် ကောင်းမယ်"

ရဲနောင်က ဘထိုက်၏လက်ထဲတွင် ရှိနေသော စုတ်





း အရုပ်ကို ယူလိုက်သည်။

"ကဲ .. လာကြကွ၊ သူ့ကို ကားပေါ်တင်ကြ .. ဆေးရုံကို အမြန်သွားရမယ်"

ခင်ဝင်းက သူ့လူတွေကို ညွှန်ကြားသည်။ ရဲတပ်သား ယောက်က ဘထိုက်အား ပွေ့ချီပြီး ကားပေါ်သို့တင်ကြ၏။

"ကျားသစ်ဆိုတဲ့ကောင် ဒီပတ်ဝန်းကျင်မှာ မရှိတော့ဘူး"

"ဟုတ်တယ် .. ဒီပတ်ဝန်းကျင်မှာ လူအရိပ်တောင် မရှိဘူး .. သူက ပြစ်မှုကျူးလွန်ပြီး ထွက်သွားပြီ"

ရဲနောင် နေရာမှခွာမည်အပြု ဖုံးအံသံမြည်လာသည်။ မှာ ဖုံးကိုဖြုတ်ယူ နားထောင်လိုက်သည်။

"ရဲနောင် .. မင်းသူငယ်ချင်းကိုတွေ့ပြီ မဟုတ်လား"

ရဲနောင်၏အကြောအချဉ်တွေ တောင့်တင်းသွားသည်။ မျက်နှာထား တင်းခနဲဖြစ်သွားသည်။

"အေး .. တွေ့ပြီ၊ မကြာခင် မင်းနဲ့ငါလည်း တွေ့မယ် အတွက် မင်း အဆင်သင့် လုပ်ထားပါ"

"ဟင်း .. ဟင်း .. ဟင်း .. ကျားသစ်တို့က လက်ရည်တဲ့ရန်သူကို မျှော်နေတာ ကြာပါပြီ .. ဟင်း .. ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အခု ရယ်နိုင်သလောက် ရယ်ထား၊ မကြာခင် မင်း ငိုရလိမ့်မယ် . . ဒါကိုတော့ မမေ့နဲ့"

"ကောင်းပါပြီ . . ကောင်းပါပြီ . . မမေ့ပါဘူး၊ ကဲ ငါ့ကို စကားပြောနေတာနဲ့ မင်းသူငယ်ချင်း အသက်ထွက်သွား လိမ့်မယ် . . ဆေးရုံကို မြန်မြန်ခေါ်သွားပေတော့"

ဖုံးအဆက်အသွယ် ပြတ်သွားသည်။ ရဲနောင်က ခေါင်း တစ်ချက်ဆတ်ခါပြီး ခင်ဝင်းနှင့်အတူ ကားပေါ်သို့တက်သည်။ ကားနောက်ခန်းတွင် ရှိနေသော ဘထိုက်ကို တစ်ချက်ကြည့်၏။ ဘထိုက်အခြေအနေ မဆိုးနိုင်ပါဘူးဟု တွေးနေစဉ် ယာဉ်မောင်း က ကားကိုမောင်းထွက်သည်။

"ဒီကောင်က ပြစ်မှုကျူးလွန်ရုံ မကဘူး ဖုံးဆက်ပြီး တော့ ခြိမ်းခြောက်တယ်ဆိုတော့ တော်တော် တရားလွန်တာပဲ၊ ဒီကောင့်ကိုရဖို့အတွက် အပြင်းအထန် ကြိုးစားကြမယ်ဗျာ"

ခင်ဝင်းက မကျေမနပ်နှင့် ပြောသည်။ ရဲနောင် ခေါင်း ညိတ်လိုက်၏။

"သူ့ကို အမြန်ဆုံးရဖို့ လိုတယ် . . ပြီးတော့ သူ့နောက် ကွယ်မှာရှိနေတဲ့လူကိုလည်း ရအောင် ကြိုးစားရလိမ့်မယ်"

"သူ့နောက်ကွယ်ကလူ . . ဟုတ်လား၊ အဲဒီလို နောက် တစ်ယောက် ရှိသေးလို့လား"





ရဲနောင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် . . သူ့နောက်မှာ နောက်တစ်ယောက်ရှိ လိမ့်မယ်၊ ကျားသစ်က အဲဒီလူ ညွှန်ကြားတာကို လိုက်လုပ်နေ တဲ့လူပဲ . . မကြာပါဘူးဗျာ တရားဥပဒေစည်းဝိုင်းထဲက ဒီ ကောင် ကြာကြာ ရှောင်ပြေးနေလို့ မရပါဘူး"

ရဲနောင်က စကားပြောရင်း အံကိုတင်းတင်းကြိတ် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်လေသည်။

ဆန်း ကွန်ပျူတာစာစီ
၁၂၆၊ မြိတ်လမ်း၊ တောင်ဒဂုံမြို့နယ်



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

တိုက်နယ်ဆေးရုံဖြစ်သော မြို့သစ်ဆေးရုံတွင် ပစ္စည်းကိရိယာစုံစုံလင်လင် မရှိ။

သို့သော် တာဝန်ရှိ ဆရာဝန်ဆရာမများက ဘထိုက်ကို အစွမ်းကုန် ကုသကြသည်။

ဘထိုက်ကို အရေးပေါ်ခွဲစိတ်ကုသကြသည်။ ရဲနောင်က ခွဲစိတ်ခန်းအပြင်ဘက်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ပြီး စိတ်လှုပ်ရှားစွာနှင့် ဘထိုက်၏အခြေအနေကို စောင့်ကြည့်သည်။





တစ်နာရီခွဲခန့်အကြာတွင် တစ်ကိုယ်လုံး ပတ်တီးများဖွေးဖွေးနှင့် ဖြစ်နေသော ဘထိုက်ကို ခွဲစိတ်ခန်းမှ ထုတ်ပြီး အထူးကုခန်းသို့ပို့သည်။ သွေးအထွက်များခဲ့သော ဘထိုက်အား သွေးသွင်းပေးထားသည်ကို တွေ့ရ၏။

"သူ့အခြေအနေ ဘယ်လိုရှိသလဲ ဒေါက်တာ၊ အသက်ရှင်ဖို့ လမ်းမှ ရှိရဲ့လား"

ခွဲစိတ်ဆရာဝန်က ရဲနောင်ကို အားပေးပြုံးပြုံးပြသည်။ ရဲနောင်၏ပခုံးကို ခပ်သာသာဆုပ်ကိုင်ပြီး . . .

"သူမသေနိုင်ပါဘူး . . မသေစေရဘူးလို့ ကျွန်တော် အာမခံပါတယ်၊ ခေါင်းပိုင်းကို ထိခိုက်ထားတာဆိုတော့ သတိရတစ်ချက် မရတစ်ချက် ဖြစ်နေလိမ့်မယ်၊ စကားမပြောနိုင်တာ မှတ်ဉာဏ်ချို့ယွင်းတာတွေ ဖြစ်နိုင်တယ်၊ အဲဒါတွေကိုတော့ စောင့်ကြည့်ရမှာပေါ့၊ သူ့အခြေအနေ နည်းနည်းလေးကောင်းလာတာနဲ့ ရန်ကုန်ကို ပို့တာကောင်းတယ်၊ ဟိုမှာက ပစ္စည်းကိရိယာပိုစုံတယ်၊ ဝါရင့်သမားတော်ကြီးတွေလည်း ရှိတယ်၊ ဒါနေ့စိတ်တကျ ကုသလိုက်ရင် သူဟာ ဒေါင်ဒေါင်မြည်ကျန်းမာတဲ့လူတစ်ယောက် ဖြစ်လာမှာပါ"

ရင်ထဲတွင် အေးမသွားသော်လည်း အနည်းငယ် စိတ်



www.burmeseclassic.com

www.burmeseclassic.com



သက်သာရာတော့ ရလာသည်။

ရဲနောင်က သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက်၏။

"ကျွန်တော် သူ့ကိုသွားတွေ့လို့ရမလား ဒေါက်တာ"

"တွေ့ပါ . . ရပါတယ်၊ ဒါပေမယ့် ခင်ဗျား ဘာမှ မေးနိုင်မှာလဲ မဟုတ်ဘူး . . သူက ဘာမှပြန်ပြောနိုင်မှာ မဟုတ်ဘူး . . သူ့အနားကိုရောက်ရင် အတတ်နိုင်ဆုံး ဘာမှမပြောဘဲ နေဖို့လိုပါတယ်"

"ဟုတ်ကဲ့ . . ကျွန်တော် သတိထားပါ့မယ် ဒေါက်တာ ကျွန်တော်မရှိရင်လဲ ဒီမှာ အစောင့်တစ်ယောက် ရှိနေမှဖြစ်မယ် အဲဒါကိုလည်း ခွင့်ပြုစေချင်ပါတယ်"

"ဟာ . . ဒါက ခင်ဗျားတို့ရဲ့တာဝန်ပိုင်းပဲ လုပ်ပါရပါတယ်၊ ကျွန်တော်တို့က ဆေးပဲကုပေးနိုင်တာ၊ ကျန်တဲ့ ကာကွယ်စောင့်ရှောက်မှုကိုတော့ ခင်ဗျားတို့လုပ်ရမှာပေါ့၊ လုပ်ပါ"

ခွဲစိတ်ဆရာဝန်က လိုလိုလားလား ပြောပြီး ရဲနောင်၏ ပခုံးကို တစ်ချက်ပုတ်ကာ နေရာမှခွာထွက်သွားသည်။

ရဲနောင်က ဘထိုက်အားစောင့်ရန် တာဝန်ကျသူကို ခေါင်းတစ်ချက်ညိတ်ပြပြီး သီးသန့်ခန်းသို့ဝင်သည်။

သီးသန့်ခန်းတွင် သတိလစ်နေဆဲဖြစ်သော ဘထိုက်





နှင့်အတူ သူနာပြုဆရာမတစ်ယောက် ရှိသည်။

ရဲနောင်က ဘထိုက်၏အခြေအနေကို ကြည့်ပြီး အခန်းထဲမှ ပြန်ထွက်သည်။ အပြင်တွင်ရှိနေသော အစောင့်က ရဲနောင်ကိုမြင်သည်နှင့် နေရာမှထရပ်သည်။

"ထိုင်ပါဗျာ . . သတိတော့ မလစ်စေနဲ့နော်၊ သူက သိပ်အရေးကြီးတယ် . . သူပြန်သတိရပြီဆိုတာနဲ့ စကားပြောဖို့ ကြိုးစားလိမ့်မယ်၊ သူဘာပြောချင်သလဲဆိုတာ သိအောင်ကြိုးစားပါ၊ သူပြောတာကို မှတ်သားထားပါ၊ ကျွန်တော် အပြင်မှာ သိပ်မကြာပါဘူး၊ ခဏနေရင် ပြန်ရောက်မှာပါ"

"ကိုဘထိုက်အတွက် စိတ်ချပါဆရာ . . သူက ကျွန်တော့်ကျေးဇူးရှင်ပါ၊ သူ့အတွက် ကျွန်တော် ဘာပဲလုပ်ရလုပ်ရ လုပ်ပေးဖို့ အဆင်သင့်ရှိပါတယ်၊ သူ့ကို ကျွန်တော် အသက်နဲ့ရင်းပြီး ကာကွယ်စောင့်ရှောက်ပါ့မယ်"

"ကျေးဇူးပါပဲ . . ကျွန်တော် ရုံးခွဲကို ခဏလေးပြန်မှာပါ၊ ရန်ကုန်နဲ့ ဆက်သွယ်ပြီးရင် ချက်ချင်း ပြန်လာခဲ့ပါမယ်၊ ဒီကြားထဲမှာ အကြောင်းတစ်ခုခုရှိလာခဲ့ရင် ကျွန်တော့်ကို ဆက်သွယ်လိုက်ပေါ့"

"ဟုတ်ကဲ့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ရဲနောင်က အစောင့်ကို လက်ပြပြီး နေရာမှခွာထွက်သည်။ သူက အထူးခန်းမှနေ၍ ပြင်ပလူနာဌာနသို့ လျှောက်ခဲ့သည်။ ထိုမှတဆင့် အပြင်ကိုထွက်လိုက်သည်။

အပြင်ဘက်တွင် ရပ်ထားသော ဆိုင်ကယ်ပေါ်သို့ တက်ကာ ဆိုင်ကယ်ကို စက်နှိုးမောင်းထွက်လိုက်သည်။

ဆိုင်ကယ်သည် တိုက်နယ်ပြည်သူ့ဆေးရုံမှနေ၍ ဥယျာဉ်လမ်းဆီသို့ အရှိန်ပြင်းပြင်းနှင့် ပြေးသည်။

ရဲနောင်က ဆိုင်ကယ်မောင်းနှင်နေရင်း သူတွေ့ကြုံခဲ့သည်များကို အပြန်ပြန်အလှန်လှန် စဉ်းစားသည်။

ကျားသစ်သည် သူလုပ်ချင်သည့်အလုပ်ကို အကွက်ဆင်ပြီး လုပ်တတ်ကြောင်း ဖွဲ့နဘဲကြီးသူ ဖြစ်ကြောင်းတို့ကို စဉ်းစားမိလာသည်။

သူသည် ကျားသစ်အကြောင်းကို စဉ်းစားရင်းနှင့် ဥယျာဉ်လမ်းသို့ရောက်သည်။

ဥယျာဉ်လမ်းတွင် နေထိုင်သူတို့မှာ ခြံကျယ်ကျယ်ဝင်းကျယ်ကျယ်နှင့် နေထိုင်တတ်ကြသည်။

ရဲနောင်က လမ်းအတွင်းရှိ ရေနံ့ဝနေသော သစ်သားအိမ်ရှိရာ ခြံဝင်းအတွင်းသို့ ဆိုင်ကယ်ကို စီးဝင်လိုက်သည်။ ပြီး





နောက် အိမ်ကြီးရှေ့တွင် ဆိုင်ကယ်ကို ထိုးရပ်လိုက်သည်။

ရဲနောင် ဆိုင်ကယ်ပေါ်မှဆင်းလိုက်သည်။ အဆောက်အဦးအတွင်းသို့ ခပ်သုတ်သုတ် လျှောက်ဝင်သည်။ အဆောက်အဦးအတွင်းရှိ စားပွဲကျယ်များတွင် စာရင်းဇယားဖြင့် အလုပ်ရှုပ်နေသူ၊ ကွန်ပျူတာဖြင့် အလုပ်ရှုပ်နေသူတို့ကို တွေ့ရသည်။ ရဲနောင်က ဆက်သွယ်ရေးစက်ခန်းထဲသို့ ဝင်လိုက်၏။

"အစ်ကိုကြီးရေ . . ရန်ကုန်ကို အရေးပေါ်ခေါ်ချင်တယ်"

အသက်လေးဆယ်ဝန်းကျင်သာ ရှိသေးသော်လည်း တစ်ခေါင်းလုံးရှိ ဆံပင်တွေ ဖွေးဖွေးလှုပ်အောင် ဖြူနေသည့် စက်ကိုင်က ရဲနောင်အား လှည့်ကြည့်ပြီး ခေါင်းညိတ်ပြသည်။

"ပြီးခဲ့တဲ့ နာရီဝက်က ရန်ကုန်နဲ့ ဆက်သွယ်သေးတယ်၊ ရန်ကုန်က ညီလေးနဲ့ပြောချင်တယ်ဆိုလို့ ညီလေးရဲ့ဖုံးနဲ့ လှမ်းချိတ်ပေးတာ . . ညီလေး ဖုံးပိတ်ထားတယ်နဲ့ တူတယ်"

"ဟုတ်တယ် . . အစ်ကိုကြီး၊ ကျွန်တော် ဆေးရုံရောက်နေလို့ ဖုံးကိုပိတ်ထားတာ၊ ဘာထိုက် ဒဏ်ရာရလို့ ဆေးရုံပို့ထားရတာ အစ်ကိုကြီး မသိသေးဘူးနဲ့တူတယ်"

"ဟင် . . ဟုတ်လား၊ အစ်ကိုက စက်နဲ့အလုပ်ရှုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တော့ မသိလိုက်ဘူး"

စက်ကိုင်က ရဲနောင်အား ရန်ကုန်နှင့်ဆက်သွယ်ပေးလိုက်သည်။

ရဲနောင်က ဘထိုက်၏ဖြစ်စဉ်ကို အစီရင်ခံလိုက်၏။

"ဘထိုက်ကို ပြန်ခေါ်ဖို့ ရန်ကုန်က တစ်ယောက်လွှတ်ပေးမယ်၊ မနက်ဖြန်ထိ တစ်ခြားတွေထားပြီး ဘထိုက်ရဲ့လုံခြုံရေးအတွက် တာဝန်ယူပါ"

ရန်ကုန်နှင့်ဆက်သွယ်ပြောဆိုအပြီးတွင် ရဲနောင်က ဌာနခွဲအဆောက်အဦးအတွင်းမှထွက်ကာ ဆေးရုံသို့ပြန်သည်။ သူ ဆေးရုံသို့ပြန်ရောက်ချိန်ထိ ဘထိုက်၏အခြေအနေမှာ မထူးခြားသေး၊ သတိလစ်မေ့မြောနေဆဲ ဖြစ်၏။

ရဲနောင်ရောက်နေစဉ် ဆေးရုံအုပ်ကြီး ဘထိုက်ကိုလာရောက်ကြည့်ရှုသည်။ လူနာ၏အခြေအနေ တိုးတက်မှုရှိသဖြင့် ကျေနပ်သွားဟန် ခေါင်းတဆတ်ဆတ်ညိတ်သည်။

"သူ့အခြေအနေက စိုးရိမ်ရတဲ့ အဆင့်ကို ကျော်သွားပါပြီ၊ ဒါပေမယ့် အကောင်းအတိုင်း ဖြစ်ဖို့အတွက် ဆေးရုံမှာ အကြာကြီးထားပြီး ကုရလိမ့်မယ်၊ မနက်ဖြန်ကျရင် လူနာကို ရန်ကုန်က လာခေါ်ပြီး အထူးကြပ်မတ်ကုသဆောင်မှာ





ထားပြီးကုသပေးလိမ့်မယ်၊ ဒီမှာရှိတုန်း လူနာရဲ့အခြေအနေ အခုထက်ပိုပြီး တိုးတက်ကောင်းမွန်လာအောင် လုပ်ကြပါ၊ နပ်စ်တစ်ယောက် သူ့အနားမှာ အမြဲထားပေးပါ"

ဆေးရုံအုပ်ကြီးက သူနှင့်အတူ ပါလာသော လက်ထောက်ဆရာဝန်ကို လှမ်းပြောသည်။ ထို့နောက် ရဲနောင်ဘက်သို့လှည့်လိုက်၏။

"ခင်ဗျားက ကိုရဲနောင်နော်"

"ဟုတ်ပါတယ် ဆရာကြီး ကျွန်တော်ရဲနောင်ပါ"

"အစောင့်တစ်ယောက်အပြင် ခင်ဗျားကိုယ်တိုင်လည်း ဒီမှာနေပေးပါ၊ ဒီအခန်းက သီးသန့်ဖြစ်နေတဲ့အတွက် ခင်ဗျား လွတ်လွတ်လပ်လပ် နေလို့ရပါတယ်'

"ဒါက ရန်ကုန်က ညွှန်ကြားတာလား ဆရာကြီး"

"ဟုတ်ပါတယ် . . လိုအပ်တာရှိရင် ပြောပါ၊ အမှုထမ်းတွေက လုပ်ပေးနိုင်တာမဟုတ်ရင် ကျွန်တော်နဲ့တိုက်ရိုက် ဆက်သွယ်ပြီးပြောပါ"

"ဟုတ်ကဲ့ . . ကျေးဇူးတင်ပါတယ် ဆရာကြီး"

ဆေးရုံအုပ်ကြီး ပြန်ထွက်သွားသည်နှင့် ရဲနောင်က သီးသန့်ရှိ အခန်းပိုသို့ဝင်လိုက်သည်။ ဘထိုက်ရှိနေသည့်အခန်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် နံရံကာခံချုပ်ခြားသော အခန်းထဲတွင်ထိုင်ပြီး စီးကရက်တစ်လိပ်ကို မီးညှိသည်။ ထိုအချိန်မှာပင် ဆဲလူလာဖုန်းက အသံမြည်လာသည်။

ရဲနောင်က ဖုန်းကိုထုတ်ယူ နားထောင်ရင်း ထူးသံပြုလိုက်သည်။

"ဟုတ်ကဲ့ . . အမိန့်ရှိပါ၊ ရဲနောင် ပြောနေပါတယ်"

"ဟင်း . . ဟင်း . . ဟင်း စုံထောက်ကြီးက လူနာစောင့်နေတယ်ပေါ့ ဟုတ်လား၊ တစ်သက်လုံး လူကောင်းမဖြစ်နိုင်တော့တဲ့ ဘထိုက်ဒေ ဟွက် စိတ်မကောင်းဖြစ်မိလို့ ဝမ်းနည်းစကားပြောရအောင် ဖုန်းဆက်လိုက်တာ"

ရဲနောင်၏ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းသွားသလို ခံမိသည်။ သူ၏မျက်လုံးအစုံမှာ အမုန်းမီးလျှံဖြင့် အရောင်တဖျပ်ဖျပ်လက်လာ၏။

"အပိုတွေပြောနေမယ့်အစား မင်း အဓိကပြောချင်တာကို ပြောလိုက်စမ်းပါ"

"အဟင်း ဟင်း . . စုံထောက်ကြီးက သိစိတ်စောလှတာကိုး . . ဖြည်းဖြည်းပေါ့၊ မင်းအလှည့်ရောက်မှာကိုစောင့်ရင်း ခပ်အေးအေး နေလိုက်စမ်းပါ"





"ဘာ . . ငါ့အလှည့်ဟုတ်လား . . မင်းက ငါ့ကိုခြိမ်းခြောက်နေတာလား"

"ခြိမ်းခြောက်တာ မဟုတ်ပါဘူး၊ အသိပေးတာပါ . . မင်းက ငါ့လမ်းကြောင်းပေါ်မှာ ရှုပ်နေတာဆိုတော့ မင်းကို ရှင်းဖို့ ငါ့မှာ တာဝန်ရှိတယ်လေ"

ရဲနောင်၏ရင်ထဲတွင် ဒေါသမီးတွေ ဟုန်းခနဲထတောက်သည်။ သူက လက်ထဲမှဖုန်းကို ဖိချေနေသည့်ပမာ တင်းတင်းကြီးဆုပ်လိုက်၏။

"ငါ အခု ဆေးရုံမှာ ရှိနေတယ်၊ မင်း ရှင်းချင်တယ်ဆိုရင် လာခဲ့ပါ၊ ငါမင်းကို အဆင်သင့်စောင့်ကြိုနေပါ့မယ်"

"ဟင်း . . ဟင်း . . ဟင်း ငါလာမှာပါ၊ ဒါပေမယ့် မင်းလာခိုင်းတဲ့အချိန်မှာတော့ မလာဘူး . . ငါလာချင်တဲ့အချိန်မှ လာမယ် . . အခုအချိန်ကစပြီး မင်း ငါနဲ့ရင်ဆိုင်ဖို့ပြင်ထားပေါ့ ဟုတ်ပြီလား . . ကျားသစ်က ပိုင်မှလုပ်တတ်တယ် ရဲနောင်ရဲ့ လုပ်တယ်"

တစ်ဖက်မှ ဖုန်းအဆက်အသွယ် ဖြတ်သွားသည်။ ရဲနောင်က သူ့လက်ထဲမှဖုန်းကို ပိတ်သိမ်းလိုက်၏။ ပြီး လက်ထဲမှ စီးကရက်ကို သဲသဲမဲမဲ ဖွာရှိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေနှင့်ဦးပေါ့ကွာ . . မျက်နှာချင်းဆိုင်မိတဲ့အခါကျမှ ငါ မင်းကို စိစိညက်ညက်ကျေအောင် ချေပစ်လိုက်မယ်"

ရဲနောင်က လက်ထဲမှ စီးကရက်တိုကို ငြိမ်းသတ်လိုက်သည်။

အနားတွင် တစ်စုံတစ်ယောက် ရှိနေသလို စိတ်က ခံစားရသဖြင့် သူသည် တစ်ဖက်ခန်းသို့ ကူးသည့်တံခါးဆီသို့ လှမ်းကြည့်သည်။ တံခါးဝတွင် သူနာပြုဆရာမ ရပ်နေသည်ကို တွေ့ရ၏။

"လူနာ သတိရလာပြီ၊ သူက စကားပြောချင်ပုံရလို့ ကျွန်မ လာပြောတာပါ"

"အော် . . ဟုတ်ကဲ့"

ရဲနောင် နေရာမှ ထလိုက်သည်။ သူသည် သူနာပြုဆရာမနောက်မှလိုက်ပြီး တစ်ဖက်ခန်းသို့ကူးသည်။

ခုတင်ပေါ်တွင် ပတ်တီးအဖွေးသားနှင့် လဲလျောင်းနေသော ဘထိုက်အနီးသို့ ချဉ်းကပ်သည်။

ဘထိုက်က အားနည်းဖျော့တော့သော မျက်လုံးအစုံဖြင့် သူ့အားကြည့်နေသည်ကို တွေ့ရ၏။

"ဘထိုက် . . မင်း သတိရပြီနော်၊ မင်း တစ်ခုခုပြော





ချင်နေသလား ပြောချင်ရင် ပြောလေ"

ဘထိုက်က တစ်စုံတစ်ရာ ပြောသည်။ နှုတ်ခမ်းလှုပ်သွားတာကို မြင်သော်လည်း အသံကိုမကြားရ။ ရဲနောင်က ဘထိုက်၏မျက်နှာအနားသို့ ကပ်လိုက်သည်။

"မင်းပြောချင်တာကို ဖြည်းဖြည်းပြော၊ အသံမထွက်ဘူးဆိုပြီး သိပ်အားမစိုက်နဲ့ . . မင်းနှုတ်ခမ်းလှုပ်တာကိုကြည့်ပြီး ငါ အဓိပ္ပါယ်ဖော်မယ်"

ဘထိုက် နှုတ်ခမ်းလှုပ်သွားသည်။

"လူနှစ်ယောက် . . ဟုတ်တယ်နော်၊ လူနှစ်ယောက် စိုးမောင်နဲ့ တိုးမောင် . . မဟုတ်ဘူးလား ပြန်ပြော"

"တိုး . . မောင် . . . စိုး . . မောင်"

ဘထိုက်၏နှုတ်ခမ်းနှစ်လွှာကြားမှ အသံတိုးတိုးလေး ထွက်လာသည်။

"ဟုတ်ပြီ . . တိုးမောင်နဲ့ စိုးမောင်"

ဘထိုက်က သူပြောချင်ရာကို မပြောနိုင်သဖြင့် အားမလိုအားမရ ဖြစ်ဟန်နေရာမှ ကုန်းထသည်။

"ဟာ . . ဟော့ . . ဟော့ . . မထနဲ့နော်၊ မထနဲ့"

ဘထိုက် နေရာမှ မထနိုင်၊ ခေါင်းကိုကြွရန် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ရာမှ ခေါင်းပြန်ကျသွားသည်။ ပြီးနောက် သူ့မျက်လုံးအစုံ
မှိတ်ငြိမ်သက်သွား၏။

"ဟင် . . ဆရာမ ဘထိုက်ကို ကြည့်ပါဦး"

"စိတ်မပူပါနဲ့ . . သူအိပ်ပျော်သွားတာပါ၊ စကား
ဖို့ ကြိုးစားရတာနဲ့ မောပြီး အိပ်ပျော်သွားတာ"

ရဲနောင် သက်ပြင်းချရင်း ခေါင်းညိတ်ပြလိုက်သ
သူ၏နားထဲတွင် တိုးမောင်၊ စိုးမောင်၏အမည်တွေ ပဲ့တင်
နေသည်။

သူ့ရင်ထဲတွင် မုန်တိုင်းတစ်ခု ဝင်မွှေသည့်ပမာ
ရှားနေလေ၏။

## အခန်း (၁၄)

"သူတို့နာမည်က တိုးမောင်နဲ့ စိုးမောင်တဲ့ . . ခင်ဗျား
ဆီမှာ ဒီလူနှစ်ယောက်ရဲ့ မှတ်တမ်းရှိသလား၊ မရှိရင် ရှန်
နှုံကို လှမ်းတောင်းပါ"

ရဲနောင်က မိုင်းခတ်ဌာနခွဲ တာဝန်ခံကို တည်ငြိမ်အေး
ဆေးသော အမူအရာနှင့် ပြောသည်။

သူ့ရင်ထဲတွင် မွှေနှောက်နေသည့် မုန်တိုင်းအရှိန်က
ပြင်းလွန်းသဖြင့် သူ့မှာ ပြုံးရန်ကိုပင် မေ့နေသကဲ့သို့ ရှိသည်။

"ကျွန်တော်တို့မှာ ဒီလူနှစ်ယောက်နဲ့ ပတ်သက်ပြီး မှတ်

www.burmeseclassic.com

www.burmeseclassic.com



တမ်းရှိမရှိဆိုတာ မှတ်တမ်းဌာနကို မေးပါ့မယ်၊ ဒီမှာ မှတ်တမ်း မရှိရင်လဲ ရန်ကုန်ကို ချက်ချင်းလှမ်းပြီး တောင်းလိုက်ပါ့မယ်

ဌာနခွဲတာဝန်ခံက မှတ်တမ်းဌာနသို့ ချက်ချင်းဆ သွယ်သည်။ ရဲနောင်က တာဝန်ခံရှေ့မှခွာပြီး သူ့အတွက်သ မှတ်ပေးထားသည့် စားပွဲတွင်ဝင်ထိုင်သည်။

ထိုင်ရင်း ဘထိုက်အကြောင်းကို စဉ်းစား၏။

ဘထိုက်ပါသွားသည့် ရဟတ်ယာဉ်မှာ ယခုအချိန် ရန်ကုန်သို့ရောက်နေလောက်ပြီ၊ လုံခြုံစိတ်ချရသော နေရာ ဘထိုက်၏ဝေဒနာကို ပျောက်ကင်းသက်သာအောင် ကုသ ပါစေဟု ဆုတောင်းနေမိ၏။

ရဲနောင်သည် ဘထိုက်အကြောင်းကို စဉ်းစားနေ တစ်စုံတစ်ယောက်က ဖုန်းခေါ်သဖြင့် ဖုန်းနားထောင်သည်။

"ဆရာ . . ရဲနောင်နော်"

"ဟုတ်ပါတယ် ကျွန်တော် ရဲနောင်ပါ . . ခင်ဗျား ဘယ်သူလဲ"

"ဖိုးစိပါ ဆရာ . . ကျွန်တော် ဟိုကိစ္စကို ပြောချင်လို့"

"အင်း . . ပြော"

"ဟာ . . ဆရာကလည်း ဒီလိုပြောလို့ ဘယ်ဖြစ်ပါ



း ကျွန်တော်တို့ တစ်နေရာမှာတွေ့ပြီး ပြောကြမှဖြစ်မှာပေါ့"

"ဒါဆိုရင်လဲ ဘယ်ကိုလာရမယ်ဆိုတာ ပြောဗျာ"

"ကျင်းစိန် အရက်ဆိုင်ကို လာခဲ့ပါ ဆရာ"

"အဲဒီအရက်ဆိုင်က ဘယ်မှာလဲ"

"ဈေးအရှေ့ဘက် ရွှေညောင်ပင်လမ်းပေါ်မှာပါ၊ ဒီ အရက်ဆိုင်ပိုင်ရှင်အပေါ် ကျွန်တော် ကျေးဇူးပြုဖူးထားတာရှိ တော့ သူက ကျွန်တော့်ကိုနေဖို့ နေရာပေးထားတယ်၊ အရက် ဆိုင်အပေါ်ထပ်က အခန်းမှာ ကျွန်တော် ရှိနေပါ့မယ် ဆရာ"

"ခင်ဗျား အခု ဘယ်ကနေ ဆက်နေတာလဲ"

"ကျင်းစိမ်းဆိုင်ကပေါ့ . . ကျွန်တော် ဖုန်းပြောပြီးတာနဲ့ အပေါ်ထပ်တက်ပြီး စောင့်နေပါ့မယ်၊ ဆရာလာတဲ့အခါ အရက် ဆိုင်ဘေး လှေကားကနေ တက်လာခဲ့ . . ကျွန်တော့်အခန်းကို ရောက်ပါတယ်"

ရဲနောင် တွေခနဲဖြစ်သွားသည်။ ပြီးမှ ဖိုးစိနှင့် မဖြစ် နေ တွေ့ရမည်ဟု ဆုံးဖြတ်လိုက်လေသည်။

"ကောင်းပြီလေ . . ကျွန်တော် ခုချက်ချင်း လာခဲ့မယ် ခင်ဗျား စောင့်နေပါ"

"ဟုတ်ကဲ့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ရဲနောင်က ဖုံးကိုချလိုက်သည်။ ထိုအချိန်မှာပင် ဌာနခွဲတာဝန်ခံက ရဲနောင်၏စားပွဲရှေ့တွင် လာရပ်သည်။

"ကျွန်တော်တို့ဆီမှာ ကိုရဲနောင် ပြောတဲ့လူနှစ်ယောက်ရဲ့မှတ်တမ်း မရှိပါဘူး၊ ဒါကြောင့် ရန်ကုန်ကို လှမ်းတောင်းလိုက်တယ် . . နာရီဝက်အတွင်းမှာ သိချင်တာကို သိရပါလိမ့်မယ်"

"ရန်ကုန်က အကြောင်းပြန်တာကို ခင်ဗျားစောင့်နားထောင်ထားလိုက်ဗျာ၊ ကျွန်တော် ဈေးအရှေ့ဘက်က ကျင်းစိမ်းအရက်ဆိုင်ကို ခဏသွားချင်တယ် . . ကျွန်တော့်ကို ကားနဲ့ပို့ပေးဖို့ လုပ်ပါဗျာ"

"ရပါတယ် ကိုရဲနောင် . . ကျွန်တော့်လူတစ်ယောက် ကားနဲ့လိုက်ပို့ပါလိမ့်မယ်၊ ကျင်းစိမ်းအရက်ဆိုင်က နာမည်ပျက်တော့ မရှိပါဘူး၊ ကျင်းစိမ်းကက အပြစ်ဖြစ်မှာကို ကြောက်တတ်တော့ သူ့ဆိုင်မှာ ဘာပြဿနာမှ အဖြစ်မခံဘူး"

ဌာနခွဲတာဝန်ခံက ယာဉ်မောင်း မောင်ချန်ကို ခေါ်ပြီး ရဲနောင်အား လိုက်ပို့ပေးရန် စီစဉ်ညွှန်ကြားသည်။

မောင်ချန်မှာ ပါးနပ်ထက်မြက်ပုံရသည်ကို ရဲနောင် သတိပြုမိ၏။

"မောင်ချန် မင်းက ကားမောင်းပို့ပေးရုံ သက်သက်





ရမှာ မဟုတ်ဘူးနော် . . ကိုရဲနောင်ရဲ့ အကူအဖြစ် လိုက်"

မောင်ချန်က နားလည်သဘောပေါက်ဟန် ခေါင်းကို သာစွာ ညိတ်ပြသည်။ ရဲနောင်က နေရာမှထပြီး မောင်ချန် တူ အပြင်ကိုထွက်လိုက်၏။

အပြင်ဘက်တွင် ရှေးကျပောင်းနွမ်းနေပြီဖြစ်သော ားတစ်စီး ရပ်ထားသည်။

မောင်ချန်က ဆေးတွေကွာပြီး ကားဟောင်းတစ်စီးပုံ ါနေသော ဂျစ်ကားပေါ်သို့ တက်လိုက်သည်။ ရဲနောင်က ခန်းတွင် ဝင်ထိုင်လိုက်၏။

"ကျွန်တော့်ကားက အပြင်မှာတော့ ခပ်စုတ်စုတ် ပါပဲ ဒါပေမယ့် စက်ကို အစွမ်းကုန်သထားလို့ သုံးကြည့်ရင် ိုးကို သိပါတယ် ဆရာ"

မောင်ချန်က ခပ်ကြွားကြွားပြောရင်း ကားကိုစက်နှိုး ထွက်လိုက်သည်။

ရဲနောင်က စက်သံညက်ညက်နှင့် ပြေးနေသည့်ကား တွင် ထိုင်လိုက်ရင်း စီးကရက်သောက်ချင်စိတ် ပေါ်လာ အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးလိပ်သောက်မလား မောင်ချန်"

"ကျွန်တော် ဆေးလိပ်မသောက်ဘူး ဆရာ၊ ကျွန်တော်က ကွမ်းသမား၊ နိုင်တီတူးနဲ့ ကွမ်းတစ်ယာလောက် ငုံထားရရင် ကျွန်တော့်အတွက် တစ်ခြား ဘာမှမလိုတော့လောက်အောင် ပြည့်စုံနေတတ်ပါတယ်"

ရဲနောင်က စကားပြောကောင်းသော မောင်ချန်အား ကြည့်ရင်း ပြုံးလိုက်သည်။ ပြီး ဘူးထဲမှထုတ်ယူထားသည့် စီးကရက်ကို မီးညှိလိုက်သည်။

"ကျောင်းစိမ်းဆိုင်မှာ တစ်ယောက်ယောက်နဲ့ တွေ့ဖို့ရှိသလား ဆရာ"

"ဆိုင်အပေါ်ထပ်မှာနေတဲ့ ဖိုးစိန်နဲ့ သွားတွေ့မလို့ပါ"

"အော် . . ဖိုးစိန်နဲ့သွားတွေ့မှာကိုး၊ ဒီကောင်က ကျွန်တော့်သူငယ်ချင်းပါ၊ ဘိန်းပုန်းစားမိတာနဲ့ လမ်းမှားကိုရောက်သွားသေးတယ် . . အခုတော့ ဘိန်းပြတ်နေပြီကြားတာပဲ၊ ဒီကောင် မဟုတ်တာတော့ မလုပ်တော့ပါဘူး၊ ဒီကောင်က သတင်းတော့စုံတယ် ဆရာ"

"ကိုယ် အခု သူနဲ့သွားတွေ့မှာက လူတစ်ယောက်နဲ့ ပတ်သက်ပြီး သိချင်တာလေးတွေ ရှိလို့ပါ"



မောင်ချန် မောင်းလာသည့် ဂျစ်ကား ဈေးအရှေ့ဘက်သို့ရောက်လာသည်။ မောင်ချန်က တရုတ်စားသောက်ဆိုင်တစ်ဆိုင်၏ဘေးတွင် ကားကိုထိုးရပ်လိုက်သည်။

"ဖိုးစိန်က ဒီအပေါ်မှာ နေတယ် ဆရာ"

ရဲနောင် ခေါင်းညိတ်ပြလိုက်၏။

"ကိုယ် အပေါ်ကိုတက်မယ်၊ နည်းနည်းတော့ သတိထားနော် မောင်ချန်၊ ဖိုးစိန်က ကိုယ့်ကိုခေါ်တွေ့တာဟာ ထောင်ချောက်ဆင်တာ ဖြစ်ချင်ဖြစ်မယ်၊ သတိမထားလို့ မရဘူး"

"စိတ်ချပါ ဆရာ . . ကျွန်တော် သတိရှိရှိနဲ့ နေပါ့မယ်"

ရဲနောင်က ပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက်ဝေ့ကြည့်ပြီး ကားပေါ်မှ ဆင်းသည်။ ပြီး စားသောက်ဆိုင်၏ ဘေးလှေကားကိုကြည့်ပြီး ကားပေါ်မှဆင်းသည်။

စားသောက်ဆိုင်၏ ဘေးလှေကားမှနေ၍ အပေါ်ထပ်သို့တက်ခဲ့သည်။ လှေကားက စားသောက်ဆိုင်ရှေ့ဘက်ခြမ်းရှိ ဝရံတာတွင်ဆုံးသည်။

ဝရံတာမှာ အခန်းကူးလမ်းဖြစ်သည်။ အပေါ်ထပ်တွင် အခန်းလေးခန်းရှိသည့်အနက် သုံးခန်းကတော့ သော့ပိတ်ထားပြီး၊ အစွန်ဆုံးအခန်းမှာ တံခါးပွင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲနောင်က တံခါးပွင့်နေသည့် အခန်းသို့လျှောက်ခဲ့သည်။ အခန်းရှေ့သို့အရောက်တွင် ခါးကြားမှ သေနတ်ပေါ်လက်တင်ရင်း အတွင်းသို့ကြည့်လိုက်၏။

"ဖိုးစီ"

ရဲနောင်က ခပ်တိုးတိုးခေါ်လိုက်သည်နှင့် အတွင်းဘက်မှ လှုပ်ရှားသံကိုကြားရပြီး ဖိုးစီ မြင်ကွင်းထဲသို့ ဝင်လာသည်။

"လာပါ ဆရာ . . အထဲကိုဝင်ပါ၊ ကျွန်တော့်အခန်းက လုံခြုံစိတ်ချရပါတယ်"

ရဲနောင်က အခန်းထဲသို့ဝင်လိုက်၏။ ဖိုးစီနေရာမှာ ခွာပြီး တံခါးကိုလာပိတ်သည်။ ပြီး ရဲနောင်အား ပလတ်စတစ်ခုံနှစ်လုံး ချထားသည့် စားပွဲဆီသို့ ဦးဆောင်ခေါ်သွား၏။

"ထိုင်ပါ ဆရာ . . ကျွန်တော် ဆရာရှိနေတဲ့နေရာကို မလာတဲ့အတွက် ခွင့်လွှတ်ပါ၊ ဆရာရှိတဲ့နေရာကို ကျွန်တော်လာရင် လူတွေကို ကြေညာသလို ဖြစ်သွားမှာစိုးလို့ပါ"

"ရပါတယ် ခင်ဗျားပဲ လာလာ၊ ကျွန်တော်ကပဲ လာလာ အရေးကြီးတာက သတင်းစကားပဲ . . ခင်ဗျား ဘာတွေသိလာရပြီလဲ"

ရဲနောင်က သူနှင့်မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်သော





ဒီကို လှမ်းကြည့်ရင်းမှ မေးသည်။ ဖိုးစီက သူ့အိတ်ထဲမှ ဓာတ်ပုံတစ်ပုံကို ထုတ်ပြီး ရဲနောင်အားလှမ်းပေးသည်။

"အဲဒါ တိုးမောင်နဲ့ စိုးမောင်တို့ ညီအစ်ကိုရဲ့ပုံပဲ၊ စိုးမောင်က ခပ်ပေါပေါ ခင်ချာချာ၊ စိတ်သိပ်မမှန်ဘူး . . ပန်းချီပုအလုပ်ကို ကျွမ်းကျင်တယ်၊ တိုးမောင်က နာမည်ကြီးကြီးစားပဲ၊ မိုးနဲ့ဓာတိ . . ငယ်ငယ်ကတည်းက ဆိုးတာ၊ သူ့နေ နောက်အိမ်ထောင်ပြုတာကို မကျေနပ်လို့ ပထွေးကို ညီအစ်ကိုနှစ်ယောက် ဝိုင်းရိုက်ပြီး အိမ်ကနေ ထွက်ပြေးကြတယ်။ သူတို့အမေက သူတို့ငယ်ငယ်လေးကတည်းက ဆုံးသွားခဲ့တယ်"

ရဲနောင်က ဓာတ်ပုံကို စူးစူးစိုက်စိုက်ကြည့်ရင်း ခေါင်းညိတ်ပြသည်။

"တိုးမောင်က ခပ်ဆိုးဆိုး ခပ်တေတေတွေပေမယ့် သူ့ညီကိုကိုတော့ သိပ်ချစ်တယ်၊ လွန်ခဲ့တဲ့ သုံးနှစ်က သူတို့အမေ ဆုံးသွားခဲ့တယ်၊ အမေ့အသုဘကိုလာပြီး သူတို့ညီအစ်ကိုနှစ်ယောက် ပျောက်သွားခဲ့တယ်၊ ပြီးခဲ့တဲ့သုံးနှစ်က နယ်စပ်မှာ သူတို့လှုပ်ရှားခဲ့တယ်၊ ဒီကို ရောက်တာ သိပ်ကြာသေးပုံ မရဘူး၊ သူတို့နောက်မှာ ငွေကြေးတောင့်တင်းတဲ့ လူတစ်ယောက်ရှိပုံရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူက တစ်ယောက်ယောက်အတွက် အလုပ်လုပ်နေ နေတယ်ဆိုတာတော့ သိသာပါတယ်၊ ဒီမြို့မှာ သူခိုအောင်းနေ တဲ့နေရာတစ်ခုတော့ ရှိပါလိမ့်မယ်"

ဖိုးစီ ပြုံးလိုက်သည်။

"ရှိတာပေါ့ ဆရာ . . သူက မြို့ပေါ်မှာဆိုရင် မောရွှေ လီ စားသောက်ဆိုင်က နှင်းနုဆီမှာ ခိုနေတယ်၊ ဒါကလည်း တစ်ခါတစ်လေမှပါ၊ အများအားဖြင့်တော့ သူက သူ့နေရာဖြစ် တဲ့ လှိုင်ဆွတ်ရိုးမှာ နေတယ်၊ အဲဒီမှာ ရေတံခွန်တစ်ခု ရှိတယ် သူနေတဲ့နေရာက ရေတံခွန်ပတ်ဝန်းကျင်မှာပဲ"

ဖိုးစီ၏စကားကို အကြားတွင် ရဲနောင် စိတ်လှုပ်ရှား သွားသည်။

"ဒါ . . သေချာတယ်နော်"

"သေချာပါတယ် ဆရာ၊ ကျွန်တော်ကိုယ်တိုင် နှင်းနု ကို နောက်ယောင်ခံလိုက်ကြည့်ပြီး သိလာတာပါ၊ နှင်းနုဟာ လှိုင်ဆွတ်ရိုးရေတံခွန်နားမှာ ပျောက်သွားခဲ့တယ်။ ကျွန်တော် သူ့ကို တောထဲဝင်ပြီး ရှာရင်တွေ့မှာပဲ၊ ဒါပေမယ့် အဲဒီအတွက် ကျွန်တော့်အသက်နဲ့ ရင်းရမှာ သေချာတယ်၊ ဒါကြောင့် ကျွန် တော် ဆက်မလိုက်ဘဲ ပြန်လာပြီး ဆရာနဲ့ဆက်သွယ်တာပါ"





"သူနဲ့အနီးကပ်ဆုံး နေတာက သူ့အစ်ကိုရယ် . . ပြီး တော့ နှင်းနုရယ်ပေါ့နော်"

"ဟုတ်တယ် ဆရာ . . တိုးမောင်က ဒီနှစ်ယောက်ကို ယုံကြည်ရှိတယ်၊ ဒီလောကမှာ သူ့အတွက် အရေးအပါဆုံး က သူ့အစ်ကို စိုးမောင်နဲ့ နှင်းနုပဲ"

"နှင်းနုအကြောင်း ပြောပါဦး"

"နှင်းနုက မိမရှိ ဖမရှိ မိန်းကလေးတစ်ယောက်ပါ၊ မောရွှေလီစားသောက်ဆိုင်မှာ သီချင်းဆိုနေတာ ကြာပါပြီ၊ ကောင်မလေး ဆယ်တန်းအောင်တော့ သူ့မိဘတွေ ဆုံးသွား တယ်၊ အဲဒီမှာ သူ့အဖေရဲ့မိတ်ဆွေဟောင်းဖြစ်တဲ့ မောရွှေလီ စားသောက်ဆိုင်ပိုင်ရှင်က နှင်းနုကိုခေါ်ပြီး အလုပ်ပေးထား တယ်၊ နှင်းနုဟာ စားသောက်ဆိုင်မှာ သီချင်းဆိုရုံတင်မကဘူး စားသောက်ဆိုင်ကိုလည်း ပိုင်ရှင်ကိုယ်စား တာဝန်ယူအုပ်ချုပ် ရတယ်"

"အဲဒီဆိုင်ပိုင်ရှင်က ဘယ်သူလဲ"

"ဦးစိတ္တပါ . . ဒီမြို့ရဲ့မြို့မျက်နှာဖုံးလို့ ပြောရမှာပေါ့၊ ခွဲရုံလုပ်ငန်း၊ အဝေးပြေးကားလိုင်း၊ စားသောက်ဆိုင်လုပ်ငန်း စတဲ့လုပ်ငန်းတော်တော်များများ ပိုင်တယ်၊ တစ်ချို့က နှင်းနု

www.burmeseclassic.com

www.burmeseclassic.com



ဟာ ဦးစိတ္တရဲ့အငယ်အနှောင်းလို့ ပြောကြတယ်။ အမှန်တော့ မဟုတ်ပါဘူး . . ဦးစိတ္တဟာ မိန်းမကိစ္စ အရှုပ်အရှင်း မရှိတဲ့ လူပါ"

"ခင်ဗျားသိတာ ဒါအကုန်ပဲလား ကိုဖိုးစီ"

"ဟုတ်ပါတယ် ဆရာ"

"တကယ်လို့ ကျွန်တော်တို့ လှိုင်ဆွတ်ရိုး ရေတံခွန်ကို သွားရှာမယ်ဆိုရင် ခင်ဗျား လိုက်ပို့နိုင်မလား"

"လိုက်ပို့ပါ့မယ် ဆရာ၊ သွားချင်တဲ့ရက်ကိုသာပြော ကျွန်တော် အဆင်သင့်ပါပဲ"

## အခန်း (၁၅)

"ဖိုးစီဆီက သိထားတာတွေရယ်၊ ရန်ကုန်ကနေပို့လိုက်တဲ့ မှတ်တမ်းအရရယ် ဆိုရင်တော့ တိုးမောင်ဟာ သိပ်ကြောက်စရာကောင်းတဲ့ အရူးတစ်ယောက်ပဲ၊ အရူးဆိုတာ လွယ်လွယ်ကူကူပြောလိုက်တာ၊ အမှန်တော့ သူဟာ စိတ္တဇဝေဒနာရှင်တစ်ယောက်ပဲ၊ သူ့စိတ်ဓာတ်က သိပ်ပြင်းထန်တယ်၊ အစွန်းရောက်နေတယ်၊ သူ့မှာ အကြောက်အလန့် မရှိဘူး ကိုခင်ဝင်း"

"ထူးခြားတဲ့ ခုစရိုက်သမား၊ ကြောက်စရာကောင်းတဲ့ ရာဇဝတ်ကောင်တွေကို ကျွန်တော်အများကြီး တွေ့ခဲ့ဖူးပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ကိုရဲနောင် . . နောက်ဆုံးတော့ သူတို့ဟာ တရားဥပဒေက ဆေးတဲ့ အပြစ်ကို ခံရတာချည်းပါပဲ”

ရဲနောင်က ခင်ဝင်းကိုကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

“ဒါတော့ ဟုတ်ပါတယ်၊ သူတို့ဟာ စည်းအပြင်က လူတွေလေ၊ အတွင်းစည်းကလူကို ဘယ်ယှဉ်နိုင်ပါ့မလဲ . . အစွန်းရောက်တဲ့လူ၊ ထက်မြက်တဲ့လူတွေနဲ့ တွေ့တဲ့အခါကျ ကျွန်တော်တို့ဘက်က ပေးဆပ်ရတာတွေ ရှိတယ်၊ အခု တိုးမောင်နောက်ကို လိုက်တဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ အများကြီးပေးဆပ်ရတာမျိုး မဖြစ်အောင် သတိထားရမယ်၊ သူတို့အတွက် ပေးဆပ်ရအောင် ကျွန်တော့တို့လူတွေက တန်ဖိုးမရှိတဲ့လူတွေမှ မဟုတ်ဘဲ”

ခင်ဝင်းက ရဲနောင်၏စကားကို သဘောတူဟန်ဖြင့် ခေါင်းညိတ်သည်။ ရဲနောင်က စားပွဲပေါ်ဖြန့်တင်ထားသော ဒေသမြေပုံကို ကြည့်လိုက်၏။

“လွိုင်ဆွတ်ရိုးက ဒီနေရာနော် . . ရေတံခွန်က ဒီဘက်မှာ ဟုတ်တယ် မဟုတ်လား”

“ဟုတ်ပါတယ် ဒီပတ်ဝန်းကျင်မှာ သဘာဝလိုဏ်ဂူတွေ ရှိတယ်လို့ ကျွန်တော်တို့ရဲ့ လမ်းပြကြီး ဦးစိုင်းလုံက ပြော



ယ်၊ ဖိုးစီက နှင်းနုနောက်ကို လိုက်ရင်း တောင်ခြေထိအောင် ောက်ဖူးခဲ့တယ်လို့ ပြောတယ်နော်၊ နှင်းနုက ရေတံခွန်ဘေးက ျောက်တုံးတွေကြားထဲ ဖြတ်ဝင်သွားတယ်ဆိုတော့ ရေတံခွန်ီးတဲ့ နေရာမှာ တိုးမောင်တို့ ခိုအောင်းနေမယ်လို့ ကျွန်တော် င်တယ်”

ရဲနောင် ခေါင်းညိတ်လိုက်၏။

“ကျွန်တော်တို့ မနက်ဖြန်မနက် ဒီကနေထွက်မယ်၊ ီအစဉ်အသေးစိတ်ကို ဦးစိုင်းလုံနဲ့တိုင်ပင်ပြီး လုပ်တာပေါ့”

“ဖိုးစီကို ထားခဲ့လို့ မဖြစ်ဘူးလား”

“ဖြစ်ပါတယ် . . ဦးစိုင်းလုံလို မုဆိုးကျော်ကြီးတစ်ာက်လုံး လမ်းပြအဖြစ် ပါနေမှတော့ လမ်းပြဖို့ နောက်တစ်ာက် မလိုတော့ပါဘူး၊ ခင်ဗျားက ဖိုးစီကို စိတ်မချလို့ ထားင်တာလား”

“စိတ်မချလို့ မဟုတ်ပါဘူး၊ သူ့ကို အန္တရာယ်မများ စေင်လို့ပါ၊ ဒီခရီးမျိုးကို လိုက်တယ်ဆိုတာ သူ့ကိုယ်တိုင် လိုလိုးလား ရှိမှကောင်းတာ”

ရဲနောင်က မြေပုံကို လက်ထောက်ပြီးကြည့်နေရာမှ င်ခုံတွင် ထိုင်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ဝင်းကလည်း ရဲနောင်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်
လိုက်၏။

"ဖိုးစီကိုယ်တိုင်က ဒီခရီးကို သူလိုက်ပါရစေလို့ တောင်း
ဆိုနေတာ၊ သူက လိုလိုလားလားနဲ့ လိုက်ချင်နေလို့ သူ့ကို အ
အစဉ်ထဲ ထည့်ရတာပါ"

"အဲဒီကိစ္စအတွက် ကျွန်တော်တို့ ဦးစိုင်းလုံနဲ့တိုင်ပင်
ကြည့်တာပေါ့ဗျာ . . ဦးစိုင်းလုံက ဟော ပြောရင်းဆိုရင်း ထ
မှာ ဦးစိုင်းလုံ လာနေပြီ"

ရှမ်းဘောင်းဘီအပြာ၊ စစ်ဆွယ်တာအဟောင်းတို့
ဝတ်ဆင်ထားသော နှုတ်ခမ်းမွေးကားကား၊ မျက်နှာပြန့်ပြန့်
ကြံ့ခိုင်တောင့်တင်းသော လူတစ်ယောက် ရဲနောင်တို့ရှိနေသော
အခန်းထဲသို့ ဝင်လာသည်။ ခင်ဝင်းက ထိုသူအား ခရီးဦးကြိ
ပြုလိုက်၏။

"လာ . . ဦးစိုင်းလုံ ဒီမှာထိုင်ဗျာ . . အခုပဲ ခင်ဗျား
အကြောင်းကို ပြောနေတာ၊ ကျွန်တော်တို့ လှိုင်ဆွတ်ရိုးရေး
ခွန်ကို မနက်ဖြန်မနက်သွားမယ်၊ လမ်းပြအဖြစ် ဦးစိုင်းလုံ
ရှိနေပြီဆိုတော့ ဖိုးစီကို မခေါ်ဘဲထားခဲ့ရင် ကောင်းမလား
တိုင်ပင်နေတာ"





ဦးစိုင်းလုံက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ပြီး စား
ပွဲပေါ်ရှိ မြေပုံကို လှမ်းကြည့်သည်။

"ကျုပ်တို့သွားရမှာက ဒီနေရာပဲ၊ အဲဒီကို ဝင်တဲ့လမ်း
နှစ်လမ်း ရှိတယ်၊ တစ်လမ်းက ဖိုးစီပြောတဲ့လမ်း၊ နောက်တစ်
လမ်းက ဒီဘေးတစ်ဖက်ကနေ ဝင်တဲ့လမ်း၊ တကယ်လို့ ဖိုးစီပါ
မယ်ဆိုရင် ဒီလမ်းကဝင်တဲ့လူတွေကို သူလမ်းပြနိုင်မယ်၊ ကျုပ်
က ဒီဘေးလမ်းကနေ ဝင်မယ် . . အဲဒါဆို နှစ်ဖက်ညှပ်တာမျိုး
ဖြစ်တော့ ပိုကောင်းတာပေါ့"

"ဦးစိုင်းလုံက ဖိုးစီကို ခေါ်စေချင်တယ်ပေါ့ . . ဟုတ်
လား"

"ဟုတ်တယ် . . သူပါရင် ပိုကောင်းတယ်၊ သူက လူ
ကောင်းတစ်ယောက်အဖြစ်နဲ့ နေနေပြီပဲ၊ အခုလိုကိစ္စမျိုးမှာ ကူ
ညီတာကို လက်ခံဖို့ကောင်းပါတယ်"

"ကျွန်တော်တို့က လက်မခံဘူးလို့ ပြောတာ မဟုတ်ပါ
ဘူး၊ ဦးစိုင်းလုံနဲ့ တိုင်ပင်ပြီးမှ ဆုံးဖြတ်မယ် စဉ်းစားကြတာပါ၊
အခုတော့ အဖြေကပေါ်နေပြီလေ . . သူ့ကိုခေါ်ရမှာပေါ့"

"ဟုတ်ပြီ . . ဒါဆိုရင်တော့ ကိစ္စတစ်ခုပြီးသွားပြီ၊ အခု
ဆက်ပြီး စဉ်းစားရမှာက လူအင်အားနဲ့ တာဝန်ခွဲဝေမှုပဲ . . ဒါ

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ သေသေချာချာ ကျကျနန စီစဉ်မှာဖြစ်မယ်''

ရဲနောင်က စိတ်အားထက်သန်စွာ ပြောနေသော ခင်ဝင်းကိုလှမ်းကြည့်လိုက်သည်။

''ကိုခင်ဝင်း . . ဒီကိစ္စကို ခင်ဗျား တာဝန်ယူရမှာနော် လက်ရွေးစင်တွေလောက်ပဲ သုံးမယ်''

''တိုးမောင်တစ်ယောက်ထဲကို လူအင်အားများများ သုံးပြီးတိုက်ဖို့ မလိုပါဘူး၊ သူ့ပြေးလမ်း ဆုတ်လမ်းမှန်သမျှကို ပိတ်ထားဖို့ပဲ လိုတယ်''

ရဲနောင်၊ ခင်ဝင်းနှင့် ဦးစိုင်းလုံတို့ မြေပုံကို တုတ်ထောက်ပြပြီး ဆွေးနွေးတိုင်ပင်ကြသည်။ တစ်ယောက်က အစီအစဉ်ပစ်ခုကို ချပြသည်နှင့် ထိုအစီအစဉ်၏ဟာကွက် ချောကွက်ကို ရှာကြသည်။

တစ်နာရီမျှ တိုင်ပင်ဆွေးနွေးကြပြီးသည့်နောက် ရဲနောင်တို့၏ဆွေးနွေးပွဲ ပြီးသွားသည်။ ခင်ဝင်းနှင့် ဦးစိုင်းလုံတို့ ပြန်သွားကြ၏။

ရဲနောင်က သူ့အတွက်ပေးထားသည့် အခန်းသို့ ဝင်ပြီး ရန်ကုန်သို့ဆက်သွယ်သည်။

''ကျွန်တော် ရဲနောင်ပါ . . မြို့သစ်ကနေ ဆက်နေတာ''





''ရဲနောင် . . ကိုပါ စဝ်ရန်နိုင်ပါ . . အခုပဲ မင်း သူငယ်ချင်း ဘထိုက်ဆီကနေ ပြန်လာတာ''

''ကျွန်တော်က ဘထိုက်ရဲ့အခြေအနေကို သိချင်လို့ ဖုန်းဆက်တာ''

''သူ့အခြေအနေ ကောင်းပါတယ်၊ အိပ်ရာထဲမှာ သုံးလလောက်တော့ နေရလိမ့်မယ်၊ မင်း ကျားသစ်ဆိုတဲ့ကောင်ကို ရှာမတွေ့သေးဘူးလား''

''တွေ့ပါပြီ . . မနက်ဖြန် သူ့ကိုနေရာဝင်မယ်၊ အစီအစဉ်တွေ အကုန်လုပ်ပြီးပြီ၊ ကျားသစ်ဆိုတာ အစ်ကိုနဲ့ဆုံခဲ့ဖူးတဲ့ တိုးမောင်ပါ၊ မှတ်တမ်းဌာနက ပို့တဲ့မှတ်တမ်းထဲမှာ တိုးမောင်နဲ့အစ်ကို ထိပ်တိုက်တွေ့ဖူးတဲ့အကြောင်း တွေ့ရတယ်''

''အော် . . အဲဒီတိုးမောင်က သူ့ကိုယ်သူ ကျားသစ်တဲ့လား၊ ဒီကောင် ဒဏ်ရာနဲ့ထွက်ပြေးသွားတာ . . နောက်ပိုင်း သူ့သတင်းကို စုံစမ်းလို့ မရတော့ဘူး၊ သူက ရှေ့တန်းကိုလည်း ထွက်မလာတော့ဘူး၊ ခုဆိုရင်ပဲ လေးနှစ်လောက် ရှိနေပြီ''

''သူက ရှေ့တန်းကိုထွက်ရင် သူ့အတွက် အန္တရာယ်ရှိတာကိုသိလို့ လျှို့ဝှက်လှုပ်ရှားနေတာပေါ့၊ အခုတော့ သူ့လျှို့ဝှက်ချက်တွေ ပေါ်သွားပါပြီ၊ မနက်ဖြန်ကျရင် သူ့အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



အဆိုးဆုံး ဖြစ်စေရမယ်"

"နေဦး . . ရဲနောင် မင်းကို ကိုယ်တစ်ခုပြောမယ်"

"ဟုတ်ကဲ့ ပြောပါ အစ်ကို"

"သူ့ကို မင်း လက်ရဖမ်းပါ၊ အခု မြို့သစ်မှာ ဖြစ်သွားတဲ့ကိစ္စတွေဟာ သာမန် မဟုတ်ဘူး၊ ရတနာရှာဖွေရေးကိစ္စကို နှောင့်ယှက်ဖျက်ဆီးတာ . . ဒီလိုလုပ်တဲ့အတွက် တိုးမောင်မှာ ဘာအကျိုးရှိမလဲ၊ သူက ကြေးစားဆိုတော့ အခကြေးငွေရဖို့ပဲ ရှိမယ်၊ သူ့နောက်ကွယ်မှာ ရှိနေတဲ့လူက ရတနာရှာဖွေရေး အစီအစဉ်ပျက်ရင် အကျိုးရှိနိုင်တဲ့လူ ဖြစ်ရမယ်"

"ဟုတ်ကဲ့"

"အဲဒီတော့ မင်းက သူ့ကို အသက်ရှင်လျက်နဲ့ ရအောင် ကြိုးစားပြီးရင် သူ့နောက်ကွယ်မှာ ရှိနေတဲ့သူကို ရအောင်ဖော်ပါ . . အဲဒါ အရေးကြီးဆုံးပဲ"

"ဟုတ်ကဲ့ . . ကျွန်တော် ကြိုးစားပါ့မယ်"

"ကြိုးစားပါ့မယ်လို့ မပြောနဲ့ ဖြစ်အောင်လုပ်မယ်လို့ ပြော"

"ဟုတ်ကဲ့ . . ကျွန်တော် ဖြစ်အောင်လုပ်ပါ့မယ်"

"ဟုတ်ပြီ ဆက်လုပ်ပါ၊ မင်းဟာ အရည်အချင်းရှိတဲ့





စ်ယောက်ပဲ . . တိုးမောင်လိုလူကို ကောင်းကောင်းယှဉ် ပါတယ်၊ သူ့ကို နည်းနည်းမှ မညှာနဲ့ . . အခွင့်အရေး မပေး သူက ဒုစရိုက်မှုလုပ်ဖို့ မွေးဖွားလာတဲ့ကောင်၊ သူ့ကိုယ်ထဲ ရှိတဲ့သွေးတွေဟာ ဒုစရိုက်သွေးတွေပဲ"

"စိတ်ချပါ အစ်ကို . . ရန်သူအပေါ်မှာ ကျွန်တော် ပြတ်သားသား ဆက်ဆံပါတယ်၊ ဘာထိုက်အတွက် တိုး င်ကို ထိထိရောက်ရောက် တုံ့ပြန်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

တဝေါဝေါနှင့်ကျနေသော ရေကျသံကို တောင်ခြေသို့ ရောက်ခါနီးတွင် စကြားရသည်။ လျှိုထဲမှ ထွက်လိုက်သည့်အခါ အရှိန်အဟုန်နှင့် ကျနေသော ရေတံခွန်ကို လှမ်းမြင်ရသည်။

"ဒီနေရာပဲ ဆရာ . . ကျွန်တော် နှင်းနှနောက်ကို လိုက်လာခဲ့တာ၊ ဒီနေရာထိအောင် ရောက်ပါတယ်၊ နှင်းနှက ဟိုရှေ့ တောထဲကို ဝင်သွားတာပဲ"

"ဒါဆိုရင် ကျွန်တော်တို့လည်း ဒီတောထဲကို လိုက်ဝင်ကြတာပေါ့၊ ရှေ့မှာ တောင်ပေါ်ကိုတက်တဲ့ လမ်းရှိတယ်၊ အဲဒီ





လမ်းအတိုင်း တောင်ပေါ်ကို တက်ကြမယ်"

ရဲနောင်က ဖိုးစီအပါအဝင် လူငါးယောက်ရှေ့မှ နေ၍ ရေတံခွန်ဘေးရှိ တောအုပ်ထဲသို့ ဝင်သည်။ တောအုပ်ထဲသို့ ရောက်ပြီး အနည်းငယ်လျှောက်မိသည်နှင့် တောင်ပေါ်သို့တက်သည့်လမ်းကို တွေ့ရသည်။ ရဲနောင်က ထိုလမ်းအတိုင်း ရှေ့မှ ဦးဆောင်ပြီး တောင်ပေါ်သို့တက်သည်။

ရေတံခွန်မှ ရေကျသံ၊ ကျေးငှက်သာရကာတို့၏ အော်မြည်သံတို့က ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုးဖုံးအုပ်ထားသည်။ ရဲနောင်က စိမ်းစိုလှပသော ပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက်ဝေ့ကြည့်၏။

ယခုလို နေရာမျိုးမှာ အန္တရာယ်ပေးနိုင်စွမ်းရှိလွန်းသော လူသတ်သမားတစ်ယောက် ရှိနေသည်ဆိုခြင်းကို ယုံနိုင်စရာပင် မရှိဟု ပတ်ဝန်းကျင်ကိုကြည့်ရင်း တွေးမိ၏။

တောင်ပေါ်သို့တက်ခဲ့ရင်း နောက်ပိုင်းမှ အထိတ်တလန့် အော်ဟစ်လိုက်သံကို ကြားရသည်။ ရဲနောင်သည် ရှေ့ဆုံးမှ လျှောက်နေရာက နောက်ကိုလှည့်ကြည့်လိုက်၏။ ထိုအခါ နောက်ဆုံးမှာလိုက်လာသူကို မတွေ့ရတော့ဘဲ ပျောက်ဆုံးနေကြောင်း သတိပြုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာမှာ ခဏရပ်နေကြစမ်း"

ရဲနောင်က ဖိုးစီတို့ကို ပြောပြီး နောက်ကြောင်းပြန်လှည့် ပြေးသည်။ နောက်ဆုံးမှလူ ရှိနေနိုင်သည့်နေရာသို့ အရောက်တွင် အောက်သို့ငုံ့ကြည့်သည်။

အောက်ဘက်အနိမ့်ပိုင်းတွင် ကျောက်တုံးများကြား၌ ခွေခွေလေးလဲနေသူအား တွေ့ရ၏။ ထိုသူမှာ သူတို့လူစုထဲမှ ဖြစ်ပြီး နောက်ဆုံးကလိုက်လာသူ ဖြစ်ကြောင်း ရဲနောင် မှတ်မိလိုက်သည်။

"ဒါ တိုးမောင်ရဲ့လက်ချက်ပဲ၊ သူက စစခြင်း ငါတို့အုပ်စုထဲက တစ်ယောက်ကို ရှင်းလိုက်ပြီ"

ရဲနောင်က သူ့အားရပ်စောင့်နေသူများထံသို့ အပြေးအလွှား ပြန်တက်သည်။ ထိုသို့တက်နေစဉ်မှာပင် ဖိုးစီ၏အော်သံကိုကြားရ၏။

အနက်ရောင်သဏ္ဍာန်တစ်ခု ရုတ်ခြည်းပေါ်လာပြီး ဖိုးစီကို တိုက်ခိုက်သည်။ ပြီးနောက် သစ်ပင်တွေပေါ်သို့ခုန်တက်ကာ ပျောက်ကွယ်သွား၏။

ရဲနောင်က ခါးတွင်ချိတ်ထားသော ပစ္စတိုကို ဆွဲထုတ်လိုက်သည်။ သေနတ်ကိုင်ထားရင်းနှင့် ဖိုးစီထံသို့ အပြေးအလွှား





ချဉ်းကပ်သည်။ ဖိုးစီမှာ ဇက်ကြီးလိမ်ပြီး သေဆုံးနေသည်ကို တွေ့ရ၏။

"တောက်"

ရဲနောင်၏နှုတ်မှ ဒေါသတကြီးနိုင်လှသော တောက်ခေါက်သံ ပေါ်လာသည်။ သူတက်ခေါက်လိုက်စဉ်မှာပင် သစ်ပင်တွေကြားမှ ရယ်သံတစ်သံ ပေါ်လာသည်။

ရဲနောင်က ရယ်သံပေါ်ထွက်လာရာဆီသို့ ပစ္စတိုဖြင့် ချိန်ရွယ်ပစ်ခတ်လိုက်သည်။

သေနတ်ကျည်ဆန်က ပစ်မှတ်ကိုထိပုံ မရ၊ ရယ်သံကို ဆက်ပြီး ကြားရ၏။ ရယ်သံက တဖြည်းဖြည်းဝေးပြီး ပျောက်ကွယ်သွားသည်။

ရဲနောင်က လမ်းလျှောက်စကားပြောစက်ဖြင့် တောင်၏တစ်ခြားတစ်ဖက်မှ တက်လာနေသော ခင်ဝင်းအား လှမ်းခေါ်လိုက်သည်။

"ကိုခင်ဝင်း . . ခင်ဗျားတို့ တောင်ပေါ်ကိုရောက်ပြီလား"

"ရောက်တော့မယ် အဲဒီဘက်က အခြေအနေဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးစိန့် နောက်တစ်ယောက်တော့ သွားပြီ"

"ဟင်"

"ခင်ဗျားတို့လူစုခွဲပြီး မလိုက်နဲ့၊ ဒီကောင်က သိပ်လျှင် တယ်၊ သူ့ကို တစ်ယောက်ခြင်းယှဉ်ရင် ကျွန်တော်တို့လူတွေ ကုန်သွားလိမ့်မယ်"

"ဟုတ်ပြီ . . ကျွန်တော် သတိထားပါ့မယ်"

"ကျွန်တော့်ဆီက လူသုံးယောက်ကို ခင်ဗျားတို့နဲ့ မှ ပေါင်းဖို့ လွှတ်လိုက်မယ်"

"ကိုရဲနောင်က တောင်ပေါ်ကို တစ်ယောက်ထဲ ဝင်မလို့ လား"

"ဟုတ်တယ် . . တစ်ခြားလူတွေကို ငဲ့နေရတော့ ကျွန်တော်လှုပ်ရှားရတာ မလွယ်ဘူး"

"ကျွန်တော် နားလည်ပြီ၊ သူတို့ကို ညာဘက်တောင် ကြောအတိုင်း ပတ်ပြီးလာခိုင်းပါ"

"ကောင်းပြီ ကိုခင်ဝင်း . . စက်ကိုဖွင့်ထားပါနော်"

"အိုကေ"

ရဲနောင်က သူနှင့်အတူ ပါလာသူ သုံးယောက်အား ခင်ဝင်းတို့နှင့် သွားရောက်ပူးပေါင်းရန် လမ်းပြပြီး လွှတ်လိုက် သည်။ သူက တောင်ပေါ်သို့တက်ခဲ့၏။





ညာဘက်တောင်ပတ်လမ်းမှ သေနတ်သံတွေ ပေါ်လာ သည်။ ခင်ဝင်းတို့အဖွဲ့နှင့် ပေါင်းရန်သွားနေသူသုံးယောက် တိုးမောင်နှင့် တွေ့နေပြီဟု သိလိုက်၏။

ရဲနောင်က သေနတ်သံပေါ်ထွက်ရာသို့ သွားမည်ပြု ပြီးမှ မသွားတော့ဘဲ တောင်ပေါ် သို့ အပြေးတစ်ပိုင်းတက် သည်။

ရေတံခွန်၏အထက် ညာဘက်ခြမ်းတွင် မြေကွက်လပ် တစ်ခုကိုတွေ့ရသည်။ မြေကွက်လပ်မှာ ပြောင်ရှင်းနေသဖြင့် တိုးမောင် သိုင်းလေ့ကျင့်နေရာ ဖြစ်မည်ဟု ခန့်မှန်းမိသည်။

"ဟေ့ . . တိုးမောင် ငါလာပြီကွ၊ ယောက်ျားဆိုရင် ချောင်ထဲ ဝင်ပြီးပုန်းမနေနဲ့၊ အပြင်ကိုထွက်ခဲ့"

ရဲနောင်က အော်ဟစ်ပြီးပြောသည်။ သူ၏အော်သံမှာ တောင်များနှင့် ရိုက်ခတ်ပြီး ပဲ့တင်သံအဖြစ် ဆက်ကာဆက်ကာ ထွက်ပေါ်လာသည်။

ပဲ့တင်သံတွေမဆုံးခင် ဝုန်းခနဲမြည်သံနှင့်အတူ အပေါ် ဘက်မှ ကျောက်တုံးကြီးတစ်လုံး လိမ့်ဆင်းလာသည်။

ရဲနောင်က နေရာမှရိပ်ခနဲ ခုန်ထွက်၏။ မြေပြင်ပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ခြေအကျတွင် ဆက်ကာဆက်ကာ ခုန်သည်။

အပေါ်ဘက်မှ လိမ့်ဆင်းလာသည့် ကျောက်တုံးသည် စောစောက ရဲနောင်ရပ်နေခဲ့သော နေရာသို့ ပစ်ကျလာသည်။ ကြီးမားသော ကျောက်တုံးကြီးကြောင့် မြေကွက်လပ်တွင် ချိုင့်ခွက်ကြီးတစ်ခု ထင်သွား၏။

"ဟော့ . . လူယုတ်မာ ယောက်ျားဆိုတာ မျက်နှာချင်းဆိုင်ပြီး တိုက်ရတယ်၊ အကွယ်ကနေ လုပ်ကြံတာ မိန်းမတွေရဲ့ အလုပ်ကွ"

အပေါ်ဘက် ထင်းရှူးပင်များကြားမှ ကျယ်လောင်သော ရယ်သံပေါ်လာသည်။ ရဲနောင်က ထင်းရှူးပင်များရှိရာသို့ မြွေလိမ်မြွေကောက် ပြေးတက်၏။

ထင်းရှူးပင်များကြားတွင် အနက်ရောင်ဝတ်စုံဝတ်ထားသော တိုးမောင်ရပ်နေသည်။

ရဲနောင်အား ခါးထောက်ပြီး ရပ်ကြည့်နေသော တိုးမောင်၏အသွင်မှာ ပေါက်တော့မည် မြွေဟောက်တစ်ကောင်နှင့် တူနေသည်။

"ငါက မင်းကိုလိုက်ရှာတော့မယ့် အချိန်မှာ မင်း ငါ့ဆီကို ရောက်လာတာ သိပ်အဆင်ပြေသွားတယ်၊ မင်း သိပ်နှာ





ကျင်ကျင် မခံစားရဘဲ သေတာကို ကြိုက်သလား၊ ဒါမှမဟုတ် အနာခံပြီးမှ သေမလား . . ကြိုက်တာကိုရွေးပေတော့ ဟင်း ဟင်း . . ဟင်း"

တိုးမောင်က လည်ချောင်းထဲမှ ပေါ်လာသော ခပ်အက်အက်ရယ်သံဖြင့် စကားကို အဆုံးသတ်သည်။

ရဲနောင်က အေးစက်စူးရှသော မျက်လုံးအစုံဖြင့် တိုးမောင်ကိုကြည့်ရင်း ခြေတစ်လှမ်းခြင်း ရှေ့ကိုတိုးသွားသည်။

တိုးမောင်က ခါးထောက်ပြီး ရပ်နေရာမှ ပခုံးပေါ်သို့တိုင် ကျနေသော ဆံပင်ရှည်ရှည်တို့ကို စုစည်းထုံးဖွဲ့လိုက်သည်။

"မင်းက တိုက်ရင်းနဲ့သေမယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား"

ရဲနောင်က တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်း မပြုဘဲ ရှေ့ကိုတစ်လှမ်းခြင်းတိုးသည်။ သူ့မျက်လုံးအစုံက တိုးမောင်ထံမှ မခွာဘဲ စူးရှအေးစက်စွာ ကြည့်နေ၏။

တရွေ့ရွေ့တိုးလာသော ရဲနောင်၏ခြေလှမ်းများကြောင့် တိုးမောင်နှင့် ဆယ်ပေခန့်အကွာသို့ ရောက်လာသည်။

ထိုအချိန်မှာပင် တိုးမောင်က နေရာမှ ရိုပ်ခနဲ ခုန်ထွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျား"

ညာသံပေးအော်ဟစ်ပြီး တိုးမောင်က ရဲနောင်အား လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်သည်။

ပြင်းထန်သော လက်ဝါးစောင်းရိုက်ချက်၊ ခြေကန်ချက်များကို ရဲနောင်က ကွေ့ကာကောက်ကာ တွန့်ကာလိမ်ကာနှင့် ရှောင်သည်။ တစ်ပြိုင်နက်တည်းမှာပင် တိုးမောင်အား တုံ့ပြန်တိုက်ခိုက်သည်။

လက်ဝါးစောင်းရိုက်ချက်၊ ခြေကန်ချက်တို့ကြောင့် လေထုပြိုကွဲသံက တဝှီးဝှီးတဝှစ်ဝှစ်နှင့် ပေါ်ထွက်နေသည်။ ရဲနောင်က သူ့နံကြားတိုးဝင်လာသော တိုးမောင်၏လက်ဝါးစောင်းရိုက်ချက်ကို ရိုက်ဖယ်သည်။

တစ်ဆက်တည်းပင် တိုးမောင်၏ရင်ညွန့်ကို လက်ခေါက်ချွန်ဖြင့်ထိုးသည်။ တိုးမောင်က ခြေထပ်ရွှေ့ပြီး ဘေးတစ်ဖက်သို့ ခုန်ထွက်၏။

တစ်ပြိုင်နက်တည်းပင် ထင်းရှူးပင်တစ်ပင်၏ ပင်စည်ကို ခြေထောက်ဖြင့် ဆောင့်ကန်အားယူကာ ရဲနောင်အား ညာခြေဖြင့် ပတ်ကန်သည်။

တိုးမောင်၏ လှုပ်ရှားမှုက လျှပ်ပြက်သကဲ့သို့ လျင်မြန်





သည်။ သူ့ကန်ချက်ကလည်း အားပါပြင်းထန်လှ၏။ ရဲနောင်က တိုးမောင်၏ကန်ချက်ကို ခါးနွဲ့ပြီး ရှောင်သည်။ သို့သော် ရှောင်၍မလွတ်၊ တိုးမောင်၏ကန်ချက် ရဲနောင်အား အဖျား ခတ်ထိသည်။

နှုတ်မှ အင့်ခနဲမြည်သံနှင့်အတူ ရဲနောင် ဘေးတစ်ဖက်သို့ ယိုင်ထွက်သွား၏။ တိုးမောင်က ရဲနောင်ထံသို့ ဘယ်ညာဆက်သီးစုံ ပစ်သွင်းသည်။ ရဲနောင် နောက်သို့လှန်ကျသည်။ သူက လှန်ကျသောအရှိန်နှင့် ဘေးတစ်ဖက်သို့ လှိမ့်ထွက်လိုက်သည်။

ထို့ကြောင့် ခြေကိုမြှောက်ပြီး ပေါက်ချသော တိုးမောင်၏တိုက်ကွက်မှ လွတ်သွားသည်။

ရဲနောင် နေရာမှ ဖျပ်ခနဲခုန်ထသည်။ မြေပြင်ပေါ် ခြေခိုင်ခိုင်ရပ်မိသည်နှင့် တိုးမောင်ဘက်သို့ လှည့်လိုက်၏။ မီးတောက်မီးလျှံများ ထွက်တော့မည်ပမာ စူးရှတောက်လက်သော အမုန်းမျက်လုံးများဖြင့် တိုးမောင်ကိုကြည့်သည်။

ရဲနောင်၏အကြည့်ကြောင့် တိုးမောင် ခြေတစ်လှမ်းနောက်ဆုတ်သွားသည်။ ရဲနောင်က တည်ငြိမ်သော အကြောက်တရားကင်းမဲ့သော အမူအရာနှင့် ရှေ့ကိုတိုးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲနောင်၏ အကြောက်တရား ကင်းမဲ့သည့်ဟန်အ တိုးမောင်အား အပြင်းအထန် တိုက်ခိုက်လိုက်သကဲ့သို့ ရှိ၏။ ထိုအကြည့် ထိုမျက်လုံးတို့ကို ရင်ဆိုင်နိုင်စွမ်း မရှိတော့ဟန်ဖြင့် တိုးမောင် နောက်သို့လှည့်လိုက်သည်။

ထိုအချိန်မှာပင် ရဲနောင်က တိုးမောင်ထံသို့ ရိုပ်ခနဲခုန် ဝင်သည်။ သူက ရှောင်တိမ်းရန် မစဉ်းစားဘဲ တိုးမောင်အား မိုက်မိုက်ကန်းကန်း ပြင်းပြင်းထန်ထန် တိုက်ခိုက်သည်။

တိုးမောင်က ပျက်ပြားသွားသော စိတ်ဓာတ်ကို စုစည်း နိုင်ရန် ကြိုးစားသည်။ သူ့စိတ်ကို တည်ငြိမ်အောင် မထိန်းနိုင် ခင်မှာပင် ရဲနောင်၏ နောက်ပြန်ကန်ချက် တိုးမောင်၏ရင်အ တည့်တည့်သို့ ထိသည်။

တိုးမောင် ယိုင်သွားပြီး နောက်ကို ခြေလှမ်းငါးလှမ်း ခန့် ဆုတ်လိုက်ရ၏။ ယိုင်သွားသည့်ကိုယ်ကို ထိန်းနေစဉ်မှာ ပင် ရဲနောင်က လေကဲ့သို့ လျင်မြန်သော အရှိန်ဖြင့် တိုးမောင် အနားသို့ ရောက်လာသည်။

ပြင်းထန်သော လက်သီးချက်ဖြင့် တိုးမောင်အား ဘယ်ညာလက်သီးစုံ ပစ်သွင်းကာ ထိုးသည်။ တိုးမောင် လက် ကားယား ခြေကားယားနှင့် နောက်ကို ဆုတ်ရသည်။





ပြင်းထန်သော လက်သီးချက်တစ်ချက် နံကြားသို့ အဝင်တွင် တိုးမောင်၏နှုတ်မှ လေတွေ ဟောခနဲထွက်ပြီး ဒူး ထောက်ကျသွား၏။

"ဟော့ကောင် မလှုပ်နဲ့"

ပြေးလွှားလာသော ခြေသံများနှင့်အတူ ခင်ဝင်းတို့လူ စု အနားသို့ ရောက်လာသည်။ ခင်ဝင်းက တိုးမောင်၏နားသယ် စပ်ကို ပစ္စတိုဖြင့် ထောက်ချိန်ပြီး ခါးတွင်ချိတ်ထားသည့် လက် ထိပ်ကိုဖြုတ်ကာ ဦးစိုင်းလုံအား ပေးသည်။

ဦးစိုင်းလုံက တိုးမောင်၏လက်နှစ်ဖက်ကို လက်ထိပ် ခတ်လိုက်သည်။ တိုးမောင်မှာ မျှော်လင့်ချက် ကင်းမဲ့သွားဟန် ခေါင်းငိုက်ချလိုက်လေ၏။



www.burmeseclassic.com

## အခန်း (၁၇)

"တိုးမောင်က ဂူထဲမှာ သေသေချာချာ ပြင်ဆင်ပြီး နေတာ၊ သူ့နေရာက မျက်နှာပုံစံအတုတွေကို တွေ့တယ်၊ ဒါပေမယ့် ငွေကြေးတစ်ပြားတစ်ချပ်မှ မတွေ့ဘူး၊ ပြီးတော့ သူ့အစ်ကို စိုးမောင်ကိုလည်း မတွေ့ဘူး၊ ဒါ . . တိုးမောင်ရဲ့မှတ်တမ်းစာအုပ်ပဲ"

ဌာနခွဲတာဝန်ခံက စကားပြောရင်း ရဲနောင်၏လက်ထဲသို့ သားရေဖုံးစာအုပ်တစ်အုပ်ကို ပေးသည်။ ရဲနောင်က စာအုပ်ကို ဟိုလှန်သည်လှန်နှင့် ဖတ်သည်။



တဖြည်းဖြည်း စိတ်ဝင်စားလာသဖြင့် စာအုပ်တစ်အုပ်လုံးကုန်အောင် ဖတ်လိုက်၏။ ထိုအခါ တိုးမောင်၏ စိတ်ဓာတ်ကို ခန့်မှန်းသိရှိလာရ၏။

တိုးမောင်၏ဘဝ၊ တိုးမောင်၏ ကျပ်မပြည့်သော သူ့အစ်ကိုအပေါ်ထားသည့် သဘောထားတို့ကို ရှင်းရှင်းလင်းလင်း သိလာရသည်။

"ဒီလူဟာ အမေနဲ့ အစ်ကိုကို သိပ်ချစ်တဲ့လူ၊ ပထွေးက သူ့အမေကို နှိပ်စက်တာမြင်တော့ အသက်ငယ်ငယ်လေးနဲ့ ပထွေးကို လက်တုံ့ပြန်တယ်၊ သူ့အမေဆုံးသွားပြီး ပထွေးက အိမ်ပေါ်ကနေ မောင်းချတော့ ပထွေးကိုသတ်၊ အိမ်ကိုမီးရှို့ပြီး ထွက်ပြေးသွားခဲ့တယ်၊ နောက်တော့မှ သူ့အစ်ကိုကို လာခေါ်သွားတယ်၊ သူဟာ သူ့အစ်ကိုကို ချစ်တဲ့စိတ်နဲ့ သေရင်တောင် အသေဖြောင့်မယ့် လူမျိုး မဟုတ်ဘူး"

တာဝန်ခံပြောသည့် အကြောင်းအရာများမှာ မှတ်တမ်းစာအုပ်ထဲတွင် ပါပြီးသားများဖြစ်၏။

သို့သော် ရဲနောင်က မသိသလိုပင် တာဝန်ခံ၏စကားကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်သည်။

"သူက ပြစ်မှုကျူးလွန်ပြီးတိုင်း မှတ်တမ်းတင်ထား


မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်၊ သူ ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေက အများကြီးပဲ . . ခုနောက်ပိုင်းမှာ ဆရာကြီးဆိုတဲ့လူနဲ့တွေ့ပြီး အဲဒီလူခိုင်းသမျှ ကို လုပ်တယ်၊ အဲဒီဆရာကြီးဆိုတာ ဘယ်သူဘယ်ဝါလို့ မှတ် တမ်းမှာ ရေးမထားဘူး"

ရဲနောင် ခေါင်းညိတ်သည်။

"ကျွန်တော်တို့ လိုချင်တာ အဲဒီဆရာကြီးဆိုတဲ့လူပဲ ဒီလူ့မှာ ဘာရည်ရွယ်ချက်တွေ ရှိသလဲဆိုတာသိဖို့ လိုတယ်၊ ကျွန်တော် အခုပဲ တိုးမောင်ကို သွားစစ်မယ်၊ သူက ဆရာကြီး ဆိုတဲ့လူနဲ့ ပတ်သက်ပြီး ဖွင့်ပြောအောင် လုပ်ရမယ်'

"ဟုတ်တယ် ကိုရဲနောင် . . စစ်ရန်နိုင်ကလည်း တိုး မောင်ရဲ့နောက်ကွယ်ကလူကို ဖော်ထုတ်နိုင်အောင် ကြိုးစားဖို့ ပြောတယ် . . ဒီရက်အတွင်းမှာ ကိုရဲနောင်နဲ့ လက်တွဲဖို့ သူ လာမယ်လို့ ပြောတယ်"

"သူရောက်လာရင် ကျွန်တော့်အတွက် အားဖြစ်တာ ပေါ့ . . ကျွန်တော်တို့ တိုးမောင်ရဲ့ လျှို့ဝှက်ချက်တွေကို ဖော် ထုတ်နိုင်မှာ သေချာပါတယ်၊ ခင်ဗျားတို့အနေနဲ့ နှင်းနုကို မျက် ခြည်မပြတ် ကြည့်ထားကြပါ၊ နှင်းနုကနေတစ်ဆင့် ပျောက်နေ တဲ့ စိုးမောင်ကို ခြေရာခံလို့ ရနိုင်လိမ့်မယ်၊ ကဲ . . အချိန်ရှိတုန်း





တိုးမောင်ကို စစ်ဆေးဖို့ ကျွန်တော် သွားလိုက်ဦးမယ်၊ ရန်ကုန် က ခေါ်ရင် ကျွန်တော်နဲ့ ဆက်ပေးပါ"

တာဝန်ခံက ခေါင်းညိတ်ပြသည်။ ထို့နောက် တာဝန် ခံအား နှုတ်ဆက်ပြီး နေရာမှထသည်။ ဌာနခွဲအဆောက်အဦး ထဲမှ ထွက်သည်။

အပြင်ဘက်တွင် ရပ်ထားသော ယာမဟာဆိုင်ကယ် ပေါ်သို့တက်ပြီး ဆိုင်ကယ်ကို စက်နှိုးမောင်းထွက်ခဲ့သည်။

တိုးမောင်ကို လက်ရဖမ်းလိုက်ခြင်းအတွက် ရဲနောင်၏ စိတ်ထဲတွင် ကျေနပ်နေသည်။ တိုးမောင်၏နောက်ကွယ်မှ ကြိုးကိုင်ထားသူကို ဖော်ထုတ်ရန်သာ လိုတော့သည်ဟု သူ တွေးစားမိ၏။

တိုးမောင်ကို ဌာနခွဲအချုပ်ခန်းတွင် သီးသန့်ချုပ်နှောင် ထားသဖြင့် ရဲနောင်က ရဲစခန်းနှင့် မနီးမဝေးတွင်ရှိသော ဌာန ခွဲအချုပ်ခန်းသို့ဝင်သည်။

စိတ်တည်ငြိမ်နေပြီဖြစ်သော တိုးမောင်က ရဲနောင် အား မထူးခြားသော ပုံစံဖြင့် လက်ခံတွေ့ဆုံ၏။

"ငါတို့ ဒီနေ့ ပြောစရာရှိတာတွေ ပြတ်ပြတ်သားသား ပြောကြရအောင် တိုးမောင် . . မနက်ဖြန် မင်းကို သက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ရာ ရဲစခန်းကိုပို့ရမယ်၊ ဒါကြောင့် မင်းပြောချင်တာရှိရင် ဒီမှာ အပြီးပြော"

"ငါ့မှာ ဘာမှပြောစရာ မရှိဘူး၊ ငါ့အလုပ်ကို ငါလုပ်တယ်၊ မင်းတို့က ငါ့ကိုဖမ်းတယ် . . ငါ ပြစ်မှုကျူးလွန်ခဲ့တယ်ဆိုပြီး အပြစ်ပေးရင် ငါခံရမယ်၊ ဒါပဲ မဟုတ်လား"

"မင်းအနေနဲ့ အပြစ်ပေါ့လျော့အောင် ဖွင့်ပြောစရာရှိတာ ဖွင့်ပြောလိုက်လို့ ရပါတယ်၊ မင်းက ဘာမှဖွင့်မပြောရင်တော့ အဆိုးဆုံးအပြစ်ဒဏ်ခံရမှာ သေချာတယ်"

တိုးမောင် ပြုံးလိုက်သည်။

"ငါက ဘာကိုဖွင့်ပြောရမှာလဲ"

"မင်းနောက်ကွယ်မှာ ဘယ်သူရှိနေတယ်ဆိုတာပေါ့ မင်း မြို့သစ်မှာ ပြစ်မှုကျူးလွန်ခဲ့တာဟာ လူတစ်ယောက်ရဲ့ ခိုင်းလို့ဆိုတာ ငါတို့သိတယ်၊ အဲဒီလူကို ဖော်ထုတ်လိုက်ရင် မင်းဟာ သက်သေအဖြစ်နဲ့ အပြစ်ဒဏ်ကို ပေါ့ပေါ့လျော့လျော့ ခံရမှာ သေချာတယ်"

"ဟား . . ဟား . . ဟား . . ဟား"

တိုးမောင်က လည်ချောင်းထဲမှ လာသောအသံဖြင့် ရယ်သည်။





သူ့အမူအရာက ဘာကိုမှ ဂရုမစိုက်သည့်ဟန်၊ အကြောက်အလန့်ကင်းသည့်ဟန်မျိုး ပေါ်နေ၏။

"ငါ့ကို မင်းက သစ္စာဖောက်ခိုင်းနေတာလား"

ရဲနောင်က တိုးမောင်အား ပြုံးစေ့စေ့အမူအရာနှင့် ကြည့်သည်။

"မင်းက မင်းကို ပိုက်ဆံပေးပြီးခိုင်းတဲ့လူကို သစ္စာစောင့်သိချင်တယ်ပေါ့ . . ဟုတ်လား"

"ဟုတ်တယ်လေ . . သူက ငါ့အလုပ်ရှင်၊ ငါ့အလုပ်ရှင်ကို ငါ သစ္စာရှိရမှာပေါ့"

"သူက တိုင်းပြည်သစ္စာဖောက်တစ်ယောက် ဖြစ်နေရင်ကော"

"ဒါတွေ ငါမသိဘူး၊ ငါသိတာက သူငါ့ကို ပိုက်ဆံပေးပြီးခိုင်းတယ် . . ငါ့အပေါ် ယုံကြည်တယ်၊ ဒါကြောင့် ငါသူ့ကို သစ္စာစောင့်ရမယ်၊ ဒါ . . ငါ့အလုပ်ပဲ"

ရဲနောင်က စုတ်သပ်ပြီး ခေါင်းဆတ်ခါလိုက်သည်။ တိုးမောင်ကိုလည်း အထင်သေးသည့်ဟန်ဖြင့် ကြည့်သည်။

"မင်းဟာ ဦးနှောက်မရှိတဲ့ လူမိုက်သက်သက်ပဲ"

"ဟုတ်လား . . ငါက အဲသလို လူမျိုးပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာ ကိုယ်ပိုင်အရည်အချင်း ရှိတယ်၊ သတ္တိရှိတယ် စိတ်ဓာတ်ပြင်းထန်တယ်၊ ဒါတွေကို မင်းက ငွေနဲ့ရောင်းစားပြီး တစ်လွဲသုံးနေတယ်။ ဘာပဲလုပ်လုပ်လေ လူဆိုတာ ကိုယ့်ကိုကိုယ်တော့ ချစ်ရမှာပဲ၊ အခုတော့ မင်းက သေရမှာကိုတောင် မကြောက်ဘဲ လူတစ်ယောက်အပေါ် သစ္စာစောင့်ချင်နေတယ်။ တကယ်လို့ ငါတို့က မင်းကို အရဖမ်းမိတာ မဟုတ်ဘဲ မင်းရဲ့နောက်ကွယ်ကလူကို ဖမ်းမိမယ်၊ ပြစ်မှုကျူးလွန်တဲ့လူဟာ ဘယ်သူလဲလို့မေးရင် အဲဒီလူက မင်းနာမည်ကို တန်းခနဲပြောလိမ့်မယ်၊ သူက အနစ်နာခံပြီး မင်းနာမည်ကို ထုတ်မပြောဘဲနေမှာ မဟုတ်ဘူး"

"အဲဒါက သူ့အလုပ် သူလုပ်တာလေ၊ ငါနဲ့မဆိုင်ဘူး ငါက ငါနဲ့ဆိုင်တာပဲ စဉ်းစားတယ်။ မင်းက စုံထောက်ဆိုတော့ ငါ့ကို ရှာဖမ်းရတယ် . . ဒါ မင်းအလုပ်ပဲ၊ မင်းအလုပ်ကို မင်းကျေပွန်အောင် လုပ်ရမှာပေါ့။ လူတစ်ယောက်က သူ့အလုပ်ကို သူလုပ်တာ ငါဘာဖြစ်လို့ အပြစ်တင်ရမှာလဲ၊ ငါမင်းကို ပြောမယ် ရဲနောင် . . မင်း အခုလိုပြောနေတဲ့စကားတွေက ငါ့ကို ပြောင်းလဲစေမှာ မဟုတ်ဘူး နားလည်လား"

ရဲနောင်နှင့် တိုးမောင် အပြန်အလှန် စကားပြောနေစဉ်





အခန်းထဲသို့ ဌာနခွဲတာဝန်ခံ ဝင်လာသည်။ သူက ရဲနောင်နားသို့ကပ်ပြီး စကားပြောချင်ဟန် မျက်ရိပ်ပြ၏။

"ဘာလဲ ကိုထွန်းသူ . . ပြောစရာရှိတာ ပြောပါ"

ဌာနခွဲတာဝန်ခံ ထွန်းသူက တိုးမောင်အား တစ်ချက်လှမ်းကြည့်သည်။

"ကျွန်တော်တို့ သူ့အစ်ကို စိုးမောင်ကို ဖမ်းမိပြီ"

"ဟာ . . ဟုတ်လား"

တိုးမောင်က ထွန်းသူ၏စကားကို ကြားသွားသည်။ သူတစ်ကိုယ်လုံး တောင့်တင်းသွားပြီး ခက်ထန်တင်းမာသော အမူအရာနှင့် ရဲနောင်တို့ကို ကြည့်သည်။

"မင်းတို့ ငါ့အစ်ကိုကို ဘာလုပ်ကြမလို့လဲ"

"သူက မင်းနဲ့အတူ ကြံရာပါလေ . . ဒီတော့ သူ့ကို လည်း ကြိုးစင်ပို့ရမှာပေါ့"

"မင်းတို့ အဲသလို လုပ်လို့ မရဘူး"

တိုးမောင်က သွက်သွက်ခါရူးသွားသည့်ပမာ ရဲနောင်ထံသို့ ခုန်ဝင်ပြီး တရကြမ်းတိုက်ခိုက်သည်။

ပြင်းထန်သောရိုက်ချက်ကြောင့် ရဲနောင် ကြမ်းပြင်ပေါ်သို့ ဒူးညွတ်ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



တိုးမောင်က ရဲနောင်အား ချမ်းသာခွင့်မပေးဘဲ အဆက်မပြတ် ထိုးနှက်တိုက်ခိုက်သည်။

"ဟေ့ . . နောက်ဆုတ်စမ်း"

တာဝန်ခံ ထွန်းသူက လှမ်းအော်တားဆီးသည်။ ထိုး မောင်က တိရစ္ဆာန်အရိုင်းတစ်ကောင်ပမာ မာန်ဖီပြီး ထွန်းသူဘက်သို့ လှည့်ကာ ပြေးဝင်သည်။

ထွန်းသူက ပခုံးသိုင်းအိတ်ထဲမှ ပစ္စတိုကို လျှပ်တ ပြက်ဆွဲထုတ်ပြီး ပစ်ခတ်လိုက်၏။

ဒိုင်းခနဲမြည်သွားသည့် သေနတ်သံနှင့်အတူ တိုးမော မှာ ဖြတ်ရိုက်ခံလိုက်ရသလို တစ်ပတ်လည်သွားသည်။ ပြီး ကြမ်းပြင်ပေါ်တွင် လဲကျနေသော ရဲနောင်၏ဘေးတွင် လဲ သွား၏။

"ရဲနောင် . . ငါ . . ငါ"

မှုးရိပ်ရိပ်ဖြစ်နေသော ရဲနောင်က တိုးမောင်၏လ ကိုလှမ်းကိုင်လိုက်သည်။

"မင်း . . နောက်ကလူ ဘယ်သူလဲ တိုးမောင်"

"ငါ . . ငါ"

"ပြောပါ တိုးမောင်"



"ငါ မသေချင်ဘူး၊ ငါ့ကို နေခွင့်ပေးပါ . . ငါ မင်း အနားမှာ . . မင်းအနားမှာ"

တိုးမောင်၏အသံ တိုးတိမ်ပြီး ပျောက်ကွယ်သွားသည်။ သူက နှုတ်ခမ်းတလှုပ်လှုပ်နှင့် တစ်စုံတစ်ရာ ပြောနေသော် ည်း အသံမကြားရတော့။

ထို့နောက် စိတ်ထဲတွင် ငါ မင်းနဲ့အတူနေမယ်ဟု ပြော လိုက်သလို ထင်မိသည်။

သူက တိုးမောင်ကို မေးခွန်းထုတ်ရန် အားယူပြီး ခေါင်းထောင်ထစဉ် ခေါင်းထဲတွင် မိုက်ခနဲဖြစ်ပြီး သတိလစ် သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ရဲနောင်က မှေးမှိတ်ထားသည့် မျက်လုံးအစုံကို ဖြည်းညင်းစွာ ဖွင့်လိုက်သည်။ မျက်နှာကျက်ဖြူဖြူကို စိမြင်ရ… ခေါင်းငုံ့ပြီးလှည့်ကြည့်စဉ် သူရောက်ခဲ့ဖူးသော အခန်းတစ်ခ… ထဲသို့ ရောက်နေကြောင်း သိလိုက်ရသည်။

အခန်းကို မျက်လုံးဝေ့၍ကြည့်ရင်း ဆေးရုံသီးသန့်ခ… ဖြစ်ကြောင်း မှတ်မိလာသည်။ တစ်ဆက်တည်းပင် တိုးမော… နှင့်တိုက်ခိုက်ခဲ့သည့် အဖြစ်ကို ပြန်သတိရသည်။

"ကြမ်းပြင်ပေါ်ကို ပက်လက်လှန်ကျတော့ ငါ့ခေါင်း…





မှာ မိုက်ခနဲဖြစ်သွားတယ်၊ ဒါပေမယ့် တိုးမောင် မြေပေါ်ကို ဒူးထောက်ကျသွားတာကို ငါသိနေတယ်၊ ငါ့ကို တိုးမောင်က ခင်းနဲ့အတူ ငါနေမယ်လို့ ပြောသွားတယ်"

တိုးမောင်နှင့် ပတ်သက်သည့်အတွေးတွေ ရဲနောင်၏ ခေါင်းထဲသို့ ဝင်လာစဉ် အခန်းထဲသို့ ဝင်လာသည့် ခြေသံတွေကိုကြားရသည်။ တစ်ဆက်တည်းပင် အခန်းထဲသို့ဝင်လာသော ခင်ဝင်း၊ ထွန်းသူနှင့် တာဝန်ကျ ဆရာဝန်၊ ဆရာမတို့ကို တွေ့ရသည်။

"ဟော . . ပေးရှင့်က သတိရတောင် ရနေပြီ၊ ဘယ့်နယ်လဲ ကိုရဲနောင် နေရထိုင်ရတာ ကောင်းရဲ့လား၊ ခေါင်းထဲမှာရော ကြည်ကြည်လင်လင် ရှိရဲ့လား"

ရဲနောင်က ခုတင်ပေါ်တွင် လှဲအိပ်နေရာမှ ဖြည်းညင်းစွာ ထထိုင်သည်။ သူနာပြုဆရာမက ရဲနောင်အား ခုတင်ခေါင်းရင်းတွင်မှီပြီး ထိုင်နိုင်စေရန် ကျောနောက်တွင် ခေါင်းအုံးခုပေးသည်။ ရဲနောင်က ကိုယ်ရွှေ့ကာ ခေါင်းအုံးကို မှီပြီးထိုင်လိုက်သည်။

"ကျွန်တော့်ခေါင်းထဲမှာ ကြည်လင်နေပါတယ်၊ ဘာမှ မဖြစ်ခဲ့ဘူးလို့တောင် စိတ်ထဲမှာ ထင်မိတယ်၊ ကျွန်တော့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တွေလက်တွေ ဘာမှမဖြစ်ပါဘူးနော် . . ဒေါက်တာ”

“မဖြစ်ပါဘူး . . ခင်ဗျားခေါင်းမှာ ဆောင့်မိထားတဲ့ ဒဏ်ရာတစ်ခုပဲ ရှိတယ် . . အဲဒီဒဏ်ရာကြောင့် ခင်ဗျား သတိမေ့နေတာ . . ဆေးရုံပေါ်မှာ သုံးလေးရက်လောက် အနားယူလိုက်ရင် ခင်ဗျား အခြေအနေ ကောင်းသွားမှာပါ”

ရဲနောင်က ခေါင်းကိုလက်ဖြင့် စမ်းသည်။ နောက်စေ့တွင် ဘုတစ်ဘုရှိနေသည်ကို တွေ့ရ၏။ သို့သော် နာကျင်ခြင်း မရှိကြောင်း သိရသည်။

“ကျွန်တော့်ခေါင်းက ဘာမှမဖြစ်တော့ပါဘူး၊ နာလည်း မနာဘူး . . မူးတာတို့ ဘာတို့လည်း မရှိဘူး၊ ဆေးရုံမှာ အကြာကြီးနေနေဖို့ မလိုဘူးထင်တယ် ဒေါက်တာ”

“အကြာကြီး မဟုတ်ပါဘူး . . သုံးလေးရက်ပါ၊ ကျွန်တော်တော့ ခင်ဗျားကို ဆေးရုံပေါ်မှာပဲ နေစေချင်တယ်၊ ခေါင်းအတွင်းပိုင်းကို ထိခိုက်တာ ရှိမရှိ စောင့်ကြည့်ချင်လို့ပါ”

“ဟို . . ကျွန်တော်”

ဆရာဝန်က ရဲနောင်အား စကားဆက်မပြောရန် လက်ကာပြသည်။

“ကျွန်တော် ခင်ဗျားကို ဆေးရုံက ဆင်းခွင့်မပြုနိုင်သေး





ဘူး ကိုရဲနောင်၊ ခင်ဗျား တစ်နေ့နဲ့တစ်ည သတိလစ်နေခဲ့တာဟာ ခေါင်းအတွင်းပိုင်းမှာ ထိခိုက်သွားလို့ ဖြစ်နိုင်တယ်၊ ကျွန်တော်က လိုအပ်လို့ ဆေးရုံမှာ နေခိုင်းတာကို မကန့်ကွက်ပါနဲ့”

ရဲနောင် သက်ပြင်းချလိုက်သည်။ စိတ်ထဲတွင် သိပ်ကျေနပ်လှသော်လည်း သူက ဆရာဝန်ကို ခေါင်းညိတ်ပြလိုက်၏။

“ကောင်းပါပြီ ဒေါက်တာက လိုအပ်လို့ ဆေးရုံမှာနေဆို ကျွန်တော် နေပါ့မယ်”

ရုတ်တရက် တည်သွားခဲ့သော ဆရာဝန်၏မျက်နှာတွင် အပြုံးရိပ်တွေ ထင်လာသည်။

“အခုလို နားလည်မှုရှိတဲ့အတွက် ကျေးဇူးတင်ပါတယ်”

ဆရာဝန်က ရဲနောင်အား စမ်းသပ်စစ်ဆေးသည်။ ရဲနောင်၏အခြေအနေကို ကျေနပ်ဟန် ခေါင်းညိတ်လိုက်၏။

“လောလောဆယ်မှာတော့ ခင်ဗျားရဲ့ အခြေအနေက ကောင်းနေပါတယ်၊ ခုလိုပဲ နောက်သုံးလေးရက် ဆက်ကောင်းသွားရင် ဆေးရုံကနေ ဆင်းခွင့်ပြုမှာပါ”

“ဟုတ်ကဲ့ . . ကျွန်တော် သဘောပေါက်ပါပြီ ဒေါက်တာ”



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ . . ဟောဒီက ခင်ဗျားရဲ့လုပ်ဖော်ကိုင်ဖက်တွေနဲ့ စကားပြောရင်း နားနားနေနေ နေပါ၊ တစ်ခုခု ထူးထူးခြားခြား ခံစားရတာရှိရင်တော့ ကျွန်တော်တို့ကို ချက်ချင်း အကြောင်းကြားပါနော်"

"ဟုတ်ကဲ့ ဒေါက်တာ"

ဆရာဝန်နှင့် သူနာပြုဆရာမတို့ အခန်းထဲမှထွက်သွားကြသည်။ ခင်ဝင်းနှင့် ထွန်းသူတို့က ရဲနောင်၏ခုတင်ဘေးတွင် ခုံတစ်ပုံးစီဆွဲပြီး ထိုင်လိုက်ကြ၏။

"ကျွန်တော့်ကို အခြေအနေလေး ပြောကြပါဦး"

"အခြေအနေကတော့ မထူးပါဘူး၊ တိုးမောင်ရဲ့နော ကနေ ကြိုးကိုင်နေတဲ့လူကို ခုထိစုံစမ်းလို့ မရဘူး၊ ဖမ်းမိထား တဲ့ စိုးမောင်ကလည်း တိုးမောင်ကိစ္စတွေကို ဘာမှမသိပါဘူး ဦးနှောက်ကျုပ်မပြည့်တဲ့ လူတစ်ယောက်ဖြစ်နေတော့ မေး တစ်ခြား ဖြေတာတစ်ခြား၊ သူပြောချင်တာကို ပြောနေတာပဲ"

"နှင်းနုကိုရော စစ်ဆေးကြည့်ပြီးပြီလား"

"စစ်ပါတယ် . . နှင်းနုကလည်း တိုးမောင် ဘာ လုပ်နေတယ်ဆိုတာ တကယ်မသိဘူးလို့ ကျွန်တော်ယုံတယ် သူက တိုးမောင်အပေါ် သံယောဇဉ်ရှိတာတစ်ခုပဲ၊ တိုးမော





ဘဝမှန်ကို မသိပါဘူး၊ ထူးခြားတာဆိုလို့ စိုးမောင်ဆီက ဟော ဒီဒိုင်ယာရီ ရခဲ့တာပဲ၊ ဒါက တိုးမောင်ရဲ့ဒိုင်ယာရီပါ . . ဒီအထဲ မှာ တိုးမောင်က သူ့ခံစားချက်တွေကို ရေးထားတယ်၊ ဒီဒိုင်ယာ ရီက အမှုအတွက် ဘာသဲလွန်စမှ မပေးဘူး"

ထွန်းသူက စကားပြောရင်းမှ ရဲနောင်အား အပြာရောင် အတ်ထူဖုံးစာအုပ်တစ်အုပ် ပေးသည်။ ရဲနောင်က စာအုပ်ကို ယူမ်းယူပြီး ကြည့်သည်။ စာအုပ်ကို ဟိုလှန်သည်လှန် လှန် ကြည့်ရင်း စိတ်ဝင်တစား ဖြစ်လာ၏။

"ကျွန်တော့်ကို ဒီစာအုပ်ပေးခဲ့ပါလား၊ ဒီစာအုပ်ထဲမှာ ထူးခြားတာ တစ်ခုခုတော့ ရှိလိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊ အဲဒါကို ရှာကြည့်ချင်တယ်"

ထွန်းသူက ခေါင်းညိတ်ပြသည်။

"ကျွန်တော်က ခင်ဗျားလက်ထဲကို အပ်မလို့ယူလာတာ ထားလိုက်ပေါ့၊ ကျွန်တော် စာအုပ်တစ်အုပ်လုံး ကုန်အောင် တော်ကြည့်ပြီးပြီ၊ ဘာထူးခြားတာမှ မတွေ့ဘူး၊ ကျွန်တော် တွေ့ပေမယ့် ခင်ဗျားကတော့ တွေ့ချင်တွေ့မှာပေါ့"

ရဲနောင်က စာအုပ်ကို ခုတင်ခေါင်းရင်းတွင် ချထား ထိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် သူက ယခုအချိန်ထိ တစ်စုံတစ်ရာကို တွေးဟန်ဖြင့် ငြိမ်နေသော ခင်ဝင်းအား လှမ်းကြည့်လိုက်သည်။

"ခင်ဗျား ဘာတွေ စဉ်းစားနေတာလဲ ကိုခင်ဝင်း"

ခင်ဝင်း၏အကြည့်က ရဲနောင်ထံသို့ ရောက်လာသည်။

"ဒီစာအုပ်ထဲမှာ ပါတဲ့အကြောင်းအရာတွေကို စဉ်းစားနေတာ၊ ကျွန်တော်လည်း ဒီစာအုပ်ကို ဖတ်ပြီးပါပြီ၊ ကိုထွန်းသူပြောသလို ဘာသဲလွန်စမှ မတွေ့ဘူး၊ သူ့စာအုပ်ထဲမှာ ဆရာကြီးလို့ ရေးထားတာရှိတယ်၊ အဲဒီလူဟာ ဘယ်သူလဲဆိုတာ အစဖော်နိုင်ဖို့ အကြောင်းအရာတစ်ခုမှ မရှိဘူး၊ ဆရာကြီးဆိုတဲ့လူဟာ တိုးမောင်သေတာနဲ့ လွတ်မြောက်သွားတာကို ကျွန်တော် မကျေနပ်ဘူး"

ရဲနောင်က အသာအယာပြုံးလိုက်သည်။

"တိုးမောင်ဆိုတာ အဲဒီဆရာကြီးဆိုတဲ့လူရဲ့ နယ်ရုပ်လေးတစ်ရုပ်ပါဗျာ .. တိုးမောင် သေသွားတာနဲ့ ဆရာကြီးက သူ့အလုပ်ကို ရပ်လိုက်မှာ မဟုတ်ဘူး၊ တိုးမောင်လို နောက်တစ်ယောက်ရှာပြီး လုပ်မှာပဲ၊ ဒါကတော့ သေချာပါတယ်"

ရဲနောင်က ခင်ဝင်း၏စကားကို နားထောင်ရင်း အကြောင်းအရာတစ်ခုကို သိလာသလိုလို စိတ်မှာထင်လာ



သည်။ သေသေချာချာ စဉ်းစားကြည့်သည့်အခါ စိတ်ထဲမှာ ထင်သာသည့်အကြောင်း ပျောက်သွား၏။

"ဒီလူက မြေလဲ မလျှိုးနိုင်ပါဘူး၊ မိုးလဲ မပျံနိုင်ပါဘူး ခင်ဗျားပြောသလိုပဲ သူက တိုးမောင် မရှိပေမယ့် ဆက်ပြီး လှုပ်ရှားနေမယ့်လူပါ၊ တိုးမောင်ရဲ့ နောက်ကွယ်မှာ ရှိနေတဲ့ ဆရာကြီးရဲ့ ရည်ရွယ်ချက်ကိုသိရင် အဲဒီလူကို ဖော်ထုတ်လို့ ရနိုင်မှာပါ၊ ဒါထက် ကိုထွန်းသူကို မေးရဦးမယ် .. ဘထိုက်ရဲ့အခြေအနေ ဘယ်လိုရှိသလဲ"

"တော်တော် ကောင်းနေပြီတဲ့ .. ကိုဘထိုက်က ခင်ဗျားကို တစ်ယောက်ထဲ ပစ်မထားဘဲ လူတစ်ယောက် ပို့ပေးဖို့ ပြောတယ်တဲ့ .. ဘထိုက်နေရာမှာ လူစားဝင်ဖို့ စဝ်ရန်နိုင် လာလိမ့်မယ်"

"ဟင် .. ဟုတ်လား၊ သူကိုယ်တိုင် လာမယ်ဆိုရင်တော့ သိပ်ကောင်းတာပေါ့"

စကားပြောနေရင်းမှ ရဲနောင် အိပ်ငိုက်လာသည်။ သူကိုယ်သူ သတိမထားမိခင်မှာပင် မှေးခနဲအိပ်ပျော်သွား၏။ သူအိပ်ပျော်နေရာမှ ဖျပ်ခနဲလန့်နိုးလာသည့်အခါ ခုတင်ပေါ်တွင် အိပ်နေကြောင်း သတိပြုမိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့ခုတင်ဘေးတွင်လည်း ခင်ဝင်းနှင့် ထွန်းသူတို့ မရှိ တော့ဘဲ သူနာပြုဆရာမတစ်ယောက် ရောက်နေသည်ကို တွေ့ရ၏။

"ဆေးထိုးလိုက်ရအောင်နော် . . ဟိုဘက်ကိုလှည့်လိုက် ပါ"

ရဲနောင်က ကိုယ်ကိုလှည့်ပေးလိုက်သည်။ တစ်ဆက် တည်းပင် . . "ငါ ဘာမှမဖြစ်တော့တဲ့ဟာ ဆေးထိုးဖို့ လိုလို့ လား"ဟု တွေးနေမိ၏။

သူနာပြုဆရာမက ရဲနောင်အား ဆေးတစ်လုံးထိုးပေး ပြီး ပြန်ထွက်သွားသည်။ ရဲနောင်က ကျောအောက်တွင် ခေါင်း အုံးတစ်လုံးခုပြီး နံရံကိုမှီကာ ထိုင်လိုက်သည်။

သူက တောင်တောင်မြောက်မြောက်တွေ စဉ်းစား မနေဘဲ တိုးမောင်၏ဒိုင်ယာရီကိုယူပြီး ဖတ်သည်။

တိုးမောင်က ပထွေးနှင့် နေရသော သူ့ဘဝအကြောင်း ကို စာအုပ်ရှေ့ပိုင်းတွင် ရေးသားထားသည်။ မုန်းတီးစိတ်ပြင်း ထန်သော၊ စိတ်ဆတ်သော တိုးမောင်တစ်ယောက် အုပ်ထိန်း သူမရှိသည့်နောက်တွင် သူ့စိတ်ထင်ရာကို လုပ်ခဲ့သည်။ ဖြစ်ချင် ရာဖြစ်နေသောဘဝမှာ သူကျင်လည်ခဲ့ရသည်တို့ကို သိရ၏။



ရဲနောင်က စာအုပ်ကိုဖတ်နေရင်းမှ အလွန်အမင်း ပ်ချင်လာပြီး မှေးခနဲအိပ်ပျော်သွားပြန်သည်။ အိပ်ပျော်သွား င် တိုးမောင်နှင့်ပတ်သက်ပြီး အိပ်မက်တစ်ခု မြင်မက်သည်။ ပ်မက်မှာ တိုးမောင်မသေဘဲ သူ့ထံသို့ရောက်လာခဲ့သည်။ နှင့် တိုးမောင် လက်တွဲလိုက်ကြသည်။

အိပ်မက်ပြီးဆုံးပြီး ဖျပ်ခနဲလန့်နိုးသွားစဉ် သူ့တစ်ကိုယ် း ချွေးတွေရွှဲနစ်နေသည်။ တိုးမောင်တစ်ယောက် သူ့အနား ရှိနေသလိုလို စိတ်က ခံစားရလာ၏။

"ဒါက ဘယ်လိုဖြစ်တာလဲ၊ ငါ ဘာဖြစ်လို့ အခုလို းနေရတာလဲ၊ မိုက်ဇာတ်သိမ်းသွားတဲ့ တိုးမောင်က ငါ့ အနား ဘယ်လိုလုပ် ရောက်လာနိုင်ပါ့မလဲ"

ရဲနောင်က သူ့ကိုယ်သူ ပြန်သတိပေးနေစဉ် ခေါင်းထဲ င် စူးခနဲ နာသွား၏။ သူက ခေါင်းကိုလက်ဖြင့် ကိုင်လိုက် အနာအကျင်တွေ ပျောက်သွားသည်။

သူက တိုးမောင်၏ ဒိုင်ယာရီကို ဆက်ဖတ်သည်။ စာ ကြောင်းချင်း တစ်ပိုဒ်ချင်းကို စေ့စေ့စပ်စပ်ဖတ်သည်။

ရဲနောင် စာဖတ်နေစဉ် ထွန်းသူရောက်လာသည်။ သူ့ တွက် စားစရာသောက်စရာတွေ လာပို့သည်။ စားသောက်

www.burmeseclassic.com

www.burmeseclassic.com



စရာတွေကိုမြင်မှ ရဲနောင် ဆာဆာလောင်လောင် ဖြစ်လာ၏။ သူက ထွန်းသူယူလာသည့် စတီးချိုင့်ကိုဖွင့်ပြီး စားသောက်ဖွယ်ရာတွေ ယူစားသည်။

ထွန်းသူက ရဲနောင် စားသောက်နေပုံကို ကြည့်ပြီးပြုံးသည်။

"ကိုရဲ . . သိပ်ဆာနေတယ်နဲ့တူတယ်"

ရဲနောင်က ထွန်းသူအား မော်ကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။

"စားစား . . အားရပါးရသာစား . . ကျွန်တော် ညနေကျ တစ်ခေါက်လာပို့နိုင်းမယ်"

"ကျေးဇူးပါပဲ ကိုထွန်းသူ"

"ဟာ . . ကျေးဇူးမတင်နဲ့လေဗျာ၊ ကျွန်တော်တို့အအလုပ်ညီအစ်ကိုတွေ တစ်ယောက်ကိုတစ်ယောက် ကူညီရမယ်စောင့်ရှောက်ရမယ်လေ . . ဒါဟာ ကျွန်တော်တို့ ဝတ္တရားပဲမဟုတ်လား"

"ဝတ္တရားနောက်က စေတနာကို ကျွန်တော် တွေ့ပါတယ်၊ ခင်ဗျားက ကျေးဇူးအတင်မခံချင်ပေမယ့် ကျွန်တော့်ဘက်က ကျေးဇူးမတင်ဘဲကို နေလို့မရဘူး"





"ဒါဆိုရင်လည်း တင် . . တင်"

ထွန်းသူက ရဲနောင်အား လှမ်းပြောရင်းမှ ရယ်လိုက်သည်။ ရယ်နေသော ထွန်းသူကိုကြည့်ရင်း ရဲနောင်၏စိတ်တွေ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ သူ့စိတ်ထဲတွင် ရယ်နေသော ထွန်းသူကို တိုးမောင်ဟု ထင်လာသည်။ ထွန်းသူ၏မျက်နှာမှာ တိုးမောင်၏မျက်နှာ ဖြစ်လာ၏။

"ကိုရဲ . . ကိုရဲ . . ခင်ဗျား ဘာဖြစ်သွားတာလဲ"

ထွန်းသူ၏အသံကြောင့် ရဲနောင် ဆတ်ခနဲဖြစ်သွား၏။ သူ့အာရုံကို စိုးမိုးလာသော တိုးမောင်၏ပုံရိပ်တွေ ရုတ်ခြည်း ပျောက်သွားသည်။

"ကျွန်တော် မိုက်ခနဲတစ်ချက် ဖြစ်သွားတယ်၊ ဆေးတွေက ပြင်းတယ်နဲ့တူတယ် . . ခဏခဏ အိပ်ပျော်ပျော်သွားတယ်"

ရဲနောင်၏စကားကိုကြားမှ အကဲခတ်သလို ကြည့်နေသော ထွန်းသူ ပြုံးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ငါးရက်အကြာတွင် ရဲနောင် ဆေးရုံမှဆင်းခွင့်ရသည်။ သူက ထွန်းသူ စီစဉ်ပေးသော တိုက်ခန်းတစ်ခန်းတွင် နေသည်။ ထိုတိုက်ခန်းမှာ မောရှေလီစားသောက်ဆိုင်နှင့် ကပ်လျက်ရှိ သုံးထပ်တိုက်မှ တိုက်ခန်းဖြစ်၍ ရဲနောင် သဘောကျသွား၏။

သုံးထပ်တိုက်၏ ဒုတိယထပ်တွင်ရှိသော အခန်းမှကြည့်လျှင် မောရှေလီစားသောက်ဆိုင် အပေါ်ထပ်ကို လှမ်းမြင်နေရသည်။

ရဲနောင်က ပြတင်းပေါက်ဘေးတွင် ထိုင်ပြီး ခန်းဆည်း





ကွယ်မှနေ၍ တစ်ဖက်အဆောက်အဦးဆီသို့ လှမ်းကြည့်သည်။

ဆယ်ပေခန့်သာကွာသော တစ်ဖက်အဆောက်အဦးရှိ အားအခန်းမှာ လူနေပုံမရ၊ ရဲနောင် တစ်နေကုန်နီးနီး စောင့်ကြည့်နေခဲ့သော်လည်း လူသူအရိပ်အယောင်ကို မတွေ့ရ။

ညနေစောင်းမှ ထိုအခန်းသို့ နှင်းနုရောက်လာသည်။ န်တင်ခုံရှေ့တွင်ထိုင်ပြီး အလှပြင်နေသည်ကို တွေ့ရ၏။ နှင်းနုအား ငေးကြည့်ရင်း ရင်ထဲတွင် လှုပ်လှုပ်ရှားရှား ဖြစ်လာခဲ့သည်။

သိမ်မွေ့သော ခံစားချက်တွေ ရင်ထဲသို့ တိုးဝင်လာသည်။ ရဲနောင် သူ့ကိုယ်သူ သတိမထားမိခင် ထိုင်နေရာမှ ထသွား၏။ အင်အားတစ်ရပ်က ဆွဲခေါ်သည့်ပမာ အခန်းထဲမှ ထွက်ပြီး တိုက်အောက်သို့ ဆင်းသည်။

ထိုမှ မောရှေလီစား သောက်ဆိုင်သို့ဝင်သည်။ တစ်ညက ဘထိုက်ကိုရှာစဉ် တက်ခဲ့သည့် လှေကားအတိုင်း အပေါ်ထပ်သို့တက်သည်။ အပေါ်ထပ်သို့ ရောက်သည်နှင့် သူက နှင်းနုအခန်းရှိရာသို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။

အလှပြင်နေသော နှင်းနုက ခြေသံအကြားတွင် ဖျပ်



www.burmeseclassic.com

www.burmeseclassic.com



ခနဲလှည့်ကြည့်၏။ သူရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လာနေသော ရဲနောင်ကို တွေ့ရသည်နှင့် မျက်မှောင်ကြုံ့သွားသည်။

"ရှင် . . ရှင်"

"ငါ့ကို ဒီလိုမကြည့်ပါနဲ့ နင်းနု . . ငါနင့်ဆီကို အဝေးကြီးကနေ လာရတာ၊ နင့်ကို တွေ့ချင်လွန်းလို့ လာခဲ့တာ ငါ့အပေါ် မစိမ်းကားပါနဲ့"

"ရှင် . . ဘာတွေပြောနေတာလဲ၊ ရှင်ဟာ ကျွန်မရဲ့ ရန်သူပဲ"

"အို . . ဘယ်လိုပြောလိုက်တာလဲ နင်းနု၊ ငါက နင့်ရန်သူ မဟုတ်ပါဘူး"

ရဲနောင်၏လက်နှစ်ဖက် လျင်မြန်စွာလှုပ်ရှားသွားသည်။ သူက နင်းနု၏ပခုံးကို ဆုပ်ကိုင်လိုက်၏။ ရဲနောင်၏ အပြုအမူကြောင့် နင်းနု ထိတ်လန့်တကြား ဖြစ်သွားသည်။

"ဒီလို မလုပ်ပါနဲ့"

"နင့်ကို ငါ ချစ်တယ် နင်းနု"

"ကျွန်မကို လွှတ်ပါ"

"နင့်အနားကို ငါကလွဲလို့ တစ်ခြားဘယ်သူမှ မကပ်ရဘူး၊ နင့်ကို ငါကလွဲလို့ တစ်ခြားဘယ်သူမှ မပိုင်ရဘူး"

"ချစ်လိုက်တာ နင်းနုရယ်"

နင်းနုတစ်ကိုယ်လုံး ရဲနောင်၏ရင်ခွင်ထဲသို့ ရောက်သွားသည်။ နင်းနုက ရဲနောင်၏သန်မာသော လက်မောင်းများကြားမှ ရုန်းထွက်သည်။ သို့သော် အင်အားချင်း မယှဉ်သာသဖြင့် ရုန်း၍မရ။

"ရှင် . . ရှင် . . လူကြီးလူကောင်းတစ်ယောက်ပါ၊ ဒီလို မတရားမလုပ်ပါနဲ့"

ရဲနောင်က ရီဝေသောမျက်လုံးအစုံဖြင့် နင်းနုအား ကြည့်သည်။ ရုန်းကန်နေသော နင်းနု၏ကျောပြင်ကို ညင်သာစွာ ပွတ်သပ်သည်။

"နင် ငါ့ကိုတောင် မသိတော့ဘူးပေါ့ ဟုတ်လား နင်းနု ငါကလွဲလို့ နင့်အနားကို ဘယ်သူမှ မကပ်ရဘူး၊ နင့်ကို ငါကလွဲလို့ တစ်ခြား ဘယ်သူမှ မပိုင်ရဘူးဆိုတဲ့ စကားကိုတောင် မေ့သွားပြီပေါ့"

"ရှင် . . ရှင်"

နင်းနုက ရဲနောင်၏မျက်နှာကို မျက်လုံးအဝိုင်းသားနှင့် ကြည့်နေသည်။







www.burmeseclassic.com

www.burmeseclassic.com



အံ့အားသင့်ဟန်၊ တုန်လှုပ်ဟန်၊ မယုံနိုင်ဟန်တို့ နှင်းနု၏မျက်နှာတွင် ထင်ရှားစွာ ပေါ်နေသည်။

"ငါနှင့်ကို ခွဲပြီး မသွားနိုင်ပါဘူး နှင်းနုရယ် . . ဒါကြောင့် နှင့်ဆီကို ပြန်လာခဲ့တာ၊ နှင်တကယ်ပဲ ငါ့ကို မသိတော့ဘူးလား တကယ်ပဲ . . ငါ့အသံကို မမှတ်မိတော့ဘူးလား"

"နှင် . . နှင်"

"ငါ . . တိုးမောင်ပါ၊ တိုးမောင်ပါ နှင်းနု"

"ဒါပေမယ့် . . နှင် . . နှင့်မျက်နှာ"

"နှင်က ငါ ဒီမျက်နှာနဲ့ လာတာကို မကြိုက်ဘူးလား ဒီမျက်နှာက ငါ့အတွက် အန္တရာယ်ကင်းတယ် . . ဒါကို နှင် မသိဘူးလား"

"တကယ်ပဲ တိုးမောင်နော်"

ရဲနောင်က နှင်းနုအား ခပ်ကြမ်းကြမ်းဆွဲထူလိုက်သည်။ နှင်းနုမှာ အရုပ်ကလေးတစ်ရုပ်ပမာ ရဲနောင်၏လက်ထဲသို့ ပါသွား၏။

ကြမ်းတမ်းသည့် အပြုအမူအတွက် စိတ်ဆိုးဟန် မရှိ နှင်းနု၏မျက်နှာတွင် ကြည်နူးသော အပြုံးတစ်ရပ် ပေါ်လာသည်။





"ကိုတိုး . . နှင်းနု ဝမ်းသာလိုက်တာ၊ ဘယ်လို ဝမ်းသာမှန်း မသိဘူး"

"နှင် . . ငါခေါ်စေချင်သလို ခေါ်တော့မယ်၊ ငါပြောစေချင်တဲ့ အသုံးအနှုန်းမျိုးနဲ့ ပြောတော့မယ်ပေါ့ . . ဟုတ်လား"

နှင်းနုက ခေါင်းကိုညင်သာစွာ ညိတ်လိုက်သည်။ ရှန်းကန်ခြင်း မပြုတော့ဘဲ ရဲနောင်၏ရင်ခွင်ထဲသို့ နွဲ့လျစွာတိုးဝင်သည်။

"ကိုတိုး"

"ဟင် . . နှင်းနု"

"နှင်းနု ထပ်ပြီး စိတ်မဆင်းရဲပါရစေနဲ့နော် . . ကိုတိုး ရှိတော့ဘူးဆိုတော့ နှင်းနု အရမ်းခံစားရတာပဲ၊ အခု ပြန်တွေ့တဲ့အခါ အရင်ကလို မဟုတ်ဘဲ ကိုတိုးက သိမ်မွေ့နေတော့ နှင်းနု သိပ်ဝမ်းသာတာပဲ"

"ဒါနဲ့တောင် တွေ့စက ငါ့ကို ရှင်တွေ ဘာတွေလုပ်သေးတယ်"

"အို . . ဒါကတော့ ကိုတိုးရယ် . . ဒီမျက်နှာက ကိုတိုးရဲ့မျက်နှာမှ မဟုတ်တာ . . ပြီးတော့ ကိုတိုးက သေပြီဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း . . ဟင်း . . ဟင်း . . တိုးမောင်က မသေပါဘူး ဘယ်တော့မှ မသေဘူး၊ ဒီလောကမှာ သေတယ်ဆိုတာ မရှိပါဘူး၊ ကူးပြောင်းသွားတာပဲ ရှိတယ် . . ဟိုစုံထောက်က တိုးမောင်နေရာကို ကူးပြောင်းသွားတယ်၊ တိုးမောင်က စုံထောက်နေရာကို ကူးပြောင်းလာတယ် နှင်းနု နားလည်ပြီ မဟုတ်လား"

နှင်းနုက ခေါင်းကိုညင်သာစွာ ညိတ်ပြသည်။

"ကိုတိုးရဲ့အမူအရာတွေ အရင်ကနဲ့ သိပ်မတူပေမယ့် ပြောတဲ့စကားတွေကတော့ အရင်ကအတိုင်းပဲ . . ဒါထက် ကိုတိုး"

"ရှွတ် . . မေးခွန်းထပ် မထုတ်နဲ့တော့၊ ပြီးတော့ အခုအချိန်ကစပြီး ငါ့ကို တိုးမောင်လို့ မခေါ်နဲ့ . . ကိုရဲလို့ခေါ်"

"ဟင် . . ဘာဖြစ်လို့"

"ငါက ရဲနောင်အဖြစ် ကူးပြောင်းခဲ့ပြီလေ"

နှင်းနု သက်ပြင်းချရင်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ . . ကိုတိုးခေါ်စေချင်သလို ခေါ်ပါ့မယ်၊ ကိုတိုးကလည်း နှင်းနု သဘောကျသလို ခေါ်ရအောင်မယ်နော် . . ကိုယ့်ကိုကိုယ် ငါ ငါနဲ့ ပြောတာ၊ နှင်းနုကို နင်လို့ခေါ်တာတွေက သိပ်ရင့်သီးတာပဲ"



"ဒါဆိုရင် မခေါ်တော့ဘူး . . ကိုယ့်ကိုကိုယ် ပြင်လိုက်တော့မယ်၊ ဟုတ်ပြီလား . . နှင်းနု ကိုယ့်ကိုလည်း ကိုရဲလို့ ခေါ်တော့"

"ဟုတ်ကဲ့ . . ကိုတိုး . . အဲ . . ကိုရဲ"

ရဲနောင်က နှင်းနု၏နဖူးပြင်ကို ညင်သာစွာ နမ်းလိုက်သည်။ နှင်းနုက ရဲနောင်၏ရင်ခွင်ထဲမှ ထွက်လိုက်၏။

"ကိုရဲ . . ကိုစိုးမောင်ရဲ့အခြေအနေကို သိပြီးပြီလား"

"ကိုယ်သိပါတယ်၊ တော်တော်ကြာ သူ့ကို ကိုယ်သွားတွေ့မယ် သူ ဘာမှမဖြစ်နိုင်ပါဘူး"

နှင်းနုက ရဲနောင်၏မျက်နှာကို ငေးကြည့်သည်။ ဆောက်ပြားပီသ ချောမောသောမျက်နှာကို ကြည့်ရင်း သူ့ရင်ထဲတွင် သိမ်မွေ့ညင်သာစွာ လှုပ်ရှားလာ၏။

"ကိုတိုး"

"ဟာ . . လုပ်ပြန်ပြီ"

"မေ့သွားလို့ ကိုရဲ . . အခု ကိုရဲရဲ့နေရာလည်း ပျက်စီးပြီဆိုတော့ ဘာဆက်လုပ်မလဲ . . ဘယ်မှာနေလဲ"

ရဲနောင် ပြုံးလိုက်၏။

"ဒီမှာကြည့် . . ဟိုဘက်တိုက်က ပြတင်းပေါက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ခန်းဆည်းအပြာတပ်ထားတာ ကိုယ့်အခန်းပဲ''

"ဟင် . . ဟုတ်လား"

"နှင်းနု ဒီကိုရောက်တဲ့အခါ လှမ်းကြည့်လိုက်၊ ကိုယ် အဲဒီမှာ ရှိနေမယ် . . နှင်းနု ဒီအခန်းကိုတော့ မလာပါနဲ့"

"ဘာဖြစ်လို့လဲ ကိုရဲရဲ့"

"ကိုယ်က စုံထောက်ဘဝကို ကူးပြောင်းနေတာလေ နှင်းနုနဲ့ ဒီအခန်းမှာတွေ့ရင် တစ်ခြားလူတွေက ဘယ်လိုထင် မလဲ၊ သူတို့ သံသယ ဖြစ်သွားရင် ကိုယ်တို့လူချင်းဝေးရလိမ့် မယ် . . ဒီတော့ ကိုယ်တို့ လူမသိအောင်တွေ့ပြီး ခစ်ခွာခွာ နေကြမယ် ပြီးတော့''

"ပြီးတော့ ဘာဖြစ်လဲဟင်''

"ကိုကို အပြင်ရောက်လာရင် နှင်းနု ခေါ်ထားပါ၊ ထို ကို ကိုယ့်ဆီခေါ်ထားလို့ မဖြစ်ဘူးလေ''

နှင်းနု တွေခနဲဖြစ်သွားသည်။ ပြီးမှ ခေါင်းညိတ်လိုက် ၏။

"ကောင်းပါပြီ ကိုရဲ . . နှင်းနု ကိုစိုးမောင်ကို ခေါ်ထား လိုက်ပါ့မယ်''

ရဲနောင်က ပြတင်းပေါက်ဘေးတွင် သွားရပ်သည်။





နှင်းနုက မှန်တင်ခုံတွင် ပြန်ထိုင်လိုက်၏။

"အခု ကိုရဲ ဒီအပေါ်ကို တက်လာတော့ လူတွေ မတွေ့ ဘူးလား''

"တွေ့တာပေါ့ . . ဒါပေမယ့် ကိုယ့်ကို ဘယ်သူကမှ မေးတာမြန်းတာ မရှိပါဘူး၊ ကိုယ့်ကို စုံထောက်တစ်ယောက် အဖြစ် ဒီကလူတွေ သိနေကြတဲ့ဟာ ပြဿနာ မရှိပါဘူး၊ တစ် ယောက်ယောက်က မေးလာခဲ့ရင်လည်း နှင်းနုကို စစ်ဆေးစရာ ရှိလို့ စစ်ဆေးတယ် ပြောလိုက်ရုံပဲပေါ့''

ရဲနောင်၏စကားကြောင့် နှင်းနုပြုံးသည်။ လက်တွင် ပတ်ထားသည့် နာရီကို အမှတ်မထင်ကြည့်မိရင်း နေရာမှထ လိုက်သည်။

"နှင်းနု အောက်ထပ်ကို ဆင်းရတော့မယ် ကိုရဲ''

"ဆင်းလေ . . ဆင်းပါ၊ ကိုယ်လည်း အောက်ကိုဆင်း ပြီး ညစာစားမယ် . . နှင်းနု သီချင်းဆိုတာကို နားထောင်မယ်''

နှင်းနု၏မျက်နှာမှာ အပြုံးများဖြင့် ဝင်းလက်သွား၏။

"ကိုရဲ တကယ်ပြောတာနော်''

"ဘာကိုမေးတာလဲ နှင်းနု''

"ညစာစားရင် နှင်းနု သီချင်းဆိုတာကို နားထောင်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလေ"

"ဟာ . . တကယ်ပေါ့"

နှင်းနုက စူးစူးစမ်းစမ်းနိုင်သောအကြည့်ဖြင့် ရဲနောင်အားကြည့်သည်။

"အရင်တုံးက သီချင်းနားထောင်တာ လူပျော်လူညံ့တွေရဲ့အလုပ်ဆို . . ဂီတဆိုတာ မူးယစ်ဆေးဝါးလိုပဲ လူကို စွဲလန်းထိုင်းမှိုင်းစေတယ် ပျော့ညံ့စေတယ်ဆို"

ရဲနောင် ရယ်လိုက်သည်။

"အဲဒါတွေ ပြောင်းလဲမှုထဲမှာ ပါသွားပြီလေ၊ ကိုယ်က နှင်းနုကိုချစ်တော့ နှင်းနုချစ်တဲ့ ဂီတကိုလည်း ချစ်ရမှာပေါ့"

"အမယ် . . အပိုတွေ မပြောပါနဲ့"

"တကယ်ပြောတာ နှင်းနုရဲ့ . . ရှေ့ဆက်ပြီး ကိုယ် ဘယ်လိုပြောင်းလဲမယ်ဆိုတာ စောင့်ကြည့်နေ၊ နှင်းနု သိလာလိမ့်မယ်"

"အင်းပါ . . အင်းပါ . . စောင့်ကြည့်ပါမယ်၊ လောလောဆယ်တော့ အလုပ်ချိန်ရောက်နေလို့ သွားလိုက်ဦးမယ်နော်"

နှင်းနုက ပြုံးလျက်ပြောရင်း ရဲနောင်၏အနားမှ ခွာ





ထွက်သည်။ ရဲနောင်က နှင်းနုအခန်းအပြင်သို့ ရောက်သွားသည်အထိ ရပ်ကြည့်ပြီးနောက် အခန်းထဲမှ ထွက်သည်။ သူလာစဉ်က လမ်းအတိုင်း လျှောက်ပြီး လှေကားကျယ်ကြီးမှနေ၍ အောက်ထပ်သို့ဆင်းသည်။

စားသောက်ခန်းတွင် ညနေစာ စားသောက်ရန် ရောက်နေသူများ၊ အချိန်စောပြီး ယမကာဝိုင်းဖွဲ့နေသူများဖြင့် စည်ကားနေသည်။

ရဲနောင်က တီးဝိုင်းစင်မြင့်နှင့် မလှမ်းမကမ်းရှိ စားပွဲတစ်လုံးတွင်ထိုင်ပြီး ညစာမှာယူ စားသောက်သည်။

သူ စားသောက်နေစဉ်မှာပင် စင်မြင့်ပေါ်သို့ နှင်းနု ရောက်လာသည်။ တခဏအကြာတွင် နှင်းနု သီချင်းဆိုသံပေါ်လာ၏။

သီချင်းတစ်ပုဒ်ဆိုလိုက် နားလိုက်နှင့် ရဲနောင် စားသောက်ပြီးချိန်တွင် နှင်းနု တတိယအကြိမ် သီချင်းဆိုရန် အလှည့်ကျလာသည်။ ရဲနောင်က စီးကရက်တစ်လိပ်ကို မီးညှိရှိုက်လိုက်ရင်း သီချင်းကို အရသာခံ နားထောင်သည်။ နှင်းနု အလှည့်ပြီးသွားသည့်အခါတွင် သူက ကျသင့်ငွေရှင်းပြီး စားသောက်ဆိုင်ထဲမှ ထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့သစ်၏ညနေသည် စိမ့်အေးစ ပြုလာ၏။ ရဲနော်က သူ့အခန်းရှိရာသို့ မပြန်သေးဘဲ ပန်းခြံဘက်သို့လျှောက်သည်။ ပန်းပေါင်းစုံ ဝေဝေဆာဆာ ဖူးပွင့်နေသော ပန်းခြံအတွင်းသို့ဝင်ပြီး ခုံတန်းရှည်တစ်ခုတွင် ထိုင်သည်။

သူက ပတ်ဝန်းကျင်၏အလှအပများကို ကြည့်ရင်း ဒုတိယ စီးကရက်တစ်လိပ်ကို မီးညှိသည်။

အနားတွင် နှင်းနှ မရှိတော့သော်လည်း အသံချိုချို လေးဖြင့် သီဆိုနေသော နှင်းနှ၏သီချင်းသံကို ကြားနေရသလို ရှိနေသည်။ သူ၏အလုံးစုံသော အာရုံတို့ သီချင်းသံတွင် နစ်မြော သွားလေသည်။

"ဟေ့လူ .. ကိုရဲနော် .. ကိုရဲနော်"

အနားကပ်ပြီး ခေါ်လိုက်သံကြောင့် ရဲနော်က မှေး မှိတ်ထားသည့် မျက်လုံးအစုံကို ဖွင့်ကြည့်သည်။ ထိုအခါ သူ့ ရှေ့တွင်ရပ်နေသော ထွန်းသူကိုတွေ့ရ၏။

"ခင်ဗျား ဒီခုံတန်းပေါ်မှ အိပ်နေတာကိုတွေ့လို့ ကျွန် တော် ကားပေါ်ကဆင်းလာတာ၊ နေလို့ကောင်းရဲ့လား ကိုရဲ နော်"

ရဲနော်က ခေါင်းညိတ်ပြသည်။ သူရောက်နေသည့်





နေရာကို မျက်လုံးတစ်ချက် ဝေ့ကြည့်ပြီး ထိုင်နေရာမှ ထလိုက် ၏။

"နေကောင်းပါတယ် .. ဒီနေရာက သိပ်လှတော့ အလှ အပတွေကို ငေးရင်း အိပ်ပျော်သွားတာ၊ ကျွန်တော် ဒီနေရာကို လာမယ်လို့ ရည်ရွယ်ထားတာ မရှိပါဘူး၊ ဘယ်လိုလုပ်ပြီး ရောက်လာပါလိမ့်"

"ခင်ဗျား အိပ်ပျော်နေလျက်နဲ့ လမ်းလျှောက်လာတာ ဆင်တယ် .. အိပ်မက်ထဲမှာ ဖြစ်သမျှ အပြင်မှာ တကယ်လိုက် လုပ်တဲ့လူတွေလိုပေါ့"

"ဟား .. ဟား .. ဟုတ်မယ်နဲ့တူတယ်၊ ခင်ဗျားနဲ့ တွေ့တာ အတော်ပဲ .. ကျွန်တော် ကိုစိုးမောင်ကို သွားတွေ့ချင် တယ်"

"သွားလေဗျာ .. ကျွန်တော် လိုက်ပို့ပါ့မယ်"

ရဲနော် နေရာမှခွာလိုက်သည်။ ထွန်းသူက ရဲနော်နှင့် ဘေးခြင်းယှဉ်ပြီး လိုက်လာ၏။

"ခင်ဗျားအခန်းကို ကျွန်တော်ရောက်ခဲ့တယ်၊ ခင်ဗျား မရှိတာနဲ့ စားသောက်ဆိုင်မှာ ရှိမှာပဲဆိုပြီး စားသောက်ဆိုင်ကို ဝင်ကြည့်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးတွင်ရပ်ထားသော ကားတစ်စီးအနီးသို့ အရောက်တွင် ထွန်းသူက ရပ်လိုက်သည်။ ရဲနောင်အား လက်ဟန်ပြပြီး . . .

"ကားပေါ်ကိုတက်ပါ ကိုရဲ"

ရဲနောင်က ကားရှေ့ခန်းတံခါးကိုဖွင့်ပြီး ကားပေါ်သို့ တက်လိုက်၏။ ထွန်းသူကလည်း ကားပေါ်တက်ပြီး ကားမောင်းသူနေရာတွင် ဝင်ထိုင်သည်။

"ကိုရဲ နေကောင်းပါတယ်နော်"

"ဟာ . . ကောင်းပါတယ်၊ ဘာဖြစ်လို့ မေးတာလဲ ကျွန်တော်က လူမမာရုပ် ပေါက်နေလို့လား"

"မဟုတ်ပါဘူး . . ဒီလိုပဲ မေးလိုက်တာပါ"

ထွန်းသူက ပြုံးပြီးပြောသည်။ ပြီး ကားကို စက်နှိုးမောင်းထွက်လိုက်လေ၏။



## အခန်း (၂၀)

ရဲနောင်က ညာလက်သီးဆုပ်ကို ဘယ်လက်ဝါးထဲသို့ အုပ်ခနဲ ထိုးထည့်သည်။ ဘယ်လက်ဝါးဖြင့် ညာလက်သီးဆုပ်ကို ဆုပ်ကိုင်၏။

ထို့နောက် သိုင်းရုပ်ရှင်ကားများထဲမှ သိုင်းသမားအချင်းချင်း ဂါရဝပြုနှုတ်ဆက်သည့် ပုံစံမျိုးဖြင့် စိုးမောင်အား နှုတ်ဆက်လိုက်သည်။

ရဲနောင်၏ပြုမူပုံကြောင့် စိုးမောင် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်လုံးအစုံတွင် အရောင်တဖျပ်ဖျပ် လက်လာသည်။

"ခင်ဗျား ဘာလုပ်တာလဲ"

"နှုတ်ဆက်တာလေ"

"ဒီလိုနှုတ်မဆက်ပါနဲ့ . . ဒီလိုလုပ်တာဟာ ကျွန်တော့်ကို နောက်ပြောင်နေသလိုပဲ"

ရဲနောင်က ဘေးတွင်ရပ်နေသော ထွန်းသူအား လှမ်းကြည့်ပြီး မျက်စိမှိတ်ပြသည်။ ထွန်းသူက ရှေ့တိုးလာပြီး စိုးမောင်၏ရှေ့တွင် ရပ်လိုက်သည်။

"ခင်ဗျား နေကောင်းတယ်နော် ကိုစိုးမောင်"

စိုးမောင် မျက်မှောင်ကြုံ့သွားသည်။

"နေမကောင်းလို့ ငါက ဘာဖြစ်ရမှာလဲ၊ နေကောင်းတယ် . . ဒါပေမယ့် စိတ်မကောင်းဘူး"

"ဘာဖြစ်လို့လဲ"

"ဒီအထဲမှာ နေရလို့ပေါ့၊ ငါက ပုရွက်ဆိတ်တစ်ကောင်တောင် မသတ်ဖူးဘူး၊ ဘယ်သူ့ကိုမှလဲ နာကျင်အောင် မလုပ်ဖူးဘူး၊ ဒါပေမယ့် မင်းတို့က ငါ့မှာ အပြစ်ရှိတယ်ဆိုပြီး ဒီထဲမှာ ထည့်ထားတယ်၊ ငါက ဘာမှမလုပ်ခဲ့လို့ အပြစ်ရှိတာလား၊





အဲသလိုမှန်းသိရင် ငါ အပြစ်မရှိအောင် လူတစ်ကောင်ကို သတ်လိုက်ပါတယ်""

စိုးမောင်က ပြောရိုးပြောစဉ် ပုံစံဖြင့် ပြောပြီး မျက်နှာကိုတစ်ဖက်သို့ လှည့်သွားသည်။ ရဲနောင်နှင့် ထွန်းသူတို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

"မင်းကို ငါတို့က အပြစ်ရှိတယ်ဆိုပြီး ဒီအထဲထည့်တာ မဟုတ်ပါဘူး . . မင်းကို တစ်ခြားလူတွေက ဒုက္ခပေးမှာစိုးလို့ ထိန်းသိမ်းထားတာပါ"

စိုးမောင် ရယ်လိုက်သည်။

"ငါ့ကို ဘယ်သူက ဒုက္ခပေးမှာလဲ၊ ငါ့ကို ဒုက္ခပေးမယ့်လူ ဒီလောကမှာ မရှိပါဘူး . . ရှိရင်လည်း ငါ့ညီက အဲဒီလူကို ချမ်းသာခွင့်ပေးမှာ မဟုတ်ဘူး"

"ခင်ဗျားရဲ့ညီက အခု ခင်ဗျားအနားမှာမှ မရှိဘဲ"

ရဲနောင်က ဝင်ပြောလိုက်၏။

"ရှိတယ် . . ရှိတယ်၊ ကျွန်တော့်ညီက ဘယ်တော့မှ ကျွန်တော့်ကို ပစ်ပြီး မသွားဘူး . . တစ်နည်းနည်းနဲ့ ကျွန်တော့်ကိုရအောင် စောင့်ရှောက်တယ်"

စိုးမောင်က သူ့အား မင်း၊ ငါနှင့် ပြောဆိုပြီး ရဲနောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုမူ ခင်ဗျား၊ ကျွန်တော် စသည်သုံးနှုန်းကာ ပြောဆိုဆက်ဆံကြောင်း ထွန်းသူ သတိထားလိုက်မိ၏။

"မင်းကို ငါမေးချင်တာလေးတွေ ရှိတယ်၊ ငါမေးတာကို မင်းကောင်းကောင်းမွန်မွန်ဖြေရင် ဒီအထဲကနေ ထွက်ခွင့်ရမယ်"

စိုးမောင်၏မျက်လုံးအစုံ အရောင်လက်သွားပြန်၏။

"ဟုတ်လား . . မင်း ဘာမေးချင်လို့လဲ မေးပါ၊ ဒီအထဲက ထွက်ရမယ်ဆိုရင် မင်းမေးတာကို ငါ ရှိခိုးပြီးဖြေမယ်"

"ရှိခိုးပြီး ဖြေဖို့ မလိုပါဘူး၊ ဒီအတိုင်းပဲ ဖြေပါ"

"ကောင်းပြီလေ . . မင်း ဘာမေးမှာလဲ မေးပါ"

"တိုးမောင် အခု ဘယ်မှာလဲ"

စိုးမောင် တွေခနဲဖြစ်သွားပြီး ခေါင်းဆတ်ခါသည်။

"ငါ မသိဘူး . . သူက သွားချင်ရာသွားတာ၊ ဒါပေမယ့် အချိန်ကျရင် ငါ့ကို လာတွေ့တယ်၊ ဒီလောကကြီးထဲမှာ ညီလေးတိုးမောင် ဂရုစိုက်တာ ငါနဲ့ နှင်းနုပဲ ရှိတယ်"

"တိုးမောင် ဆရာကြီးဆီကို သွားနေတာ မဟုတ်လား"

စိုးမောင် မျက်မှောင်လေး မသိမသာကြုံ့ပြီး ခေါင်းခါသည်။





"ဆရာကြီး . . ဟုတ်လား၊ ဘယ်က ဆရာကြီးလဲ ငါမသိဘူး"

"တိုးမောင်ကို အလုပ်ခိုင်းတဲ့ ဆရာကြီးလေ"

စိုးမောင် ခေါင်းခါမြဲခါသည်။

"ငါ မသိဘူး"

"သူ ဘယ်သူ့အတွက် အလုပ်လုပ်ပေးသလဲဆိုတာ မင်းတကယ်မသိဘူးလား"

"သူက ဘယ်သူ့အတွက်မှ အလုပ်မလုပ်ဘူး၊ သူ့အတွက်ပဲ သူအလုပ်လုပ်တယ်"

"ဒါဆိုရင် သူက လူတွေကို ဘာဖြစ်လို့ လိုက်သတ်တာလဲ၊ တစ်ယောက်ယောက်က မခိုင်းဘဲနဲ့ သူ့သဘောနဲ့ သူလုပ်နေတာလား"

စိုးမောင် ရယ်လိုက်သည်။

"ညီလေးတိုးမောင်က လူမသတ်ပါဘူး၊ ဒုစရိုက်သမားတွေကို ဘဝကူးပေးတာ၊ သူတို့ကို အပြစ်ဒဏ်ကနေ ကယ်တင်တာ"

စိုးမောင်၏မျက်လုံးအစုံတွင် ရူးသွပ်ဟန်ကိုတွေ့ရ၏။ ရဲနောင်က ထွန်းသူအား လက်ကုတ်လိုက်သည်။ ထွန်းသူက



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို မသိမသာ ညိတ်ပြ၏။

"မင်း အခုလို ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ် စိုးမောင် .. မင်းကို ဒီအထဲကနေ ပြန်လွှတ်ဖို့ ငါပြောပေးမယ် ငါတို့က ဘာအပြစ်မှ မရှိတဲ့လူကို ဒုက္ခ မပေးပါဘူး"

"မင်း .. မင်း တကယ်ပြောပေးမှာနော်"

"ပြောပေးမှာပေါ့"

"ဒါဆိုရင် မြန်မြန်ပြောပေးပါ၊ ငါ ဒီအထဲမှာ မနေချင်ဘူး .. အထဲမှာရှိတဲ့လူတွေက သိပ်နံတာပဲ၊ သူတို့နဲ့အတူနေရင် ငါတောင် နံလာပြီ"

"မင်းကို ငါတို့ ဒီအထဲက လွှတ်ပေးရင် မင်းဘယ်ကို သွားမှာလဲ"

"နှင်းနုဆီသွားမှာပေါ့ .. ညီလေးတိုးမောင်က ဘယ်ကိုပဲ ရောက်နေရောက်နေ နှင်းနုရှိတဲ့နေရာကို ပြန်လာတတ်တယ်၊ ငါ့ကိုလည်း သူမရှိတဲ့အခါ နှင်းနုဆီမှာ နေဖို့ ပြောထားတယ်"

"နှင်းနုက သူနဲ့ဘာတော်လို့လဲ"

"ဟာ .. ဘာတော်ရမှာလဲ သူ့ချစ်သူပေါ့ .. သူက နှင်းနုကို သိပ်ချစ်တာ၊ အလုပ်တစ်ခုလုပ်ပြီးရင် နှင်းနုကို ဒီနေ





ရာနဲ့ဝေးတဲ့နေရာကို ခေါ်သွားမယ်လို့ ပြောတယ်၊ အဲဒီနေရာ ကိုရောက်မှ လက်ထပ်မယ်လို့လည်း ပြောတယ်"

"အော် .. ဒီလိုလား"

"ဟုတ်တယ် .. အော် .. ဟော့ မင်းက ငါ့ကို ဒီအထဲ ကနေထွက်ရအောင် ပြောပေးမယ်ဆိုပြီး ဘာမှမပြောပေးဘဲနဲ့ တစ်ခြားစကားတွေပဲ လာပြောနေတယ်၊ ဟိုမှာစောင့်နေတဲ့လူ ကိုပြောကွာ .. ငါ အပြင်ထွက်ချင်ပြီ"

စိုးမောင်က ကင်းတာဝန်ကျနေသော ရဲတပ်ဖွဲ့ဝင်ကို ညွှန်ပြရင်း ပြောသည်။

"သူက ဒီမှာစောင့်နေတဲ့လူ .. မင်းကို အပြင်သွား ခွင့်ပေးနိုင်တာက သူ့ဆရာကွ .. မင်း ဒီမှာနေခဲ့၊ ငါတို့ သူ့ ဆရာဆီသွားပြီး မင်းကို လွှတ်ပေးဖို့ပြောမယ်"

"မင်း တကယ်ပြောမှာနော်"

"တကယ်ပေါ့"

"အေး .. ဒါဆို သွားပြော၊ ငါစောင့်နေမယ် .. မြန် မြန်လည်း ပြန်လာနော်"

"စိတ်ချ .. ငါတို့ မြန်မြန်ပြန်လာခဲ့ပါမယ်"

ထွန်းသူက ရဲနောင်အား တစ်ချက်လှမ်းကြည့်ပြီး စိုး



www.burmeseclassic.com

www.burmeseclassic.com



မောင်၏ရှေ့မှခွာသည်။ ရဲနောင်သည် စိုးမောင်ကို လှည့်မကြည့် တော့ဘဲ ထွန်းသူနောက်သို့လိုက်၏။

"အခုအတိုင်းဆိုရင် သူက ဘာမှသိပုံမရဘူး"

"သူ့စကားပြောနေပုံကို ခင်ဗျား သတိမထားမိဘူးလား သူ့ပုံစံက စိတ်မမှန်တဲ့ပုံစံမျိုး ပေါ်နေပါတယ်"

"သူက မွေးရာပါ စိတ်ဝေဒနာရှင်တစ်ယောက်ပဲ၊ ဒါမျိုးကို အပျော့စားစိတ်ဝေဒနာလို့ ပြောရလိမ့်မယ်၊ သူ့ညီကို သူသိတယ်၊ ပြီးတော့ သူ့ညီနဲ့ပတ်သက်တဲ့ နှင်းနုကို သူသိတယ်။ သူဟာ တစ်ချို့ကိစ္စတွေမှာ သိပ်မှတ်ဉာဏ်ကောင်းပြီး တစ်ချို့ ကိစ္စတွေကိုတော့ လွယ်လွယ်လေးနဲ့ မေ့ပြစ်လိုက်တတ်တယ်၊ ဒီလိုလူမျိုးဟာ ပညာရပ်တစ်ခုခု ဘာသာရပ်တစ်ခုခုမှာ [illegible] စမှတ်ပြုရလောက်အောင် ထူးချွန်တတ်တယ်"

"သူ့ကို ဘယ်လိုလုပ်မလဲ"

"ဥပဒေကြောင်းအရ သူ့ကို ညှိစွန်းတာ ဘာမှမရှိတော့ ပြန်လွှတ်ပေးရမှာပေါ့၊ ဒီအတိုင်းတော့ လွှတ်ပေးထားလို့ မရ ဘူး . . ကျွန်တော် သူ့ကို အနီးကပ်စောင့်ကြည့်မယ်"

"သူက ကိုရဲ့ အနီးကပ်စောင့်ကြည့်တာကို လက်ခံပါ့ မလား"





ရဲနောင် ရယ်လိုက်သည်။

"သူလက်ခံမဲ့နည်း ကျွန်တော့်မှာ ရှိပါတယ်၊ ပြီးရင် အဲဒါ ဘာလဲဆိုတာ ကျွန်တော်ပြမယ်၊ လောလောဆယ် ကို ခင်ဝင်းကို ဝင်တွေ့ရအောင်"

ရဲနောင်နှင့် ထွန်းသူတို့က ခင်ဝင်း၏အခန်းထဲသို့ ဝင် သည်။ စာရွက်စာတမ်းများနှင့် အလုပ်ရှုပ်နေသော ခင်ဝင်းက ရဲနောင်တို့အား မော်ကြည့်၏။

"စိုးမောင်နဲ့ တွေ့ခဲ့ပြီးပြီလား ကိုရဲ"

ရဲနောင် ခေါင်းညိတ်ပြသည်။ ခင်ဝင်း၏စားပွဲရှေ့တွင် ကုလားထိုင်တစ်လုံးစီဆွဲပြီး ဝင်ထိုင်ကြ၏။

"သူ့ဆီက ဘာတွေ သိခဲ့ရသလဲ"

"ထူးထူးခြားခြား မသိရပါဘူး၊ သူက တိုးမောင်ရဲ့ အစ်ကို ဖြစ်နေပေမယ့် တိုးမောင် ကျူးလွန်ခဲ့တဲ့ပြစ်မှုတွေနဲ့ ပတ်သက်တဲ့လူ မဟုတ်ဘူး၊ သူ့မှာ အပြစ်မရှိတဲ့အတွက် လွှတ် ပေးရမယ်၊ သူ့ကိုလွှတ်ပေးပြီးတဲ့နောက် ကျွန်တော် စောင့်ကြည့် နေမယ်လေ . . သူက နေနေကျအတိုင်းနေ၊ လုပ်နေကျအတိုင်း လုပ်မှာပဲ၊ အဲဒီမှာ သဲလွန်စတစ်ခုခုတော့ တွေ့ရလိမ့်မယ်"

"ကျွန်တော်လည်း စိုးမောင်ကို ပြန်လွှတ်ဖို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ပြောမလို့ပဲ . . သူ့ကို အခုလိုထားရင် အချုပ်အချယ်ခံရတဲ့ အနေအထားကြောင့် စိတ်ဝေဒနာ ပိုဆိုးလာဖို့ပဲ ရှိတယ်၊ ထို စဉ်းစားထားတာ ကောင်းပါတယ်၊ ဒီနေ့ သူ့ကို ပြန်လွှတ် မယ်၊ တစ်ခုရှိတာက သူ့ကို ဒီအတိုင်းလွှတ်လိုက်လို့ ဖြစ်မ ဆိုတာပဲ"

"ဒီလိုလုပ်ရအောင် . . စိုးမောင်ကို ပြန်လွှတ်မယ် တာ သူသိအောင် ပြောပြလိုက်မယ်၊ အဲဒါဆို သူ လာခေါ် မယ်၊ နှင်းနု လာတော့မှပဲ စိုးမောင်ကို ပြန်လွှတ်ပေးလိုက်မေ

"နှင်းနုကို ကိုရဲက အကြောင်းကြားပေးမှာလား"

ရဲနောင် ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် နှင်းနုကို သွားတွေ့ပြီး ပြောလိုက်မ နောက်ရက်တွေကျ ခင်ဗျားနဲ့ ကျွန်တော် တွေ့ချင်မှတွေ့မ ကိုခင်ဝင်း၊ အကြောင်းအရာရှိရင်တော့ ကိုထွန်းသူလာလိမ့်မ ကျွန်တော် လျှို့ဝှက်လုပ်ရှားမယ့် အစီအစဉ်လေးရှိလို့"

ခင်ဝင်းက ပြန်လှန်မေးခွန်းထုတ်ခြင်း မပြုဘဲ ခေါ ညိတ်လိုက်သည်။ ရဲနောင်က ထွန်းသူအား မျက်ရိပ်ပြပြီး ထို ရာမှထ၏။

"ကျွန်တော် စိုးမောင်နဲ့ သွားတွေ့လိုက်ဦးမယ်၊ သူ့





အကျိုးအကြောင်းလေး ပြောပြထားလိုက်ချင်လို့"

ရဲနောင်က ခင်ဝင်း၏အခန်းထဲမှ ထွက်သည်။ စိုးမောင်အား ချုပ်နှောင်ထားရာဆီသို့ လျှောက်သည်။

စိုးမောင်ထံသို့ ထွက်ခဲ့စဉ် ရဲနောင်၏မျက်နှာတွင် လှောင်ပြုံးလေးတစ်ပြုံး ကပ်ညှိလျက်ပါလာလေ၏။

ဆန်း ကွန်ပျူတာစာစီ

၁၂၆၊ မြိတ်လမ်း၊ တောင်ဒဂုံမြို့နယ်



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ရဲနောင်က မှန်ချပ်တွင် ထင်နေသော မျက်နှာကိုကြည့်သည်။ မှန်ထဲတွင် ပေါ်နေသည်က သူ၏ပင်ကိုယ်မျက်နှာ မဟုတ်။

သူ၏ကိုယ်နှင့် တိုးမောင်၏မျက်နှာ ဖြစ်နေသည်။

ရဲနောင်က မှန်ရှေ့တွင်ရပ်နေရာမှ နောက်ကိုဖြည်းညင်းစွာ လှည့်လိုက်သည်။

နောက်တွင် ရပ်နေသော ထွန်းသူက ရဲနောင်၏မျက်နှာကို မြင်သည်နှင့် အံ့အားသင့်သွား၏။





"ဟင် . . ဒါက"

"မျက်နှာအတုလေ . . ဒါ စိုးမောင်ရဲ့လက်ရာပေါ့၊ သူက သူ့ညီကို အခုလို မျက်နှာအတုတွေ လုပ်ပေးထားတယ်၊ တိုးမောင်ရဲ့ ပင်ကိုယ်မျက်နှာနဲ့တူတဲ့ မျက်နှာအတုကိုတော့ ဘာရည်ရွယ်ချက်နဲ့ လုပ်ထားသလဲဆိုတာ ကျွန်တော် မသိဘူး တစ်ခြားမျက်နှာတွေကိုတော့ တိုးမောင် ရုပ်ပြောင်းရုပ်လွှဲလုပ်ရင် သုံးတယ်"

ထွန်းသူက အံ့အားသင့်သော အမူအရာနှင့် ရဲနောင်အား ကြည့်နေသည်။

"ကောင်းလိုက်တဲ့လက်ရာဗျာ . . ခင်ဗျား ကျွန်တော့်ရှေ့မှာရပ်နေရင်းကနေ အခုလို ရုပ်ပြောင်းလို့သာ တိုးမောင်ရဲ့ မျက်နှာနဲ့လူဟာ ခင်ဗျားဆိုတာ လက်ခံလိုက်ရတယ်၊ တကယ်လို့များ ခင်ဗျားကို အခုလိုပုံမျိုးနဲ့ တစ်ခြားတစ်နေရာမှာ တွေ့ရရင် တိုးမောင်အစစ်လို့ပဲ ထင်မှာ"

"ဟား . . ဟား . . တိုးမောင် မသေဘူးပေါ့ဗျာ၊ ကျွန်တော်က ဒီနည်းနဲ့ စိုးမောင်ကို ချဉ်းကပ်မှာ၊ မျက်နှာအတုရဲ့လျှို့ဝှက်ချက်ကို တိုးမောင်နဲ့ စိုးမောင်တို့ညီအစ်ကိုနှစ်ယောက်ပဲ သိတာ၊ နှင်းနုတောင် ကျွန်တော့်ကိုတွေ့ရင် အံ့အားသင့်သွား

www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်”

“ခင်ဗျားက ဒီမျက်နှာနဲ့ တိုးမောင်အဖြစ် ဟန်ဆောင်မယ်ပေါ့”

ရဲနောင် ခေါင်းညိတ်လိုက်သည်။

“လုပ်စရာက ဒီလမ်းပဲရှိတော့တယ်လေ၊ ကျွန်တော်တို့က တိုးမောင်ရဲ့အလောင်းကို သိုသိုသိပ်သိပ်နဲ့ သင်္ဂြိုလ်လိုက်ကြတာ၊ အပြင်လူတွေ မသိကြဘူး၊ တိုးမောင်ရဲ့နောက်ကွယ်မှာ ရှိနေတဲ့ လူကိုယ်တိုင်လည်း ဒီအကြောင်းကို မသိနိုင်ဘူး၊ သူတို့အတွက် တိုးမောင်ဟာ ပျောက်ဆုံးနေသူပဲ၊ ကျွန်တော် နည်းနည်းပါးပါး လှုပ်ရှားပြလိုက်ရင် အဲဒီဆရာကြီးဆိုတဲ့လူ ကျွန်တော့်ကို ဆက်သွယ်လာလိမ့်မယ်လို့ ထင်တယ်”

ထွန်းသူ ခေါင်းတဆတ်ဆတ်ညိတ်သည်။

ရဲနောင်ကို ချီးကျူးဟန်ဖြင့်ကြည့်၏။

“ခင်ဗျား အခုအချိန်ကစပြီး လှုပ်ရှားတော့မယ်ပေါ့”

“ဟုတ်တယ် . . ကိုထွန်းသူ၊ ကျွန်တော် နှင်းနုကို သွားတွေ့မယ်၊ အချုပ်ထဲရောက်နေတဲ့ စိုးမောင်ကို သွားခေါ်ခိုင်းလိုက်မယ်၊ နောက်တော့ အခြေအနေအရ လုပ်သွားရမှာပေါ့”





“ကျွန်တော်တို့နှစ်ယောက် အမြဲအဆက်အသွယ် ရှိနေဖို့တော့ လိုတယ်နော် ကိုရဲ”

“ကျွန်တော် ခင်ဗျားကို ဆက်သွယ်ပါ့မယ်”

“ဟုတ်ပြီလေ . . ဒီအချိန်ကစပြီး ကျွန်တော်င့်ရဲ့တိုက်ပွဲသစ် စပြီပေါ့”

ရဲနောင်နှင့် ထွန်းသူတို့ တစ်ယောက်ကိုတစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

“ကျွန်တော် သွားမယ် ကိုရဲ၊ ရန်ကုန်နဲ့ ဆက်သွယ်ရမဲ့ အချိန်နီးနေပြီ”

“အိုကေ . . ကိုထွန်းသူ”

ထွန်းသူ နေရာမှထွက်သွားသည်။ ရဲနောင်က အခန်းတံခါးကို ပိတ်လိုက်၏။

မှန်ရှေ့တွင် ဒုတိယအကြိမ် ပြန်ရပ်သည်။ မှန်ထဲတွင် မြင်နေရသော သူ့မျက်နှာကို သူကြည့်ပြီး ရယ်လိုက်သည်။

“ဟင်း . . ဟင်း . . ဟင်း ငါ့ကို လှည့်စားနေတဲ့ လောကကြီးကို ငါပြန်လှည့်စားလိုက်မယ်၊ တိုးမောင် မသေဘူး ရှေကျူးတတ်တယ် . . ဟင်း . . ဟင်း . . ဟင်း”

ရဲနောင် မှန်ရှေ့မှခွာသည်။ ပြတင်းပေါက်အနားတွင်



www.burmeseclassic.com

www.burmeseclassic.com



ရပ်ပြီး ခန်းဆည်းစကိုဖယ်၍ တစ်ဖက်အဆောက်အဦးတွင်ရှိသော နှင်းနုအလှပြင်သည့်အခန်းကို ကြည့်သည်။ နှင်းနု အလှပြင်ခန်းမှာ ပိတ်လျက်သား ရှိနေ၏။

"ဒီအချိန်ဆို နှင်းနု သူ့အိမ်မှာပဲ သူ ရှိနေလိမ့်မယ်၊ ငါ သူ့ဆီကို သွားမှပဲ"

ရဲနောင် အခန်းထဲမှထွက်သည်။ အခန်းတံခါးကို သော့ခတ်ပိတ်၊ သော့ကိုသိမ်းပြီး အပေါ်ထပ်မှဆင်းသည်။

အောက် သို့ရောက်သည်နှင့် သူက ဖြတ်မောင်းလာသည့် မြင်းလှည်းတစ်စီးကိုတားသည်။ မြင်းလှည်းဖြင့် နှင်းနုအိမ်ရှိရာသို့ ထွက်ခဲ့၏။

နှင်းနုအိမ်က လူနေကျဲသော မြို့တောင်ဘက်မှာ ရှိသည်။ ခြံဝင်းကျယ်ကျယ်တွင်ရှိသော သစ်သားအိမ်မဲမဲလေးမှာ နှင်းနု၏အိမ် ဖြစ်၏။

အိမ်ပတ်ဝန်းကျင်တွင် သစ်ပင်ပန်းပင် သီးနှံပင်များ စိုစိုပြေပြေ ရှိနေ၏။

ရဲနောင်က ခြူတပ်ထားသော ခြံတံခါးကိုတွန်းဖွင့်ပြီး ခြံဝင်းထဲသို့ဝင်သည်။ တံခါးပွင့်သွားစဉ် တံခါးရွက်၌တပ်ဆင်ထားသည့် ခြူက အသံမြည်သွား၏။





သူက ခြံတံခါးကိုပြန်ပိတ်ပြီး ခြံဝင်းအလယ်ကောင်တွင်ရှိသော အိမ်လေးဆီသို့ လျှောက်ခဲ့သည်။

"ဟော . . မောင်တိုးမောင် . . မင်း"

ကျစ်လစ်သန်မာသော ကိုယ်ခန္ဓာအချိုးအဆက်ရှိသည့် အမျိုးသမီးကြီးတစ်ယောက်က ရဲနောင်ကို တအံ့တသြကြည့်ရင်း နှုတ်ဆက်သည်။

ထိုအမျိုးသမီးကြီးသည် နှင်းနုနှင့်အတူနေသော နှင်းနု၏ဒေါ်လေး ဒေါ်မြဖြစ်ကြောင်း ရဲနောင် သိလိုက်၏။

"ဒေါ်လေး . . အပင်တွေ စိုက်နေတာလား"

"စိုက်နေတာ မဟုတ်ဘူး ပေါင်းသင်နေတာ၊ နှင်းနုက ပြောတော့ မင်း ခရီးလွန်နေတယ်ဆို"

"ဟုတ်ကဲ့ . . အခု ပြန်ရောက်တာလေ၊ နှင်းနုရော"

"အိမ်ပေါ်မှာပေါ့"

ဒေါ်မြက သူ့အလုပ်ကို သူဆက်လုပ်သည်။ ရဲနောင်က အိမ်ရှိရာသို့ ဆက်လျှောက်၏။ အိမ်ပေါ်သို့တက်လိုက်စဉ် အိမ်အတွင်းမှ လှုပ်ရှားသံကို ကြားရသည်။

"ရှီ . . ရှီ . . ရှီ . . ရှီ"

အိမ်ပေါ်သို့တက်ရင်း ရဲနောင်က လေချွန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့လေချွန်သံအဆုံးတွင် အိမ်ရှေ့ဘက်သို့ နှင်းနု ထွက်လာသည်။ ဖွင့်ထားသည့် တံခါးမှ အိမ်ထဲသို့ဝင်လာသည့် ရဲနောင်ကိုတွေ့ရစဉ် နှင်းနု တွေတွေဝေဝေ ဖြစ်သွားသည်။

"ဟင် . . ကိုတိုး"

"ဟင်း . . ဟင်း . . ဟင်း တိုးမောင်က တိုးမောင်အဖြစ်နဲ့ နှင်းနုဆီ ပြန်လာတာလေ၊ ဘာဖြစ်လို့ မျက်နှာပျက်နေတာလဲ နှင်းနုရဲ့"

"နှင်းနုတော့ ကိုတိုးကို လိုက်လို့မမှီတော့ဘူး၊ ဟိုနေ့က မျက်နှာနဲ့ ဒီနေ့မျက်နှာက"

"အပြောင်းအလဲပေါ့ . . တိုးမောင်ကနေ ရဲနောင်ဖြစ်လိုက်၊ ရဲနောင်ကနေ တိုးမောင်ဖြစ်လိုက် . . ကူးပြောင်းနေတာ၊ နောက်နေ့ကျ နောက်တစ်မျိုး ထပ်ပြောင်းမယ်"

"တကယ်အပြောင်းအလဲ များတာပဲ . . အဲဒါ ဘယ်လိုလုပ်တာလဲ"

"ရုပ်ဖျက်တဲ့ ပညာလေ နှင်းနုရဲ့ . . ပြောင်းလဲမှုဆိုတာ နေရာတကာ ရှိနေတာ . . ဒီလောကကြီးတစ်ခုလုံး အချိန်နဲ့အမျှ ပြောင်းလဲနေတာပဲ၊ ဒီအထဲမှာ မပြောင်းလဲတာ တစ်ခုပဲ ရှိတယ်"





"ဘာလဲဟင် . . အဲဒီ မပြောင်းလဲတာက ဘာများလဲ"

"ဟောဒီ တိုးမောင်ဆိုတဲ့ကောင်က နှင်းနုကို ချစ်တဲ့အချစ်လေ"

အိမ်နေရင်း အပြင်အဆင်အချယ်အသ မရှိဘဲ ကပိုကရိုလေး လှနေသော နှင်းနု၏မျက်နှာမှာ အပြုံးတွေထင်လာသည်။ သူက ရွှန်းလဲ့တောက်ပသော မျက်လုံးအစုံဖြင့် ရဲနောင်အား ကြည့်သည်။

"ကိုတိုး . . အခုလို ပြောင်ပြောင်တင်းတင်းကြီး လာတာ အန္တရာယ်မများဘူးလား"

"ဟင်း . . ဟင်း . . ဟင်း ကိုယ်ကိုယ်တိုင်က အန္တရာယ်ပဲလေ . . တစ်ခြားအန္တရာယ်ကို ဘာဖြစ်လို့ ကြောက်နေရမှာလဲ၊ ကိုယ် ဘာအန္တရာယ်ကိုမှ မကြောက်ပါဘူး"

ရဲနောင်က နှင်းနု၏လက်ကိုကိုင်ပြီး ထိုင်ခုံများရှိရာသို့ ဆွဲခေါ်သည်။

နှစ်ယောက်ထိုင် ကြိမ်ဆက်တီတစ်လုံးပေါ်တွင် နှင်းနုနှင့်အတူ ထိုင်လိုက်၏။

"နှင်းနု"

"ရှင် . . ကိုတိုး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ ဒီနေရာနဲ့ ဝေးတဲ့ဆီကို သွားကြရအောင်"

နှင်းနု၏မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

"ဘယ်ကိုသွားမှာလဲ ကိုတိုး"

'ကိုယ်တို့ကို ဘယ်သူမှ မသိတဲ့နေရာပေါ့၊ လုံခြုံမှု အရှိဆုံးနေရာမှာ ဘဝသစ်တစ်ခုကို စကြမယ်လေ"

နှင်းနုက မယုံကြည်နိုင်ဟန်ဖြင့် ရဲနောင်အား ကြည့် သည်။ ရဲနောင်က ပြုံးနေသော်လည်း နှင်းနုမှာ မပြုံးနိုင်ဘဲ ရှိနေ၏။

"ဒီစကားကို အရင်က နှင်းနု အကြိမ်ကြိမ်အခါခါ ပြော ခဲ့ဖူးပါတယ်၊ ဒါပေမယ့် ကိုတိုး လက်မခံခဲ့ဘူး . . ကြောက်လို့ ထွက်ပြေးတာ အရှုံးပေးပြီးထွက်ပြေးတာမျိုး မလုပ်နိုင်ဘူးလို့ နှင်းနုကို ပြောခဲ့တယ်"

"အခုတော့ ကိုယ်က ဆန့်ကျင်ဘက်စကားကို ပြော နေပြီလေ၊ နှင်းနု ဒီနေရာက ကိုယ့်ကို အကျိုးမပြုတော့ဘူး အကျိုးမပြုတော့တဲ့နေရာမှာ ကိုယ် ဘာဖြစ်လို့ နေနေရမှာလဲ လုံခြုံမှု မရှိတာဟာ တော်တော် စိတ်အနှောင့်အယှက် ဖြစ်စ ေကာင်းတဲ့ကိစ္စပဲ"

"နောက်တစ်နေရာကို ပြောင်းပြီးနေတော့ရော လုံခြုံ



မှု ရှိမှာတဲ့လား . . ကိုတိုးလက်ရှိလုပ်နေတာတွေကို မစွန့်မချင်း ဘယ်နေရာမှ လုံခြုံမှု မရှိနိုင်ပါဘူး"

ရဲနောင်က ဘေးခြင်းယှဉ်ပြီး ထိုင်နေသော နှင်းနု၏ လက်ခုံးကိုဆုပ်ကိုင် ဖျစ်ညှစ်လိုက်သည်။

"ကိုယ် ဒုစရိုက်မှုတွေကို မလုပ်တော့ဘူး နှင်းနု"

"ရှင်"

"ဘာလဲ နှင်းနု မယုံဘူးလား၊ ကိုယ် တကယ်ပြောနေ တာ၊ ကိုယ်တို့ တစ်ခြားတစ်နေရာကိုသွားပြီး ဘဝသစ်တစ်ခုကို စကြမယ်လေ၊ အဲဒီမှာ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် နေကြမယ်"

"ကိုတိုး တကယ်ပြောတာနော်"

"တကယ်ပေါ့ နှင်းနုရဲ့"

"နှင်းနု ဝမ်းသာလိုက်တာ ကိုတိုးရယ် . . တကယ် ဝမ်းသာတယ် သိလား"

နှင်းနုက ရဲနောင်၏ရင်ခွင်ထဲသို့ နွဲ့ဝင်သည်။ ရဲနောင် က နှင်းနုကိုထွေးဖက်ထားလိုက်၏။

"ကိုတိုး"

"ဟင် . . ဘာလဲ နှင်းနု"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခြားကို သွားတာတော့ ဟုတ်ပါပြီ၊ ကိုစိုးမောင် အတွက် ဘယ်လိုလုပ်မလဲ"

"သူ့ကိုပါ ခေါ်သွားရမှာပေါ့"

"လုပ်ပြီ . . ကိုတိုးကလဲ . . ကိုစိုးမောင်က အချုပ်ခန်း မှာလေ၊ အချုပ်ထဲရောက်နေတဲ့လူကို နှင်းနုတို့ ဘယ်လိုလုပ် ခေါ်သွားရမှာလဲ"

နှင်းနု၏စကားကိုကြားမှ လာရင်းကိစ္စကို သတိရသည်။

"ကြည့်စမ်း . . ကိုယ် နှင်းနုကိုပြောဖို့ဟာ မေ့နေတယ်"

"ဘာလဲ ကိုတိုး . . ဘာပြောမလို့လဲ"

"ကိုကို့ကိစ္စလေ . . သူတို့က ကိုကို့ကိုပြန်လွှတ်မယ် လို့ကြားတယ်၊ ကိုကို့ကို တာဝန်ယူပြီးခေါ်သွားမယ်လူ မရှိ၍ အချုပ်ထဲမှာ ထားရတာတဲ့"

"အဲဒီတော့"

"နှင်းနု သွားခေါ်လိုက်လေ . . ခေါ်ဆို အခုပဲသွား ခေါ်နော်"

"ဖြစ်ပါ့မလား ကိုတိုး"

"ဟာ . . ဖြစ်ပါတယ်၊ ကျွန်မ ကိုစိုးမောင်ကို လာတွေ့ တာပါလို့ပြော . . သူတို့က ကိုကို့ကို ခေါ်သွားနိုင်မလား



တာဝန်ယူမလားလို့ မေးလိမ့်မယ်၊ နှင်းနုတာဝန်ယူမယ်ဆိုရင် သူတို့က ကိုကို့ကို နှင်းနုနဲ့ ထည့်ပေးလိမ့်မယ်"

"သူတို့က ကိုစိုးမောင်ကို ပြန်လွှတ်ပါ့မလား"

"ဟာ . . လွှတ်မှာပါ၊ ကိုကို့မှာ အပြစ်မှ မရှိတာ အပြစ်မရှိတဲ့လူကို သူတို့ချုပ်နှောင် မထားပါဘူး . . သူတို့က ကိုကို့ကို စိတ်သိပ်မမှန်ဘူးဆိုပြီး တစ်ယောက်ထဲ ပြန်မလွှတ် တာလို့ ကိုယ်နားလည်တယ်"

"ဒါဆိုရင် နှင်းနု သွားလိုက်မယ်လေ"

"ကောင်းတယ် . . သွား၊ နှင်းနု မြန်မြန်သွားရင် ကိုကို မြန်မြန် စိတ်ချမ်းသာရာ ရလိမ့်မယ်"

"နှင်းနု အဝတ်အစားလဲပြီးတာနဲ့ သွားလိုက်မယ် ကို တိုး . . ဒီမှာပဲ နေခဲ့မယ် မဟုတ်လား"

ရဲနောင် ခေါင်းညိတ်လိုက်၏။

"ကိုယ် ဒီကနေ တစ်ခြား ဘယ်ကိုမှ မသွားဘူး၊ နှင်းနု တို့ပြန်အလာကို စောင့်နေမယ်"

နှင်းနု နေရာမှထသည်။ ထရပ်ရင်းမှ သူက ရဲနောင် အား စူးစူးစမ်းစမ်းကြည့်လိုက်၏။

"ကိုတိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ နှင်းနု . . ဘာပြောဦးမလို့လဲ"

"အော် . . ကိုတိုး . . အရမ်းကို ပြောင်းလွဲသွားတယ်ဆိုတာ ပြောမလို့၊ အခု ကိုတိုးကိုတွေ့ရတာ လူကြမ်းစိတ်ကြမ်းနဲ့ကိုတိုး မဟုတ်တော့ဘူးလို့၊ နှင်းနု အရမ်းဝမ်းသာတာပဲ ကိုတိုးကိုလေ . . နှင်းနု အခုမှ ပိုပြီးချစ်လာတယ် သိလား"

"ဟင်း . . ဟင်း . . ဟင်း နောက်ဆို အခုထက်ပိုပြီးချစ်ဦးမယ် . . ကဲ ကဲ . . အချိန်ရှိတုံး ကိုကို့ကို ခေါ်ဖို့ သွားစေတော့"



## အခန်း (၂၂)

မြို့သစ်ကို ခြေချလိုက်စဉ် သူမျှော်လင့်ထားသလို ရဲနောင်ကို မတွေ့ရဘဲ ဌာနခွဲတာဝန်ခံ ထွန်းသူက လာကြိုသဖြင့် စဝ်ရန်နိုင်စိတ်တွင် ထင့်ခနဲ ဖြစ်သွားသည်။

"ကျွန်တော် ထွန်းသူပါ စဝ်ရန်နိုင်"

"လေးစားပါတယ် . . ရဲနောင်ရော၊ သူ ဘာဖြစ်လို့ လိုက်မလာတာလဲ"

"သူက လျှို့ဝှက်လှုပ်ရှားမှုတစ်ခု လုပ်နေလို့ ခုရက်တွင်းမှာ သူနဲ့ အဆက်အသွယ် မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"လျှို့ဝှက်လှုပ်ရှားမှု ဟုတ်လား . . ဘယ်လိုလျှို့ဝှက် လှုပ်ရှားမှုလဲ"

ထွန်းသူက ရဲနောင်၏အစီအစဉ်ကို စဝ်ရန်နိုင်သိအောင် ပြောပြသည်။ စကားပြောရင်းနှင့် ထွန်းသူက စဝ်ရန်နိုင် သူ့ကားရပ်ထားရာသို့ ခေါ်ခဲ့သည်။

"သူက အခု တိုးမောင်အဖြစ်နဲ့ လှုပ်ရှားနေတယ်ပေါ့"

"ဟုတ်တယ် . . စဝ်၊ လုပ်ပုံလုပ်နည်း မှန်ပေမယ့် ကိုမြင်ရတာ ကျွန်တော့်စိတ်ထဲ တစ်မျိုးပဲ"

"ဘယ်လို တစ်မျိုးလဲ"

"ကိုရဲဟာ လိုတာထက်ပိုပြီး တိုးမောင်နဲ့တူနေတယ် သူ့ကိုကြည့်ရတာ တစ်ခုခုကို လျှို့ဝှက်ထားသလိုပဲ"

"နေဦး . . ကိုယ်တစ်ခုမေးမယ်၊ တိုးမောင်ရဲ့ချစ်သူ နှင်းနုနဲ့ တိုးမောင်ရဲ့အစ်ကို စိုးမောင်တို့က သေသွားပြီဆိုတာ မသိကြဘူးလား"

"တိုးမောင် သေသွားတာကို ကျွန်တော်တို့က လူသိမခံပါဘူး။ ဒီအကြောင်း နှင်းနုတို့ ကြားချင်ကြားမယ်လေ၊ ဒါပေမယ့် သူတို့ရှေ့ကို တိုးမောင်ကိုယ်တိုင်ရောက်နေတော့ တိုးမောင် အဖြစ်နဲ့ သူတို့ဆီကို ရောက်နေတဲ့ ရဲနောင်ပြောသမျှကို ယုံတာ





ပေါ့"

စဝ်ရန်နိုင်နှင့် ထွန်းသူတို့က အပေါ်သို့တက်လိုက်ကြသည်။ ထွန်းသူက လေဆိပ်အဆောက်အဦး အပြင်ဘက်တွင် ရပ်ထားသည့်ကားကို စက်နှိုးမောင်းထွက်လိုက်၏။

"တိုးမောင်ရဲ့စခန်းကို သွားရှင်းတော့ ဘာမှထူးထူးခြားခြား မရခဲ့ဘူးလို့ သိထားရတယ်၊ စိုးမောင်ကို အဲဒီမှာမိတာလား"

"မဟုတ်ဘူး . . စိုးမောင်ကို မြို့ပေါ်က စားသောက်ဆိုင်တစ်ဆိုင်မှာ မိတာ"

"တိုးမောင်ရဲ့စခန်းက ဘာအထောက်အထားမှ မရလိုက်ဘူးနော်"

"ဟုတ်တယ် . . မရဘူး၊ စာရွက်စာတမ်း၊ ငွေကြေး၊ တစ်ခြားအထောက်အထား ဘာမှမရှိဘူး၊ မျက်နှာကို ပုံပြောင်းတဲ့ မျက်နှာဖုံးအတုတွေတော့ တွေ့တယ် . . တိုးမောင်က ရုပ်ပြောင်းပြီး လှုပ်ရှားတဲ့အခါမှာ သုံးတာ၊ ဦးသော်ကကို အစ်ကို စိုင်းနွှတ်မျက်နှာနဲ့ ဝင်သတ်သွားတုံးက သုံးခဲ့တဲ့ အစ်ကိုစိုင်းနွှတ် မျက်နှာပုံတူမျက်နှာတုကိုလည်း ရခဲ့တယ်"

စဝ်ရန်နိုင်က စီးကရက်တစ်လိပ် မီးညှိရင်း ကားပြောင်း



www.burmeseclassic.com

www.burmeseclassic.com



မှနေ၍ အပြင်ဘက်သို့ ကြည့်သည်။ တစ်စုံတစ်ရာကို အ[illegible] အနက် စဉ်းစားနေဟန်ဖြင့် သူ့မျက်လုံးအစုံက မှုန်မှိုင်းနေ[illegible]

"အခုဖြစ်နေတာတွေဟာ ပုံမှန်အတိုင်း မဟုတ်ဘူးလို့ပဲ ကိုယ့်စိတ်ထဲမှာ ထင်မိတယ်၊ တစ်ခုခု လွဲချော်နေသလို[illegible] ဘာတွေလွဲချော်နေသလဲဆိုတာကိုတော့ အမြန်ဆုံးသိအောင် လုပ်ရမှာပဲ"

"ရဲနောင်ရဲ့လျှို့ဝှက်လှုပ်ရှားမှုကို စဝ် ဘယ်လိုသဘော ရသလဲ"

"လုပ်နည်းလုပ်ဟန် မှန်ပါတယ်၊ ဒါပေမယ့် သူ အခု အဆက်ပြတ်နေသလို အဆက်ပြတ်တာမျိုး မဖြစ်ရဘူး"

"သူနဲ့အဆက်ပြတ်နေတာ နှစ်ရက်ရှိသွားပြီ၊ အဲဒါ ကြောင့် ကျွန်တော် ဒီည မော်ရွှေလီကိုသွားမယ် စဉ်းစားထား တယ်"

"မော်ရွှေလီဆိုတာက"

"နှင်းနု အလုပ်လုပ်တဲ့ စားသောက်ဆိုင်ပါ"

"အဲဒီဆိုင်က ညကျမှဖွင့်တာလား"

"ဖွင့်တာတော့ တစ်နေကုန်ပါပဲ၊ ညနေပိုင်းမှာမှ ဂီတ ဝိုင်းရှိတော့ နှင်းနုက ညနေပိုင်းကျမှ အလုပ်ဆင်းတယ်"





"ဒါဆိုရင်လည်း ညနေ သွားကြည့်တာပေါ့၊ ကိုယ် လည်းလိုက်ခဲ့ပါ့မယ်၊ အခုနေ့ခင်း လူတစ်ယောက်နဲ့ တွေ့စရာ ရှိတယ်၊ ဒီမြို့က ဦးစိတ္တဆိုတဲ့လူကို သိမှာပေါ့"

"သိပါတယ် . . ဈေးပိုင်းမှာ သူ့တိုက်က ဟီးနေတာပဲ မော်ရွှေလီက သူပိုင်တာလေ၊ မြို့ထဲမှာ သူပိုင်တဲ့ ပွဲရုံတို့ တည်း ခိုရိပ်သာတို့ ရှိသေးတယ်၊ ပြီးတော့ သူက အဝေးပြေးကားဆိုင်း တစ်လိုင်းကို ပိုင်တယ်"

"သူ့ညီတစ်ယောက်ကိစ္စ အသိပေးစရာရှိလို့ သူနဲ့သွား တွေ့ရမှာ၊ သူ့ညီက အလွဲသုံးစားမှုတစ်ခုနဲ့ ဆက်နွှယ်နေတယ်"

"သူ့ညီဆိုတာ နန္ဒကို ပြောတာလား"

"ဟုတ်တယ်"

"နန္ဒက ဦးစိတ္တနဲ့ မတည့်ဘူး၊ အကျင့်စာရိတ္တပျက်လို့ ဆိုပြီး ဦးစိတ္တက နန္ဒကို အိမ်ပေါ်က နှင်ချထားတာကြာပြီ၊ သူက သူ့ညီကိစ္စဆို ဘာမှတာဝန်ယူမှာ မဟုတ်ဘူး"

"အဲဒါက သူတို့ပြဿနာလေ . . ကိုယ်ကတော့ ဌာန ချင်းပူးပေါင်းဆောင်ရွက်မှုအရ အကူအညီတောင်းလာတာကို လုပ်ပေးမယ့် သဘောပဲ၊ သူနဲ့ သွားတွေ့ ပြောစရာရှိတာ ပြော ပြီးရင် ကိုယ့်တာဝန် ပြီးပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . စစ်သွားချင်တဲ့ အချိန်ပြောလေ၊ ကျွန်တော်လိုက်ပို့ပါ့မယ်၊ ဦးစိတ္တက ကျွန်တော်နဲ့ခင်ပါတယ်"

"နေ့ချင်းကျမှ သွားတာပေါ့၊ အခု မောင်ရင့်ရုံးခန်းကို သွားမယ်၊ တိုးမောင်ရဲ့ကိစ္စနဲ့ ပတ်သက်တဲ့အချက်အလက်တွေကို လေ့လာမယ်၊ နေဦး . . ကိုယ်သိချင်တာတစ်ခု ရှိသေးတယ်"

"ဟုတ်ကဲ့ . . စစ်က ဘာသိချင်လို့လဲ"

"ဦးသော်ကတို့ ဓာတ်သတ္တုရှာဖွေရေးအတွက် သတ်မှတ်ထားတဲ့ နယ်မြေကို သိချင်တာပါ၊ အဲဒီနေရာကို ဓာတ်သတ္တုရှာဖွေရေးအဖွဲ့ဝင်တွေ ရောက်လာပြီး စခန်းဖွင့်ရင် ဘယ်သူ ထိခိုက်နစ်နာနိုင်သလဲ"

"အဲဒီသတ်မှတ်နယ်မြေက အရှေ့တောင်ကြောပေါ်မှာပါ၊ ဘယ်သူမှ ပိုင်တဲ့နေရာမှ မဟုတ်ပါဘူး၊ ဒီနေရာမှာ စခန်းတစ်ခု ဖွင့်လို့လည်း ထိခိုက်နစ်နာမယ့်လူ မရှိပါဘူး"

စစ်ရန်နိုင်က ခေါင်းကို ညင်သာစွာခါလိုက်သည်။

"ကိုယ်ကတော့ ရှိမယ်ထင်တယ်၊ မရှိဘဲနဲ့ ဦးသော်ကအသတ်ခံရတာ၊ ဦးလူမောင် အသတ်ခံရတာတွေ ဖြစ်မလာနိုင်ဘူး . . အဲဒီနေရာမှာ တစ်ခုခုတော့ ရှိရလိမ့်မယ်"





ထွန်းသူ တွေခနဲဖြစ်သွားသည်။ တစ်ခဏမျှ ငြိမ်နေပြီးနောက် သူက တစ်စုံတစ်ရာကို စဉ်းစားမိဟန် ခေါင်းညိတ်ဆိုက်သည်။

"ဟုတ်ပြီ . . ကျွန်တော် သတိရပြီ"

"ဘာလဲဟင် . . မောင်ရင် ဘာကို သတိရတာလဲ"

"အဲဒီနေရာနဲ့ပတ်သက်ပြီး သေသေချာချာ သိတဲ့လူတစ်ယောက်ကို စဉ်းစားမိတာပါ၊ သူက တိုးမောင်ရဲ့စခန်းကို ဖြိုတုံးကပါတယ် . . မုဆိုးကြီးတစ်ယောက်ပဲ"

"သူက နယ်မြေကျွမ်းတယ်ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ . . ဗဟုသုတလည်း ကြွယ်တယ်၊ နွားကျတောင်အကြောင်း ကောင်းကောင်းသိတဲ့လူ ဆိုပါတော့"

"သူ့ကို ကိုယ်တွေ့ချင်တယ်"

"သူက ကျွန်တော်တို့ရုံးခွဲဘေးမှာ နေတာ၊ ကျွန်တော် ခေါ်ပေးပါ့မယ်"

ထွန်းသူက ကားကို ဥယျာဉ်လမ်းသို့အရောက် ခပ်မြန်မြန် မောင်းသည်။

သူ့ရုံးခန်းရှိရာသို့အရောက်တွင် လက်အောက် ဝန်ထမ်းတစ်ယောက်ကိုခေါ်ပြီး ဦးစိုင်းလုံတဲသို့ လွှတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးစိုင်းလုံ ချက်ချင်းရောက်လာမှာပါ စဝ်"

ဧည့်ခန်းတွင် ထိုင်မိကြသည်။ ထွန်းသူက ဝန်ထမ်းမိန်းကလေးတစ်ယောက်ကိုခေါ်ပြီး လက်ဖက်ရည်နှင့် မုန့် စီစဉ်ပေးရန်မှာကြား၏။

မိန်းကလေးက နေရာမှ ချက်ချင်းထွက်သွားသည်။

"ရဲနောင် ဒဏ်ရာရထားတယ်ဆိုတာ ဘယ်လိုလဲ၊ အခြေအနေ ကောင်းနေပြီလား"

"ကောင်းသွားပါပြီ၊ ဆေးရုံကဆင်းလာတဲ့ရက်မှာတော့ သူမေ့ခနဲ မေးခနဲအိပ်ပျော်သွားတာ ရှိတယ်၊ နောက်ပိုင်းတော့ ဘာမှမဖြစ်တော့ပါဘူး၊ ဒါကြောင့်လည်း သူက တိုးမောင်အဖြစ်နဲ့ လှုပ်ရှားသွားဖို့ ဆုံးဖြတ်လိုက်တာပေါ့၊ တိုးမောင်ရဲ့နောက်ကွယ်မှာရှိနေတဲ့လူက တစ်နေ့မဟုတ် တစ်နေ့ သူ့ကို ဆက်သွယ်လာမယ်ဆိုတာ သူယုံကြည်နေတယ်"

ဝန်ထမ်းမိန်းကလေးက လက်ဖက်ရည်ဓာတ်ဘူးနှင့် မုန့်များလာချပေးသည်။ ထွန်းသူက စဝ်ရန်နိုင်အတွက် လက်ဖက်ရည်တစ်ခွက် ငှဲ့ပေး၏။

"လက်ဖက်ရည်သောက်လိုက်ပါဦး စဝ်"

စဝ်ရန်နိုင်က ခေါင်းညိတ်ပြပြီး လက်ဖက်ရည်ပန်းကန်





ကို ဆွဲယူသည်။ ထွန်းသူက အသားညှပ်ပေါင်မုန့်ပန်းကန်ကို ရှေ့တိုးပေးလိုက်၏။

"မုန့်လည်းစားပါဦး . . ထမင်းစားချိန်က အဝေးကြီးလိုသေးတယ်၊ အဆာပြေစားပါ"

စဝ်ရန်နိုင်က ပေါင်မုန့်တစ်ချပ်ကို လှမ်းယူပြီး ဖြည်းညှင်းစွာစားသည်။ ပြီး လက်ဖက်ရည်တစ်ငုံ သောက်သည်။ စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ထုတ်ပြီး မီးညှိသည်။

စဝ်ရန်နိုင်က လက်ဖက်ရည်ကို စီးကရက်နှင့် မြည်းနေစဉ် ဦးစိုင်းလုံ ရောက်လာသည်။ ထွန်းဆိုင်က ဦးစိုင်းလုံကို စဝ်ရန်နိုင်နှင့် မိတ်ဆက်ပေး၏။

"ကျွန်တော် သိချင်တာလေးတစ်ခုရှိလို့ပါ ဦးစိုင်းလုံ နွားကျောင်းပတ်ဝန်းကျင်ကို ခင်ဗျားရောက်ဖူးတယ် မဟုတ်လား"

ဦးစိုင်းလုံက ခေါင်းညိတ်ပြသည်။

"ရောက်ဖူးပါတယ် . . အဲဒီနေရာက ကျုပ်စားကျက်ပဲ"

"ကျွန်တော် နွားကျောင်းအကြောင်းကို သိချင်လို့၊ ဒီနေရာဟာ သတ္တုကြောကြီးတစ်ခု ဖြစ်လိမ့်မယ်လို့ ပညာရှင်တွေ

www.burmeseclassic.com

www.burmeseclassic.com



က ယူဆကြတယ်၊ တကယ်လို့ သတ္တုတွေပြီး ဒီနေရာဟာ သတ္တုသိုက်ကြီး ဖြစ်နေတယ်ဆိုရင် ခင်ဗျားတို့မြို့သစ်ဟာ လူနေမှုအဆင့်အတန်းမြင့်တဲ့ မြို့တစ်မြို့ဖြစ်လာလိမ့်မယ်၊ မြန်မြန်ဆန်ဆန် တိုးတက်လာလိမ့်မယ်"

"ဟုတ်ကဲ့ . . ကျုပ်တို့ အဲဒါကို သိပ်ဖြစ်စေချင်ပါတယ် ကိုယ့်ဒေသတိုးတက်ရေးကို ကျုပ်လိုလားပါတယ်"

"ဦးစိုင်းဆုံထာ လိုလားပေမယ့် မလိုလားတဲ့လူတွေက ရှိနေတယ်၊ သူတို့က လုပ်ငန်းပျက်အောင် လုပ်နေကြတယ်၊ ဒီနေရာမှာ ကျွန်တော် စဉ်းစားမိတာက လုပ်ငန်းပျက်အောင် လုပ်နေတဲ့လူတွေအတွက် နွားကျတောင်မှာ မက်စရာတစ်ခုခု ရှိလိမ့်မယ်၊ ဒါကြောင့် သူတို့က နွားကျတောင်ကို တစ်ခြားလူတွေ မလာနိုင်အောင် အနှောင့်အယှက်ပေးနေတာ ဖြစ်မယ်။ နွားကျတောင်မှာ ပညာရှင်တွေ ခန့်မှန်းထားတဲ့ သတ္တုသိုက်အပြင် တစ်ခြား ဘာရှိနိုင်သေးသလဲ"

"နွားကျတောင်မှာတော့ ဘာမှရှိမှာ မဟုတ်ဘူး၊ ဟိုလေ ကျုပ်မကြားဖူးဘူး . . နွားကျတောင်ရဲ့ ဒီဘက်တောင်ကတော့ စိန်တောင်လို့ ရှေးလူကြီးတွေ ပြောတာကြားဖူးတယ်၊ အဲဒီက စိန်ရိုင်းတုံးကြီးတစ်လုံး ရဖူးတယ်ဆိုတဲ့အကြောင်း





ဒီနယ်က လူတွေအားလုံး သိကြပါတယ်"

စဝ်ရန်နိုင်၏မျက်နှာမှာ စိတ်ဝင်စားဟန်များ ထင်ထင်ရှားရှား ပေါ်လာသည်။ သူ၏မျက်လုံးအစုံက စိတ်ဝင်စားခြင်းကြောင့် အရောင်တဖျပ်ဖျပ် လက်လာ၏။

"ဦးစိုင်းလုံပြောတဲ့တောင်က နွားကျတောင်နဲ့ ဘယ်လောက်ဝေးသလဲ"

"ဟိုဘက် ဒီဘက်ပေါ့ . . ဒီတောင်ကဆင်းရင် ဟိုတောင်ကိုရောက်တာပဲ"

"အဲဒီတောင်မှာ စိန်ရှာတဲ့လူတွေ ရှိဖူးသလား"

"လွန်ခဲ့တဲ့တစ်နှစ်လောက်က စိန်အရှာထွက်တဲ့ လူတစ်ယောက် အသတ်ခံလိုက်ရတယ်၊ ပြီးခဲ့တဲ့ လေးလကလည်း စိန်ရှာတဲ့လူတစ်ယောက် အသတ်ခံရတာ ရှိတယ်"

"ဟုတ်ပြီ . . အခုအတိုင်းဆိုရင် ဦးသော်ကတို့ အသတ်ခံရတာဟာ ဒီစိန်တွင်းကြောင့် ဖြစ်လိမ့်မယ်"

"ဖြစ်နိုင်ပါတယ် ဆရာ"

"ကျေးဇူးတင်ပါတယ် ဦးစိုင်းလုံ . . အခုလို စိန်တောင်အကြောင်း ပြောပြတဲ့အတွက် ကျွန်တော်တို့ လုပ်ရကိုင်ရတာ လွယ်သွားပြီလို့ ဆိုရပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင်က နွားကျောင်းအကြောင်းကိုလည်းကောင်း စိန်တောင်အကြောင်းကိုလည်းကောင်း မပြောတော့ဘဲ ဦးစိုင်းသုံ့အား လက်ဖက်ရည်တိုက်သည်၊ မုန့်ကျွေးသည်။

ဦးစိုင်းလုံတို့ ပြန်သွားသည့်အခါတွင် စဝ်ရန်နိုင်နှင့် ထွန်းသူတို့ ခေါင်းချင်းဆိုင်လိုက်ကြသည်။

သူတို့က ဆက်လက်လုပ်ကိုင်ရမည့် အစီအစဉ်ကို အသေးစိတ်တိုင်ပင် ဆွေးနွေးကြလေသည်။



## အခန်း (၂၃)

ရဲနောင်က ညာလက်သီးဆုပ်ကို ဘယ်လက်ဝါးထဲသို့ ထိုးထဲ့သည်။ ထို့နောက် လက်သီးကိုလက်ဝါးဖြင့် ဆုပ်ပြီး ရုပ်ရှင်ကားများတွင် သိုင်းသမားများ ဂါရဝပြုနှုတ်ဆက်သည့်ဟန်ဖြင့် စိုးမောင်ကို နှုတ်ဆက်သည်။

စိုးမောင်က ရယ်ပြီး ရဲနောင် နှုတ်ဆက်သည့်ပုံစံမျိုးဖြင့် ပြန်လည်နှုတ်ဆက်သည်။

"ကိုကို"

"ဟား . . ဟား ညီလေး မင်းက အခုမှ ပိုပြီးချောလာ



www.burmeseclassic.com

www.burmeseclassic.com



တယ် . . ဟား . . ဟား"

"ကိုကို . . ပိုက်ဆံတွေရော"

"ပိုက်ဆံတွေ သူ့နေရာမှာ သူရှိနေတာပေါ့"

"ဟာ . . အစ်ကိုကြီးကလည်း သူ့နေရာသူဆိုပြီး ကျွန်တော်ရှာလို့ မတွေ့ဘူး . . ဘယ်မှာသိမ်းထားတာလဲ"

"ဂူထဲမှာလေ . . မင်း ထားခိုင်းတဲ့ လျှို့ဝှက်ခန်းထဲမှာပေါ့"

"ကျွန်တော် ပိုက်ဆံတွေသွားယူမယ်၊ ဒီမျက်နှာနဲ့ သွားလို့မဖြစ်ဘူး . . မျက်နှာပြောင်းသွားရမယ်"

"ဘယ်မျက်နှာပြောင်းမလဲ . . ငါပြောင်းပေးမယ် ဒါပေမယ့် မျက်နှာတွေက ဟိုမှာ ကျန်ခဲ့ပြီကွ"

"ကျွန်တော့်ဖာသာ ကျွန်တော် ပြောင်းလိုက်ပါမယ် ကိုကို့ညီက ဒါလောက် မညံ့ပါဘူး . . ကိုကို ဒီမှာ ခဏနေနော်"

ရဲနောင်က ရေချိုးခန်းသို့ဝင်သည်။ သူ့မျက်နှာပေါ်တွင် တပ်ဆင်ထားသည့် စိုးမောင်၏မျက်နှာပုံ မျက်နှာတုကိုဖြုတ်သည်။ မျက်နှာတုကို အသေအချာသိမ်းပြီး ဧည့်ခန်းသို့ပြန်ထွက်သည်။ ဧည့်ခန်းတွင်ရှိနေသော စိုးမောင်က ရဲနောင်အား ကြောင်ကြောင်နှင့် ကြည့်သည်။





"ကိုကို . . ကျွန်တော် မျက်နှာပြောင်းထားတ ကောင်းရဲ့လား"

စိုးမောင် ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားသည်။ ရဲနောင်အား တခဏမျှငေးကြောင်ကြောင်နှင့် ကြည့်ပြီးနောက် ရယ်လိုက်သည်။

"ဟား . . ဟား . . ဟား . . မင်းက တကယ်တော်ပါလား၊ ညီလေး တော်တယ် . . သိပ်တော်တယ် . . ဟား ဟား ဟား"

ရဲနောင်က ရယ်နေသော စိုးမောင်အားကြည့်သည်။ ပြီး စိုးမောင်၏ပခုံးကို ညင်သာစွာ ဆုပ်ကိုင်လိုက်၏။

"ကျွန်တော် နေရာဟောင်းသွားပြီး ပိုက်ဆံသွားယူမယ် ပြီးရင် ဆရာကြီးနဲ့တွေ့ရမယ်"

"ဆရာကြီးနဲ့တွေ့မယ် ဟုတ်လား"

စိုးမောင်က မျက်မှောင်ကြုံ့ပြီး မေးသည်။ ရဲနောင် ခေါင်းညိတ်လိုက်၏။

"ဆရာကြီးက ဘယ်သူလဲဆိုတာ ညီလေး မသိဘူးဆို သူက ညီလေးကို ရုပ်ဖျက်ပြီး လက်ခံတွေ့တာဆို"

"ဟုတ်ပါတယ် ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"သူက ညီလေးကို တစ်နေရာထဲမှာ လက်ခံတွေ့တာ မဟုတ်ဘဲ နေရာပြောင်းပြီး တွေ့တာ မဟုတ်လား"

"ဟုတ်ပါတယ် ကိုကို"

"ဒါဆို ညီလေး . . သူ့ကို ဘယ်လိုရှာမလဲ"

စိုးမောင်က ဉာဏ်ရည်ထက်မြက်သူ၊ ဦးနှောက်ကောင်းသူတစ်ယောက်လိုပင် မေးမြန်းပြောဆိုနေသည်။

"ဆရာကြီးက ကျွန်တော့်ကို ခေါ်တွေ့မှာပေါ့ .. သူခေါ်တွေ့တာကို စောင့်ရမှာပေါ့"

ရဲနောင်က စိုးမောင်၏ပခုံးကို ဖက်လိုက်သည်။ ပြီး အနီးကပ် ဖြစ်နေသော စိုးမောင်၏မျက်နှာကို ကြည့်သည်။

ထိုသို့ကြည့်မိစဉ်တွင် သူ့မျက်လုံးအစုံ အရောင်ဖျပ်ဖျပ်လက်သွား၏။

သူက စိုးမောင်၏နားသယ်စမှ အနည်းငယ်လန်ထွက်နေသော သားရေပြားကို ဆတ်ခနဲဆွဲသည်။

ဗြိခနဲမြည်သံနှင့်အတူ ပါးလွှာသော မျက်နှာတုသားရေပြား ရဲနောင်၏လက်ထဲသို့ ပါလာသည်။

"ဟာ"

"ဒုတ်"





"အင့်"

အံ့အားတသင့် ရေရွတ်သံ၊ အရိုက်ကို လက်သီးဖြင့် ထိုးသံတို့နှင့်အတူ နှုတ်မှ အင့်ခနဲမြည်ပြီး ရဲနောင် နောက်သို့ ယိုင်သွားသည်။

ထိုအခါ စိုးမောင်၏မျက်နှာတု ပြုတ်သွားပြီး ပင်ကိုယ်မျက်နှာနှင့် ဖြစ်နေသော မျက်နှာစိမ်းတစ်ယောက်ကို တွေ့ရသည်။

ရဲနောင်က သူ့ကိုယ်သူ ထိန်းလိုက်သည်။

ပြီး သူ့ကို သေနတ်ဖြင့် ချိန်ထားသည့် မျက်နှာစိမ်းကို ကြည့်လိုက်သည်။

"မင်းဘယ်သူလဲ . . ငါ့ကိုကို ဘယ်မှာလဲ"

"ငြိမ်ငြိမ်လေးနေပါ တိုးမောင် . . မင်းအစ်ကိုကို ဆရာကြီးက ထိန်းသိမ်းထားပါတယ်၊ သူကိုယ်တိုင်က ငါ့ကို သူ့မျက်နှာနဲ့တူတောင် ရုပ်ဖျက်ပေးလိုက်တာပါ . . ငါက ဆရာကြီးယုံကြည်စိတ်ချတဲ့ တပည့်ရင်း မန်းညိုပါ"

"မန်းညို . . ဟုတ်လား"

"ဟုတ်တယ် . . အဲဒါ ငါ့နာမည်ပဲ၊ ငါ အခုလိုလုပ်တာဟာ ဆရာကြီးရဲ့အစီအစဉ်ပါ၊ ဆရာကြီးက မင်းကို တိုး



www.burmeseclassic.com

www.burmeseclassic.com



မောင်အစစ် ဟုတ်မဟုတ် စမ်းသပ်ခိုင်းလိုက်တာ . . အခု မင်းဟာ တိုးမောင်အစစ်ဆိုတာ ငါသိရပြီ . . ဒီတော့ ဆရာကြီးဆီ ပြန်ပြီး အစီရင်ခံမယ်"

"ငါ့အစ်ကိုကို ဘယ်တော့ ပြန်လွှတ်ပေးမှာလဲ"

"အဲဒါ ဆရာကြီးသဘောပါ . . မင်းဟာ တိုးမောင် အစစ်ဆိုတာ သိတဲ့နောက် ဆရာကြီးက မင်းကို ခေါ်တွေ့မှာပေါ့ အဲဒီအခါကျ မင်းမေးချင်တာတွေ ဆရာကြီးကို တိုက်ရိုက်မေး ပါ"

မန်းညိုက စကားပြောရင်း တဖြည်းဖြည်း နောက်ဆုတ် သွားသည်။

"နေဦး"

"မင်း ရှေ့တိုးမလာနဲ့နော် . . တိုးမောင် မင်းဘယ် လောက်မြန်တယ်ပြောပြော ကျည်ဆန်လောက်တော့ မမြန်နိုင် ဘူး"

"ငါ မင်းကို မေးစရာရှိလို့ပါ၊ မင်းက ကိုကိုနဲ့ ဘယ်တုန်း က လူချင်းလဲလိုက်တာလဲ"

"မိုးမောင်ကို နှင်းနုက ခေါ်လာပြီးတော့မှပါ၊ မင်း စိတ် မပူပါနဲ့ . . ဆရာကြီးက မင်းကိုဆက်သွယ်မှာပါ"





မန်းညိုက အခန်းအပြင်သို့ လှစ်ခနဲထွက်သည်။ တံခါး ကို အပြင်ဘက်မှပိတ်ပြီး လှေကားအတိုင်း အောက်ထပ်သို့ပြေး ဆင်းသွားသည်။

အခန်းထဲတွင် ပိတ်မိနေသော ရဲနောင်မှာ ဘာလုပ်ရ မှန်းမသိ ဖြစ်သွားသည်။ ပြီးမှ စိတ်ကူးရပြီး နှင်းနုအလုပြင်ခန်း ရှိရာသို့ ပြတင်းပေါက်မှနေ၍ ကြည့်သည်။

တစ်ဖက်အိဆောက်အဦးရှိ အခန်းထဲသို့ ရောက်နေ သော နှင်းနုက ဂျည့်အကြည့်တွင် ရဲနောင်ကို မြင်သွား၏။

ရဲနောင်က နှင်းနုအား လက်ဟန်ပြပြီး ပြတင်းပေါက် ကိုဖွင့်သည်။ နှင်းနုကလည်း သူ့ဘက်မှ ပြတင်းပေါက်ကိုဖွင့် လိုက်သည်။

"နှင်းနု . . ကိုယ့်ကို တံခါးလာဖွင့်ပေးပါ"

"တံခါး . . ဟုတ်လား၊ တံခါး ဘာဖြစ်လို့လဲ"

"တံခါးကို ဟိုလူ အပြင်ကနေပိတ်သွားလို့ လာဖွင့်ပေး ပါ"

"ဟိုလူ . . ဟုတ်လား၊ ဟိုလူဆိုတာက"

"မြန်မြန်လာစမ်းပါ . . ဒီရောက်မှ ကိုယ်ပြောပြမယ်"

နှင်းနု ခေါင်းညိတ်ပြသည်။ ပြတင်းပေါက်ကို ပြန်ပိတ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး အလှပြင်ခန်းမှ ခွာထွက်သည်။

ရဲနောင်ကလည်း ပြတင်းပေါက်ကို ပြန်ပိတ်သည်။ ထို့နောက် တံခါးပေါက်ရှိရာသို့ ပြန်လျှောက်ခဲ့သည်။ တံခါးအနီးတွင်ရပ်ပြီး နှင်းနုရောက်လာမှာကို စောင့်သည်။

"ငါ . . ဘာဖြစ်လို့ ဒါလောက်တောင် လောနေရတာလဲ . အခုနေ မန်းညိုနောက်ကို လိုက်လို့လည်း မမှီတော့ဘူး ငါ့အနေနဲ့ ဆရာကြီး ဆက်သွယ်လာမှာကို စောင့်ရုံပဲရှိတယ်"

ရဲနောင်က လှုပ်ရှားနေသောစိတ်ကို ထိန်းပြီး ကြိမ်ဆက်တီတစ်လုံးပေါ်တွင် ထိုင်ချလိုက်သည်။ ထို့နောက် အိတ်ထဲမှ စီးကရက်ဘူးကိုထုတ်၍ စီးကရက်တစ်လိပ် မီးညှိသည်။

ရဲနောင်က စီးကရက်မီးညှိ ဖွာရှိုက်နေစဉ် ပိတ်နေသည့် အခန်းတံခါးပွင့်သွားပြီး နှင်းနု အခန်းထဲသို့ ဝင်လာသည်။ ရဲနောင်က နှင်းနုအား ဖျပ်ခနဲလှမ်းကြည့်သည်။

"တံခါး ပြန်ပိတ်လိုက်ပါ နှင်းနု"

နှင်းနုက အခန်းတံခါးကို ပြန်ပိတ်သည်။ ထို့နောက် ရဲနောင် ထိုင်နေရာသို့ လျှောက်လာသည်။

သူက ဟိုဟိုသည်သည်ကြည့်ရင်း အခန်းထဲတွင် ရဲနောင်တစ်ယောက်ထဲ ဖြစ်နေသည်ကို သိသွား၏။





"ကိုစိုးမောင်ကော"

"ဆရာကြီးဆီ ရောက်သွားပြီ"

နှင်းနု မျက်မှောင်ကြုံ့သွားသည်။ မေးခွန်းထုတ်ဟန် အကြည့်ဖြင့် ရဲနောင်ကို ကြည့်သည်။

"ထိုင်ပါဦး နှင်းနု . . ဘာတွေဖြစ်သလဲဆိုတာ ကိုယ် အစအဆုံး ပြောပြပါ့မယ်"

ရဲနောင်က စိုးမောင်နေရာတွင် လူစားဝင်လာသော မန်းညိုအကြောင်းကို ပြောပြသည်။ နှင်းနုသည် ရဲနောင်၏စကားကို တအံ့တသြနှင့် နားထောင်နေ၏။ စကားဆုံးသည့်အခါ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။

"ဆရာကြီးက ကိုတိုးကို မယုံကြည်လို့ စစ်ဆေးကြည့်တဲ့သဘောပေါ့နော်"

"အင်း . . အခြေအနေက ဒီလိုဖြစ်နေတော့လည်း ဆရာကြီးလုပ်တာ မှန်တယ်လို့ ပြောရမှာပေါ့၊ ဒါပေမယ့် ကိုယ့်ကို စစ်ဆေးတဲ့နေရာမှာ ကိုကို့ကို အသုံးချတာတော့ မကောင်းဘူး"

"အော် . . ကိုတိုးကလဲ . . ကိုတိုးနဲ့အနီးကပ်ဆုံးဖြစ်ဖို့က ကိုစိုးမောင်အဖြစ်နဲ့ဝင်မှ ရမှာမဟုတ်လား၊ စိတ်မပူပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက လုပ်တာဆိုရင် ကိုစိုးမောင် ပြန်လွတ်လာမှာပါ"

"နှင်းနုက ဆရာကြီးအကြောင်းကို ဘယ်လောက်သိလို့ ပြောနေတာလဲ"

နှင်းနုသည် စိုးရိမ်စိတ်တွေ ဝင်နေဟန်ရှိသော ရဲနောင်၏လက်မောင်းကို ညင်သာစွာဆုပ်ကိုင်သည်။ အနီးကပ်မြင်နေရသော ရဲနောင်၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်၏။

"နှင်းနုက ဆရာကြီးအကြောင်းကို ကိုတိုးပြောပြသလောက်ပဲ သိတာလေ၊ သူက ကိုတိုးကို ယုံကြည်အားကိုးတယ် မဟုတ်လား၊ ဒါကြောင့်လည်း ရဲနောင်မျက်နှာနဲ့ ကိုတိုးနေရာမှာ ရောက်နေတဲ့လူဟာ ကိုတိုးအစစ် ဟုတ်မဟုတ် သိအောင် လုပ်မှာပေါ့"

"ဒါပေမယ့် ကိုကို့ကို အသုံးချတာတော့ မကောင်းဘူး ကိုယ်က မန်းညိုကို ကိုကိုလို့ပဲ ထင်နေတာ၊ သူစကားပြောတာ သူစဉ်းစားတာတွေက လူကောင်းတစ်ယောက်လို ဖြစ်နေတာရယ် . . သူ့မျက်လုံးတွေမှာ ကိုကို့ဟန်တွေ မရှိတာရယ်ကြောင့် ကိုယ် သူ့ကို မယုံသင်္ကာဖြစ်သွားတာ၊ ဖြစ်ချင်တော့ နားသယ်စက မျက်နှာတုသားရေပြားလေး လန်နေတာတွေ့လို့ ကိုယ် ဆွဲခွာလိုက်မိတယ်၊ အဲဒီမှာ ကိုကိုအဖြစ် ဟန်ဆောင်နေတဲ့



မန်းညိုကို တွေ့တာပဲ"

နှင်းနုက စိုးရိမ်ပူပန်ဟန်တွေ ပေါ်နေသော ရဲနောင်ကိုနွဲ့မှီလိုက်သည်။ ရဲနောင်၏ပခုံးတစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

နွေးထွေးသော အထိအတွေ့၊ သင်းပျံ့သော ရနံ့တို့ကြောင့် ရဲနောင် ရင်ခုန်သွားသည်။ သူက နှင်းနုအား မျက်လုံးအဝိုင်းသားနှင့်ကြည့်သည်။

"နှင်း . . နှင်းနု"

"ဘာလဲ ကိုတိုးက ဒီလို နီးနီးကပ်ကပ် မနေပါနဲ့လို့ ပြောဦးမလို့လား၊ ကိုတိုး အရမ်းကို ပြောင်းလဲသွားတာပဲနော် အရင်ကဆို ဂက်ရဲဇက်ရဲနဲ့ . . အခုတော့ သိပ်ထိန်းသိမ်းတာပဲ၊ အင်းလေ . . အရင်ကလည်း ပူးပူးကပ်ကပ်နေခဲ့ပေမယ့် ကိုတိုးက အခွင့်အရေးမှ မယူခဲ့တာ"

"လက်မထပ်ရသေးတဲ့ ချစ်သူအပေါ် အခွင့်အရေးယူတာဟာ ယောကျ်ားကောင်းတစ်ယောက်ရဲ့ အလုပ်မဟုတ်ပါဘူး . . နှင်းနုရဲ့ ကိုယ်က အဲဒီယောကျ်ားမျိုးကို သိပ်မုန်းတာပဲ"

"အင်းပါ . . ကိုတိုးရဲ့စိတ်ကို နှင်းနု သိပါတယ်"

www.burmeseclassic.com



ရဲနောင်က နှင်းနု၏ချောမောလှပသော မျက်နှာလေး ကို ငေးကြည့်သည်။ သူ့ရင်ထဲတွင် လှိုက်လှဲသော ခံစားချက် တွေ တိုးဝင်လာ၏။

"နှင်းနု"

"ရှင် . . ကိုတိုး"

"ကိုယ်တို့ လက်ထပ်မယ်နော်"

နှင်းနုက ရဲနောင်အား ရှန်းလက်တောက်ပသော မျက် လုံးအစုံဖြင့်ကြည့်ရင်း ခေါင်းညိတ်သည်။

"ကိုတိုး သဘောလေ"

"ဒီမှာနေရင်တော့ ကိုယ်တို့ဘဝသစ်တစ်ခုကို အေးအေး ချမ်းချမ်း တည်ဆောက်လို့ရမှာ မဟုတ်ဘူး၊ ဒီကနေ တစ်ခြား ကိုသွားမယ်၊ အဝေးကြီးကိုသွားမယ် . . အဲဒီနေရာမှာ ရိုးရိုး သားသားနဲ့ အေးချမ်းတဲ့ ဘဝလေးတစ်ခုကို တည်ဆောက်ကြ မယ်"

နှင်းနု၏မျက်နှာတွင် ဝမ်းသာဟန်တွေ ရိပ်ခနဲပေါ်လာ သည်။

"ကိုတိုး တကယ်ပြောတာနော်"

"ကိုယ် ဘယ်တုံးက နှင်းနုကို လိမ်ညာဖူးလို့လဲ"





"ဝမ်းသာလိုက်တာ ကိုတိုးရယ် . . တကယ်ဝမ်းသာ တယ် သိလား၊ ကိုတိုး အဲသလိုပြောလာမဲ့ အချိန်ကို နှင်းနု စောင့်နေခဲ့ရတာ ကြာပါပြီ"

"တကယ်ပဲလား နှင်းနု . . အရင်တုံးက နှင်းနု ကိုယ့် ကို ကြောက်လို့ မလွန်ဆန်ရဲလို့ လိုက်လျောဆက်ဆံနေတာ မဟုတ်လား"

နှင်းနု ရုတ်တရက် ဘာပြောရမှန်း မသိဘဲ ရဲနောင် အား တွေတွေဝေဝေနှင့် ကြည့်နေသည်။

"ပြောပါ နှင်းနု"

"ကိုတိုး စိတ်မဆိုးနဲ့နော် . . နှင်းနု အမှန်အတိုင်း ပြော မယ်"

"ပြောပါ"

"ဟိုး . . အရင်ကတော့ နှင်းနု ကိုတိုးကို ကြောက်နေ ခဲ့တာ အမှန်ပဲ၊ ဒါပေမယ့် ကိုတိုးက နှင်းနုကို ဖျက်လိုဖျက်ဆီး မလုပ်ခဲ့တာ အခွင့်အရေး မယူခဲ့တာတွေကြောင့် စိတ်ထဲမှာ လေး လဲလေးစားမိတယ် . . အခုနောက်ပိုင်းမှာတော့ ကိုတိုးက ပိုပြီး သိမ်မွေ့လာတာကြောင့် နှင်းနု ကိုတိုးကို ချစ်မိလာတယ်"

"ခုနောက်ပိုင်းကျမှ ချစ်တယ် ဟုတ်လား . . အေးလေး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်ဖြစ် ကိုယ့်ကိုချစ်ဖို့ အရေးကြီးပါတယ် . . ကိုယ် အခု စခန်းဟောင်းကို သွားမယ်၊ အဲဒီကနေပြန်လာရင် ကိုကို့ကို ရှာမယ် . . ပြီးတော့ ကိုယ်တို့ ဒီကနေ ဝေးရာကို ထွက်သွားမယ် . . ဟုတ်လား နှင်းနု"

"နှင်းနုက ကိုတိုးခေါ်ရာကို လိုက်မယ့် နှင်းနုပါ"

ရဲနောင်က နှင်းနုကို ထွေးဖက်လိုက်သည်။ နှင်းနုက တိုးမောင်၏မျက်နှာကို မော်ကြည့်ရင်း ပြုံးနေလေသည်။



## အခန်း (၂၄)

ရေတံခွန်မှ ရေမှုံရေစက်တွေ တဖွားဖွားနှင့် လွင့်စင်လာသည်။

စဝ်ရန်နိုင်က မြေကွက်လပ်တွင်ရပ်ပြီး အရှိန်အဟုန်နှင့် ကျဆင်းနေသော ရေတံခွန်ကိုကြည့်သည်။

"ဒီနေရာက တကယ့်နေရာကောင်းလေးပဲ . . စိုင်းနွတ်သာတွေ့ရင် သိုင်းလေ့ကျင့်ဖို့ သိပ်ကောင်းတဲ့နေရာဆိုပြီးသဘောကျမှာ . . ရဲနောင်နဲ့ တိုးမောင်တို့ တိုက်ခိုက်ခဲ့တာ ဒီနေရာလား"



www.burmeseclassic.com

www.burmeseclassic.com



ရေတံခွန်ကိုကြည့်နေရင်းမှ စစ်ရန်နိုင်က သူ့အားတွင် ရှိနေသော ခင်ဝင်းကို လှည့်မေးသည်။

"သူတို့တိုက်ခိုက်ကြတာ ဒီနေရာ မဟုတ်ဘူး၊ ဟို အတွင်းဘက်ကို နည်းနည်းကျတယ်၊ တိုးမောင်နေတဲ့ဂူနဲ့ နီးနီး မှာပါ"

"ကိုယ်တို့ အဲဒီနေရာကို သွားကြရအောင်"

ခင်ဝင်းက ခေါင်းညိတ်ပြသည်။ စစ်ရန်နိုင် ရှေ့မှနေ၍ တိုးမောင်နေခဲ့သော ဂူရှိရာသို့လျှောက်သည်။

စစ်ရန်နိုင်က ပတ်ဝန်းကျင်ကို မပြတ်ကြည့်ရှုရင်း ခင် ဝင်းနောက်သို့လိုက်သည်။

ဆင်ခြေလျှောတစ်ခုကို ဖြတ်မိသည်နှင့် ထင်းရှူးပင် စုစုရှိရာသို့ ရောက်သည်။ ခင်ဝင်းက ထင်းရှူးတောထဲသို့ ဦး ဆောင်ပြီးဝင်သည်။

"သူတို့ ဒီနေရာမှာ တိုက်ခိုက်ခဲ့ကြတာ"

"ဂူကကော"

"ဟိုရှေ့မှာ"

ခင်ဝင်းက ချုံနွယ်များပိတ်ဆည်းနေသည့် တောင် စောင်းကို ညွှန်ပြရင်းပြောသည်။





ထိုနေရာသို့လှမ်းကြည့်လိုက်သော စစ်ရန်နိုင်၏မျက်လုံး အစုံမှာ အရောင်တဖျပ်ဖျပ်လက်နေ၏။

"ဒီပတ်ဝန်းကျင်မှာ လူတစ်ယောက်ရှိနေတယ်"

ခင်ဝင်းက ပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက်ဝေ့ကြည့် သည်။ သံသယဖြစ်စရာ ဘာကိုမှ မတွေ့ရသဖြင့် သူက စစ်ရန် နိုင်အား မေးခွန်းထုတ်ဟန်ဖြင့် လှည့်ကြည့်၏။

"ကျွန်တော်တော့ မသင်္ကာစရာ ဘာမှ မတွေ့ဘူး ကိုရန်နိုင်"

"စီးကရက်နံ့ရတယ် . . စီးကရက်သောက်တတ်တဲ့ လူတစ်ယောက် ဒီနားမှာ သေချာပေါက်ရှိနေတယ်"

ခင်ဝင် မျက်မှောင်ကြုံ့သည်။ ခေါင်းမော့ပြီး လေထဲ တွင် အနံ့ခံသည်။ တစ်ခဏအကြာတွင် သူခေါင်းညိတ်လိုက် ၏။

"ဟုတ်တယ် . . စီးကရက်နံ့ရတယ် . . ဂူထဲမှာများ လူရှိနေသလား မသိဘူး"

"သွားကြည့်ကြရအောင်"

စစ်ရန်နိုင်က ပခုံးသိုင်းအိတ်ထဲမှ ပစ္စတိုကို ထုတ်ကိုင် သည်။ ခင်ဝင်းကလည်း ခါးပေါ်ရှိ သေနတ်အိတ်ထဲမှ ဒဿမ



www.burmeseclassic.com

www.burmeseclassic.com



သုံးရှစ်ပစ္စတိုကို ထုတ်ကိုင်သည်။

"ကျွန်တော့်နောက်က လိုက်ခဲ့ပါ ကိုရန်နိုင်"

ခင်ဝင်းသည် ဂူရှိရာသို့ ခြေသံလုံလုံနင်းပြီး လျှောက်သည်။ စဝ်ရန်နိုင်က ခင်ဝင်း၏နောက်မှ ထပ်ချပ်မကွာ လိုက်ခဲ့၏။

"ရှေ့က ချုံအကွယ်မှာ ဂူရှိတယ်"

ရှေ့မှလျှောက်နေသော ခင်ဝင်းက ခပ်တိုးတိုးပြောသည်။ စဝ်ရန်နိုင်က ခင်ဝင်း မမြင်နိုင်ကြောင်း သတိမထားမိဘဲ ခေါင်းညိတ်လိုက်သည်။

ခင်ဝင်းက ချုံအကွယ်တွင်ရှိသော ဂူပေါက်အတွင်းသို့ ဝင်သည်။

စောစောက နောက်မှလိုက်လာခဲ့သော စဝ်ရန်နိုင်သည် ဂူပေါက်ကိုစတွေ့မှ ခင်ဝင်းနှင့် ဘေးခြင်းယှဉ်ပြီး ဂူအတွင်းသို့ဝင်သည်။

ဂူအတွင်းသို့အရောက်တွင် အတွင်းပိုင်းတစ်နေရာမှ လှုပ်ရှားသံသဲ့သဲ့ကို ကြားရသည်။

စဝ်ရန်နိုင်က ရပ်ပြီးနားစွင့် ရန် ခင်ဝင်းကို လက်ဟန်ပြသည်။ ခင်ဝင်း တုံ့ခနဲရပ်လိုက်ပြီး အသံဗလံကို နားစွင့်သည်။



တိုးသဲ့ညင်သာသော လှုပ်ရှားသံကို ကြားနေရသည်။ ဂူအတွင်းသို့ရောက်မှ စီးကရက်အနံ့ကို ပိုပြီးသိသာစွာရသည်။ စဝ်ရန်နိုင်က ခင်ဝင်းကို ညာဘက်နံရံအနားသို့ကပ်ပြီး လျှောက်ရန် လက်ဟန်ပြသည်။ သူက ဘယ်ဘက်နံရံကို ကပ်ပြီးလျှောက်သည်။

အတွင်းဘက်မှ လှုပ်ရှားသံကို ပို၍ပီသစွာကြားလာရသည်။ ဂူအတွင်းပိုင်း၌ အနည်းငယ်မှောင်ပျပျ ဖြစ်နေ၏။

ခြေတစ်လှမ်းခြင်း လှမ်းကာ လျှောက်နေသော ခင်ဝင်းက ထင်းရှူး သေတ္တာအဟောင်းတစ်လုံးကို အမှတ်မထင် တိုက်မိသွားသည်။

ထိုအခါ ဂူအတွင်း၌ ကျယ်လောင်သော အသံ တစ်သံပေါ်လာသည်။ အတွင်းပိုင်းမှ ပေါ်ထွက်နေသော လှုပ်ရှားသံ ပျောက် ပြီး ငြိမ်သက်သွားသည်။

စဝ်ရန်နိုင်က ခင်ဝင်းအားနေခဲ့ရန် လက်ဟန်ပြပြီး ရှေ့ကိုခြေတစ်လှမ်းခြင်း တိုး၍လျှောက်သည်။

ကွေ့ချိုးလေးဖြစ်နေသော နေရာသို့အရောက်တွင် အပေါ်ထပ်မှကျနေသော အလင်းရောင်ကြောင့် ဂူအတွင်း၌ လင်းချင်းနေသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာတွင် ဝါးစားပွဲတစ်လုံးကို တွေ့ရသဖြင့် တိုးမောင် နေထိုင်စဉ်က ထမင်းစားခန်းအဖြစ် အသုံးပြုခဲ့သည့် နေရာ ဖြစ်မည်ဟု စဝ်ရန်နိုင် ခန့်မှန်းလိုက်မိသည်။

သူက ပစ္စတိုကိုကိုင်ပြီး လျှောက်နေစဉ် ညာဘက်မှ လေထုလှုပ်ရှားသံကို ကြားရသည်။ စဝ်ရန်နိုင် ဘေးတစ်ဖက်သို့လှစ်ခနဲ ခုန်ထွက်လိုက်၏။

ထို့ကြောင့် မှောင်ထဲတွင် ရပ်နေသူ၏ ခြေကန်ချက်မှ လွတ်သွားသည်။ ပြင်းထန်သော ခြေကန်ချက်ကြောင့် ဝှစ်ခနဲ မြည်သွားသံ ပေါ်လာ၏။ ကန်ချက်က စဝ်ရန်နိုင်၏ဘေးမှ ဖြတ်သွားသည်။

စဝ်ရန်နိုင် ခြေထပ်ရွှေ့ပြီး မှောင်ရိပ်ထဲမှ လူ့ဘက်သို့ လှည့်သည်။

ထိုနေရာမှ ပစ္စတိုကိုကိုင်ထားသည့် လက်တစ်ဖက် တိုးထွက်လာသည်ကို တွေ့ရ၏။

"ရှေ့ကိုတစ်လှမ်းမှ မတိုးနဲ့"

စဝ်ရန်နိုင်က မှောင်ရိပ်ထဲမှ ထွက်လာသည့် ရဲနောင် ကို အံ့အားတသင့် ကြည့်လိုက်သည်။

ရဲနောင်က စဝ်ရန်နိုင်အား သူစိမ်းတစ်ယောက်ဝ

www.burmeseclassic.com



ကြည့်ရင်း ရှေ့တိုးလာ၏။

"လက်ထဲက သေနတ်ကို ချလိုက်ပါ"

"မင်း"

"သေနတ်ကိုချလိုက်ပါ"

ရဲနောင်၏အသံ အေးစက်စက်နှင့် ပေါ်လာသည်။ စဝ်ရန်နိုင်က သေနတ်ကို ကြမ်းပြင်ပေါ်သို့ လွှတ်ချလိုက်၏။ ထိုအချိန်မှာပင် ရဲနောင်၏နောက်သို့ ခုန်ဝင်လာသော ခင်ဝင်းက လျှင်မြန်စွာလှုပ်ရှားလိုက်သည်။ သူက သူ့လက်ထဲမှ သေနတ်ဒင်ဖြင့် ရဲနောင်၏ခေါင်းကို ရိုက်ချလိုက်သည်။

"ခွပ်"

"အား"

"ဟင် . . ရဲနော်ပါလား . . ကိုရန်နိုင် . . သူ . . သူက ရဲနောင်ပါ"

ခင်ဝင်း၏စကားအဆုံးတွင် စဝ်ရန်နိုင် ပြုံးပြီးခေါင်း ညိတ်ပြသည်။

"ကိုယ် သူ့ကိုသိပါတယ်၊ သူက ကိုယ့်ကို ရုတ်တရက် မမှတ်လိုက်ဘူးနဲ့ တူတယ် . . အဲဒါကြောင့် တွေ့တွေ့ချင်း ဘိုက်ခိုက်တာ ရဲနောင် ညီလေး . . ကိုယ်က စဝ်ရန်နိုင်ပါကွ



www.burmeseclassic.com

www.burmeseclassic.com



မင်း . . မင်း ကိုယ့်ကို မမှတ်မိဘူးလား"

ရဲနောင်က သေနတ်ဒင်ဖြင့် အရိုက်ခံထားရသော နောက်စေ့ကို လက်ဖြင့်အုပ်ကိုင်ရင်း စစ်ရန်နိုင်အား ကြည့်သည်။

"စစ်ရန်နိုင်"

"ဟာ . . မင်းကလဲ ကိုယ့်နာမည်ကိုတောင် မကြားဖူးသလို လုပ်နေပါလား"

စစ်ရန်နိုင်၏စကားအဆုံးတွင် ရဲနောင် ရယ်လိုက်သည်။

"ဟင်း . . ဟင်း . . ဟင်း . . စစ်ရန်နိုင်၊ ဘာလို့ မသိရမှာလဲ . . သိတာပေါ့ . . ကောင်းကောင်းသိတယ်"

"ဒီနေရာကို မင်းတစ်ယောက်ထဲ လာတာလား . . တစ်ခြားဘယ်သူ ပါသေးသလဲ"

"တစ်ယောက်ထဲ၊ ကျွန်တော် တစ်ယောက်ထဲလာတာ"

သူတို့တွေ့ရသူမှာ ရဲနောင်ဖြစ်နေသဖြင့် စိတ်ချသွားဟန်နှင့် ခင်ဝင်းက ပစ္စတိုကို သိမ်းလိုက်သည်။

စစ်ရန်နိုင်ကလည်း ကြမ်းပြင်ပေါ်တွင်ကျနေသည့် ပစ္စတိုကို ကောက်ယူပြီး သိမ်းသည်။

"ကျွန်တော် . . တစ်ယောက်ထဲလာတာ"

ရဲနောင်၏မျက်လုံးအစုံတို့က ကြောင်တောင်တောင် ဖြစ်





နေသည်ဟု စစ်ရန်နိုင် စိတ်မှာထင်လိုက်မိ၏။

"မင်း . . ဘာဖြစ်နေတာလဲ ရဲနောင် . . ကိုယ်တို့ဟာ ရန်သူမဟုတ်မှန်း သိတာတောင် သေနတ်ကို မသိမ်းနိုင်သေးဘူးလား"

ရဲနောင်က သူ့လက်ထဲတွင် ကိုင်ထားသော သေနတ်ကိုငုံ့ကြည့်ပြီး ခါးကြားတွင် ထိုးလိုက်၏။

"မင်း . . ဒီကိုလာပြီး ဘာလာရှာတာလဲ"

"ပိုက်ဆံ"

"ပိုက်ဆံ ဟုတ်လား . . ဘာပိုက်ဆံလဲ"

"တိုးမောင်ရဲ့ ပိုက်ဆံတွေ . . ဒီမှာကျန်ခဲ့တယ်၊ အဲဒါကို လိုက်ရှာနေတာ"

"တွေ့ပြီလား"

ရဲနောင်က ခေါင်းခါလိုက်သည်။ သူသည် ရှေ့တိုးလာရင်း စစ်ရန်နိုင်အနားတွင် ရပ်လိုက်၏။

"တိုးမောင်ရဲ့ နောက်ကွယ်ကလူကို မင်း စုံစမ်းလို့ ရပြီလား"

"နောက်ကွယ်ကလူ"

"အေးလေကွာ . . တိုးမောင်ကို ခိုင်းနေတဲ့လူပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူက ဘယ်သူလဲဆိုတာ သိပြီလား"

"ဆရာကြီး"

"ဆရာကြီးဆိုတဲ့ အသုံးအနှုန်းကို ငါတို့သိပါတယ်၊ သူက ဘယ်သူလဲ . . ဘယ်မှာနေတာလဲ"

ရဲနောင် ဖျပ်ခနဲ လှုပ်ရှားလိုက်သည်။ သူ၏ခြေကန်ချက် စစ်ရန်နိုင်ထံ တန်းခနဲဝင်လာသည်။ ရိပ်ခနဲလှုပ်ရှားမှုကို တွေ့မြင်ပြီး စစ်ရန်နိုင်က ခါးနွဲ့စွာရှောင်သည်။

သို့သော် ကန်ချက်မှမလွတ်၊ နံကြားဆီသို့ ဝင်လာသော ကန်ချက်က လိုရာကိုမထိဘဲ စစ်ရန်နိုင်၏ခါးကို ထိသွားသည်။ အဖျားခတ်ထိသွားသော ကန်ချက်ကြောင့် စစ်ရန်နိုင်၏ကိုယ် ဘေးတစ်ဖက်သို့ ယိုင်သွား၏။

ထိုအချိန်မှာပင် ရဲနောင်က မှောင်ရိပ်အတွင်းသို့ လှစ်ခနဲတိုးဝင်သွားသည်။

"ဟေ့ . . ရဲနောင် . . ရဲနောင်"

"ဟင်း . . ဟင်း . . ဟင်း . . ကျုပ် ရဲနောင် မဟုတ်ဘူး၊ တိုးမောင် . . ခင်ဗျားတို့ သတ်လို့မသေတဲ့ တိုးမောင်၊ ကျုပ်အခု လူမသတ်ချင်လို့ ခင်ဗျားတို့ကို ဒီအတိုင်းထားခဲ့မယ်၊ ကျုပ်ကိုလိုက်ပြီး မနှောင့်ယှက်ပါနဲ့"





မှောင်ရိပ်ထဲမှနေ၍ လှမ်းပြောလိုက်သော ရဲနောင်၏ အသံကိုကြားရသည်။ စစ်ရန်နိုင်နှင့် ခင်ဝင်းတို့က သေနတ်ကို တစ်ပြိုင်နက် ထုတ်လိုက်ကြသည်။ ထိုအချိန်မှာပင် လျှင်မြန်စွာ ပြေးထွက်သွားသည့် ခြေသံကိုကြားရသည်။

"ရဲနောင် မပြေးနဲ့"

စစ်ရန်နိုင်နှင့် ခင်ဝင်းတို့က မှောင်ရိပ်ထဲသို့ ပြေးဝင်သည်။ မှောင်ရိပ်မှာ ဥမင်လမ်းခွဲတစ်ခုဖြစ်ပြီး အနည်းငယ် ကျဉ်းမြောင်းသည်။

ကိုက်နှစ်ဆယ်ခန့် ဝင်မိသည့်အခါ ချုံနွယ်တွေ ပိတ်ဆည်းနေသော ထွက်ပေါက်တစ်ခုသို့ ရောက်သည်။ စစ်ရန်နိုင်နှင့် ခင်ဝင်းတို့က ထွက်ပေါက်မှနေ၍ အပြင်သို့ ထွက်လိုက်ကြသည်။

အပြင်ဘက်တွင် တောင်အောက်သို့ဆင်းသည့်လမ်းကို တွေ့ရသည်။ ထိုလမ်းအတိုင်း ပြေးဆင်းပြီး တောင်အောက်သို့ ရောက်နေပြီဖြစ်သော ရဲနောင်အား တွေ့ရ၏။ ခင်ဝင်းက သူ့လက်ထဲမှ သေနတ်ကိုင်မြှောက် ချိန်လိုက်သည်။

"မလုပ်နဲ့"

စစ်ရန်နိုင်က ခင်ဝင်း၏သေနတ်ကိုင်လက်ကို လှမ်းဆွဲ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ခင်ဝင်းက နားမလည်ဟန်ဖြင့် စဝ်ရန်နိုင်အား ကြည့်သည်။

"ကိုရန်နိုင် . . သူက"

"သူက ရဲနောင်လေ . . ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် . . သူက သူ့ကိုယ်သူ တိုးမောင်လို့ပြော သွားတယ်၊ အဲဒါ လုံးလုံးမဟုတ်ဘူး . . တိုးမောင်က သေပြီး ကျွန်တော်ကိုယ်တိုင် သူ့ကို သင်္ဂြိုဟ်လိုက်တာ"

"မောင်ရင် ပြောပြလို့ ကိုယ် သိပြီးပါပြီ"

"ဒါပေမယ့် ရဲနောင်က သူ့ကိုယ်သူ တိုးမောင်လို့ ပြော နေတယ်၊ အရင်တစ်ခါ သူ့အမူအရာတွေ ထူးခြားနေလို့ ကျွန် တော့်စိတ်ထဲမှာ သင်္ကာမကင်းဖြစ်မိတယ် . . သူ့ကိုယ်မှာ တိုး မောင်ရဲ့ဝိညာဉ် ဝင်ပူးနေတာလား မသိဘူး"

ခင်ဝင်း၏စကားကိုအကြားတွင် စဝ်ရန်နိုင် ရယ်လိုက် သည်။

"မောင်ရင် . . အဲဒါတွေကို ယုံသလား"

"မယုံပါဘူး . . ကိုရန်နိုင် ဒါပေမယ့်"

"ဒါပေမယ့်ဆိုတာ မရှိသင့်ဘူး၊ သူက ရဲနောင် အ ကြောင်းတစ်ခုခုကြောင့် သူဟန်ဆောင်နေတာ ဖြစ်မယ်"





"ကျွန်တော်တို့ချည်းပဲ ရှိတဲ့နေရာမှာ ဟန်ဆောင်ဖို့ လို လို့လား . . သူက ကိုရန်နိုင်ကို တကယ်တိုက်ခိုက်ခဲ့တာနော် အဲဒါကို မမေ့နဲ့ဦး"

စဝ်ရန်နိုင် တွေခနဲဖြစ်သွားသည်။ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားပြီဖြစ်သော ရဲနောင် ထွက်ပြေးသွားရာဆီသို့ ကြည့်သည်။

ပြီးနောက် သက်ပြင်းတစ်ချက် ချလိုက်၏။

"အင်း . . ထူးဆန်းတာတော့ အမှန်ပဲ၊ ရဲနောင် အခု လို မဖြစ်သင့်ဘူး . . သူ ဘာဖြစ်လို့ အခုလိုဖြစ်သွားရသ လဲဆိုတာ ရအောင်ဖော်ထုတ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"မောရှေလီစားသောက်ဆိုင်ဘေးကတိုက်မှာ ရဲနောင်တို့ အခန်းစီစဉ်ပေးထားတယ် မဟုတ်လား"

"ဟုတ်တယ် ကိုရန်နိုင်"

"ကိုယ်တို့ အဲဒီကို သွားကြရအောင်"

ခင်ဝင်းက ခေါင်းညိတ်ပြပြီး ကားကို လမ်းမကြီးပေါ် သို့ မောင်းတင်လိုက်သည်။

"ရဲနောင်နဲ့ စိုးမောင်တို့ကို တွေ့အောင်ရှာရမယ်၊ ဒီ ါတော့ သူ့တို့ကို အခွင့်အရေးပေးလို့ မရဘူး"



"ကျွန်တော်တော့ ရဲနောင်မှာ အမှောင့်ပယောဂ ဖူးနေပြီထင်တာပဲ၊ ဒီလောကကြီးမှာ သိပ္ပံပညာလက်လှမ်း မမီတဲ့ ဖြစ်ရပ်ဆန်းတွေ အများကြီးရှိပါတယ်၊ စတွေ့တွေ့ချင်းမှာ ရဲနောင်က အစ်ကို့ကိုတောင် မသိဘူး . . အဲဒါ မဖြစ်သင့်တဲ့ ကိစ္စပါ၊ စဝ်ရန်နိုင် သူက မမှတ်မိတာ မဖြစ်သင့်သလို မသိလဲ မရှိဘူး . . ဒီပြောင်းလဲမှုတစ်ခုထဲနဲ့တင် ရဲနောင် တစ်ခုခုဖြစ်နေပြီဆိုတာ ခန့်မှန်းလို့ရပါတယ်"

"ကိုယ်တော့ အဲဒီစုန်းတစ္ဆေတို့ ဝိဉာဉ်ပူးတာတို့ ဘာတို့ကို မယုံဘူး . . ကိုယ့်ဘဝတစ်လျှောက်လုံးမှာ ဒါမျိုး တစ်ခါမှ မတွေ့ဖူးဘူး၊ ကိုယ့်အသိုင်းအဝိုင်းထဲမှာလဲ အဲဒါမျိုး တွေ့ဖူးကြုံဖူးတာ မရှိဘူး၊ ပုံပြင်ဆန်တဲ့ အဖြစ်အပျက်တွေကို ကြားဖူးတာပဲ ရှိတယ် . . ဒီအထင်ကို ခေါင်းထဲက ထုတ်ထားလိုက်စမ်းပါ"

"အဲဒါမျိုးမဟုတ်ရင် ရဲနောင်ရဲ့ပြောင်းလဲမှုကို ဘာလို့ ပြောမလဲ . . သူက တိုးမောင်ရဲ့နောက်ကွယ်ကလူကို တွေ့အောင်ရှာဖို့ အခုလိုလုပ်တာပဲထား ကျွန်တော်တို့နဲ့ တစ်ခြားဘယ်သူမှ မရှိတဲ့နေရာမှာတွေ့တာ၊ သူ့အစီအစဉ်ကို ပြောပြသင့်တယ်၊ နောက်ဆုံး သူ့ကို လွတ်လွတ်လပ်လပ်နေဖို့ ခွင့်

www.burmeseclassic.com

www.burmeseclassic.com



တောင်းသင့်တယ်၊ ခုတော့ အဲသလို မဟုတ်ဘူး . . ကျွန်တော်တို့ကို တွေ့တဲ့အခါ တိုးမောင်အစစ်က လုပ်သလို လုပ်သွားခဲ့တယ်”

စဝ်ရန်နိုင်က ခင်ဝင်းကို တစ်ချက်ကြည့်သည်။ အခြေအနေအရပ်ရပ်က ခင်ဝင်းတွေးထင်သလို ဖြစ်နေကြောင်း သူစဉ်းစားမိ၏။ သို့သော် ထိုအဖြစ်မျိုးကို စဝ်ရန်နိုင် လက်မခံနိုင်၊ သူ့အသိစိတ်က ခင်ဝင်းတွေးထင်ယူဆချက်များကို လက်မခံနိုင်ပဲ ရှိနေသည်။

“အခြေအနေအရပ်ရပ်က မောင်ရင်တွေးသလို တွေးမိအောင် တွန်းပို့နေတာ အမှန်ပဲ၊ ဒါပေမယ့် ကိုယ်လည်း အဲဒါကို လက်မခံဘူး၊ ရဲနောင် အခုလိုဖြစ်နေတာ အကြောင်းတစ်ခုခုရှိရမယ်၊ ခိုင်လုံတဲ့ အကြောင်းတစ်ခုခုကို ရှိရမယ်၊ ဒါကို ကိုယ်တို့ မစဉ်းစားမိသေးလို့ မသိသေးလို့ပဲ၊ စိတ်ကို အသာလျှော့ထားလိုက်ပါ ညီလေး . . ပထမဆုံး ရဲနောင်ကို တွေ့အောင်ရှာကြမယ်”

“သူက သူ့အခန်းမှာ ရှိပါ့မလား မသိဘူး”

“မရှိဖို့များပါတယ် . . ရှိတာ မရှိတာ အပထား၊ သွားကြည့်ရမှာ ကိုယ်တို့တာဝန်ပဲ”





ခင်ဝင်းက ခေါင်းညိတ်ပြသည်။ တစ်ဆက်တည်းပင် ရှေ့ကိုက်သုံးဆယ်ခန့်အကွာတွင်ရှိသော အဆောက်အဦးကို လက်ညှိုးထိုးပြသည်။

“ဟိုရှေ့ကဟာ မောရှေလီစားသောက်ဆိုင်ပဲ၊ အေးက သုံးထပ်တိုက်မှာ ရဲနောင်အတွက် စီစဉ်ပေးထားတဲ့ အခန်းရှိတယ်”

“ကားကို မောရှေလီရှေ့မှာပဲ ရပ်လိုက် ညီလေး၊ ရဲနောင်ရဲ့အခန်းက ဘယ်အခန်းဆိုတာ ကိုယ့်ကိုပြပြီး ညီလေးအောက်မှာပဲနေခဲ့ . . မောရှေလီကိုလည်း စောင့်ကြည့်ထား”

ခင်ဝင်းက မောရှေလီစားသောက်ဆိုင်ရှေ့တွင် ကားကိုထိုးရပ်လိုက်သည်။ ပြီး စဝ်ရန်နိုင်က ရဲနောင်အတွက် စီစဉ်ထားသည့် အခန်းကိုပြသည်။

“ဟုတ်ပြီ . . အဲဒီအခန်းကို ကိုယ်တက်ကြည့်မယ်”

စဝ်ရန်နိုင်က ကားပေါ်မှ လျင်မြန်စွာဆင်းပြီး စားသောက်ဆိုင်တစ်ဖက်တွင်ရှိသော သုံးထပ်တိုက်သို့ ကူးလိုက်သည်။ တိုက်အလယ်ရှိ လှေကားအတိုင်း အပေါ်သို့တက်ခဲ့သည်။ တတိယထပ်သို့အရောက်တွင် ဘယ်ဘက်အခန်းကို ကြည့်သည်။

အခန်းတံခါးကို အပြင်မှ သော့ခတ်ထားလျက် တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရ၏။ စပ်ရန်နိုင်က သူ့အိတ်ထဲမှ သော့ဝိဇ္ဇာကိုထုတ်ပြီး အခန်းသော့ကိုဖွင့်သည်။ တံခါးနှစ်ထပ် သော့နှစ်လုံး စလုံးကိုဖွင့်ပြီး အခန်းထဲသို့ ဝင်သည်။

အခန်းထဲတွင် တိတ်ဆိတ်ရှင်းလင်းနေသည်။ စပ်ရန်နိုင်က အိမ်ခန်းတစ်ခုလုံးကို စေ့စေ့စပ်စပ်ကြည့်ရှုသည်။ သဲလွန်စတစ်စုံတစ်ရာ တွေ့ရနိုးနှင့် ရှာသည်။ အိပ်ခန်းပြတင်းပေါက်တစ်ပေါက်ဘေးတွင် ရပ်သည်။

ခန်းဆည်းစကိုဖယ်ပြီး တစ်ဖက်သို့ကြည့်သည်။ စားသောက်ဆိုင်အပေါ်ထပ်ရှိ အခန်းတစ်ခန်းကိုတွေ့ရ၏။ ထိုအခန်းပြတင်းပေါက်မှာ ပိတ်ထားလျက်ရှိပြီး အခန်းထဲတွင် လူသူအရိပ်အယောင်ကို မတွေ့ရ။

"ရဲနောင်ဟာ ဟိုဘက်အခန်းကို ဒီကနေ ထိုင်ကြည့်နေတာပဲ ဖြစ်မယ်၊ သူဘာကို ကြည့်တာလဲ . . အဲဒါကို ငါသိအောင် လုပ်ရမယ်"

စပ်ရန်နိုင် ပြတင်းပေါက်ဘေးမှ ခွာသည်။ အိပ်ခန်းထဲမှ အထွက်တွင် ကြမ်းပြင်ပေါ်ကျနေသည့် တွန့်လိမ်နေသောသားရေပြားတစ်ချပ်ကို တွေ့ပြီး ကောက်ယူလိုက်သည်။

ထိုသားရေပြားမှာ တိုးမောင်၏ဂူထဲမှ ခင်ဝင်းတို့သိမ်းယူ



ရရှိသည်ဆိုသော မျက်နှာမျိုး ဖြစ်နေသဖြင့် သူက ဖြန့်ကြည့်သည်။

သားရေပြားမှာ ပါးလွှာလှသည်။ လူတစ်ယောက်၏ မျက်နှာပုံကို သေသပ်စွာ ပြုလုပ်ထားခြင်း ဖြစ်သည်။ စပ်ရန်နိုင်က အခန်းထဲရှိ မှန်ရှေ့တွင်ရပ်ပြီး ထိုမျက်နှာတုကိုဖြန့်ကာ သူ့မျက်နှာတွင် တပ်လိုက်သည်။

"ဒီမျက်နှာကို ငါ ကွန်ပျူတာမှတ်တမ်းမှာ တွေ့ဖူးတယ် ဒါ တိုးမောင်ရဲ့မျက်နှာပဲ၊ ရဲနောင်ဟာ ဒီမျက်နှာသုံးပြီး တိုးမောင်အဖြစ် လှုပ်ရှားနေတာလား၊ ဒါမှမဟုတ် တိုးမောင်က ရဲနောင်မျက်နှာမှာ ဒီမျက်နှာမျိုးတပ်ပြီး တိုးမောင်ဖြစ်အောင် သူ့မျက်နှာမှာ ရဲနောင့်မျက်နှာတုတပ်ပြီး ရဲနောင်အဖြစ်နဲ့ ခင်ဝင်းတို့ကို လှည့်စားခဲ့တာလား၊ အဲဒါဆိုရင် သေသွားတဲ့လူဟာ တိုးမောင်မဟုတ်ဘဲ ရဲနောင်ဖြစ်မယ်၊ အခုရှိနေတာ ရဲနောင်မဟုတ်ဘဲ တိုးမောင်ကိုယ်တိုင် ဖြစ်လိမ့်မယ်"

စပ်ရန်နိုင်၏မျက်လုံးအစုံမှာ စိတ်ဝင်စားခြင်းကြောင့် အရောင်တဖျပ်ဖျပ်လက်လာသည်။ သူက အသားတွင်ကပ်စေသော ကော်တစ်မျိုးမျိုးသုံးထားပုံရသည့် မျက်နှာတုကို သေသေသပ်သပ်ဖြစ်အောင် ပြုပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် အခန်းထဲမှ ထွက်လိုက်သည်။

အပြင်ကိုအရောက်တွင် အိမ်ခန်းတံခါးနှစ်ထပ်ကို သော့ပြန်ပိတ်ပြီး အောက်ထပ်သို့ဆင်းသည်။ မောရှေလီစားသောက်ဆိုင်ဘေးတွင် ရပ်ထားသော ခင်ဝင်း၏ကားအနီးသို့ ချဉ်းကပ်သည်။

"ဟော့ . . မင်း"

ကားထဲတွင်ထိုင်နေသော ခင်ဝင်းက စဝ်ရန်နိုင်အား သေနတ်ဖြင့် ထိုးချိန်လိုက်သည်။

"ခင်ဝင်း . . ကိုယ်ပါ စဝ်ရန်နိုင်၊ ရဲနောင်ရဲ့အခန်းထဲမှာ ဒီမျက်နှာအတုကို တွေ့လို့တပ်လာတာ မောင်ရင် ဒီမှာ ခဏနေခဲ့ဦး . . ကိုယ် စားသောက်ဆိုင်ထဲ ဝင်ကြည့်မယ်"

"စားသောက်ဆိုင်က ပိတ်ထားတယ်"

စဝ်ရန်နိုင် မျက်မှောင်ကြုံ့သွားပြီး စားသောက်ဆိုင်ဘက်သို့ လှည့်ကြည့်သည်။ စားသောက်ဆိုင်တံခါးကို အပြင်ဘက်မှ သော့ခတ်ပြီး ပိတ်ထားလျက်တွေ့ရ၏။

"အခုမှ ပိတ်လိုက်တာလား"

ခင်ဝင်းက စဝ်ရန်နိုင်အား စိတ်မချသေးဟန်ဖြင့် ကြည့်နေသည်။ စဝ်ရန်နိုင်က ရယ်မောလိုက်ပြီး ကားပေါ်သို့တက်



လိုက်၏။

"မောင်ရင့်စိတ်ထဲမှာ ကိုယ့်ကို တိုးမောင်လို့ပဲ ထင်နေတယ် မဟုတ်လား"

"အသံနဲ့ အဝတ်အစားအရ ကျွန်တော် ခွဲသိပါတယ်၊ ဒါပေမယ့် ဒီမျက်နှာကြီးကို တွေ့နေရတော့ စိတ်ထဲမှာ တစ်မျိုးပဲ"

"တစ်မျိုးမဖြစ်နဲ့ . . ကိုယ် ဒီမျက်နှာနဲ့ လှုပ်ရှားကြည့်မယ်၊ ဟိုဘက်စားသောက်ဆိုင် ဇောဇောပိုင်းက တံခါးဖွင့်ထားတာ ချက်ချင်းကြီး ဘာဖြစ်လို့ ပိတ်လိုက်တာလဲ"

"ကျွန်တော် စောင့်ကြည့်နေတုံး ဆိုင်တာဝန်ခံအပြင်ထွက်လာတယ်၊ တံခါးပိတ်သော့ခတ်ပြီး ထွက်သွားတယ်၊ သူ့ဒွေးကခေါ်လို့ ဆိုင်ပိတ်ပြီး သွားတွေ့မယ်လို့ ပြောသွားတယ်၊ ဒီနေ့ အလုပ်သမားတွေအားလုံးကိုလည်း ခွင့်ပေးထားတယ်လို့ ပြောသွားတယ်"

ခင်ဝင်း၏စကားကြောင့် စဝ်ရန်နိုင် မျက်မှောင်ကြုံ့လိုက်သည်။

"ဒါမျိုး အရင်က ဖြစ်ဖူးသလား"

"ဒီဆိုင်က ညသန်းခေါင်ကျော်မှ ပိတ်တဲ့ဆိုင်၊ မိုးလင်း

www.burmeseclassic.com

www.burmeseclassic.com



ရင်ဖွင့်တဲ့ဆိုင်မှာ ကျွန်တော် သိသလောက် ဆိုင်ပိတ်တယ်ဆိုတာ သိပ်နည်းပါတယ်၊ ခုဆို မရှိသလောက်ပဲလို့တောင် ပြောလို့ရတယ်"

"ဒါဆိုရင်တော့ ထူးခြားနေပြီ၊ ဒီဆိုင်ဟာ နှင်းနု အလုပ်လုပ်တဲ့ဆိုင်ဆိုတော့ တိုးမောင်နဲ့ ဆက်စပ်နေတယ်၊ ဒါကြောင့် ဒီဆိုင်ကို စောင့်ကြည့်ဖို့လိုတယ်၊ ညီလေး ကိုယ့်ကို နှင်းနုတို့ အိမ်ဘက်လိုက်ပို့ . . ပြီးရင် စားသောက်ဆိုင်ကို လူအင်အားသုံးပြီး စောင့်ကြည့်၊ ဒီမျက်နှာတုကို ရလိုက်တော့ အကြောင်းအရာတစ်ခုကို ကိုယ် စဉ်းစားမိလိုက်တယ်"

ခင်ဝင်းက အထိတ်တလန့် ဖြစ်သွားသည်။ သူက စဝ်ရန်နိုင်၏မျက်နှာကို အံ့အားသင့် တုန်လှုပ်ဟန်ဖြင့် ကြည့်၏။

"အဲဒါတော့ မဖြစ်နိုင်ဘူး ထင်တယ် အစ်ကို"

"ဒါဟာ တွေးဆချက်တစ်ခုပေါ့လေ၊ မဖြစ်နိုင်ဘူးလို့တော့ မတွက်နဲ့၊ ဘာမဆိုဖြစ်နိုင်တာပဲ . . လောလောဆယ်မှာ ညီလေးလုပ်ရမှာက စားသောက်ဆိုင်ကို စောင့်ကြည့်ဖို့ပဲ၊ ထွန်းသူကိုလည်း အကြောင်းကြား . . စက်ဖွင့်ထားဖို့ပြော"

စဝ်ရန်နိုင်က သူ့အင်္ကျီအိတ်ထဲမှ ဘောပင်တစ်ချောင်းကို ထုတ်သည်။ ဘောပင်အလယ်ရှိ ရွှေရောင်အဝိုင်းပြားလေးကို တွန်းရွှေ့သည်။ ဘောပင်ထိပ်မှ မီးစိမ်းလေးတစ်ပွင့် ဖျပ်ခနဲလင်းပြီး ပြန်ပိတ်သွားသည်။





"အခုဆိုရင် ကိုယ်တို့ဆီက စကားပြောသံတွေ ဗဟိုစက်ခန်းကိုဝင်နေပြီ၊ ထွန်းသူက ဒီအသံတွေ နားထောင်ဖို့ အိုင်ကွန်စကားပြောစက်ကို သုံးလိမ့်မယ်၊ ကိုယ့်ကို တစ်ခုခု ပြောချင်ရင်တော့ လက်ကိုင်ဖုံးကို ခေါ်ပေါ့"

"ဟုတ်ကဲ့ အစ်ကို"

ခင်ဝင်းက ကားကို ခြံဝင်းတစ်ဝင်းရှေ့တွင် ရပ်လိုက်သည်။ စဝ်ရန်နိုင်က တိတ်ဆိတ်အေးချမ်းသော ခြံဝင်းကျယ်ကို တစ်ချက်လှမ်းကြည့်၏။

"ဒါ . . နှင်းနုရဲ့အိမ်လား"

"ဟုတ်တယ် . . အစ်ကို"

"ဒါဆိုရင် ကိုယ်သွားမယ်၊ လုပ်စရာရှိတာ မြန်မြန်သာ လုပ်ပေတော့"

စဝ်ရန်နိုင်က ကားပေါ်မှဆင်းလိုက်သည်။ ခင်ဝင်းက ကားကို တစ်ရှိန်ထိုးမောင်းထွက်သွားသည်။ စဝ်ရန်နိုင်က အေးဆေးတည်ငြိမ်သောဟန်ဖြင့် ခြံဝင်းတံခါးကိုတွန်းဖွင့်ပြီး အတွင်းသို့ဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးတွင်တပ်ဆင်ထားသည့် ခြူလှုပ်ရားပြီး တချွင်ချွင်နှင့် မြည်သံပေါ်လာသည်။

"ဟဲ့ . . ဘယ်သူလဲ . . ဟင် . . မောင်တိုးမောင် မင်း"

စစ်ရန်နိုင်က စိုက်ခင်းတစ်ခင်းတွင် ပေါင်းသင်မြက်နှုတ်လုပ်နေသော အမျိုးသမီးကြီးအား မျက်နှာထားတင်းတင်းနှင့် တစ်ချက်လှမ်းကြည့်သည်။

နှုတ်မှ တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုဘဲ ခြံဝင်းအလယ်ရှိ သစ်သားအိမ်မဲမဲလေးဆီသို့ လျှောက်ခဲ့သည်။

လှေခါးထစ်များကိုနင်းပြီး အိမ်ပေါ်သို့တက်လိုက်ချင်အိမ်အတွင်းဘက်မှ လှုပ်ရှားသံသဲ့သဲ့ကို ကြားရသည်။

စစ်ရန်နိုင်က ဖွင့်ထားသည့် တံခါးမှနေ၍ အိမ်အတွင်းသို့ ဝင်လိုက်သည်။

"နှင်း . . နု"

အိမ်အတွင်းသို့ဝင်ရင်းမှ စစ်ရန်နိုင်က မတိုးမကျယ်ခေါ်သည်။

အိမ်အတွင်းဘက်မှ မပြေးရုံတမယ်ထွက်လာသောမိန်းမလှလေးတစ်ယောက်ကို တွေ့ရသည်။

"ဟင် . . ကိုတိုး . . ဆရာကြီးဆီ သွားတယ်ဆို . .





ဘာဖြစ်လို့ ချက်ချင်းပြန်လာတာလဲ ပြီးတော့ ဒီမျက်နှာနဲ့"

"နှင်းနု . . ကိုယ်က တိုးမောင် မဟုတ်ဘူး၊ ရဲနောင်လဲ မဟုတ်ဘူး စစ်ရန်နိုင်ပါ၊ ဒီမှာဖြစ်နေတဲ့ ပြဿနာတစ်ခုလုံးကို ရှင်းဖို့လာတာ၊ နှင်းနု ကိုယ့်ကို ကူညီပါ . . ကိုယ့်ကို ကူညီရင် နှင်းနု ရှုပ်ထွေးတဲ့ ပြဿနာတွေကြားကနေ လွတ်မယ် တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်သူတစ်ယောက်လည်း ဖြစ်တော့မှာ မဟုတ်ဘူး"

စစ်ရန်နိုင်က ရုပ်ဖျက်တပ်ဆင်ထားသည့် မျက်နှာတုကို ဖြုတ်လိုက်သည်။ နှင်းနုက အံ့အားသင့်ဟန် နားမလည်ဟန် ထိတ်လန့်ဟန်တို့ဖြင့် စစ်ရန်နိုင်အား ကြည့်နေသည်။

"မကြောက်ပါနဲ့ ညီမလေး . . အစ်ကိုက ညီမနဲ့အတူ အခုရှိနေတဲ့ ရဲနောင်ရဲ့လုပ်ဖောင်ကိုင်ဖက် အစ်ကိုကြီးပါ၊ အစ်ကို အခုလာတာ ညီမလေးကို ဒုက္ခပေးဖို့ မဟုတ်ပါဘူး၊ ကူညီဖို့ပါ . . ဒါကို ယုံကြည်နားလည်ပြီး ညီမလေးကလည်း အစ်ကို့ကို ကူညီပါ"

စစ်ရန်နိုင်က နှင်းနုအား ထိုင်ရန်လက်ဟန်ပြပြီး သူကိုယ်တိုင်ကလည်း နှင်းနုနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းနုသည် ဆွေးနွေးပြောဆို၍ရမည့် မိန်းကလေးဟု စကားပြောရင်းနှင့် သူသိလိုက်သည်။

"ရဲနောင် ဘယ်ကိုသွားတယ်ဆိုတာ ညီမ သိတယ် မဟုတ်လား၊ ဆရာကြီးဆိုတဲ့လူနဲ့ တွေ့ဖို့ သူဘယ်ကိုသွားတာလဲ ရဲနောင်ဆိုတာ အခု နှင်းနုဆီကို တိုးမောင်အဖြစ်နဲ့ ရောက်နေတဲ့လူကို ပြောတာ"

နှင်းနု၏ကိုယ် ဆတ်ခနဲတုန်သွားသည်။

သူက စဝ်ရန် နိုင်အား တွေတွေဝေဝေနှင့် ကြည့်နေရာမှ ဝမ်းပန်းတနည်း ငိုချလိုက်လေသည်။

★

အခန်း (၂၆)

မော့ရွှေလီစားသောက်ဆိုင်မှာ တံခါးပိတ်သော့ခတ်ထားဆဲ ဖြစ်သည်။

စဝ်ရန်နိုင်က စားသောက်ဆိုင် ဘေးတစ်ဖက်ရှိ အရေးပေါ်ထွက်ပေါက် လှေခါးရင်းတွင် ရပ်လိုက်၏။

"ထွန်းသူ . . ကိုယ် အခု စားသောက်ဆိုင်ကိုဝင်တော့မယ် . . အထဲမှာ ရဲနောင်၊ ဆရာကြီးဆိုတဲ့လူ ရှိနေလိမ့်မယ် အထဲက အသံတစ်ခုခုကြားတာနဲ့ ပိတ်ထားတဲ့ တံခါးကိုဖျက်ပြီး အထဲကိုဝင်ပါ၊ အထဲမှာ ဘယ်သူ့ကိုပဲ တွေ့တွေ့ တွေ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



လူကို ဖမ်းပါ"

စဝ်ရန်နိုင်က အိတ်ထဲမှ ဘောပင်သို့ကပ်ပြီး ပြောသည်။ ပြီး လှေခါးထစ်များကိုနင်းပြီး အပေါ်ထပ်သို့တက်ခဲ့၏။

သူက တိုးမောင်အဖြစ် မျက်နှာတုတပ်ဆင် ရုပ်ဖျက်ထားသဖြင့် စားသောက်ဆိုင်အတွင်းသို့ ဘေးပေါက်မှဝင်ရန် ခက်ခဲမှာမဟုတ်ဟု ယုံကြည်နေ၏။

လှေခါးထိပ်သို့ရောက်သည်အထိ အတွင်းဘက်မှ အသံဗလံကို မကြားရဲဘဲ ရှိသည်။ စဝ်ရန်နိုင်က ပိတ်ထားသည့် တံခါးရှေ့တွင် ရပ်လိုက်သည်။ တံခါးကို ခပ်သာသာခေါက်သည်။

"ဘယ်သူလဲ"

အတွင်းဘက်မှ မေးလိုက်သံကို ကြားရ၏။

"တိုးမောင်"

"ဘာပြောတယ်"

"တိုးမောင်ဟေ့ . . တံခါးဖွင့်စမ်း . . အထဲမှာရောက်နေတဲ့ကောင်က တိုးမောင် အတု သိလား"

တံခါးချပ် ဖျပ်ခနဲပွင့်သွားသည်။ တံခါးပေါက်အနီးတွင် ရှိနေသော မန်းညိုက စဝ်ရန်နိုင်ကို စူးစူးစမ်းစမ်းနှင့် ကြည့်



သည်။ သူ့လက်ထဲမှ သေနတ်ကို စဝ်ရန်နိုင်၏ရင်ဘတ်တည့်တည့်သို့ ချိန်ရွယ်ထားလျက်ရှိ၏။

"မင်း ဘယ်သူလဲ"

"ဟေ့ . . ငါ တိုးမောင်ဆိုတာ ပြောပြီးပြီလေ"

"ဟား . . ဟား .. ဒါမျိုးမှ့ရဘူးလေ . . တိုးမောင်ရဲ့ မျက်နှာတုကို တပ်လာပြီး လာလိမ်လို့ ဘယ်ရမလဲ"

"မျက်နှာတု ဟုတ်လား . . မင်းက ကြုံကြုံဖန်ဖန်တွေ ပြောတတ်သားပဲ . . တိုးမောင်က မျက်နှာတုသုံးဖို့ မလိုဘူး ဒီအထဲကိုရောက်နေတဲ့ ဟိုစုံထောက်ကပဲ မျက်နှာတုသုံးမှာ"

မန်းညို ဇဝေဇဝါဖြစ်သွားသည်။ စဝ်ရန်နိုင်၏ မျက်နှာကို မျက်မှောင်ကြုံ့ပြီးကြည့်၏။

"အချိန်မရှိဘူး . . မင်း ငါ့မျက်နှာကို သေသေချာချာ စစ်ဆေးကြည့်၊ ဒါဆိုရင် အဖြေပေါ်သွားမယ်"

"ကောင်းပြီ မလှုပ်နဲ့နော် . . ငါစစ်ဆေးတုံး တစ်ခုခု လုပ်ရင် မောင်းဖြုတ်လိုက်မယ်"

"မြန်မြန်စစ်ကွာ"

မန်းညိုက ရှေ့တိုးလာသည်။ စဝ်ရန်နိုင်အား သေနတ်ဖြင့် ချိန်ထားရင်း မျက်နှာကို စစ်ဆေးမည်ပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



မန်းညို၏အာရုံ သူ့မျက်နှာဆီသို့ အရောက်တွင် စစ်ရန်နိုင် လျှပ်တစ်ပြက် လှုပ်ရှားလိုက်၏။ ညာလက်ဖြင့် မန်းညို၏သေနတ်ကိုင်လက်ကို ဖမ်းညှစ်သည်။ ဘယ်လက်က လက်ခေါက်ချွန်ဖြင့် မန်းညို၏အရှိုက်ကို ထိုးလိုက်သည်။

"ဒုတ်"

"အင့်"

မန်းညို အသက်ရှူမှားသွားသည်။ စစ်ရန်နိုင်က မန်းညို၏လက်ထဲမှ သေနတ်ကို လုယူလိုက်သည်။ မန်းညို၏လက်ကို နောက်ပြန်လှန်ချိုးကာ သူ့ရှေ့မှ ဒိုင်းသဖွယ် ကာလိုက်၏။

"ရှေ့ကသွားစမ်း . . ဆရာကြီးရှိတဲ့နေရာ တန်းတန်းမတ်မတ်သွား . . ငါက တိုးမောင်အစစ်ကွ၊ တိုးမောင်က ဘယ်တော့မှ အစစ်ဆေးမခံဘူး သိရဲ့လား"

"ဟုတ် . . ဟုတ်ပါတယ် . . ငါ . . ငါမှားသွားပါတယ် တိုးမောင်"

"မရဘူး . . ဆရာကြီးရှေ့ရောက်ပြီး ပြဿနာရှင်းပြီးမှ မင်းကိုလွှတ်မယ်၊ ငါက မင်းတို့ကို ကယ်ဖို့လာတာ၊ မင်းက ငါ့ကို ရန်သူလို ဆက်ဆံတယ်၊ ဒါကို ငါ ကျေနပ်မယ် ထင်သလား"





"ခွင့်လွှတ်ပါဗျာ . . ကျွန်တော်"

"စကားမများနဲ့ . . မြန်မြန်သွား"

မန်းညိုက သူ့အား ချုပ်နှောင်ထားသူသည် တိုးမောင်အစစ်ဟု ယုံကြည်သွားသည်။ သူသည် ရှေ့မှနေ၍ စင်္ကြံလမ်းတစ်ခုကိုဖြတ်ပြီး အခန်းတစ်ခန်းထဲသို့ ဝင်လိုက်၏။

ထိုအခန်းမှာ မှောင်ရိပ်သန်းနေပြီး အခန်းထဲတွင် လူသုံးယောက်ရှိနေသည်။ တစ်ယောက်က ရဲနောင်၊ တစ်ယောက်က စိုးမောင်ဖြစ်ပြီး ကျန်တစ်ယောက်မှာ သူ့တို့ဘက်ကျောပေးပြီးထိုင်နေသဖြင့် မည်သူမည်ဝါဟု မသိရ။

"ဆရာကြီး ဒီမှာ တိုးမောင် အစစ်ရောက်လာပါပြီ အခု ဒီမှာရှိနေတဲ့လူက တိုးမောင် မဟုတ်ပါဘူး . . စုံထောက် ရဲနောင်ပါ"

စိုးမောင်နှင့်အတူ ရှိနေသော ရဲနောင်က စစ်ရန်နိုင်တို့အား ဖျပ်ခနဲ လှည့်ကြည့်သည်။

"မဟုတ်ဘူး . . မဟုတ်ဘူး . . သူက ငါ့ညီလေး မဟုတ်ဘူး . . ငါ့ညီလေးက ဒီမှာ"

စိုးမောင်က ရဲနောင်လက်ကို အားကိုးတကြီး ဆုပ်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲနောင်က လှုပ်ရှားရန်ကြိုးစားရင်း ခေါင်းကိုလက်ဖြင့် အုပ်ကိုင်လိုက်၏။ ပြီးနောက် ဒယီးဒယိုင်နှင့် လဲကျမလို ဖြစ်သွားသည်။

"ဟေ့ . . ဒါက ဘာဖြစ်နေတာလဲ"

ကျောပေးပြီး ထိုင်နေသူထံမှ မာကျောခက်ထန်စွာ မေးလိုက်သံပေါ်လာသည်။

စဝ်ရန်နိုင်က သူ့ရှေ့ရှိ မန်းညို၏မေ့ကြောကို ခပ်ဆတ်ဆတ် ရိုက်လိုက်သည်။ နှုတ်မှ ခပ်တိုးတိုး ညည်းသံနှင့် မန်းညို ဒူးညွတ်ကျသွား၏။

စဝ်ရန်နိုင်က နေရာမှ လှစ်ခနဲခုန်ထွက်ပြီး ကျောပေးထိုင်နေသူနောက်တွင် ရပ်သည်။ တစ်ပြိုင်နက်တည်းပင် သူ့လက်ထဲမှ ပစ္စတိုဖြင့် ထိုသူ၏ခေါင်းကို တေ့ထားလိုက်၏။

"ဟေ့ . . မင်းက တိုးမောင်ဆို . . ဒါ ဘာလုပ်တာလဲ"

"ကျုပ်နာမည် ရန်နိုင် . . စဝ်ရန်နိုင်၊ ဘာတိုးမောင်မှ မဟုတ်ဘူးဟေ့ . . ဟိုနှစ်ယောက် မလှုပ်နဲ့နော် . . ဒီအဆောက်အဦးပတ်လည်ကို ငါတို့လူတွေ ဝိုင်းထားပြီးပြီ"

စဝ်ရန်နိုင်က အမိန့်ပေးပြောရင်း ကျောခိုင်းထိုင်နေသူ၏မျက်နှာကို ဆွဲလှည့်လိုက်သည်။





"ဟင် . . ဦးစိတ္တ . . ပင်ဗျား"

"ဟုတ်ပါတယ် ကျုပ်ပါပဲ . . ဆရာကြီးဆိုတာ ကျုပ်ပါပဲ"

ဦးစိတ္တ ခေါင်းငိုက်ကျသွားစဉ် ရဲနောင်တို့ဘက်မှ လဲပြိုသံကိုကြားရ၏။

ရဲနောင် ကြမ်းပြင်ပေါ်သို့ လဲကျသွားခြင်း ဖြစ်ပြီး စိုးမောင်က ရဲနောင်အား စိုးရိမ်တကြီးနှင့် ဖက်တွယ်ထားသည်။ စဝ်ရန်နိုင်က ဦးစိတ္တကို လက်ထိပ်ခတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၇)

စဝ်ရန်နိုင်က ခွဲစိတ်ခန်းအပြင်ဘက် ခုံတန်းရှည်တွင် ထိုင်နေရာမှ ထလိုက်သည်။

စဝ်ရန်နိုင်၏ လှုပ်ရှားမှုကြောင့် ဘေးတွင်ထိုင်နေသော နှင်းနု ဖျပ်ခနဲ မော့ကြည့်၏။

စဝ်ရန်နိုင်က ထိုင်နေရန် လက်ဟန်ပြသည်။ ပြီး ခွဲစိတ်ခန်းထဲမှ ထွက်လာသော ဆရာဝန်ဘက်သို့ လှည့်လိုက်သည်။

"ဆရာ . . လူနာရဲ့အခြေအနေ"

"ခန့်မှန်းတဲ့အတိုင်း ဘရိမ်းကျူမာကော့(စ်)ပါ၊ ခေါင်း





အတွင်းပိုင်းမှာ ဒဏ်ရာရပြီး သွေးတွေခဲသွားတာ၊ အဲဒီသွေးခဲက ဦးနှောက်ကိုဖိတာနဲ့ လူနာရဲ့မှတ်ဉာဏ်တွေ ကပြောင်းကပြန် ဖြစ်ကုန်တာပဲ၊ အခု သူ့ကို ခွဲစိတ်လို့ပြီးသွားပါပြီ . . ခွဲစိတ်မှုအောင်မြင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ဆရာ"

ခွဲစိတ်ခန်းတံခါး ပွင့်သွားပြီး လူနာတင်လှည်းတစ်စီး ထွက်လာသည်။ အမျိုးသားသူနာပြုနှစ်ယောက်က ရဲနောင်ကို လှည်းပေါ်တင်ပြီး တွန်းလာသည်။

သူနာပြုဆရာမတစ်ယောက်က ရဲနောင်၏ကိုယ်ထဲသို့ သွင်းထားသည့် သွေးပုလင်းကိုကိုင်လျက် လိုက်ပါလာ၏။

ခွဲစိတ်ဆရာဝန်က စဝ်ရန်နိုင်အား နှုတ်ဆက်ဟန်ပြုပြီး နေရာမှထွက်ခွာသွားသည်။ စဝ်ရန်နိုင်နှင့် နှင်းနုတို့က လူနာတင်လှည်းနောက်မှ ကပ်ပြီးလိုက်ခဲ့၏။

လူနာတင်လှည်းကို သီးသန့်စီစဉ်ထားသော အခန်းတစ်ခန်းထဲသို့ တွန်းဝင်သွားကြပြီး သတိမေ့နေဆဲဖြစ်သော ရဲနောင်ကို ခုတင်တစ်လုံးပေါ်သို့ ပြောင်းတင်သည်။

စဝ်ရန်နိုင်က အခန်းထဲသို့ ဝင်မည်တကဲကဲ လုပ်နေသော နှင်းနု၏ပခုံးကို ဆုပ်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို သိန်းလေ . . ညီမ သူဘာမှ မဖြစ်တော့ပါဘူး"

"သူ . . သူ"

"သူက ညီမ ထင်သလို တိုးမောင်တော့ မဟုတ်ဘူး၊ အစ်ကိုတို့ရဲ့ လုပ်ဖော်ကိုင်ဖက် ညီလေး . . ရဲနောင်ပဲ၊ တိုးမောင်က တကယ်ပဲ သေသွားပါပြီ"

"ဒါ . . ဒါပေမယ့်"

"သူ သတိရလာအောင် စောင့်ကြည့်တာပေါ့ ညီမ စိတ်ကို အေးအေးထား , . လာ . . ဒီမှာလာထိုင်ပါ"

စဝ်ရန်နိုင်က နှင်းနုအား အခန်းထဲသို့ခေါ်ဝင်ပြီး အခန်းရှေ့ပိုင်းရှိ ထိုင်ခုံတစ်လုံးတွင် နေရာချပေးသည်။ သူက နှင်းနု၏ဘေးတွင် ထိုင်လိုက်၏။

စဝ်ရန်နိုင်တို့ ထိုင်မိစဉ်မှာပင် ဘချုပ်နှင့် ဂျူတီကုတ်အဖြူဝတ်ဆင်ထားသည့် ဆရာဝန်ကြီးတစ်ယောက် အခန်းထဲသို့ဝင်လာသည်။

သူတို့နောက် မလှမ်းမကမ်းမှ စိုင်းနွတ်နှင့် နွတ်ခမ်းမွေးဘရှင်တို့ ပါလာ၏။

ဘချုပ်က နေရာမှထရပ်လိုက်သော စဝ်ရန်နိုင်အား





နေမြဲနေရန် လက်ဟန်ပြသည်။ ဆရာဝန်ကြီးနှင့်အတူ သတိလစ်နေဆဲဖြစ်သော ရဲနောင်အနီးသို့ လျှောက်သွားသည်။

ဆရာဝန်ကြီးက ရဲနောင်အား စစ်ဆေးကြည့်ရှုပြီး စိတ်ကျေနပ်သွားဟန် ခေါင်းညိတ်သည်။ ဘချုပ်ကိုလည်း တစ်စုံတစ်ရာ ပြောလိုက်၏။

ဘချုပ်က စဝ်ရန်နိုင်တို့ ထိုင်နေရာသို့ ပြန်လျှောက်လာသည်။ ဘချုပ်၏နောက်မှ ပါလာသော စိုင်းနွတ်နှင့် နွတ်ခမ်းမွေးဘရှင်တို့ပါ စဝ်ရန်နိုင်တို့အနားသို့ ရောက်လာ၏။

"နှင်းနုဆိုတာ ဒီကလေးမနော်"

"ဟုတ်ပါတယ် ဘချုပ်"

"သူ့ကို အခု ခွဲစိတ်ခံထားရတဲ့လူနာဟာ တိုးမောင် မဟုတ်ကြောင်း ပြောပြပြီးပြီလား"

"ဟုတ်ကဲ့ . . ကျွန်တော် ပြောပြထားပါတယ်"

"အေး . . စိတ်မကောင်းစရာပဲကွယ်၊ တိုးမောင်က သေသွားပါပြီ၊ ရဲနောင်က ခေါင်းမှာဒဏ်ရာရနေတဲ့အချိန် အတိတ်မေ့သလို ဖြစ်သွားခဲ့တယ်။ အဲဒီအချိန်မှာ တိုးမောင်ရဲ့ မှတ်တမ်းစာအုပ်ကို ဖတ်ရတော့ သူ့ကိုယ်သူ တိုးမောင်အဖြစ် ထင်မှတ်မှားစိတ်တွေ ဝင်လာပြီး တိုးမောင် ဖြစ်လိုက်၊ ရဲနောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လိုက်နဲ့ လှုပ်ရှားနေခဲ့တာပဲ၊ အတွင်းမှာ ဖိစီးနေတဲ့ ဒဏ်ရာကလည်း စိတ်ကိုပဲပြောင်းလဲစေပြီး တစ်ခြားဒုက္ခမျိုး မပေးတော့ ခန်းမှန်းလို့မရ ဖြစ်ခဲ့တာပေါ့၊ နောက်တစ်ခါ ခေါင်းကို အရိုက်ခံလိုက်ရတော့မှ ဒဏ်ရာက ပေါ်လာပြီး အဖြေရှာလို့ရတာ"

နှင်းနုထံမှ ဟင့်ခနဲ ရှိုက်လိုက်သံ ပေါ်လာသည်။

"ကျွန်မ . . ကျွန်မ . . သူ့ သတိရလာအောင် စောင့်ကြည့်ချင်ပါတယ်"

"အော် . . ရပါတယ် စောင့်ပါ၊ ရန်နိုင် . . သူ့အနားမှာ နေပေးလိုက်ပါ၊ မိန်းကလေးက တိုးမောင်ရဲ့အစ်ကို စိုးမောင်ကိုစောင့်ရှောက်ဖို့ တာဝန်ယူထားသေးတယ်နော်"

"ဟုတ်ကဲ့ . . ကျွန်မ သူ့ကိုစောင့်ရှောက်မှာပါ၊ ဒီက လူနာရဲ့အခြေအနေကို သိပြီးရင် သူ့ကို သွားခေါ်မှာပါ"

"အေး . . အေး . . အကူအညီလိုရင် ပြောပေါ့၊ ဟုတ်လား . . အော် ရန်နိုင် ဦးစိတ္တက အခုကိစ္စကို သူဘာဖြစ်လို့ ကျူးလွန်ရတယ်ဆိုတာ ဖြောင့်ချက်ပေးတယ်၊ ရေတံခွန်ရှိတဲ့ တောင်က စိန်ထွက်တဲ့တောင်တဲ့ . . ဒီပတ်ဝန်းကျင်မှာ ဓာတ်သတ္တုတူးဖော်ရေးစခန်း လာဖွင့်ရင် သူက စိန်တူးမယ်ကြံထား





တာ ဖျက်ရချည်ရဲ့ဆိုပြီး လမ်းရှင်းတာလို့ ပြောပါတယ်၊ ကဲ ဒီမှာနေခဲ့ကြ . . ဟုတ်လား"

ဘချုပ်က ဆရာဝန်ကြီးနှင့်အတူ ထွက်သွားသည်။ ဗိုင်းမွတ်နှင့် နှုတ်ခမ်းမွေးဘရှင်တို့ နောက်မှလိုက်သွားကြ၏။

ဘချုပ်တို့ထွက်သွားပြီးသည်နှင့် မရှေးမနှောင်းမှာပင် ရဲနောင် သတိရလာသည်။

အနားတွင်စောင့်နေသော သူနာပြုဆရာမက စဝ်ရန်နိုင်အား လက်ဟန်ပြပြီး ခေါ်သည်။

စဝ်ရန်နိုင်က သတိရနေကြောင်းသိသည်နှင့် နှင်းနုကို လှမ်းခေါ်လိုက်သည်။

နှင်းနုက နေရာမှထပြီး လူနာခုတင်အနီးသို့ အပြေးချဉ်းကပ်သွားသည်။

"ညီလေး . . ရဲနောင် . . မင်း သတိရပြီနော်"

"ရပါပြီ"

ရဲနောင်၏အသံ တိုးတိတ်စွာပေါ်လာသည်။ သူက စဝ်ရန်နိုင်အား ကြည့်နေရင်း နောက်တွင်ရပ်နေသော နှင်းနုကို တွေ့သွား၏။

"နှင်း . . နှင်းနု"



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေကျနေရင်းမှ နှင်းနု ပြုံးလိုက်သည်။ သူက ခုတင်ဘေးတွင် ဒူးထောက်ထိုင်လိုက်၏။

"အစ်ကို"

နှင်းနုက ရဲနောင်၏လက်ကို လှမ်းကိုင်သည်။

ရဲနောင်က နှင်းနု၏လက်ဖဝါးနုလေးကို ခပ်တင်းတင်း ဆုပ်ညှစ်လိုက်လေ၏။

ပြီးပါပြီ

ဇော်ထက်အောင်

www.burmeseclassic.com